၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၄၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၂၃ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS

# ပဲမျိုးစုံ အာမခံဈေးဖြင့် ဝယ်ယူတော့မည်

**အောင်သူရ၊ ပြည့်သိမ်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၀**

စပါးကဲ့သို့ ပဲမျိုးစုံကိုလည်း အာမခံဈေးတစ်ခုသတ်မှတ်၍တောင်သူများထံမှ ဝယ်ယူရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဖေဖော်ဝါရီ ၁၉ရက်တွင်ညွှန်ကြားလိုက်ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ၁၉ ရက်နေပြည်တော်တွင်ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ၊ ဆန်စပါးလုပ်ငန်းအသင်းနှင့်မြန်မာနိုင်ငံပဲ၊နှမ်းအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ထိုပွဲသို့ တက်ရောက်ခဲ့သော လုပ်ငန်းရှင်အချို့က ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ အာမခံဖြင့်ဝယ်ယူရန်အတွက် ဖေဖော်ဝါရီ ၂၀ရက်တွင် UMFCCI ရုံး၌ မြန်မာနိုင်ငံပဲနှမ်းအသင်းနှင့် ပဲကုန်သည်များ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

စာ(၁၂)သို့



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့ရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် အမှတ်တရပစ္စည်းများ ဝယ်ယူနေကြသော ကမ္ဘာလှည့်ခရီးသွားများကို ဖေဖော်ဝါရီ၉ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ဝေယံ

# ရန်ကုန်တွင် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသော နေရာသစ်ထပ်တိုး

**အောင်သူရ**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

ရန်ကုန်မြို့တွင် ကမ္ဘာလှည့်ခရီးသွားများအားပြသရန်နေရာတစ်ခု ထပ်တိုးလာကြောင်း ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဧည့်လမ်းညွှန်များက ပြောသည်။

"လာတဲ့လူတိုင်းက အန်တီစု(ဒေါ်အောင်ဆန်းစုကြည်)အိမ်ကိုကြည့်ချင်ကြတာ။ တချို့က သူ့ရဲ့ရုံးကိုပါကြည့်ချင်တဲ့လူတွေလည်းရှိတယ်"ဟု ကျောက်တံတားမြို့နယ်အခြေစိုက် ခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဧည့်သည်များအနေဖြင့် ရန်ကုန်လေဆိပ်မှ မြို့ထဲအဝင်နှင့် ကမ္ဘာအေးဘုရားသို့သွားသောအခါတွင် ဒေါ်အောင်ဆန်းစုကြည်အိမ်အနီးအရောက် အချို့မှာ ကားပေါ်မှဆင်း၍ ဓာတ်ပုံရိုက်သူများရှိကြောင်း ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

စာ(၁၂)သို့

# မုံရွာမြို့တွင် ဒုတိယကမ္ဘာစစ်ကျန် ဗုံး ၁၃၀ကျော်တွေ့ရှိ



စာ(၄)သို့

# တာမွေယာဉ်ဈေးမှ ဈေးသစ်သို့ပြောင်းမည်ကို ဈေးသူဈေးသားများ သဘောမတူ

စာ(၅)သို့

# ဆိုင်ကယ်နှင့်အတူ ကလေးငယ်ကိုပါ ခိုးပြေး

စာ(၃)သို့

# NLDမဲဆွယ်စည်းရုံးရေး ခရီးစဉ်များတွင် နေရာ ကန့်ကွက်မှုကြောင့် အနှောင့်အယှက်ဖြစ်ရ

စာ(၅)သို့

# ညီညွတ်ပေါင်းစည်းသော လွှတ်တော်ကြီးကို စိတ်ကူးယဉ်မိခြင်း

ဆောင်းပါး-ကိုသိုး(သဲကုန်း)

စာ(၂၆)သို့

# ဆန်တင်ပို့သော နိုင်ငံများအဖွဲ့ ဖွဲ့စည်းရန်စီစဉ်

**အောင်သူရ**
**ရန်ကုန်၊ဖေဖော်ဝါရီ-၂၀**

ရေနံတင်ပို့သူနိုင်ငံများ (OPEC) ကဲ့သို့ ဆန်တင်ပို့သူနိုင်ငံများအဖွဲ့ OREC- Organization of Rice Export Countries ဖွဲ့စည်းရန် ဆန်အများဆုံးတင်ပို့နေသော ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဆန်စပါးအသင်းနှင့် လာရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းဆန်တင်ပို့သူများအဖွဲ့၏ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများ ဖေဖော်ဝါရီ၂၀ရက်တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ တွေ့ဆုံစဉ် ဆန်တင်ပို့သူများအဖွဲ့ဖွဲ့ရန် ကမ်းလှမ်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

စာ(၁၂)သို့



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)




# AIT က မြန်မာကျောင်းသား ၄၀ဦးကို ပညာသင်ဆုချီးမြှင့်မည်

**နေလင်းထွန်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံရှိ အာရှနည်းပညာတက္ကသိုလ်(AIT)တွင်မဟာဘွဲ့ပညာသင်ယူရန် အရည်အချင်းပြည့်မီသောမြန်မာကျောင်းသား၄၀ဦးထိ ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းအပြည့်အစုံ-စာ(၂)သို့



7 DAY NEWS JOURNAL
Vol.10, No.49 · FEBRUARY 23 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ပုဂံမြို့ဟောင်းကို နိုင်ငံတကာအဆင့် ရှေးဟောင်းနယ်မြေအဖြစ် တည်ထောင်မည်

**ညီညီဇော်**

**ပုဂံ၊ ဖေဖော်ဝါရီ - ၁၆**

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု မြို့တော်တစ်မြို့ဖြစ်သော ပုဂံမြို့ဟောင်းကို နိုင်ငံတကာ အဆင့်မီ Archaeological Park အဖြစ်တည်ထောင်သွားမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကပြောသည်။

ပုဂံဒေသတွင်ရှိသော ရှေးဟောင်းအဆောက်အအုံ စေတီ ပုထိုးများ ရေရှည်တည်တံ့စေရန်၊ စနစ်တကျထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်နှင့်ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကြီးတစ်ခု လုံးကို နိုင်ငံတကာမှ ရှေးဟောင်းမြို့တော်များကဲ့သို့ပြုပြင်တည်ဆောက်ခြင်း၊ မှတ်တမ်းပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (World Heritage List) ဝင်နိုင်ရေးဆောင်ရွက်ခြင်း၊ စသောအစီအစဉ်ခြောက်ခုဖြင့် အကောင်အထည် ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

**စာ(၁၂)သို့**

# AIT က မြန်မာကျောင်းသား ၄၀ဦးထိ ပညာသင်ဆုချီးမြှင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံရှိ အာရှနည်းပညာတက္ကသိုလ် (AIT)တွင်မဟာဘွဲ့ပညာသင်ယူရန် အရည်အချင်းပြည့်မီသောမြန်မာကျောင်းသား ၄၀ဦးထိ ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

အဆိုပါပညာသင်ဆုအစီအစဉ်အနေဖြင့် ထိုင်းဘတ်ငွေ သန်း ၁၆၀ခန့် အသုံး စရိတ်သတ်မှတ်ထားပြီး လာမည့်ဩဂုတ်လမှစတင်၍ သုံးနှစ်စာအတွက်နှစ်စဉ်မဟာဘွဲ့ သင်တန်းတက်ရောက်မည့် မြန်မာကျောင်းသား ၄၀ဦးထိ ပညာသင်ဆုပေးအပ် သွားမည်ဖြစ်ကြောင်းသိရသည်။

ပညာသင်ဆုလျှောက်ထားမည့် မြန်မာနိုင်ငံသားများအနေဖြင့် အာရှနည်း ပညာတက္ကသိုလ်၏ ကျောင်းဝင်ခွင့်အရည်အချင်းလိုအပ်ချက်ကို ပြည့်မီနေရမည် ဖြစ်ပြီး အာရှနည်းပညာတက္ကသိုလ်တွင် သင်ကြားနေသော မည်သည့်ဘာသာရပ်ကို မဆို လေ့လာသင်ယူခွင့်ရရှိမည်ဖြစ်သည်။

ပညာသင်ဆုအတွက်အစိုးရအမှုထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ လူမှုရေးအသင်းအဖွဲ့ များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများနှင့် အခြားမည်သူမဆို လျှောက်ထားနိုင်မည်ဖြစ်သည်။ ပညာ သင်ဆုအတွက် ရွေးချယ်ခံရပါက ကျောင်းလခ၊ ကျောင်းလျှောက်လွှာကြေး၊ သုတေ သနကုန်ကျစရိတ်၊ နေထိုင်စားသောက်စရိတ်နှင့် မဟာဘွဲ့အကြိုသင်တန်း(ပြည်တွင်း ၌ လေးလထိ၊ AITတွင် ရှစ်လထိ) ကုန်ကျစရိတ်များသာမက လေယာဉ်လက်မှတ်အ သွားအပြန်ကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထား သူများအနေဖြင့် AIT ကျောင်းဝင်ခွင့် လျှောက်လွှာ အပြင် AITတွင် ကျောင်းလျှောက်ထားရသည့်ရည်ရွယ်ချက်၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုအတွက် ရေတို၊ရေလတ်နှင့် ရေရှည်တွင် မည်သို့အကျိုးပြုနိုင်မည်ဆိုသည် ကို မြန်မာဘာသာဖြင့် သုံးမျက်နှာရှိ စာစီစာကုံးဖြင့် ရေးသားပေးပို့ရမည်ဖြစ်သည်။

သက်ဆိုင်ရာ နယ်ပယ်အ သီးသီးမှ ထူးချွန်ကျောင်းသား များကို ရွေးချယ်နိုင်ရန် AIT မှ နိုင်ငံတော်အဆင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ပညာသင်ဆု လျှောက်လွှာလက်ခံသည့်ဌာန ဖွင့်လှစ်သွားရန် စီစဉ် နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



# ဗြိတိန်တွင် ထူးချွန်သော ကျောင်းသားများကိုသာ ကျောင်းပြီးချိန် နေထိုင်အလုပ်လုပ်ခွင့်ပြုမည်

**နေလင်းထွန်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၅**

ထူးချွန်ထက်မြက်သော နိုင်ငံတကာကျောင်းသားများကိုသာ ကျောင်းပြီးချိန်တွင် ဗြိတိန်နိုင်ငံ၌ နေထိုင်အလုပ် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ဗြိတိန်ပြည်ဝင်ခွင့်ဌာနမှ သတင်းထုတ်ပြန်လိုက်သည်။

ဗြိတိန်နိုင်ငံသည် ထူးချွန်ကျောင်းသားများကိုသာ နေထိုင်အလုပ်လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ပြီး အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့် ကျောင်းသားပြည်ဝင်ခွင့်ရယူလိုသူများကို စိစစ်ကြပ်မတ်သွားမည်ဟု ဆိုသည်။

နိုင်ငံတကာကျောင်းသားများအနေဖြင့် ဒီဂရီဘွဲ့ရပြီးချိန်တွင် နေထိုင်အလုပ်လုပ်ကိုင်ရန် ၂နှစ်သတ်မှတ်ထားမှုကို ဖျက်သိမ်းသွားမည်ဖြစ်သော်လည်း အထူးချွန်ဆုံးဘွဲ့ရကျောင်းသားများကိုမူ ဗြိတိန်နိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်ရန် လျှောက်ထားခွင့်ပြုသွားမည်ဟု သိရသည်။

"အရင်တုန်းက နိုင်ငံတကာ ကျောင်းသားအားလုံးကို ကျောင်းပြီးချိန်မှာ ၂ နှစ်နေထိုင်အလုပ် လုပ်ကိုင်ခွင့်ပေးတာ ဖျက်သိမ်းလိုက်တာပါ။ အခု အတော်ဆုံးကျောင်းသားတွေကို နေထိုင်အလုပ်လုပ်ကိုင်ခွင့်ပြုမယ်လို့ ထပ်ပြောတယ်။ ဗြိတိန်ပြည်ဝင်ခွင့်က အပြောင်းအလဲ အမျိုးမျိုးဖြစ်နေပါတယ်။ ကျောင်းသွားတက်ဖို့ ပြင်ဆင်နေတဲ့ ကျောင်းသားတွေအနေနဲ့ အပြောင်းအလဲတွေက ကိုယ့်ရည်မှန်းချက်နဲ့ ကိုက်ညီလားဆိုတာ အမြဲစောင့်ကြည့်နေသင့်ပါတယ်"ဟု ဗြိတိန်ပညာရေးလေ့လာနေသူတစ်ဦးက ပြောသည်။

တက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် ဗြိတိန်ပြည်ဝင်ခွင့်ဌာနမှ အသိအမှတ်ပြုလုပ်ငန်းရှင်ထံတွင် လစာငွေ အနည်းဆုံး ပေါင်နှစ်သောင်းရရှိနိုင်မည့် လုပ်ငန်းခွင်၌ အလုပ်ခန့်ထားခြင်းခံရသော နိုင်ငံတကာကျောင်းသားများအနေဖြင့် ဗြိတိသျှစီးပွားရေး အကျိုးအမြတ်အတွက် ဗြိတိန်နိုင်ငံတွင် ဆက်လက်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။





စစမျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ၈၈ကသ လူငယ်များပါဝင်သော အဖွဲ့မှာ ဖေဖော်ဝါရီ ၂၀တွင် ဟသ်ာတမြို့ ဦးအောင်မြတ်ကျော်ခန်းမတွင် ပွင့်လင်းလူအဖွဲ့အစည်းမိတ်ဆက်ဆွေးနွေးပွဲကိုကျင်းပခဲ့သည်။ ကိုမင်းကိုနိုင်အပါအဝင် ကျောင်းသားခေါင်းဆောင်များကို ထောင်နှင့်ချီသော ဒေသခံများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ဓာတ်ပုံ-ဝေယံ

## ဆိုင်ကယ်နှင့်အတူ ကလေးငယ်ကိုပါ ခိုးပြေး

**မင်းဒင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၂၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ယာဉ်ပျံ့ရပ်နေသူ၏ ဆိုင်ကယ်အား ခိုးယူထွက်ပြေးရာတွင် အဆိုပါ ယာဉ်ပိုင်ရှင်၏ လေးနှစ်အရွယ်ကလေးငယ်ကိုတစ်ပါတည်း ခေါ်ယူသွားမှု ဖေဖော်ဝါရီလ ၁၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ လေးနှစ်အရွယ် ကလေးပျောက်ဆုံးမှုနှင့် ယာဉ်အမှတ် ၅ယ/၅၂၇၈ ရင်ဇင်းအမျိုးအစား စူပါကပ် ခဲရောင်ဆိုင်ကယ် ပျောက်ဆုံးမှုအတွက် အမှတ်(၁)ရဲစခန်းနှင့် လူကုန်ကူးတားဆီးနှိမ်နင်းရေးအဖွဲ့များထံသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း ကလေးငယ်၏ မိခင်က ပြန်လည်ပြောကြားသည်။

ခေါင်ရည်သောက်ရင်း ရင်းနှီးသည့် အမည်မသိ အမျိုးသားအား ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်ပေးစဉ်ယခုကဲ့သို့ဆိုင်ကယ်ရောကလေးပါတစ်ပါတည်းခေါ်ဆောင်သွားမှုဖြစ်ပွားခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

## ၁၉၉၀ ရွေးကောက်ပွဲအပြီးတွင် ထူထောင်ခဲ့သော စီအာပီပီ ပျက်ပြယ်သွား

**မြတ်စုမွန်**

**ရန်ကုန်၊ဖေဖော်ဝါရီ- ၁၄**

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) အဖွဲ့ဝင်ပါတီများအားလုံး ပါတီမှတ်ပုံတင် ပြန်လည်လျှောက်ထားရန် အသီးသီးဆုံးဖြတ်လိုက်ခြင်းကြောင့် CRPP ပျက်ပြယ်သွားပြီဖြစ်သော်လည်း မဟာမိတ်ပါတီများ အနေဖြင့် ဆက်လက်စုပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကော်မတီဝင်ပါတီများထံမှ သိရှိရသည်။

"အားလုံးပါတီမှတ်ပုံပြန်တင်မယ်ဆိုတော့ CRPP က အလိုလိုပျက်ပြီးသားဖြစ်သွားပြီ။ ဒါပေမဲ့ စုစုစည်းစည်းဆက်သွားမယ်" ဟု ကြားဖြတ်ရွေးကောက်ပွဲ အပြီးတွင် ပါတီပြန်လည်မှတ်ပုံတင်ရန် လတ်တလော ဆုံးဖြတ်လိုက်သည့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၏ ယာယီဥက္ကဋ္ဌ ဦးနိုင်ငွေသိမ်းက 7Day News သို့ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၊ ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ALD)၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့(MNDF)၊ ဇိုမီးအမျိုးသားကွန်ဂရက်(ZNC)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဦးသိန်းဖေ (တစ်သီးပုဂ္ဂလအမတ်)နှင့် အမျိုးသား ဒီမိုကရေစီပါတီတို့ပါဝင်သည့် CRPP ကို ၁၉၉၀ ရွေးကောက်ပွဲရလဒ်အပေါ်အခြေခံ၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

စီအာပီပီကော်မတီဝင်ပါတီများ ပြန်လည်မှတ်ပုံတင်ရန်ကိစ္စကို မပြတ်ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခဲ့ပြီး၊ အရေးပါသည့် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်လာမှုအပေါ် မူတည်၍ ပါတီမှတ်ပုံတင်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်က 7Day Newsသို့ ပြောသည်။

"ဦးခွန်ထွန်းဦး၊ မင်းကိုနိုင်၊ ကိုကိုကြီးတို့လို အဓိကကျတဲ့နိုင်ငံရေးသမားတွေ လွတ်လာပြီးတဲ့နောက်မှာ ပါတီကိုမှတ်ပုံပြန်တင်ဖို့ဆုံးဖြတ်လိုက်တာ"ဟု CRPP ကော်မတီ အတွင်းရေးမှူးလည်းဖြစ်သည့် ဦးအေးသာအောင်က ဆက်လက်ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးစိုးဝင်းကလည်း CRPP ကို"မဟာမိတ်ပါတီအနေနဲ့ သော်လည်းကောင်း အသွင်တစ်မျိုးနဲ့ ပြန်လုပ်သွားဖို့ရှိတယ်" ဟု ပြောသည်။

၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ယင်းကော်မတီသည် ယခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှတ်ပုံတင်ခွင့် မရခင်အချိန်အထိ လှုပ်ရှားဆောင်ရွက်မှုများရှိခဲ့ကြောင်း ဦးစိုးဝင်းကဆက်လက်ပြောသည်။

ပါတီမှတ်ပုံပြန်တင်ရန် ဆုံးဖြတ်ခဲ့ကြသည့် CRPP အဖွဲ့ဝင်များအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တစ်ခုတည်းသာ လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အားတက်စရာကောင်းကြောင်း ထိုင်းဝန်ကြီးချုပ်ဟောင်း အဘီဆစ်ပြောကြား

**အေးမြကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၉**



ဓာတ်ပုံ-ဖေဒါ

ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း အဘီဆစ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ဆုံအပြီးတွင် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသောတိုးတက်မှုများသည် အားတက်စရာကောင်းကြောင်းနှင့် ထိုပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဟု မျှော်လင့်ကြောင်း သတင်းထောက်များကိုပြောကြားခဲ့သည်။

"တိုင်းပြည် အနာဂတ်အတွက်၊ ဒေသတွင်းအတွက် အလွန်အရေးပါတဲ့ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းတွေကို ထောက်ခံဖို့ ရောက်လာတာပါ။ အခုဖြစ်ပေါ်နေတဲ့ ပြောင်းလဲမှုတွေက ကျွန်တော်တို့ကိုအားရစေပါတယ်။ ဆက်လက်ဖြစ်ပေါ်နေမယ်လို့လည်း ကျွန်တော်ယုံကြည်တယ်" ဟု အဘီဆစ်က ပြည်တွင်းသတင်းထောက်တစ်ဦး၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က ထိုင်းဝန်ကြီးချုပ်ဟောင်းအဘီဆစ်နှင့်အဖွဲ့ကို ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းက တစ်နာရီကျော်ကြာ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဒီမိုကရေစီခရီးလျှောက်လှမ်းရာတွင် အတွေ့အကြုံများကို ဖလှယ်ခဲ့ကြသည့် တွေ့ဆုံဆွေးနွေးမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းဝန်ကြီးချုပ်ဟောင်းကို မြန်မာနိုင်ငံ၏ ကာလရှည်ကြာမိတ်ဆွေကောင်းတစ်ယောက်ဟု ရည်ညွှန်းခဲ့ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်ထောက်ခံပေးသွားမည်ဟု ယုံကြည်ကြောင်းလည်း ပြောကြားခဲ့သည်။

အဘီဆစ်သည်ထိုင်းနိုင်ငံ၏ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိကာ ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ် ဩဂုတ်လ၌ ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင်မူ ယင်လပ်ခ်ရှင်နာဝပ်ကို ရှုံးနိမ့်ခဲ့သည်။ ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်အဖြစ် လက်ရှိတာဝန်ယူထားသူဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

## CRIME CORNER

### သံဃာတော်နှင့် သီလရှင်ယောင်ဆောင် လိမ်လည်အလှူခံသူနှစ်ဦး ဖမ်းမိ

**ကျော်ဇေယျ**

**နေပြည်တော်၊ဖေဖော်ဝါရီ-၁၄**

နေပြည်တော်ပျဉ်းမနားတွင် ယခုလ(၁၁)ရက်က သံဃာတော်နှင့်သီလရှင်ယောင်ဆောင်ပြီး အလှူခံလိမ်စားနေသည်ဟုဆိုသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ . . . ယခုလ(၁၁)ရက် နံနက် ၈ နာရီအချိန်ခန့်က နေပြည်တော်ပျဉ်းမနား၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနား ဘူတာအနီးတွင် ဘုန်းကြီးတစ်ပါး နှင့် သီလရှင်တစ်ပါးတို့အလှူခံစာအိတ်များဖြန့်ဝေကာ အလှူခံနေကြောင်းသတင်းအရပျဉ်းမနားရဲစခန်းမှ တာဝန်ကျရဲတပ်ဖွဲ့ဝင်များနှင့် အသိသက်သေများ သွားရောက်စစ်ဆေးခဲ့သည်။ ယင်းတို့နှစ်ဦးမှာ ရှင်နန္ဒသီရိ(ခ)ကိုကိုလေး(၃၇)နှစ် လောရွာမ၊နေပြည်တော်လယ်ဝေးနှင့် ဒေါ်ပညာသီရိ(ခ)မအိအိစံ (၂၃)နှစ် လမ်းမတော်ရပ်ကွက်၊ ဟင်္သာတမြို့နယ်တို့ဖြစ်ပြီး အလှူခံစာအိတ်များ ဖြန့်ဝေပြီး အလှူခံရသောငွေများဖြင့် စားဝတ်နေရေးအတွက်သုံးစွဲကြောင်း၊ သီတင်းသုံးနေထိုင်သည့် ကျောင်းတိုက်၊ သာသနာ့မှတ်ပုံတင်၊ ရဟန်းရက်ချုပ်တို့ မရှိသောသံဃာတော်အတုအယောင်၊ သီလရှင်အတုအယောင်တို့ဖြစ်ကြောင်းသိရ၍ ၎င်းတို့အား ကိုယ်တိုင်လူဝတ်လဲစေခဲ့ရသည်ဟုသိရသည်။ ၎င်းတို့နှစ်ဦးထံမှ အလှူခံရာတွင် အသုံးပြုသော အလှူခံစာအိတ်(၄၀)၊ အလှူခံရရှိထားသည်ဟုဆိုသောငွေသား ၅၇,၀၀၀ ကျပ်ကျော်နှင့်သံဃာတော်၊ သီလရှင်တို့နှင့်မအပ်စပ်သည့်ယောကျ်ားလေးသုံးမိတ်ကပ်နှင့်မျက်နှာသုံးအလှပြင်ဆေးဘူးပါတွေ့ရှိသိမ်းဆည်းရခဲ့သည်ဟု ဆိုသည်။

ရဟန်း၊ သံဃာတော်၊ သီလရှင်အတုပြုကာ သာသနာညစ်နွမ်းအောင်ပြုလုပ်ကြသူ အဆိုပါနှစ်ဦးအား နေပြည်တော်ပျဉ်းမနားရဲစခန်းသေမှုအမှတ် ၅၄/ ၂၀၁၂ ပြစ်မှုပုဒ်မ ၂၉၅(က)(သာသနာညစ်နွမ်းအောင်ပြုလုပ်မှု) အရ အမှုဖွင့်ဆောင်ရွက်ထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။




# အီးယူက မြန်မာသမ္မတနှင့် ဝန်ကြီးများအပါအဝင် ထိပ်တန်းပုဂ္ဂိုလ်များအား ခရီးသွားလာခွင့် ပိတ်ပင်ထားမှု စတင်ရုပ်သိမ်း

**ဘရပ်ဆဲလ်၊ ဖေဖော်ဝါရီ - ၁၈**

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နေသည့်လက်ရှိအစိုးရအား အသိအမှတ်ပြုသည့်ပထမခြေလှမ်းအဖြစ် ဥရောပသမဂ္ဂ(အီးယူ)သည်မြန်မာသမ္မတဦးသိန်းစိန်နှင့် ဝန်ကြီးအဖွဲ့အပါအဝင် ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များအား ခရီးသွားလာခွင့် ပိတ်ပင်ထားမှုကို ယမန်နေ့က ရုပ်သိမ်းပေးလိုက်ကြောင်း ကြေညာခဲ့သည်။

အီးယူ၏ နိုင်ငံခြားရေးမူဝါဒအကြီးအကဲ ကက်သရင်းအက်ရှ်တန်က "ကျွန်မတို့ဟာ သမိုင်းဝင်အပြောင်းအလဲတွေမြင်တွေ့ခဲ့ရပါတယ်။ ဒီဖြစ်စဉ်ကို ဆက်လက်ဖော်ဆောင်ဖို့ အာဏာပိုင်တွေကို ကျွန်မတို့ အလေးအနက်တိုက်တွန်းပါတယ်"ဟု အဖွဲ့၏ကြေညာချက်၌ ဖော်ပြထားသည်။

ဆက်လက်၍ သူမက "ကျွန်မ မြန်မာပြည်ကို ကြားဖြတ်ရွေးကောက်ပွဲတွေ ပြီးတဲ့နောက် ဧပြီလထဲမှာ သွားရောက်ဖြစ်မှာပါ။ အဲဒီအချိန်မှာ ပြီးပြည့်စုံတဲ့ သုံးသပ်မှုလုပ်ဖို့ အခွင့်အရေးရမယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ အီးယူအဆင့်မှာလည်း ဆက်လက်ဖြစ်ပေါ်နေမယ့် တိုးတက်မှုကို တုံ့ပြန်ဖို့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှာပါ"ဟုပြောသည်။

ပြီးခဲ့သည့် ကြာသပတေး (ဖေဖော်ဝါရီ၁၅ရက်)နေ့ကလည်း ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေကြောင်း ထုတ်ဖော်ခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော ဘဏ္ဍာရေးအကူအညီအဖွဲ့အစည်းများကလည်း အမေရိကန်၏ ပိတ်ဆို့မှုတွင် ကန့်သတ်ချက်အချို့ လျှော့ချပေးခဲ့ပြီးနောက် နိုင်ငံတွင်း၌ လုပ်ငန်းများ ပြန်လည်စတင်ရန် ရှေးဦးစွာ လေ့လာမှုများ ပြုလုပ်နေပြီဟု သတင်းများတွင် ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၁၈ရက်နေ့က ဖြေလျှော့ပေးခဲ့သော အီးယူ၏ ခရီးသွားလာခွင့်ပိတ်ပင်မှုသည် သမ္မတ၊ ဒုသမ္မတများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် လွှတ်တော်နှစ်ရပ်ဥက္ကဋ္ဌများနှင့်၎င်းတို့၏မိသားစုများအပါအဝင် လူပေါင်း ၈၇ ဦးကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းပုဂ္ဂိုလ်များ၏ အီးယူနိုင်ငံများအတွင်း ပိုင်ဆိုင်မှုများကိုမူ ဆက်လက်ထိန်းချုပ်ထားဦးမည်ဖြစ်သည်။

# မုံရွာမြို့တွင် ဒုတိယကမ္ဘာစစ်ကျန်ဗုံးအလုံး ၁၃၀ကျော်တွေ့ရှိ

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ - ၁၇**


တူးဖော်တွေ့ရှိရသော ဗုံးသီးများ
ဓာတ်ပုံ-မျိုးမင်းဦး

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာဘူတာအရှေ့ဘက်၊ မြန်မာ့မီးရထား ဝန်ထမ်းအိမ်ရာအတွင်း အခပေးအိမ်သာလေးခန်းတွဲတည်ဆောက်ရေးအတွက် မြေကျင်းတူးရာမှ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီအချိန်တွင် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော ဗုံးအလုံး၁၃၀အား တူးဖော်ရရှိခဲ့သည်။

"ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့တဲ့လေယာဉ်ပစ်ဗုံးလိုလို စိန်ပြောင်းဗုံးသီးလိုလို ဗုံးသီး ၁၂၆ လုံး၊လက်ပစ်ဗုံးလို ဗုံးသီးလေးလုံး စုစုပေါင်း ဗုံးသီး ၁၃၀ ကို တူးဖော်ရရှိခဲ့ပါတယ်။ မုံရွာဘူတာ အရှေ့ဘက် မြန်မာ့မီးရထား ဝန်ထမ်းအိမ်ရာအတွင်းမှာ အခပေးအိမ်သာ ကျင်းတူးရာမှတစ်ဆင့် ဖေဖော်ဝါရီ၁၄ ရက် ညနေ ၅ နာရီမှာ စတွေ့ခဲ့ရာက ည ၇နာရီခွဲမှာ ဗုံးအားလုံး တူးဖော်ပြီးစီးခဲ့ပါတယ်။ ညပိုင်းမှာ သက်ဆိုင်ရာ စစ်လက်နက်တပ်ရင်းကိုပေးပို့အပ်နှံခဲ့ပြီး ဒေသဆိုင်ရာ တာဝန်ရှိသူများကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု အဆိုပါစစ်ကျန်ဗုံး တူးဖော်ရေး အဖွဲ့တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မြန်မာ့မီးရထားဝန်ထမ်းအိမ်ရာအတွင်း မြန်မာ့မီးရထား (ဆ. သ. ရ)အချက်ပြ ဦးဇော်လင်း(ဘ) ဦးသန်းဝင်းနေအိမ်လိုင်းခန်း အနောက်မြောက်ဘက်တွင် မြန်မာ့မီးရထား အခပေးအိမ်သာလေးခန်းတွဲတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း မြေတူးလုပ်သားများ လုပ်ကိုင်နေစဉ် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီအချိန်က မြေကျင်းအလျား-၁၆ ပေ၊အနံ၁၂ပေ၊အနက်၂ပေခန့်တွင် စတင်တူးဖော်တွေ့ရှိခဲ့ပြီး ၈၁ဗုံးဟောင်း ၁၂၆လုံး၊ ၃၆-ဒိုးခွင်းဗုံးလေးလုံး စုစုပေါင်း ဗုံးအလုံးပေါင်း ၁၃၀အား တူးဖော်တွေ့ရှိခဲ့သည်။

မုံရွာမြို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က မြန်မာ့မီးရထား၊ မုံရွာဘူတာအနီး၌ ရေတွင်းဟောင်း တူးဖော်ရာမှ စစ်ကျန်ဗုံးအချို့တူးဖော် တွေ့ရှိခဲ့ခြင်းကြုံတွေ့ခဲ့ဖူးကြောင်း မြို့ခံအချို့က ပြောသည်။

ဇန်နဝါရီ ၁၂ ရက်ကလည်း မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ ပွဲစားတန်းလမ်း၊ နဂါးရုံဘုရားအနီး နေအိမ် ပြုပြင်တည်ဆောက်ရေး လုပ်ငန်းခွင် အုတ်မြစ်ကျင်းတူးဖော်ရာမှ ပေါင် ၅၀၀ ခန့်ရှိသော စစ်ကျန်လေယာဉ်ချဗုံးတစ်လုံးအားတွေ့ရှိခဲ့၍ ယခု မုံရွာဘူတာအရှေ့ဘက် တူးဖော်ရရှိသော စစ်ကျန်ဗုံးမှာ ဒုတိယမြောက် တူးဖော်ရရှိခြင်းဖြစ်ပြီး ဗုံးအလုံးအရေအတွက် အများဆုံးဖြစ်ကြောင်း မုံရွာဒေသခံများ ပြောကြားချက်အရသိရသည်။



# တာမွေယာယီဈေးမှ ဈေးသစ်သို့ပြောင်းမည်ကို ဈေးသူဈေးသားများ သဘောမတူ

**ကျော်သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၀**

ဈေးဆိုင်ခန်းပေါင်း ၁၃၉၅ခန်း ရှိ တာမွေယာယီဈေးအား အသစ်တည်ဆောက်ပေးမည့် ဈေးသစ်နေရာသို့ ပြောင်းရွှေ့ရန် ဈေးသူဈေးသားများက သဘောမတူကြောင်း ပြည်သူ့ လွှတ်တော်သို့ တင်ပြထားပြီး လိုအပ်ပါက နိုင်ငံတော်သမ္မတအထိပါတင်ပြအကူအညီတောင်းခံသွားမည်ဖြစ်ကြောင်းယင်းဈေးသူဈေးသားများ၏ကိုယ်စားလှယ်အဖွဲ့မှ သတင်းရရှိသည်။

တာမွေဈေးသစ်ကို ကျိုက္ကဆံလမ်း၊ တာမွေအခွန်လွတ်ဈေးအနီး Max ခတ်ဆီဆိုင်နောက်တွင်ဂမုန်းပွင့်ဆောက်လုပ်ရေးကတာဝန်ယူကာ အထပ်မြင့်ဈေးတည်ဆောက်ပေးရန် စီစဉ်ခြင်းဖြစ်သည်။ ထိုအ စီအစဉ်ပေါ် တာမွေဈေးသူဈေး သားများကသဘောမတူကြောင်းစုပေါင်းကန့်ကွက်ကြခြင်းဖြစ်သည်။

“ဈေးပြောင်းရွှေ့ဖို့ စည်ပင်ကလာပြောတုန်းက အဲဒီကတာဝန်ရှိတဲ့သူတစ်ယောက်ကခင်ဗျားတို့တွေကို အခုပေးတဲ့နေရာကို ယူချင်ရင်ယူ၊ မယူချင်ရင် နောင်တာဝန်မယူနိုင်ဘူးဆိုတဲ့ သဘောနဲ့ပြောသွားတာရှိလို့ အချို့ဈေးသူဈေးသားတွေက ကြောက်ပြီး လက်မှတ်ထိုးပေးတဲ့သူတွေလည်းရှိတယ်” ဟု တာမွေယာယီဈေးမှ ဆိုင်ခန်းပိုင်ရှင်တစ်ဦးက ဆိုသည်။ ပြောင်းရွှေ့မည့်နေရာအား ဈေးသူဈေးသားများ၏ အများဆန္ဒသဘောထားအပေါ်ကောက်ခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောဆိုပြီးပြောင်းရွှေ့ရန် သဘောတူညီ ကြောင်းတာဝန်ခံများကလိုက်လံ၍ လက်မှတ်ထိုးခိုင်းမှုများရှိကြောင်းလည်း တာမွေဈေးဆိုင်ပိုင်ရှင်အချို့က ပြောသည်။

“ကျွန်တော်တို့ကတော့ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နဲ့ သက်ဆိုင်ရာမြို့တော်ဝန်တို့အထိ သဘောမတူနိုင်ကြောင်း တင်ပြထားတယ်။ လိုအပ်ရင် နိုင်ငံတော်သမ္မတအထိပါ တင်ပြသွားဖို့ရှိတယ်” ဟု ဈေးကိုယ်စားလှယ်အဖွဲ့မှဆိုင်ခန်းပိုင်ရှင်ကိုဝင်းဝင်းက 7Day News သို့ ပြောသည်။

လက်ရှိ တာမွေယာယီဈေးနေရာတွင်ပြန်လည်ဆောက်လုပ်ပေးပါက သဘောတူညီကြောင်းနှင့် ဈေးသူဈေးသားများကိုလည်း မြေညီထပ်တွင်သာ ပြန်လည်နေရာချထားပေးရန် တာမွေယာယီဈေးရှိဈေးသူဈေးသား အများစုက ဆန္ဒရှိကြသည်။

တာမွေယာယီဈေးတွင် မှတ်ပုံတင် ဆိုင်ခန်းပေါင်း ၄၄၂ ခန်း၊ တာမွေပလာဇာပေါ်မှ ပြန်ဆင်း၍ ရောင်းချသော ဆိုင်ခန်းပေါင်း ၁၄၇ ခန်း၊ တရားဝင်အမိုးအကာအောက် ပျံ့ကျဆိုင်ခန်း ၅၆၉ နှင့် အမိုးအကာမဲ့တရားဝင်ပျံ့ကျ ၂၃၇ခန်းအသီးသီးရှိကြောင်းသိရသည်။

ပြောင်းရွှေ့ရန်သဘောမတူညီကြောင်း လက်မှတ်အား ဖေဖော်ဝါရီလ ၂၀ ရက်အထိ ဆိုင်ခန်းပေါင်း ၂၀၀ နီးပါးထံမှ လက်မှတ်များ ကောက်ခံထားပြီးဖြစ်သည်။ ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၊ တာမွေ (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်နှင့် အခြားသက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တင်ပြခဲ့၍ လာရောက်လေ့လာစစ်ဆေးသွားကြောင်း သတင်းရရှိသည်။

တာမွေယာယီဈေးသူဈေးသားများမှာ ယခင်ကတည်းက တာမွေပလာဇာနှင့် ယခုတည်ရှိဆဲတာမွေယာယီဈေးနေရာတွင် ရောင်းဝယ်ဖောက်ကားမှု စည်ပင်လာအောင် အကြိမ်ကြိမ် ဒုက္ခခံခဲ့ရပြီး ယခုကဲ့သို့ ရောင်းဝယ်ဖောက်ကားမှုတွင်ကျယ်လာချိန်မှ ပြောင်းရွှေ့ရန်ကိစ္စပေါ်လာသဖြင့် ဈေးသူဈေးသားအများစုမှာပြောင်းရွှေ့ရန် ဆန္ဒမရှိဘဲ လက်ရှိနေရာတွင်သာ တည်ဆောက်ပေးစေလိုကြောင်းဈေးသူဈေးသား အများစုကဆိုသည်။

ရန်ကုန်တွင် ဈေးများကို ဈေးဆိုင်ပိုင်ရှင်များဆန္ဒဖြင့် အသစ်ပြန်ဆောက်ပေးနေရာတွင် ဘုရင့်နောင်ဈေးအား အသစ်တည်ဆောက်ရန် သဘောတူညီခဲ့ပြီး၊ ရွှမ်းလမ်းဈေးမှာ အသစ်တည်ဆောက်ရန် သဘောတူညီခဲ့ပြီး တာမွေ (ရာပြည့်ဈေး)နှင့် ရန်ကုန်အရှေ့ပိုင်း ရေကျော်ဈေးပါ အသစ်တည်ဆောက်ရန် ညှိနှိုင်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

# NLD စည်းရုံးရေးခရီးစဉ်များတွင် နေရာအတွက် ကန့်ကွက်မှုကြောင့် အနှောင့်အယှက်ဖြစ်ရကြောင်းဦးဉာဏ်ဝင်းပြောကြား

**အေးမြကျော်၊ အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၀**

ဒေါ်အောင်ဆန်းစုကြည်၏ မဲဆွယ်စည်းရုံးရေး ခရီးစဉ်များအတွင်း နေရာရရှိရေးအတွက် အားကစားကွင်းများ အသုံးပြုရာတွင် ကန့်ကွက်မှုများရှိပြီး ဖျာပုံမြို့တွင်ဖြစ်ခဲ့သောကိစ္စတွင်ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေဖြင့် ဟန့်တားနေခြင်းသည် မသင့်တော်ကြောင်း ရွေးကောက်ပွဲအောင်နိုင်ရေးမန်နေဂျာဦးဉာဏ်ဝင်းက ရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

“ကျွန်တော်တို့လက်ရှိရင်ဆိုင်နေရတဲ့ မဲဆွယ်စည်းရုံးရေးမှာ အများကြီးအခက်အခဲဖြစ်ရတယ်။ ဒီလိုပုံစံ၊ ဒီလိုအခြေအနေမျိုးသာ မပြောင်းလဲရင် တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်မယ်လို့ ယုံကြည်ဖို့ခက်ခဲပါလိမ့်မယ်”ဟုဦးဉာဏ်ဝင်းကပြောကြားခဲ့သည်။ ဖေဖော်ဝါရီ၁၅ရက်စွဲဖြင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးရေးများပြုလုပ်ရာတွင် အားကစားကွင်းများကို လုံးဝသုံးစွဲခြင်းမပြုရဟု ပြောကြားထားသည့်အတွက် ထိုစည်းကမ်းချက်ကို ဆန့်ကျင်ကာ ခွင့်တောင်းရန် အစီအစဉ်မရှိဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လေးစားကြောင်း ဦးဉာဏ်ဝင်းက ဆက်လက်ပြောခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မဲဆွယ်စည်းရုံးရေးခရီးစဉ်များတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ ကန့်သတ်ချက်များ နှင့်ပတ်သက်သည့်ကိစ္စရပ်များကို အဓိကထားပြောကြားခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုအဖွဲ့ချုပ်ရုံးချုပ်တွင်ယနေ့မွန်းလွဲ၁၂နာရီက ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် အစိုးရကို ပြောကြားခြင်းမဟုတ်ဘဲ ဝန်ကြီးတစ်ဦးအနေနှင့်ဝင်ရောက်စွက်ဖက်ခြင်းကိုပြောကြားလိုခြင်းဖြစ်သည်ဟုလည်း ဦးဉာဏ်ဝင်းက သတင်းထောက်များကို ပြောကြားခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



# ရေထွက်ကုန်တင်ပို့ခွန်ရရှိမှု ခုနစ်ဆခန့်လျော့ကျ

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၄**

ယခုဘဏ္ဍာနှစ်အတွင်း ရေထွက်ကုန်ပြည်ပတင်ပို့မှုမှ စည်းကြပ်အခွန်ငွေရရှိမှုမှာ ယခင်နှစ်များကထက် ခုနစ်ဆလျော့ကျပြီး ကန်ဒေါ်လာဆယ်သန်းသာ ရရှိသေးကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဖေဖော်ဝါရီ ၁၄ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြောကြားခဲ့သည်။

"ခါတိုင်းအခွန် သန်း ၇၀ရတယ်၊ အခု ဆယ်သန်းပဲရတယ်" ဟုဂင်းကပြောသည်။ ပြည်ပတင်ပို့ရာမှ ရရှိသော ဝင်ငွေမှအခွန်ကောက်ခံငွေကို တဖြည်းဖြည်း လျှော့ချပေးခဲ့သောကြောင့် ဝန်ကြီးဌာနအတွက် ဝင်ငွေလျော့ကျခဲ့ရကြောင်း ဒုတိယ ဝန်ကြီးကပြောသည်။ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ပြည်ထောင်စုအစိုးရ အဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၃၂/ ၂၀၁၁ ဖြင့် ပြည်ပပို့ကုန် ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ် ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုကြောင်း ကြေညာခဲ့သည်။ ထို့ကြောင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချိုရေငန်ထွက်ရေထွက်ပစ္စည်းများနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ(ကန့်သတ်ကုန် ပစ္စည်းများမှအပ)တို့ကို ၂၀၁၂ ခုနှစ် ဖေဖေါ် ဝါရီ ၁၄ ရက်အထိ ၆ လ အကျိုးသက်ရောက်ခွင့်ရကြောင်း ၂၀၁၁ ခုနှစ် ဩဂုတ်လ၁၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထို့ကြောင့် ပြည်ပတင်ပို့သူလုပ်ငန်းရှင်များသည် ဝင်ငွေခွန် နှစ်ရာနှုန်းသာ ပေးဆောင်ရတော့မည်ဖြစ်သည်။ ထို့အပြင် အခွန်ငွေလျှော့ချမှုကို ဆက်လက် တိုးမြှင့်ပေးရန်စီစဉ်နေကြောင်းသတင်းရရှိသည်။

# ဇေကမ္ဘာကုမ္ပဏီက စက်မှုဇုန်ဖော်ထုတ်မှုနှင့်ပတ်သက်၍ မီဒီယာသို့ ရှင်းလင်း

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**

ရန်ကုန်စက်မှုဇုန် အပိုင်း(၄) အကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ ခွင့်ပြုချက်တင်ရန် သက်ဆိုင်ရာမှ စာထုတ်ထားသည်ဆိုခြင်းကို ဇေကမ္ဘာကုမ္ပဏီက မရရှိသေးကြောင်း ဖေဖော်ဝါရီ ၁၄ရက်က ကုမ္ပဏီမှ တာဝန်ရှိသူများ မီဒီယာများသို့ ရှင်းလင်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စုတွင် ရန်ကုန်စက်မှုဇုန်(၄)အကောင်အထည်ဖော်နေမှု ခွင့်ပြုချက်တင်ပြရန်နှင့် ခွင့်ပြုချက်မရှိဘဲ စက်မှုဇုန်အဖြစ် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေပါကလယ်မြေဖျက်ဆီးခြင်းအဖြစ် သတ်မှတ် အရေးယူသွားမည်ဟု ပြည်တွင်းထုတ်ဂျာနယ်တစ်စောင်နှင့်ပြည်ပသတင်းမီဒီယာတစ်ခု၏ ထုတ်လွှင့်မှုအပေါ် ကုမ္ပဏီမှ တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းခြင်းဖြစ်သည်။

"တိုင်းဒေသကြီးက ထုတ်ပြန်တဲ့ စာတစ်စုံတစ်ရာ ကုမ္ပဏီကို မရောက်လာသေးဘူး" ဟု ဇေကမ္ဘာကုမ္ပဏီမှ အထွေထွေမန်နေဂျာဒေါ်မီမီသိန်းတန်က ဆိုသည်။ ဇေကမ္ဘာ ကုမ္ပဏီသည် မင်္ဂလာဒုံမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အိမ်ရာနှင့် စက်မှုဇုန်များအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် စက်မှုဇုန် ၁၊ ၂၊ ၃ ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်သည်။ မြေဧက ၁,၀၀၀ ကျော်သည့် စက်မှုဇုန်(၄) အကောင်အထည်ဖော်ရာရန် လန (၃၉)ကို လျှောက်ထားခဲ့ကြောင်း အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူများက ဆိုသည်။

"လယ်မြေမဟုတ်တဲ့ မြေလွတ်မြေရိုင်းကို စက်မှုဇုန်ဖော်ထုတ်ဖို့ကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရန်ကုန်တိုင်းကို ခွင့်ပြုချက်ပြန်ချပေးပြီးပြီ" ဟု ဒေါ်မီမီသိန်းက ပြောကြားသည်။

အဆိုပါ စက်မှုဇုန်(၄) ကို အကောင်အထည်ဖော်မည့် ရွှေနံ့သာကျေးရွာအုပ်စုမှာ လယ်မြေများအတွက် တစ်ဧကလျှင် ကျပ်သုံးသိန်းဖြင့် လယ်သမားများအား ကရုဏာကြေး(လျော်ကြေး)ပေးခဲ့ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။ ဇေကမ္ဘာကုမ္ပဏီသည် ရန်ကုန်စက်မှုဇုန်(၄) အတွက် မြေတစ်ဧကလျှင်ကျပ်သိန်း ၄၄သိန်းနှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ ဝယ်ယူခဲ့သည်။ အဆိုပါ မြေကွက်များကို ဇေကမ္ဘာကုမ္ပဏီက ကျပ်သိန်း ၄၀၀ဖြင့် ပြန်လည်ရောင်းချကြောင်းသိရသည်။

"လမ်းဖောက်တာ၊ ရေကြောင်း သွယ်၊ မီးသွယ်တာနဲ့ အခြားဝန်ဆောင်စရိတ်တွေကြောင့် အခုလို ဈေးများတာပါ" ဟု အဆိုပါ ကုမ္ပဏီမှ အထွေထွေမန်နေဂျာက ရှင်းပြသည်။



ဓာတ်ပုံ - အိဖြူလွင်

# ဆောက်လုပ်ဆဲ ရှစ်ထပ်တိုက်တွင် ၁၅ မိနစ်ကြာ မီးလောင်

**အိဖြူလွင်၊ ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၂လမ်းအထက်ဘလောက်တွင် အချောသတ်နေဆဲ မိုးသောက်ပန်းဆောက်လုပ်ရေးက ဆောက်လုပ်နေသော ရှစ်ထပ်တိုက် အပေါ်ဆုံးထပ်၌ ယနေ့ ညနေက မီးလောင်မှု စတင်ဖြစ်ပွားပြီး ၁၅မိနစ်အကြာ၌ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှသိရသည်။

ညနေ၄နာရီမိနစ်၄၀တွင်စတင်လောင်ခဲ့သောမီးလောင်မှုကို၄နာရီ၅၅မိနစ်တွင်ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုအကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကပြောကြားသည်။

အဆိုပါတိုက်တွင်လေးလွှာမှရှစ်လွှာအထိအခန်းပေါင်း၆၀ ကျော်ဖြင့် တည်းခိုခန်းဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုများလုပ်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ယင်းတိုက်မှ ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးကပြောသည်။ မီးလောင်မှုကိုကျောက်တံတားမြို့နယ် ရဲစခန်းတွင် ပုဒ်မ- ၂၈၅ ဖြင့် အမှုဖွင့်ထားသည်။

# အလုပြင်ရာမှ အပူလောင်ပြီး ဆံပင်များ ကျွတ်သွား၍ အလှဖန်တီးရှင်သုံးဦးအား ရဲစခန်းတွင် အမှုဖွင့်

**အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

ဆံပင်အလှပြင်ရာတွင် အမျိုးအစားမသိဆေးများသုံး၍ အပူလောင်ဒဏ်ရာများရရှိပြီး ဆံပင်များကျွတ်သွားသူ အမျိုးသမီးနှစ်ဦးက အလှပြင်သူများအား အရေးယူပေးရန် တိုင်ကြားထားမှု လှိုင်သာယာမြို့နယ်၌ ယခုလ ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုးရုံးမှသိရ သည်။

လှိုင်သာယာမြို့နယ် ၂ရပ်ကွက်နေသူ မ--နှင့် အဒေါ်ဖြစ်သူတို့ကို နေအိမ်တွင် ပြုလုပ်သော မောင်ဖြစ်သူ၏ မင်္ဂလာဆောင်၌ အလှပြင်ပေးသည့် အလှဖန်တီးရှင် အမျိုးသားသုံးဦးက ဆံပင်ပြုပြင်ပေးခဲ့သည်ဆို၏။

ဆံပင်ပြုပြင်ရာတွင် အမျိုးအစားမသိသော ဆေးရည်များသုတ်လိမ်းခြင်း၊ လောင်းချခြင်းကြောင့် ဦးခေါင်းနှင့် မျက်လုံးများ ပူလာသဖြင့် မည်သည့်ဆေးရည်သုံးကြောင်း မေးမြန်းစဉ်တွင် အဆိုပါ အလှဖန်တီးရှင်အမျိုးသားသုံးဦးမှာ ထွက်ပြေးသွားခဲ့သည်ဟုဆိုသည်။

မ--နှင့် အဒေါ်ဖြစ်သူတို့နှစ်ဦးမှာ ဆံပင်များ ကျွတ်ထွက်ပြီး ငယ်ထိပ်တွင် အပူလောင်ဒဏ်ရာများ ရရှိသောကြောင့် လှိုင်သာယာဆေးရုံ၌ပြင်ပလူနာအဖြစ် ကုသခဲ့ရ၍ အလှဖန်တီးရှင်သုံးဦးအား လှိုင်သာယာရဲစခန်း တွင်(ပ)၁၇၇/၁၂ ပုဒ်မ ၃၂၄/၁၁၄ဖြင့် အမှုဖွင့် တိုင်ကြားထားကြောင်း သတင်းရရှိသည်။

# စီးပွားရေးပိတ်ဆို့မှုကြောင့် ဖီဖာ၏ ထောက်ပံ့ငွေရရှိရန် ခက်ခဲနေကြောင်း ဦးဇော်ဇော်ပြောကြား

**[illegible]**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ဥရောပနိုင်ငံကြီးများ၏ စီးပွားရေးပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ ပံ့ပိုးသည့် ထောက်ပံ့ငွေများ လွှဲပြောင်း ရယူနိုင်ခြင်း မရှိသည်မှာ ၂ နှစ်ရှိပြီဖြစ်ကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

ဖီဖာက တစ်နှစ်လျှင် ပံ့မှန်ရရှိနေသည့် ထောက်ပံ့ငွေကန်ဒေါ်လာနှစ်သိန်းနှစ်သောင်းငါးထောင်အား မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်က လွှဲပြောင်းရယူနိုင်ခြင်းမရှိသည်မှာ ၂နှစ်ရှိပြီဖြစ်ကြောင်း ဦးဇော်ဇော်က ယခုလ ၁၅ ရက်တွင် 7 Day News အားပြောသည်။

"Sanction အတွက် ဖီဖာက လုံးဝမရတာ ၂နှစ်ရှိသွားပါပြီ။ အခုလည်း အစ်ကိုတို့ Request လုပ်ထားပါတယ်။ သို့သော်လည်း အားလုံးပြီးသွားမှပဲ သူတို့က လွှဲပေးလို့ရမယ်လို့ပြောပါတယ်" ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ပြောသည်။

ဖီဖာမှ မရရှိသော်လည်း အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ၈/၂၇ အစီအစဉ်အရပေးသည့် ကန်ဒေါ်လာရှစ်သောင်းခန့်ကိုမူ ရရှိနေသေးကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးအားကစားအတွက် သုံးစွဲငွေမှာ တစ်နှစ်လျှင် ကန်ဒေါ်လာ နှစ်သန်းခန့်ရှိကြောင်း၊ လိုအပ်ငွေများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ငွေကြေးစိုက်ထုတ်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဦးဇော်ဇော်က ဆိုသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အခြားဘောလုံး ဖွံ့ဖြိုးဆဲတိုင်းပြည်များကို အမီလိုက်နိုင်ရန် ဖီဖာနှင့် နိုင်ငံတကာမှ နည်းပညာနှင့် ပံ့ပိုးကူညီမှုများ မဖြစ်မနေလိုအပ်ပါကြောင်း၊ ဥရောပနိုင်ငံကြီးများ၏ စီးပွားရေးပိတ်ဆို့မှု (Sanction) ကြောင့် ဖီဖာမှ ပံ့ပိုးထောက်ပံ့ငွေများကို တစ်နှစ်ကျော်ခန့်လွှဲပြောင်းရယူနိုင်ခြင်း မရှိသဖြင့် အခက်အခဲများစွာ ကြုံတွေ့ရကြောင်း၊ အခက်အခဲနှင့် လိုအပ်ချက်များကြားမှ မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ကြောင်းကို ယခုလ ပထမအပတ်တွင်းက ရန်ကုန်မြို့သို့ ဖီဖာမှ အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့လာရောက်စဉ် ဦးဇော်ဇော်က ရှင်းလင်းပြောကြားခဲ့ကြောင်း ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



# NLD လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဒေါက်တာမြတ်ညဏစိုးအား တရားဝင်အသိအမှတ်ပြု

**အေးမြကျော်၊ အိဖြူလွင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၂၀**



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့်ဒေါက်တာမြတ်ညဏစိုး တို့ကိုဖေဖော်ဝါရီ၂၀ရက်က အဖွဲ့ချုပ်ရုံးတွင် တွေ့ရစဉ်**

အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဒေါက်တာမြတ်ညဏစိုးကို အမျိုးဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် လက်ခံလိုက်ကြောင်းကို ယနေ့ အဖွဲ့ချုပ်တွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ကြေညာလိုက်သဖြင့် ဒေါက်တာမြတ်ညဏစိုးသည် အဖွဲ့ချုပ်၏ ပထမဆုံးအမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဦးညဏ်ဝင်းကပြောကြားသည်။

"အခုမှNLDကရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်တုန်းဖြစ်ပေမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရရှိသွားပါပြီ။ ကျွန်တော်တို့ ဒေါက်တာမြတ်ညဏစိုးရဲ့ ပါတီဝင်ဖို့လျှောက်ထားတာကို လက်ခံလိုက်ပါပြီ"ဟု ရွေးကောက်ပွဲအောင်နိုင်ရေးမန်နေဂျာ ဦးညဏ်ဝင်းကပြောကြားခဲ့သည်။

ဒေါက်တာမြတ်ညဏစိုးကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်တွင် ရွေးကောက်ပွဲအောင်နိုင်ရေးကို အကူအညီပေးရန်နှင့် လွှတ်တော်ရေးရာကော်မတီဖွဲ့စည်းသွားရန်တွေ့ဆုံကာ တာဝန်ပေးအပ်ခဲ့ကြောင်း ယင်းကပြောကြားသည်။

ထို့ကြောင့် ဧပြီ၁ရက်တွင် ကျင်းပသွားမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နေပြည်တော်မဲဆန္ဒနယ်မှ အဖွဲ့ချုပ်ကိုယ်စားလှယ်လောင်း ဦးဇေယျာသော်၊ ဦးမင်းသူ၊ ဦးနိုင်ငံလင်းနှင့်ဒေါ်စန္ဒာမင်းတို့လေးဦး အောင်နိုင်ရေးအတွက်ကူညီဆောင်ရွက်ပေးသွားမည်ဟု ဆက်လက်ပြောကြားသည်။

"လွှတ်တော်ရေးရာ ကော်မတီဖွဲ့စည်းဖို့ကတော့ ကြားဖြတ်ရွေးကောက်ပွဲအပြီးမှ ဖြစ်လိမ့်မယ်ထင်တယ်။ လောလောဆယ်တော့နေပြည်တော်မှာအောင်နိုင်ရေးကို အကူအညီပေးသွားရမှာပါ"ဟု ဒေါက်တာမြတ်ညဏစိုးက ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်အတွင်းတွင် ကိုယ်စားလှယ်တစ်ဦးအဖြစ်ရောက်ရှိနေပြီဖြစ်သော ဒေါက်တာမြတ်ညဏစိုးသည်မေးခွန်း၁၀ခုနှင့် အဆိုခြောက်ခုကို လွှတ်တော်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သို့တင်ပြထားပြီး ထိုအဆိုများ၊ မေးခွန်းများနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်က ကန့်ကွက်ခြင်းမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ ထိုတင်ပြထားသော အဆိုများ၊ မေးခွန်းများမှာ ပညာရေး၊ မြေယာအငြင်းပွားမှုများ၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ရေးစသည်တို့ဖြစ်ကြောင်း သီးသန့်တွေ့ဆုံမေးမြန်းစဉ်ပြောကြားသွားခဲ့သည်။

ဒေါက်တာမြတ်ညဏစိုးသည် ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ကိုယ်စားလှယ်လောင်းအဖြစ် မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဖြစ်လာသူဖြစ်သည်။ ဒေါက်တာမြတ်ညဏစိုးသည် NDF မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် နုတ်ထွက်ခဲ့ကြောင်း သိရသည်။

## အငှားယာဉ် အရှိန်လွန် ဓာတ်တိုင်တိုက်မိ၍ ယာဉ်မောင်းသေ ခရီးသည်နှစ်ဦး ဒဏ်ရာရ

**အေးမြတ်သူ**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၀**

ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ၁၀၆ မှတ်တိုင်အနီးတွင် အငှားယာဉ်တစ်စီး အရှိန်လွန်ကာ ဓာတ်တိုင်ဝင်တိုက်မိ၍ ယာဉ်မောင်းသေဆုံးသွားကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၅ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်မြို့ထဲမှ ကမ္ဘာအေးလမ်းအတိုင်း မောင်းနှင်လာသော ပ/၉၁၈၂ ကရီနားဆလွန်းအဖြူ အငှားယာဉ်သည် အရှိန်လွန်ကာ ယာဘက်ဓာတ်တိုင်ကို တိုက်မိသဖြင့် ယာဉ်ထက်ပိုင်းပြတ် ပျက်စီးကာ ယာဉ်မောင်းဖြစ်သူ အွစ်မန်အလီဆိုသူမှာလည်း ပြင်းထန်စွာဒဏ်ရာရရှိပြီး အခင်းဖြစ်ပွားရာနေရာတွင်ပင်သေဆုံးသွားခဲ့သည်။

"အရှိန်များတော့ ဒီဘက်ကို ဆွဲချပြီးတော့ ဘရိတ်နင်းတာ။ ဘရိတ်က တောက်လျှောက်မိလာပြီးတော့ ဓာတ်တိုင်ကို ခါးနဲ့ဖြတ်ရိုက်တာ။ ကောင်မလေးတစ်ယောက်က နဖူးကွဲသွားတယ်။ တစ်ဦးက လက်ကျိုးသွားတယ်။ ယာဉ်မောင်းကတော့ဒီနားမှာပက်လက်သေသွားတယ်၊ ပွဲချင်းပြီးပဲ" ဟု အဆိုပါ ယာဉ်တိုက်မှုကို ကြုံတွေ့ခဲ့သော မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ထိုယာဉ်ပေါ် လိုက်ပါသည့် ခရီးသည်မသဇင်နှင့် မနီနီဝင်းတို့မှာ ဒဏ်ရာများရရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တင်ပို့ထားသည်။ တရားခံယာဉ်မောင်းအား (ပ)၆၉/၁၂ပုဒ်မ၃၀၄-(က)/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားပြီး အမှုစစ်ဒုရဲအုပ် စောဇော်မင်းဦး (ယာဉ်မှုစစ်)က စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။



**ဓာတ်ပုံ - အေးမြတ်သူ**



7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

## ၂၀၁၂ ဖေဖော်ဝါရီ ၂၂မှ ၂၈ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာ ဖြစ်ထွန်းနိုင်ပါတယ်။

**မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

လာမယ့်ရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာရော၊ တောင်တရုတ်ပင်လယ်ပြင်မှာရော မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိသေးပါ။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ ၂ ပေမှ ၃ပေခန့်၊ မြစ်ဝကျွန်းပေါ်နဲ့ မွန်-တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ၁ ပေ မှ ၁ ပေခွဲခန့် အထိသာရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ (၉) ရက်မှ (၁၆) ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းစွန်းဒေသတွေမှာ မိုးအနည်းငယ်ရွာသွန်းခဲ့ခြင်းနဲ့အတူ နှင်းမိုးများရွာသွန်းခဲ့မှုကြောင့် မိုးရေချိန် ၀. ၂လက်မမှ ၀. ၈ လက်မအထိ ရွာသွန်းခဲ့ပြီး မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ မိုးရေချိန် ၀. ၂ လက်မမှ ၀. ၈ လက်မအထိ မိုးအနည်းငယ် ရွာသွန်းခဲ့ကြပါတယ်။ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ အနောက်လေစီးကြောင်းများအတွင်းမှာ မျောပါလာမယ့် လေဖိအားနည်း ချိုင့်ဝှမ်းတစ်ခုကြောင့် နှင်းမိုးများနဲ့အတူ မိုးအနည်းငယ်တစ်ကြိမ်ရွာသွန်းနိုင်ပြီး တောင်ပိုင်းစွန်းဒေသများမှာတော့ အရှေ့လေပွေလှိုင်းများကြောင့် မိုးအနည်းငယ် (၃) ရက်မှ(၄)ရက်ခန့် နေရာကွက်ကျား ရွာသွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ အများအားဖြင့် သာယာပါ့မယ်။

**ညအပူချိန်များ**

လွန်ခဲ့တဲ့ရက်သတ္တတစ်ပတ်အတွင်းမှာ ဥရောပအရှေ့ပိုင်းဒေသတွေမှာ အာတိတ်လေအေးများ တိုးဝင်မှုကြောင့် အအေးလွန်ကဲခဲ့ကာ အပူချိန် -40C အထိကျဆင်းခဲ့ပါတယ်။ အအေးဒဏ်ကြောင့် လူပေါင်း (၄၀၀)ကျော် သေဆုံးခဲ့ရပါတယ်။ အဲဒီလေအေးစီးကြောင်းဟာ အရှေ့ဘက်ကို ရွေ့လျားလာတဲ့အခါ မြန်မာနိုင်ငံဘက်ရှိရာ လောင်ဂျီတွဒ်အရောက်မှာ မြန်မာဖက်ရှိရာကို နိမ့်ဆင်းမလာခဲ့ဘဲ တိဘက်နိုင်ငံကိုသာ ဖြတ်သန်း သွားခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ အအေးလှိုင်းဒဏ်ကျရောက်မှုမှ လွတ်ကင်းခဲ့ပါတယ်။

လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ ညအပူချိန်များ အနေနဲ့ကတော့ ကချင်ပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွေမှာ 6 C မှ 8 C ခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေမှာ 10 C မှ 12 C ခန့်၊ ရခိုင်ပြည်နယ် တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့မှာ 14C မှ 16 C ခန့်၊ မြေလတ်ပိုင်းနဲ့မြစ်ဝကျွန်းပေါ် ဒေသတွေမှာ 18 C မှ 22 C ခန့်၊ မြေလတ်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာတော့ 23 C မှ 25 C ခန့်၊ ဖြစ်မြဲထက်ပိုပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက်သတိထားဖို့ လိုလာပါလိမ့်မယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**

# သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းနေ

**ညီညီဇော်**

**ပုဂံ၊ ဖေဖော်ဝါရီ - ၁၈**

မြန်မာနိုင်ငံ၏ ရှေးဟောင်း အမွေအနှစ်ဒေသများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း(World Heritage List)တွင် ပါဝင်အောင် ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ယင်းအစီအစဉ်ကို ယူနက်စကိုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် Nomination Dossir List ရေးသားခြင်းလုပ်ငန်းအတွက် နိုင်ငံတကာမှ အကူအညီ ဒေါ်လာ သုံးသောင်းကို ယူနက်စကိုမှ ထောက်ပံ့ပေးပြီးဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (World Heritage List) စာရင်းတွင် ထည့်သွင်းပြီးပါက ပုဂံဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



# ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းရေးဝန်ထမ်း ၄,၀၀၀ခန့် အသုံးပြုနေ

ဓာတ်ပုံ-ဝေယံ

**ကျော်သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တွင်း သန့်ရှင်းလုပ်ငန်းများအတွက် သန့်ရှင်းရေး ဝန်ထမ်းပေါင်း ၄,၀၀၀ ခန့်၊ အမှိုက်ကားပေါင်း ၂၆၇ စီးဖြင့် နေ့စဉ် အမှိုက်သိမ်း၊ အမှိုက်ရှင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သန့်ရှင်းဌာနစာရင်းများ အရသိရသည်။

ရန်ကုန်မြို့တော် စည်ပင်နယ်နိမိတ်အတွင်း လမ်းမများနှင့် မြို့လယ်ခေါင်များတွင် အမှိုက်သိမ်းနေသော သန့်ရှင်းရေးဝန်ထမ်း စုစုပေါင်းမှာ ၄,၀၀၀ နီးပါးခန့်ရှိပြီး၊သန့်ရှင်းရေးအတွက် အဝါဝတ်ဝန်ထမ်းများမှာ ၃,၅၄၀ ဦးခန့်နှင့် အပြာဝတ်ဝန်ထမ်းများမှာ ၄၀၀ နီးပါးခန့်နှင့် နေ့စဉ်လည်ပတ်နေခြင်းဖြစ်သည်။

လက်ရှိ အမှိုက်ကားအစီးရေမှာ အမှိုက်သိမ်းယာဉ်ပေါင်း ၂၆၇ စီးရှိပြီး ယခု ဘဏ္ဍာနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ထပ်မံ၍ ကားအသစ် ၂၂စီးဝယ်ရန်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းဌာနမှ ဌာနမှူး ဦးသန်းလွင်ဦးက 7Day News သို့ ပြောကြားသည်။

အဆိုပါယာဉ် ၂၂စီးမှာ မြို့တော်အတွင်း အမှိုက်သိမ်းဆည်းစွန့်ပစ်ရန်အတွက် ထပ်မံဝယ်ယူသွားမည်ဖြစ်ပြီး လက်ရှိယာဉ်များပြုပြင်စရိတ်မှာလည်း လွန်စွာကုန်ကျကြောင်း ၎င်းက ပြောကြားခဲ့သည်။

"အမှိုက်သိမ်းတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေကို မြို့အတွင်း ပိုမိုသန့်ရှင်းအောင် လမ်းမကြီးတွေသိမ်းဆည်းမှုပြီးရင် လမ်းသွယ်လေးတွေကို အဆိုင်းလိုက် ဂျူတီခွဲပြီး သိမ်းဆည်းစေတယ်၊ နောက်စီမံခန့်ခွဲမှုမှာ လမ်းမပေါ်တွေမှာ အမှိုက်ကျန်ရှိမှုနည်းအောင်လည်း တာဝန်နည်းအောင် တာဝန်တိတိကျကျချထားပေးထားတာပါ" ဟု အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

လက်ရှိ မြို့တော်အတွင်း အမှိုက်သိမ်းယာဉ်များမှာ စက်ပိုင်းဆိုင်ရာနှင့် ယာဉ်ကိုယ်ထည်(ဘော်ဒီပိုင်းဆိုင်ရာ)လွန်စွာကျဆင်းနေ၍ အမှိုက်သိမ်းယာဉ်များ၏ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း နှစ်စဉ်ကုန်ကျမှုများကြောင်း သတင်းရရှိသည်။

## ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ဆိုင်ရာ မူဝါဒအချို့ပြောင်းလဲ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

နိုင်ငံတကာကျောင်းသားများနှင့် နိုင်ငံခြားသားများအတွက် လာမည့် ဇူလိုင်လမှ စတင်၍ ဂျပန် နိုင်ငံတွင် နေထိုင်ခွင့်ဆိုင်ရာ မူဝါဒအချို့ အပြောင်းအလဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်လူဝင်မှုကြီးကြပ်ရေးမှ သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် နိုင်ငံတကာ ကျောင်းသားများအတွက်ကျောင်းသားဗီဇာအား ၂နှစ်သတ်မှတ် ပေးထားရာမှသက်ဆိုင်ရာပညာသင်နှစ်အလိုက် လေးနှစ်ထိ တိုးမြှင့်သတ်မှတ်မည်ဖြစ်ပြီး နိုင်ငံခြားသားများအတွက် တရားဝင်နေထိုင်ခွင့်အား သုံးနှစ်မှ ငါးနှစ်သို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် နေထိုင် သော နိုင်ငံခြားသားများအနေဖြင့် နိုင်ငံပြင်ပသို့ ထွက်ခွာပြီး တစ်နှစ်အတွင်း နိုင်ငံတွင်းပြန်လည်ဝင်ရောက်ပါက Reentry Visa လိုအပ်မည်မဟုတ်ကြောင်း ထုတ်ပြန်ထားသည်။

"ဂျပန်မှာသွားနေမယ့် သူတွေနဲ့ ကျောင်းသွားတက်မယ့်သူတွေ လေဆိပ်မှာကြာလိမ့်မယ်။ အရင်တုန်းကလေဆိပ်မှာ တံဆိပ်တုံးထုပြီးရင်ပြီးပြီ။ နောက်ဆို နေထိုင်ခွင့်လက်မှတ်ကို လေဆိပ်မှာ တစ်ခါတည်းလုပ်ပေးမှာပါ။ နေထိုင် ခွင့်လက်မှတ်ကိုလည်း နည်းပညာတွေ မြှင့်လိုက်တယ်" ဟု ဂျပန်စကားပြန်အဖြစ် လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

နိုင်ငံခြားသားများအတွက် လက်ရှိဆောင်ရွက်နေသည့် Alien Registration System အစား အထက်ပါ Resident Management System ကို ပြောင်းလဲကျင့်သုံးသွားဖြစ်ပြီး ဂျပန်နိုင်ငံတွင် အလယ်အလတ်နှင့် ကာလရှည်နေထိုင်မည့်သူများအတွက် အကျိုးဝင်မည်ဖြစ်ကြောင်း သိရသည်။

## တရုတ်ပို့သော ၂၅ မှတ်ဆန် ဝယ်အားတက်၍ ဈေးကောင်းရလာ

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

မူဆယ်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သော ၂၅ မှတ်ဆန်မှာ ဖေဖော်ဝါရီလ လယ်မှစ၍ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ အထိဈေးတက်လာကြောင်းသတင်းရရှိသည်။

"ဒီနှစ်လပိုင်း လဆန်းလောက်ထိ တစ်တန်ကို ၄၂၇ ဒေါ်လာပဲရတာ။ အခုရက်ပိုင်း အဝယ်လိုက်တာနဲ့ ဈေးနည်းနည်းတက်သွားတာ"ဟုမူဆယ်မှတရုတ်နိုင်ငံသို့ ဆန်ပို့နေသော ကုန်သည်တစ်ဦးကပြောသည်။

ဇန်နဝါရီလတွင် မူဆယ်ဂိတ်မှ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၀,၆၆၉ ဒသမ ၉ နှင့် ဖေဖော်ဝါရီ ၁၅ရက်ထိတန်ချိန် ၂၃,၂၀၉ ဒသမ ၄၅ တန် တင်ပို့ပြီးဖြစ်၍ တစ်လခွဲအတွင်း တန်ချိန် ၄၆,၀၀၀ ကျော် တင်ပို့ထားကြောင်း သက်ဆိုင်ရာကပြုစုထားသောစာရင်းများအရ သိရသည်။

ဆန်တစ်တန်လျှင် ၄၆၀ ဒေါ်လာရရှိသော်လည်း ရန်ကုန်မှမူဆယ်သို့ ကားဖြင့် တင်ပို့သော ဆန်တစ်တန် ကုန်ကျစရိတ်မှာ ၁၅၀ ဒေါ်လာခန့်ရှိပြီး မန္တလေးမှ တင်ပို့ပါက တစ်တန်လျှင် ၉၄ ဒေါ်လာ ကျသင့်သည်ဟု ဆန်တင်ပို့သူတစ်ဦးကပြောသည်။

မန္တလေးမှ မူဆယ်အကွာအဝေးမှာ ၄၅၆ ကီလိုမီတာသာရှိပြီး ရွှေလီမှ ကူမင်းအကွာအဝေးမှာ ၇၂၀ ကီလိုမီတာရှိရာ ဆန်တစ်တန်လျှင် သယ်ယူပို့ဆောင်ခမှာ ၃၈ ဒေါ်လာသာ ကျသင့်သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုနှစ် စပါးပေါ်ချိန်တွင် ဈေးမကောင်းသဖြင့် နယ်စပ်ကုန်သွယ်ရေးဇုန်များမှတစ်ဆင့် ဆန်တင်ပို့ခွင့်အား ပြန်လည်ခွင့်ပြုပေးခဲ့သည်။

Life
7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012


ဈေးဝယ် ထွက်မယ်

## ရိုးရာလက်မှုထည်တွေ စုံစုံလင်လင်ရနိုင်တဲ့နေရာ









**အိဖြူလွင်**

လူမျိုးတစ်မျိုးရဲ့ရိုးရာယဉ်ကျေးမှုပစ္စည်းတွေဆိုတာ တန်ဖိုးကြီးမားသလို မြတ်နိုးဂုဏ်ယူစရာလည်းဖြစ်ပါတယ်။ လက်မှုပစ္စည်းတွေရဲ့ တန်ဖိုးကတော့ ပစ္စည်းရဲ့ တန်ဖိုးက ပိုများပြီး လက်ဆောင်ပေးမယ့်သူရော လက်ဆောင်ရမည့်သူရောအတွက် တန်ဖိုးထားစရာ အမှတ်တရပစ္စည်းတစ်ခုဖြစ်လာမှာ သေချာပါတယ်။

ခရီးသွားရာသီဖြစ်တဲ့အတွက် အလည်လာသူတို့အပြန်အမှတ်တရလက်ဆောင်ပေးလိုသူများနဲ့ မိမိတို့နိုင်ငံရဲ့ အမှတ်တရပစ္စည်းကို လက်ဆောင်ပေးလိုသူများ၊ အပြန်လက်ဆောင်များအတွက် အဆင်ပြေစေမယ့်ရိုးရာလက်မှုပစ္စည်းတွေ ရနိုင်မယ့်ဆိုင်ကို ဒီတစ်ပတ် ဈေးဝယ်လမ်းညွှန်ပေးလိုက်ပါတယ်။

ဒီဆိုင်မှာ မြန်မာမှုအမှတ်တရ ရွှေချည်ထိုးငွေချည်ထိုးပစ္စည်းများအားလုံးကို ရနိုင်ပြီး နံရံအလှချိတ်ရွှေချည်ထိုးပန်းချီကားအရွယ်စုံအပြင် စာချိတ်များ ဆိုဖာမှီအုံးစွပ် စတာတွေကို ရွှေချည်ထိုးထားတာမျိုးပါရနိုင်တာပါ။

အရွယ်အစားနဲ့လက်ရာသေသပ်မှုတွေအပေါ် မှာ မူတည်ပြီး ဈေးနှုန်းကွာခြားတာဆိုပေမယ့် ကျပ် ၆၀,၀၀၀ ခန့်ကနေ ၃၀,၀၀၀ ကျပ်ခန့်အတွင်းသာရှိတဲ့ ရွှေချည်ငွေချည်ထိုးပန်းချီပစ္စည်းတွေက လက်ဆောင်အဖြစ်ဆို ဈေးနှုန်းသင့်တယ်လို့ဆိုနိုင်ပါတယ်။

အမျိုးသမီးမိတ်ဆွေတွေ အတွက်ဆို ပန်းချီကားသာမက ချည်ပေါင်းသားနဲ့ထိုးထားတဲ့အိတ်တွေပါ ရနိုင်ပါသေးတယ်။ လက်ရာပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားပေမယ့် ရိုးရာပစ္စည်းအဖြစ် လက်ဆောင်ပေးဖို့သင့်တဲ့အိတ်တွေရဲ့ ဈေးနှုန်းက ၁,၅၀၀ ကျပ် လောက်ကနေ ၉,၅၀၀ ကျပ်ခန့်ထိလည်းရှိတယ်လို့ သိရပါတယ်။ ဒီပစ္စည်းတွေက နိုင်ငံခြားသားဧည့်သည်တွေအတွက်တင်မက ရိုးရာလက်မှုပစ္စည်းကိုနှစ်သက်သူတိုင်းအတွက် မြတ်နိုးစရာ ဝယ်ချင်စရာပစ္စည်းတွေဖြစ်တာကြောင့် သွားရောက်ဝယ်ယူချင်တယ်ဆိုရင်တော့ ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဒီရုံဆိုင်အမှတ် (၁)မှာရှိတဲ့ ဂန္ထဝင်မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



# ၇x၃ = တစ်

**ကြယ်စင်သာ**

**ဒီနေ့မနက် ၈ နာရီ ရုံးလည်းရောက်ရော မင်္ဂလာဖိတ်စာလေးတစ်စောင်ကျွန်မစားပွဲပေါ် ရောက်နေတယ်။ အမျိုးမျိုးသောဖိတ်စာများကြောင့် အကြိမ်ကြိမ် အားငယ်ရတယ်။ ငွေကြေးပြည့်စုံသူတွေအတွက် မပြောပလောက်ပေမယ့် ကျွန်မတို့လို ရုံးဝန်ထမ်း (ပုဂ္ဂလိကဝန်ထမ်း)တွေအတွက်ကတော့ အဓိကပြဿနာတစ်ရပ်ပါ။**

နယ်မှမြို့တက်အလုပ်လုပ်သူတွေဆိုတော့ စားစရိတ်၊ နေစရိတ်၊ လောက်ငအောင် မနည်းသုံးနေရပါတယ်ဆိုမှ မင်္ဂလာဆောင်၊ အိမ်တက်၊ မွေးနေ့ဖိတ်စာတွေ ပလူပျံ့လို့။ အဲဒီလူမှုရေးတွေက နေရာယူနေတော့ ရှေ့လစာပါကြို ထုတ်နေရတယ်။ အခုတော့ “ဝမ်းရေးထက်လူမှုရေးကခက်” ဆိုသလို ဖြစ်နေပြီ။ ဒီလိုပြောတဲ့ ကျွန်မကိုရော အများအမြင်မှာ ကောင်းပါ့မလား။ ပြောလို့ပြောတာမဟုတ်ဘူး။ ပညာသင်ကျွေးမွေးစောင့်ရှောက်ပေးခဲ့တဲ့ မိဘတွေကို ထောက်ပံ့ရပြီး မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လူမှုရေးတွေအတွက် ပျက်ကွက်ခဲ့လို့ ကောင်းကောင်းမဖြည့်ဆည်းနိုင်လို့ ကိုယ့်ကိုယ်ကိုယ် အားငယ်မိတယ်။ကြာလာတော့လည်းမတတ်နိုင်တော့ပါ။ နာရေးတို့ မရှိဆင်းရဲသား၊ မိဘမဲ့အလှူငွေ၊ အိတ်ချ်အိုင်ဗီရောဂါသည်တွေအတွက် အလှူငွေစတဲ့ အကျိုးပြုလုပ်ငန်းတွေအတွက်ဆိုရင် ပိုသဒ္ဓါတရားထက်သန်မိမှာ အမှန်ပါ။

ပြောသာ ပြောနေမယ့် တစ်ဦး တစ်ယောက်တည်းနေနေတဲ့လောကမဟုတ်လေတော့ ဝတ္တရားရှိသည့်အတိုင်း လုပ်နေရတာပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် မြင်တွေ့နေကျတာဆိုတော့ ရှောင်လွှဲလို့ မရပြန်ဘူး။ ပုထုဇဉ်လူသားတွေဖြစ်တဲ့အတွက် အသွားအပြန်တစ်နေရာရာမှာ ဆုံကြဦးမှာဆိုတော့လေ။ လူမှုရေး သံသရာကြီးကလည်း လည်ပတ်နေလို့ပေါ့။

အလုပ်ဘယ်လိုကြိုးစားကြိုးစား လက်ရှိအခြေအနေမှာ စားဖို့၊ နေဖို့ထက်မပိုတဲ့ လုပ်ခလစာနဲ့ ကိုယ့်လက်ထဲရောက်ရင် တန်ဖိုးနည်းသွားတဲ့ ငွေကို ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတော့ ကျွန်မတို့လို လစာနည်းဝန်ထမ်းတွေ လစဉ်ဦးနှောက်စားတဲ့ပုစ္ဆာတစ်ပုဒ်ပါပဲ။ လုပ်ခလစာတစ်ခုတည်း မိသားစုစားဝတ်နေရေး ပြေလည်ပြီး လူမှုရေးလည်း မပျက်ကွက်အောင် ကူညီဖြည့်ဆည်းနိုင်တဲ့လစာကိုမျှော်လင့်မိပါတယ်။ ဒီလို လစာပေးနိုင်အောင်လည်း ကျွန်မတို့လုပ်တဲ့ လုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ စတဲ့ လုပ်ငန်းတွေအားလုံး ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ပဲ ဆုတောင်းနေမိပါတယ်။ အခုအခြေအနေမှာတော့ ကျွန်မတို့လည်း လူမှုရေးမပျက်ရအောင် နည်းလမ်းရှာပြီး စဉ်းစားရတာပေါ့။ တစ်ယောက်တည်းလည်း မတတ်နိုင်တော့ ၇x၃=၁လုပ်ရတာလေ။ ၇x၃=၁ ဆိုလို့ နားလည်ကြမှာမဟုတ်ဘူး။ ကျပ်ခုနစ်ရာစီပေါင်းစပ်ပြီး သုံးယောက်ပေါင်း ပါဆယ်တစ်ထုပ် လုပ်ရတယ်။ ဒီထက်မကတဲ့ တန်ဖိုးရှိ အမှတ်တရပစ္စည်းတွေ လက်ဖွဲ့ချင်ပေမယ့် အခြေအနေနဲ့ အချိန်ကြောင့် ၇x၃=၁ နဲ့ပဲကျေနပ်နေရပါတယ်။ မိတ်ဆွေ၊ သူငယ်ချင်း အပေါင်းအသင်းတွေလည်း စာနာ နားလည်နိုင်ပါစေလို့ပဲ ဆန္ဒပြုရင်းနဲ့ပေါ့. . . ။

ဒီပိုလေး ချက်ကြရအောင်



## ဝက်ပိန်းဥရှမ်းချက်



ဓာတ်ပုံ - SST

ဝက်ပိန်းဥရှမ်းချက်က ရှမ်းတိုင်းရင်းသားတွေချက်ပြုတ်လေ့ရှိတဲ့ဟင်းတစ်မျိုးပါပဲ။ တကယ်တော့ ဝက်ပိန်းဥချက်က မုန်ညင်းချဉ်ဒါမှမဟုတ်ရှမ်းချဉ်ထည့်ချက်ရတာကြောင့် ရှမ်းအငွေ့အသက်အပြည့်အဝရှိတဲ့ဟင်းလို့ဆိုရမှာပါ။

ဝက်ပိန်းဥချက်ချက်ဖို့ဝက်သားပေါင်သား ၁၅ ကျပ်သား၊ ပိန်းဥ (ပြုတ်စားရတဲ့ပိန်းဥအသေးလေးတွေ) ၅ လုံး၊ မုန်ညင်းချဉ်ဒါမှမဟုတ်ရှမ်းချဉ်အနည်းငယ်ပဲ လိုပါတယ်။ အခုဝိုက်ဖီက ပုံထဲမှာပြထားတဲ့အတိုင်း မုန်ညင်းချဉ်နဲ့ချက်ထားတာပါ။

ဝက်သားနဲ့ပိန်းဥကိုပုံမှန်ဝက်အာလူးဟင်းတွေ ချက်သလိုပဲ ရိုးရိုးရှင်းရှင်းချက်ရမှာပါ။ မုန်ညင်းချဉ်ကိုတော့ လက်တစ်ဆစ်စာအပိုင်းလေးတွေလှီးပြီး ဝက်သားနဲ့ပိန်းဥနူးလောက်မှာထည့်လိုက်ပါ။ မုန်ညင်းနံ့လေးစိမ့်ဝင်သွားအောင်ရေနည်းနည်း ထည့်ပေးပါ။ အလယ်ကနေထက်ခြမ်းခြမ်းခြမ်းထားတဲ့ငရုတ်သီးစိမ်းတွေကို နောက်ဆုံးမှာ အုပ်ပေးလိုက်ရုံပါပဲ။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012




# အယ်ဒီတာ့ထံ ပေးစာ

## ဗုဒ္ဓဘာသာဝင် မြန်မာအချို့ ဘုန်းကြီးကျောင်းဝင်းအတွင်း ဖိနပ်မစီးရန်လို

ကျွန်တော်ဟာ အပတ်စဉ် 7Day News ကိုဖတ်ရှုနေသူတစ်ယောက်ဖြစ်ပါသည်။ ပြီးခဲ့သည့် 7Day News ဂျာနယ် ဖေဖော်ဝါရီလ ၂ရက်ထုတ်တွင် ပါရှိသော အောင်သူရ၏ ကမ္ဘာ့လှည့်ခရီးသွားအချို့ ဘုရားရင်ပြင်နှင့် ဘုန်းကြီးကျောင်းဝင်းအတွင်း ယဉ်ကျေးရန်လိုဟူသော သတင်းတိုတစ်ပုဒ်ကို ဖတ်လိုက်ရသည့်အတွက် အမျိုးဘာသာ၊ သာသနာအတွက် ရည်ရွယ်လျက် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအချို့အတွက်လည်း ဘုန်းကြီးကျောင်းဝင်းအတွင်း ယဉ်ကျေးရန်အတွက်ပင်မက ဖိနပ်မစီးမိစေကြရန်လည်းလိုကြောင်း အပြုသဘောဆောင်၍ သတိပေးရေးသားလိုက်ရခြင်းဖြစ်ပါသည်။

အောင်သူရ၏ သတင်းတိုတစ်ပုဒ်တွင်ပါရှိသော နောက်ဆုံးစာပိုဒ်၌ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဗုဒ္ဓသာသနာအဆောက်အအုံများအတွင်း ဖိနပ်စီးနင်းခြင်းကို တားမြစ်ခဲ့ကြသည်။ သို့သော် အချို့သော ဘုန်းကြီးကျောင်းများတွင်မူ ကျောင်းထိုင်ဆရာတော်က ခွင့်ပြုပါက ကျောင်းဝိုင်းအတွင်း ဖိနပ်စီးနိုင်ကြောင်းသိရသည်ဟု ဆိုထားရာ ကျွန်တော်လက်ရှိနေထိုင်ရာ ရပ်ကွက်အတွင်းရှိဘုန်းကြီးကျောင်းသုံးကျောင်းကို ပြေးမြင်မိသလို ယင်းဘုန်းကြီးကျောင်းများတွင်လည်း ကျောင်းထိုင်ဆရာတော်က ခွင့်ပြုသဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသာမက အခြား ဘာသာဝင်များပါ ဘုန်းကြီးကျောင်းဝင်းတွင်းဖိနပ်စီးနင်းလျက် ဖြတ်သန်းသွားလာလျက်ရှိတာကို ကျွန်တော်၏ အတွေးပုံရိပ်တွင် ထင်လာမြင်လာမိပါတော့သည်။

ကျောင်းထိုင်ဘုန်းကြီးက ခွင့်ပြုတာပဲဟုဆိုပြီး ဘုန်းကြီးကျောင်းဝင်းအတွင်း မကြောက်မရွံ့ ရဲဝံ့စွာဖြင့် ဖိနပ်စီးရဲနေကြကုန်သော ဗုဒ္ဓဘာသာဝင်ဟု အမည်ခံထားသော မြန်မာလူမျိုး အချို့အတွက် ရတက်မအေးဖြစ်မိပါသည်။

**တစ်ဖက်သို့**






7DAY NEWS JOURNAL
Vol.10, No.49 · FEBRUARY 23 , 2012

## အယ်ဒီတာ့ထံပေးစာ မှ

ရိုးသားစွာဖြင့် ဝန်ခံရလျှင် ကျွန်တော်သည် ပရိယတ္တိ စာပေမတတ်ပါ။ သို့သော် တရားနာခြင်း၊ တတ်အားသရွေ့ ဓမ္မစာပေများကို လက်လှမ်းမီသရွေ့ ဖတ်ရှုလေ့လာနေသူတစ်ဦးမျှသာဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ဘုရား၊ တရား၊ သံဃာဟု ဆိုအပ်သော ရတနာသုံးပါးမှလွဲ၍ ကျန်အရာများကိုမယုံကြည်မကိုးကွယ်တော့ဘဲမကြောက်မရွံ့ စွန့်ပယ်ရဲခဲ့သော်လည်း ဘုရား၊ တရား၊ သံဃာတို့အပေါ်တွင် မလေးမစားပြုလုပ်မိသလိုဖြစ်မည့်(အဂါရဝ)ကိစ္စရပ်များကို အလွန့်အလွန်ပင် ကြောက်ရွံ့မိပါသည်။ မမှန်ကန်သည့် မိစ္ဆာဒိဋ္ဌိ အယူဝါဒများကို ကြောက်ရွံ့သင့်ပါကြောင်း သတိပေးရခြင်းဖြစ်ပါသည်။

ဆရာဦးဆန်းလင်း(ဆည်မြောင်း)၏ ဆည်မြောင်းဒါဘာတွင် ဟောပြောချက်များကိုစာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သောမင်္ဂလာတရား၊ မင်္ဂလာစကားဟူသော စာအုပ်တွင် ဘုန်းကြီး ကျောင်းဝင်းအတွင်း ဖိနပ်စီးသင့်၊ မစီးသင့်နှင့်ပတ်သက်ပြီး မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်တွင် ခေတ္တတည်းခို၍ တက္ကသိုလ် ကျောင်းလာတက်သောမောင်ထွန်းကြိုင်ဆိုသူက တက္ကသိုလ်ကျောင်းသားဖြစ်သည့်အတွက် သူ့အဖို့ နွေဆိုလည်း ပူလို့၊ မိုးနှင့်ဆောင်းတို့တွင်လည်း အေးလို့ဆိုပြီး အကြောင်းပြချက်နှင့်သူတစ်ယောက်တည်း အတွက်ကျောင်းဝင်းအတွင်း ဖိနပ်စီးခွင့်ပေးဖို့ရန် မစိုးရိမ်ဆရာတော်ကြီးထံ လာရောက်လျှောက်ထားရာတွင် မစိုးရိမ်ဆရာတော်ကြီးက "အေးကွယ်၊ တို့ကတော့ စာကလေး မတောက်တခေါက်နဲ့ ဖိနပ်စီးခွင့်တော့ မပေးရဲပါဘူး။ စီးချင်းသပဆိုရင်လည်း စီးပေါ့။ ဖိနပ်စီးလို့ အပြစ်မဖြစ်ရင်တော့ ကောင်းတာပေါ့။ အပြစ်ဖြစ်ခဲ့ရင်တော့ ဖိနပ်စီးတဲ့သူ ကိုယ်တိုင်က တာဝန်ယူရမှာပါကွယ်" ဟု မိန့်ဆိုထားပြီးဆက်၍ ဗိုလ်နဲ့တပ်သားဥပမာပေးမိန့်ကြားသွားပုံမှာလည်း ထိမိလှပါသည်။ "ရှေ့မှာ ရန်သူကပစ်နေတာ ဗိုလ်ကအမိန့်ပေးလို့ တက်သွားတဲ့ တပ်သားဟာကျဆုံးတာပဲ" ဟုဥပမာအပြင် "တို့များ ရဲ့ မစိုးရိမ်ကျောင်းဒကာများ တောင်ကျောင်းဝင်းအတွင်း ဖိနပ်စီးဖို့နေနေသာသာ သူတို့စီးလာတဲ့ မော်တော်ကားကိုတောင် ကျောင်းဝိုင်းအပြင်ဘက် ရပ်ထားခဲ့တာ ကွဲ့" ဟူသော ဆိုမိန့်ချက်များမှာ မှတ်သားလောက်သည့်ရှေးမြန်မာကြီး များ၏ အမျိုးဘာသာ၊ သာသနာအပေါ်တွင် သက်ဝင်ယုံကြည်လေးစားကြောက်ရွံ့လိုက်နာမှုများအပြင် ဆရာဖြစ်သူဘက်မှလည်း ဒကာများအား သာသနာအပေါ်တွင် အမှားကင်းစေရန် မေတ္တာရှေ့ထားကြောင်းကျိုးပြကာဆိုဆုံးမတတ်မှုကို လေးစား အတုယူကြစေလိုပါသည်။ ယခုလို ကျောင်းထိုင်ဆရာတော်က ဖိနပ်စီးခွင့်ပြုသဖြင့် ဘုန်းကြီးကျောင်းဝင်း(ကျောင်းဝိုင်း)အတွင်း ဖိနပ်စီးပြီးသွားလာနေကြကုန်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအချို့အပြင် အခြားဘာသာခြားများအတွက် အကြိုက်ဖြစ်စေမည့်ဖိနပ်စီးခွင့်ပြုချက်မျိုးကို အချိန်မီပြင်ဆင်စေလိုပါသည်။


ဤနေရာတွင် ဖိနပ်စီးခွင့်ပေးခြင်း၊ ဖိနပ်စီးခြင်းတို့အပေါ်တွင် ကျွန်တော့်ထက် ပရိယတ္တိစာပေ ကျွမ်းကျင်လိမ္မာသော ရဟန်းနှင့် လူပုဂ္ဂိုလ်များက အချက်အလက်ခိုင်မာစွာဖြင့် ဖော်ပြပေးနိုင်သော် ကောင်းလေစွဟု တွေးမိပါသည်။ ကျွန်တော်ကိုယ်တိုင်ကမူ တစ်နေ့က ကိစ္စတစ်ခုကြောင့် ရပ်ကွက်တွင်းရှိ ဘုန်းကြီး ကျောင်း ဝင်းအတွင်းမှ ဖြတ်သန်းသွားဖို့ ရန် ကျောင်းပေါက်ဝရောက်သည်နှင့် ဖိနပ်ချွတ်၍ လက်တစ်ဖက်မှ ကိုင်ကာ လျှောက်ဝင်သွားရာ လက်ဆွဲခြင်းများကို ကိုင်၍ ဈေးမှ ပြန်လာပုံရသော အမျိုးသမီးတစ်သိုက်၏ စူးရှသည့် အကြည့်နှင့်အတူ သူတို့၏မျက်နှာပေါ်တွင် ကျွန်တော့်ကိုခပ်ထေ့ထေ့ ပြုံးသွားတာတွေ့လိုက်ရပါသည်။ ယင်းတို့၏ နောက်ဘက်မလှမ်းမကမ်းတွင်လည်း ဖိနပ်များစီးလျက် ရဲဝံ့သော ခြေလှမ်းများကို လှမ်းလာရင်း သူတို့က ကျွန်တော့်ကို အံ့ဩသော မျက်လုံးများဖြင့် ကြည့်နေသော လူတစ်စုနှင့်အတွေ့မှာတော့ ကျနေသည့်ပခုံးကိုမြှင့်၊ မရှိသည့် ရင်ကိုဖွင့်လျက်ချွတ်ပြီး ဖိနပ်ကိုလက်ကကိုင်ကာ ကျောင်းထိုင်းဆရာတော်က ဖိနပ်စီးခွင့်ပေးထားသည်ဟုဆိုသော ဘုန်းကြီးကျောင်းဝင်းများအတွင်းသို့ ဘယ်သောအခါမှ ဖိနပ်မစီးဘဲ သွားမြဲသွားလျက်ပဲလို့ ဆိုပါရစေ။

**မြင့်နိုင်(ဟင်္သာတ)**



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



## တရားသိမြင်စရာတွေလား နီးလား၊ ဝေးလား

မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ တရားဓမ္မတွေဟာ လူတွေလက်လှမ်းမမီနိုင်တဲ့ အကွာအဝေးမှာ တည်ရှိနေတာ မဟုတ်ပါဘူး။ ကြိုးစားလေ့လာအားထုတ်ရင် သိနိုင်မြင်နိုင်ကြတယ်။ သိကြသူ မြင်ကြသူတွေလည်းရှိတယ်။ လောကမှာရှိတဲ့ လူတွေကို တရားအဆင့်အတန်းနဲ့ ခွဲခြားဝေဖန်ကြည့်ရင် ပုထုဇဉ်နဲ့ အရိယာလို့ နှစ်မျိုးနှစ်စားတွေ့ရမယ်။ ပုထုဇဉ်ဆိုတာ တရားမသိသေး မမြင်သေးတဲ့သူ။ အရိယာက တော့ တရားဓမ္မကို သိမြင်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာ ဂါမ်၊ ရဟန္တာဆိုတဲ့ တရားသိမြင်ပြီးတဲ့ ပုဂ္ဂိုလ်မြတ်တွေဖြစ်တယ်။

ကျင့်ဆဲ၊ ကြံဆဲ၊ အားထုတ် ဆဲ တရားမသိသေး၊ တရားမမြင်သေးဘူးဆိုတဲ့ ပုထုဇဉ်ကိုလည်း နှစ်မျိုးခွဲရင် ကလျာဏပုထုဇဉ်နဲ့ အန္ဓပုထုဇဉ်ဆိုပြီး တွေ့ရမယ်။ အန္ဓပုထုဇဉ်ဆိုတာ တရားဓမ္မနဲ့ နီးစပ်မှုမရှိဘူး။ တရားနဲ့ အလှမ်းကွာဝေးပြီး ဘာတရားမှ မသိမရှိသေးတဲ့ ပုထုဇဉ်မျိုးဖြစ်တယ်။ ရုပ်ဆိုတာလည်း မသိ၊ နာမ်ဆိုတာလည်း မသိဘူး။ ခန္ဓာဆိုတာ လည်း နားမလည်ဘူး။ ဘယ်လို ကျင့်ကြံရမယ်ဆိုတာကိုလည်း နားမလည်ပါဘူး။ ကလျာဏ ပုထုဇဉ်ကတော့ အန္ဓပုထုဇဉ်ထက် နည်း နည်းသာတယ်ဆိုရမယ်။ ရုပ်၊ နာမ်ဆိုတာကိုထိုက်သင့်သလောက်သိတယ်။ ခန္ဓာအကြောင်း၊ အာယတန၊ ဓာတ်၊ သစ္စာတွေအကြောင်း တရားအမြင်ရှိတယ်လို့ဆိုရမယ်။ တကယ်တမ်းကြိုးစားလေ့လာ အားထုတ်ရင် တရားသိမြင်စရာ အကြောင်းတွေဟာ ဟိုးဝေးဝေး မှာ မရှိပါဘူး။ ကိုယ့်ခန္ဓာနဲ့ လက်တစ်ကမ်းအကွာ၊ ကိုယ့်အနီးအနား ပတ်ဝန်းကျင်မှာပဲရှိပါတယ်။

ရည်ညွှန်း၊ 'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ

# ဗြိတိသျှကောင်စီက ပညာရေးဆိုင်ရာ စစ်တမ်းကောက်

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၉**

ကျောင်းသားများ၏ ပြည်တွင်းပြည်ပ ပညာရေးအပေါ် စိတ်ဝင်စားမှု၊ အဆင့်မြင့်ပညာ ဆက်လက် လေ့လာသင်ယူလိုသော ဆန္ဒ၊ ပညာရေးလေ့လာသင်ယူမှု သဘောထားများအတွက် ပညာရေးဆိုင်ရာ စစ်တမ်းတစ်ခုကို ဗြိတိသျှကောင်စီမှ ကောက်ယူမည်ဖြစ်ရာ မြန်မာကျောင်းသားများ ဝင်ရောက်ဖြေဆိုနိုင်သည်။

မြန်မာကျောင်းသားများ အနေဖြင့် မိမိထင်မြင်ချက်ကိုဖော်ပြပေးရမည့်စစ်တမ်းကို www. myanmar-network. net တွင် ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး စစ်တမ်းဖြေဆိုချိန်မှာ မိနစ် ၂၀ ခန့်ကြာမြင့်မည်ဖြစ်သည်။

အဆိုပါစစ်တမ်းကို လေးနှစ် တစ်ကြိမ် ကောက်ယူလျက်ရှိပြီး နိုင်ငံပေါင်းနှစ်ရာမှ ကျောင်းသားတစ်သိန်းနှစ်သောင်းကျော်ပါဝင် ဖြေဆိုကြကြောင်း သိရသည်။

စစ်တမ်းဖြေဆိုသော ကျောင်းသားများအားနိုင်ငံတကာခရီးသွားလက်မှတ်များကို ကံစမ်းဆုမဲများပေးအပ်သွားမည်ဖြစ်ပြီး မြန်မာကျောင်းသားများအတွက် 500 GB portable hard drive သုံးခုကို ထည့်သွင်းမဲဖောက်ပေးသွားမည်ဟုသိရသည်။

စစ်တမ်းတွင် ကျောင်းသားများ၏ ပြည်ပပညာရေး အခွင့်အလမ်းဆိုင်ရာ သဘောထားဆုံးဖြတ်ချက်များကို အဓိကမေးမြန်းထားပြီး အွန်လိုင်းစာမျက်နှာမှ တစ်ဆင့်ဖြေဆိုရမည်ဖြစ်သည်။

# မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၄ ရာခိုင်နှုန်းသာရှိဟု ဆို

**ထူးသန့်**

**နေပြည်တော်၊**
**ဖေဖော်ဝါရီ-၁၅**

မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၄ရာခိုင်နှုန်းသာရှိကြောင်း အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ယနေ့ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏ မြို့ပြကျေးလက်အလုပ်လက်မဲ့ပြဿနာနှင့် စပ်လျဉ်းသော မေးခွန်းနှင့်ပတ်သက်ပြီး "အလုပ်လက်မဲ့နှုန်းအရ အာဆီယံနိုင်ငံတွေမှာ ၅ဒသမ ၂ရာခိုင်နှုန်း၊ တစ်ကမ္ဘာလုံးမှာ ၆ဒသမ၃ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံမှာ ၄ရာခိုင်နှုန်းပဲရှိပါတယ်" ဟူ၍ ဦးအောင်ကြည်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။



ဒေါက်တာသန်းဝင်းကမူ မြို့ပြနှင့်ကျေးလက်တွင်အလုပ်လက်မဲ့များနေကြောင်း မြို့ပေါ်တွင် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဘိလိယက်ခုံနှင့် ဘောလုံးပွဲများတွင် လူငယ်များအချိန်ကုန်နေကြကြောင်း၊ အစွမ်းအစရှိသော်လည်း အလုပ်အကိုင်ရရှိရန် ခက်ခဲနေကြောင်း နိုင်ငံတော်အတွက် နာတာရှည်ရောဂါဆိုးကြီးဖြစ်သော အလုပ်လက်မဲ့ပြဿနာကို လျော့နည်းစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေသူဦးရေ ၃သန်းခန့်ရှိပြီး အမျိုးသမီးလုပ်သားများကိုလည်း လုံခြုံစိတ်ချရသော နိုင်ငံများသို့စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အခြားအဖွဲ့အစည်းများမှ အကူအညီများရတော့မည်ဖြစ်၍ ပြည်တွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း ဦးအောင်ကြည်က ဆက်လက်ပြောကြားသည်။

နေပြည်တော်အခြေစိုက် အရာထမ်းတစ်ဦးဖြစ်သူ ဦးလှဦးကလည်း "လူတချို့ အလုပ်တော့ရှိပါတယ်။ ဒါပေမဲ့ နှစ်လုံး၊ သုံးလုံးကော်မရှင်ရောင်းတယ်။ ဘောလုံးလောင်းကစားစာရွက်တွေ ကော်မရှင်ခနဲ့ ဝေတယ်။ သိမ်းတယ်။ ဒါတွေက နေရာတိုင်းမှာရှိနေသေးတယ်။ ဒီလူငယ်တွေအတွက် တခြားအလုပ်အကိုင်အခွင့်အလမ်းတွေလည်း လိုအပ်တယ်" ဟူ၍ အလုပ်လက်မဲ့ပြဿနာအပေါ် မှတ်ချက်ပေးပြောဆိုသည်။

## ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စက်သုံးဆီရောင်းချ၍ လုပ်ငန်းရှင်အချို့ မီးဘေးစိုးရိမ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

ဘုရင့်နောင်ပွဲရုံဝင်းတွင်း၌ စက်သုံးဆီ မရောင်းချရန် သတ်မှတ်ထားသော်လည်း စက်သုံးဆီရောင်းချနေသူများရှိနေ၍ လုပ်ငန်းရှင်အချို့စိုးရိမ်ပူပန်နေကြောင်း ပွဲရုံဝင်းအတွင်းရှိ လုပ်ငန်းရှင်အချို့ကပြောသည်။

"ဆီကို ရောင်းတာတင်မကဘူး။ ဂိတ်တွေအနေနဲ့ သုံးစွဲဖို့ကို သိုလှောင်တာတွေ မလုပ်ဖို့တားဆီးထားတယ်။ ဒါပေမဲ့ အခုတချို့က ရောင်းနေတာတွေရှိတယ်။ အရေးယူတာတော့ မတွေ့ရဘူး" ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါပွဲရုံဝင်းအတွင်း၌ စက်သုံးဆီမရောင်းချရန် မီးသတ်ဌာနအပါအဝင် စည်ပင်ဌာန၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ အသင်း၊ ကုန်စည်ဒိုင်နှင့် ဘုရင့်နောင်စခန်း အကျိုးဆောင်အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ထားကြောင်း သိရသည်။

လတ်တလောတွင် ဘုရင့်နောင်စခန်းတွင်းသို့ စက်သုံးဆီရောင်းချသော ကားများ ဝင်ရောက် ရောင်းချမှုရှိနေသေးကြောင်း သိရသည်။

သို့သော်လည်း ယင်းစက်သုံးဆီရောင်းချမှုကို တစ်စုံတစ်ရာ အရေးယူခြင်းမရှိသေးဘဲ တိုင်တန်း၍ တွေ့ရှိပါကလည်း သတိပေးသည့်စနစ်များကိုသာ ကျင့်သုံးနေကြောင်းသိရသည်။

ထို့ကြောင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း နေထိုင်သူများအနေဖြင့် စက်သုံးဆီသယ်ယူရောင်းချနေသောကားများမှတစ်ဆင့် မီးလောင်မှုဖြစ်မည်ကို စိုးရိမ်နေကြရာ စက်သုံးဆီဝင်ရောက်ရောင်းချသော ကားများကို ထိရောက်စွာ အရေးယူစေလိုကြောင်း ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ပထမဆုံး အလုပ်ရုံဆွေးနွေးပွဲ ပုဂံတွင်ကျင်းပ

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ-၂၀**

ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်းတို့ပထမဆုံးအကြိမ် ပူးပေါင်း၍ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးလုပ်ငန်းအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပုဂံမြို့တွင် ကျင်းပခဲ့သည်။



မြုပြင်ထားသော ဘုရားဆင်းတုတော်တစ်ဆူအား ဖူးတွေ့ရစဉ်

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစီမံချက်အား ယူနက်စကိုနှင့်ပူးပေါင်းဆောင်ရွက်မှုအီတလီနိုင်ငံကယူရိုငွေလေးသိန်းထောက်ပံ့ကြောင်းသဘောတူညီချက်အပြီး တစ်လခန့်အကြာတွင် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"အရင်ကတော့ ဆွေးနွေးပွဲ အသေးစားလေးတွေ လုပ်ခဲ့ဖူးတာပေါ့။ ဒီလို အလုပ်ရုံဆွေးနွေးပွဲအနေနဲ့ကတော့ ဒါပထမဆုံးပါပဲ"ဟု ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးနိုင်ဝင်းက ပြောသည်။ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက် ကြာပြုလုပ်ခဲ့သော အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပုဂံမြို့ဟောင်းအတွင်းရှိ အိုမင်းယိုယွင်းနေသော ဘုရား ၁၅ဆူကျော်ကို တက်ရောက်လာသော ကိုယ်စားလှယ်များ သွားရောက်လေ့လာခဲ့ကြသည်။"ကျွန်တော်တို့ဌာနအနေနဲ့ အင်ဂျင်နီယာအသင်းနဲ့ ဗိသုကာပညာရှင်များအသင်းတို့ဆီက နေပြီးတော့ နည်းပညာအကြံဉာဏ်တွေ ပူးပေါင်းဆောင်ရွက်မှုတွေ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ရရှိခဲ့ပါတယ်။ ဒီဝပ်ရှော့မှာ ဆွေးနွေးမှုရလဒ်အရ ပထမဆုံးခြေလှမ်းအဖြစ်ပုဂံဘုရားတွေကိုစပြီးပြုပြင်မှာဖြစ်ပါတယ်။ နောက်ပြီး Master Plan ရေးဆွဲဖို့ကိုလည်း လိုအပ်တဲ့ လေ့လာမှုတွေ၊ ဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ဦးနိုင်ဝင်းကပြောသည်။ ပြုပြင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ Master Plan ရေးဆွဲရာတွင် ပြုပြင်တည်ဆောက်ခြင်း၊ တိုးတက်တည်ဆောက်ခြင်း၊ မှတ်တမ်းပြုစုခြင်း၊ထိန်းသိမ်းခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် World Heritage List ဝင်နိုင်ရေးဆောင်ရွက်ခြင်း စသည့်အချက်များကို အခြေခံ၍ ရေးဆွဲသွားမည်ဖြစ်သည်။

ပုဂံဒေသရှိ ရှေးဟောင်းဘုရားများ လျော့နည်းပျက်စီးရခြင်းအကြောင်းများမှာ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုဒဏ်၊ လျှပ်ဒဏ်၊ မုန်တိုင်းဒဏ်၊ လေပြင်းတိုက်သည့်ဒဏ်၊ မိုးသည်းထန်စွာ ရွာသွန်းမှု၊ အပူလွန်ကဲမှု၊ မြစ်ရေတိုက်စားမှုမီးဘေးအန္တရာယ်နှင့်နှစ်ကာလကြာမြင့်မှုများကြောင့် ပျက်စီးခဲ့ရသလို လူတွေ၏ ဖျက်ဆီးမှုပယောဂကြောင့်လည်းပျက်စီးခဲ့ရသည်ဟု ၎င်းတို့က ဆက်လက်ပြောသည်။ ပုဂံမြို့တွင် မြန်မာနိုင်ငံမှ ပညာရှင်များနှင့် ဖိလစ်ပိုင်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဌာနမှ ပညာရှင်များ ပူးပေါင်းပြီး ယဉ်ကျေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၁ ခုနှစ် အောက်တိုဘာကလည်း ကျင်းပပြုလုပ်ခဲ့ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် မြန်မာနှင့် ဖိလစ်ပိုင်ပူးတွဲစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးအချက်များကို အနာဂတ်စီမံကိန်းအဖြစ် ချမှတ်နိုင်ခဲ့သည်။

## မျက်နှာဖုံး-ရန်ကုန်တွင် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသောနေရာသစ်ထပ်တိုး မှ

ထိုကဲ့သို့သွားရောက်ကြည့်ရှုချင်သူများမှာယခုနှစ်တွင် သိသိသာသာ များလာပြီး ယာဉ်မောင်းများ ဧည့်လမ်းညွှန်များကလည်း ပေါ်ပေါ်တင်တင် ပြသရလာကြကြောင်း ခရီးသွားလုပ်ငန်းရှင်များကပြောသည်။

ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်၊ ဆူးလေ၊ ကမ္ဘာအေး၊ ဗိုလ်တထောင်၊ တရုတ်တန်း၊ နန်းသီတာဆိပ်ကမ်း၊ ဆင်ဖြူတော်၊ ကန်တော်ကြီး၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးနှင့် ဗိုလ်ချုပ်စျေးတို့အပါအဝင် ဒေါ်အောင်ဆန်းစုကြည်အိမ်နှင့် ရုံးတို့အား နှစ်ရက်ခရီးစဉ်အဖြစ် ပြသလေ့ရှိကြသည်။

၂၀၁၁-၂၀၁၂ ခရီးသွားရာသီမှစ၍ မြန်မာနိုင်ငံသို့ လာရောက်သော ဧည့်သည်တိုင်း ဒေါ်အောင်ဆန်းစုကြည်အိမ်ကို ကြည့်ရှုရန်တောင်းဆိုလာကြ ကြောင်း ခရီးသွားအသင်းအဝိုင်းက ဆိုသည်။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ကမ္ဘာလှည့်ခရီးသွားများအား မြန်မာနိုင်ငံသို့ လာရောက်ရန် ဒေါ်အောင်ဆန်းစုကြည်က ဖိတ်ခေါ်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် ကမ္ဘာလှည့်ဧည့်သည်လေးသိန်းနီးပါး မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည်။

## စာ-၂၊ ပုဂံမြို့ဟောင်းကို နိုင်ငံတကာအဆင့် ရှေးဟောင်းနယ်မြေအဖြစ် တည်ထောင်မည် မှ

ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၂မှ ၂၀၁၅ ခုနှစ်အတွင်း(သို့မဟုတ်) ငါးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် ဝန်ကြီးကမှာကြားခဲ့ပြီး နိုင်ငံတကာအဆင့်မီ Archaeological Parkအဖြစ် ဆောင်ရွက်ခြင်းမှာ တိုးတက်တည်ဆောက်ခြင်းအပိုင်းတွင်ပါဝင်မည်ဖြစ်သည်။ ပုဂံဒေသအတွင်းရှိလမ်းများကိုယဉ်ကျေးမှုအမွေအနှစ် မြင်ကွင်းများကို မထိခိုက်စေဘဲ ဖောက်လုပ်ရန်၊ ရှေးဟောင်း အဆောက်အအုံများ၏ ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေမည့်ဒေသအသွင်သဏ္ဌာန်နှင့်လိုက်ဖက်သောရှုမြင်ကွင်းများ၊ ပြသမှုများ၊ မီးအလင်းပေးမှု ရှေးဟောင်းအဆောက်အအုံနှင့်လိုက်ဖက်သည့် မြေယာအလှရှုခင်းများ ဖန်တီးရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆောင်ရွက်ရန်၊ ခရီးသွားဧည့်သည်များ အသုံးပြုရေးအတွက် လွတ်ကင်းသည့် နေရာများတွင် ဒေသနှင့်လိုက်ဖက်ပြီး အမြင်တင့်တယ်သည့်သန့်စင်ခန်းများတည်ဆောက်ခြင်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များကို ရှေးဟောင်းမြင်ကွင်းမပျက်စေသည့် နေရာများတွင် စနစ်တကျနေရာချ တည်ဆောက်ခြင်း အစရှိသည့်အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဝိုင်းဝန်းဆွေးနွေးအကြံပေးစေလိုကြောင်း ပုဂံတွင် ပြုလုပ်သည့်အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

## မျက်နှာဖုံး-ပဲမျိုးစုံ အာမခံဈေးဖြင့် ဝယ်ယူတော့မည် မှ

"အများပိုင်ကုမ္ပဏီဖွဲ့ပြီး ဝယ်ဖို့ညှိနှိုင်းကြတာပါ"ဟုအဆိုပါပွဲကို တက်ရောက်ခဲ့သည့် ပြည်ပသို့ ပဲတင်ပို့သူ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

အများပိုင်ကုမ္ပဏီဖွဲ့ပြီး အာမခံဈေးနှုန်းဖြင့်ဝယ်ယူပါက ဈေးအထိုက်အလျောက်ထိန်းနိုင်ပြီး တောင်သူများအတွက်လည်းထိုက်သင့်သည့် ဈေးရရှိနိုင်သည်။

အများစုပေါင်းဝယ်ယူသည့်အတွက် ငွေအင်အားများပြီး လုပ်ငန်းပိုမိုလုပ်ကိုင်နိုင်သည်ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

"ပဲတစ်တင်းကိုတောင်သူရဲ့ အရင်းကာ၆၀၀၀ကျပ်ကနေ၁၈၀၀၀ ကျပ်လောက်ရှိတယ်"ဟုဟသ်ာတမြို့နယ်မှ ပဲစိုက်တောင်သူတစ်ဦးကဆိုသည်။

လက်ရှိမတ်ပဲဈေးသည်ကျေးရွာများတွင်တစ်တင်းလျှင် ကျပ် ၁၂၈၀၀မှ၁၃၀၀၀ကျပ်ကြားသာရှိသည်။ ရန်ကုန်စျေးကွက်တွင်ပြည်ပသို့တင်ပို့ရန် မတ်ပဲဈေးသည် အသစ်တစ်တန်ကို၄၅၅၀၀၀ကျပ်၊ အဟောင်းတစ်တန် ၄၃၀၀၀၀ ကျပ်ဈေးရှိသည်။ ပဲတီစိမ်းမှာ ရန်ကုန်စျေးကွက်တွင် တစ်တန် ၆၀၀၀၀၀ကျပ်ဈေးရှိသည်။ ပဲစင်းငုံမှာ တစ်တန် ၅၀၂၀၀၀ကျပ် ဈေးရှိကြောင်း စုံစမ်းသိရှိရသည်။

သမဝါယမနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းတို့ ပူးပေါင်း၍ အရန်ဆန်အဖြစ်ထားရှိရန် ဧည့်မထစပါး ၄၆ ပေါင် တစ်တင်းလျှင် သောင်းသုံးထောင်ကျပ်ဖြင့် တင်းပေါင်း ရှစ်သိန်းငါးသောင်းကျော်အား ဇန်နဝါရီ ၂၂ ရက်မှ စတင်၍ဝယ်ယူခဲ့သည်။

ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းဆောင်းသီးနှံ အဖြစ် စိုက်ပျိုးသော ပဲတီစိမ်းနှင့် မတ်ပဲမှာ ထွက်ရှိနေပြီးပြီးခဲ့သည့်နှစ်ကထက် ဈေးနှုန်းထက်ဝက်ခန့် လျော့နည်းလျက်ရှိသည်။"အစိုးရအနေနဲ့ တောင်သူတွေ တကယ်အကျိုးရှိစေချင်ရင် ဒီလကုန်ကစပြီးဝယ်မှ။ ဘာဖြစ်လို့လဲဆိုတော့ အကြွေးဆပ်စရာတွေရှိတော့ တောင်သူတွေအတွက် မတ်လကုန်ရင် ရောင်းကြရတာ"ဟု ရေကြည်ဒေသခံ တောင်သူတစ်ဦးကပြောသည်။

ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသော မတ်ပဲတစ်ဧကလျှင် ပျမ်းမျှ ကုန်ကျစရိတ် ကျပ်တစ်သိန်းခွဲခန့်ရှိပြီး ယခုနှစ်တွင် ပျမ်းမျှ ၁၀ တင်းသာထွက်ရှိသဖြင့် မတ်ပဲတစ်တင်းလျှင် ကျပ်နှစ်သောင်းခန့် ရရှိမှ တွက်ခြေကိုက်မည်ဟု တောင်သူအချို့ဆိုသည်။

## မျက်နှာဖုံး-ဆန်တင်ပို့သော နိုင်ငံများအဖွဲ့ ဖွဲ့စည်းရန်စီစဉ် မှ

"သူတို့ဘက်ကလာတဲ့ အထဲမှာ အစိုးရအဖွဲ့နဲ့လာတာ။ကျွန်တော်တို့က အရပ်ဘက်အဖွဲ့အစည်းဖြစ်နေတော့ ဝန်ကြီးဌာနကိုတင်ပြရအောင် ချက်ချင်းကြီးတော့ မဖြစ်နိုင်ဘူး" ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ပြောသည်။ အဆိုပါအဖွဲ့တွင် ထိုင်း၊ ဗီယက်နမ်အပါအဝင် အရှေ့တောင်အာရှရှိ ဆန်အမြိုကတင်ပို့သောသောနိုင်ငံများပါဝင်သည်။ ဆွေးနွေးမှုတွင် နှစ်နိုင်ငံမှ တာဝန်ရှိသူများက ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ဆောင်နေမှုများအား အပြန်အလှန်နှီးနှောဖလှယ်ကြပြီး သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ထိုအဖွဲ့ဖွဲ့စည်းဖြစ်ပါက စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်ခြင်း၊ တောင်သူများ အသီးအနှံဈေးနှုန်းကျသဖြင့် တွက်ခြေမကိုက်မှုဖြစ်ခြင်းနှင့် ရာသီဥတုဘေးအန္တရာယ်ကြောင့် ကြုံတွေ့လာရသော အခက်အခဲများအား ပူးပေါင်းဖြေရှင်းနိုင်မည်ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတချို့က သုံးသပ်ကြသည်။

# အင်ဒို-မြန်မာ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲ မတ်လတွင် ကျင်းပမည်

**မေဇင်းမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

နှစ်နိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်မှုနှင့်ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် ရည်ရွယ်သည့် အင်ဒို-မြန်မာ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲကို လာမည့်မတ်လအတွင်း ကျင်းပမည်ပြီး ကုန်သွယ်မှုနှင့်ခရီးသွားဆိုင်ရာ ကွန်ဖရင့်များပါ ပြုလုပ်မည်ဖြစ်ကြောင်း ကားမောင်းပြိုင်ပွဲစီစဉ်သည့် မင်္ဂလာရှုခင်း(Bright View) ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အိန္ဒိယနိုင်ငံဂူဝါဟာတီမှ ကိုဟီးမား၊ တမူး၊ ကလေး၊ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ ပြည်၊ ပုဂံ၊ မုံရွာ၊ ကလေး၊ တမူး၊ ကိုဟီးမား၊ ဂူဝါဟာတီအထိ မြန်မာနိုင်ငံအတွင်း ၈ ညအိပ် ၉ ရက်ခရီးကို မတ်လ ၁၃ ရက်မှ ၂၁ ရက်အထိ မောင်းနှင်ရန်စီစဉ်ထားသည်ဟု သိရသည်။

ကားမောင်းပြိုင်ပွဲတွင် တာတာ၊ မဟင်ဒရာ၊ ဆူဇူကီး၊ ချက်ပလက်စသည့်မော်တော်ကားကုမ္ပဏီများကထုတ်လုပ်သည့်ခရီးကြမ်းမောင်းနိုင်သော(Sport Utility Vehicle- SUV) များဖြင့် မောင်းနှင်မည်ဖြစ်သည်။

"ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲကို လွန်ခဲ့တဲ့နှစ်အတန်ကြာလောက်ကတည်းကစီစဉ်နေခဲ့တာပါ။ ပြီးခဲ့တဲ့ ဇန်နဝါရီလကုန်ပိုင်းကလည်းပြုလုပ်ဖို့အကြောင်းအမျိုးမျိုးကြောင့် ရက်ရွှေ့ဆိုင်းပြီး မတ်လမှပဲပြုလုပ်ဖြစ်တယ်။ ချစ်ကြည်ရေးကော၊ ကုန်သွယ်မှု ခရီးသွားလုပ်ငန်းတွေနဲ့ ဆက်နွှယ်တာကြောင့်ရော ပုံမှန်ဝင်နေတဲ့ Tour တွေနဲ့တော့မတူပါဘူး။ အိန္ဒိယအရှေ့မြောက်ပိုင်းဒေသက လူတွေများမယ်။ အာသံ၊ မဏိပူရ၊ နာဂလန်းမီဇိုရမ် ပြည်နယ်လေးခုကစီးပွားရေးသမားတွေကုန်သည်တွေပါမယ်။ နေပြည်တော်နဲ့ ရန်ကုန်မှာ ကုန်သွယ်ရေးနဲ့ ခရီးသွားဆိုင်ရာမြှင့်တင်ရေးကွန်ဖရင့်လုပ်မယ်"ဟုမင်္ဂလာရှုခင်း(Bright View) ခရီးသွားကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ရွှေက ပြောကြားသည်။

ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲကို စိတ်ပါဝင်စားသူမြန်မာနိုင်ငံသားများသည်လည်း မင်္ဂလာရှုခင်း ခရီးသွားကုမ္ပဏီနှင့် ယခုလ ၂၈ရက်အထိဆက်သွယ်ဆောင်ရွက်နိုင်ပြီး နိုင်ငံကူးလက်မှတ်နှင့် အင်တာနေရှင်နယ်ယာဉ်မောင်းလိုင်စင်ရှိရန်လိုအပ်သည်ဟု သိရသည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.49 · FEBRUARY 23 , 2012


# အလေးထားရမည့် သက်ကြီးရွယ်အိုစောင့်ရှောက်မှု

သီဟ

လူတိုင်းလူတိုင်းသည်အသက်ရှည်ရာအနာမဲ့ကြောင်း သက်တမ်းစေ့နေလိုကြသည်။ထို့ကြောင့်ပင် တစ်ဦးနှင့်တစ်ဦး ဆုတောင်း၊ဆုယူပြုလျှင်ပင် အသက် ၁၂၀ ကျော်ရှည်စေသော်ဝ်၊ ဘုန်းကြီးလို့ အသက်ရှည်ပါစေဟူ၍ ပင်ပြောလေ့ရှိကြသည်။

အသက်ရှည်ခြင်းသည် မြန်မာလူမျိုးများအတွက် ဆုလာဘ်တစ်ခုပင်ဖြစ်သည်။သို့သော် ကျန်းကျန်းမာမာနှင့် အသက်ရှည်နေထိုင်နိုင်ရန် အရေးကြီးပါသည်။

ယနေ့ကမ္ဘာပေါ်တွင် အစားအသောက် အနေအထိုင်များ ပြောင်းလဲလာခြင်း၊ ခေတ်မီဆေးဝါးကုသမှုစနစ်များ ထွန်းကားလာခြင်းတို့ကြောင့် အသက်ရှည်သူအရေအတွက်မှာ ပိုမိုများပြားလာပြီ ဖြစ်သည်။

သတ်မှတ်ချက်များအရ အသက်ခြောက်ဆယ်ကျော်သူများအား သက်ကြီးရွယ်အိုများအဖြစ် သတ်မှတ်ကြသည်။ သို့သော် အသက်ခြောက်ဆယ်ကျော်သူတိုင်းတော့ အိုမင်းမစွမ်းဖြစ်နေသူများမဟုတ်ကြပေ။

လက်ရှိမြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုလူဦးရေမှာ၁၀ရာခိုင်နှုန်းရှိပြီး လူ၁၀ဦးလျှင် တစ်ဦးမှာ အသက်ခြောက်ဆယ် အထက်ရှိသူများဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၅၀ပြည့်နှစ်တွင် လူလေးဦးလျှင်တစ်ဦးသည် အသက်ခြောက်ဆယ်ကျော်အရွယ်များဖြစ်လာမည်ဟု ခန့်မှန်းကြကြောင်းလည်း သိရသည်။



သက်ကြီးရွယ်အိုများလာခြင်းသည် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ခြင်း၊ တိုးတက်လာခြင်းတို့၏ ပြယုဂ်များဖြစ်သဖြင့် ဂုဏ်ယူစရာဖြစ်သော်လည်း ကျန်းမာပျော်ရွှင်သည့် သက်ကြီးရွယ်အိုအရေအတွက် များပြားလာရန်လိုအပ်သည်ဟု သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာမြင့်ဟန်က ပြောသည်။

ထို့ကြောင့်နောက်ပိုင်းတွင် များပြားလာမည့် သက်ကြီးရွယ်အို လူဦးရေများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍများအဆင်သင့်ဖြစ်ရန်လည်း လိုအပ်ကြောင်း သိရသည်။

ယနေ့သက်ကြီးရွယ်အိုများအား အဓိကခြိမ်းခြောက်လျက်ရှိသည့် ကျန်းမာရေးပြဿနာများမှာ မကူးစက်နိုင်သည့်ရောဂါများအုပ်စုဝင် သွေးတိုး၊ ဆီးချို၊ နှလုံးနှင့်ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ကြောင်း သိရသည်။ အထက်ပါရောဂါလေးမျိုးသည် ယနေ့သက်ကြီးရွယ်အို လူဦးရေအများစုတွင်ဖြစ်ပွားလျက်ရှိနေသည်ကိုတွေ့ရကြောင်း ပါမောက္ခ ဒေါက်တာမြင့်ဟန်ကပြောသည်။

ထိုအထဲတွင်မှ ဆီးချိုရောဂါသည် သက်ကြီးရွယ်အိုဆေးခန်းများ၏ ပြင်ပလူနာဌာနများတွင် လာရောက်ပြသသူများ၏ ၂၀ရာခိုင်နှုန်းတွင် ဖြစ်ပွားနေသည်ကို တွေ့ရသည်ဟု သိရသည်။

အင်းစိန်ဆေးရုံကြီးရှိ သက်ကြီးရွယ်အိုဆေးခန်း ပြင်ပလူနာဌာနတွင် လာရောက်ပြသသူများ၏ ၄၀ရာခိုင်နှုန်းမှာ အရိုးပါးခြင်း၊ ကျန်၄၀ ရာခိုင်နှုန်းမှာ အရိုးပွခြင်း စသည့် ရောဂါများ ခံစားရလျက်ရှိပြီး ၂၀ ရာခိုင်နှုန်းသာ ပုံမှန်အနေအထားဖြစ်ကြောင်း သိရသည်။

ထို့အပြင် သက်ကြီးရွယ်အိုများသည် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးအပြင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာနေစေရန်လည်း လိုအပ်သည်။ သို့မှသာလျှင် ပျော်ရွှင်တက်ကြွသည့် သက်ကြီးဘဝကိုရရှိနိုင်မည်ဟု ဒေါက်တာမြင့်ဟန်က ပြောသည်။

အလားတူ သက်ကြီးရွယ်အိုများတွင် အခြားဖြစ်တတ်သည့် ရုပ်ပိုင်းဆိုင်ရာရောဂါများမှာ အရိုးပါးခြင်း၊သွေးတွင်း အဆီဓာတ်များခြင်း အစရှိသည့် ရောဂါများလည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။

စာ(၁၄)သို့

## တက္ကသိုလ်ဝင်စာမေးပွဲနဲ့ ဖိအားတွေကို ဘယ်လိုရင်ဆိုင်မလဲ

ဝတ်ရည်အောင်

မကြာခင်ရက်ပိုင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြရတော့မည်ဖြစ်သည်။ တစ်နှစ်လုံး ကျက်မှတ်ကြိုးစားလာသူများအတွက် စာမေးပွဲနီးချိန်တွင် မမျှော်လင့်သောအကြောင်းများကြောင့် ဘဝတစ်ဆစ်ချိုးသည့်စာမေးပွဲကြီးတွင် အခက်အခဲများမဖြစ်စေရန် အထူးဂရုပြုရမည့် အချိန်လည်းဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားတိုင်း ထိုစာမေးပွဲကြီးအား ကောင်းမွန်စွာ ဖြေဆိုနိုင်ရန်အတွက် သင်ယူတတ်မြောက်မှုများအပြင် ကျန်းမာနေစေရန်မှာလည်း လိုအပ်ပြီး ကျန်းမာရေးပြဿနာဖြစ်ပေါ်လာလျှင် ကြိုးစားသမျှ အလကားဖြစ်သွားမည်လည်းဖြစ်သည်။

ယခုအချိန်တွင်စာမေးပွဲဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများ အများဆုံးဖြစ်နေသည်မှာ စိုးရိမ်ပူပန်မှုများပင်ဖြစ်သည်။ လေ့ကျင့်ခန်းများနှင့်ပတ်သက်ပြီး စိုးရိမ်မှုများနှင့် စိတ်ဖိစီးမှုများအား အတတ်နိုင်ဆုံး လျှော့ချထားရန် လိုအပ်ပြီး စိတ်ဖိစီးမှုများမှ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

“ဒီအချိန်မှာ တချို့လည်း ပြန်လည်လေ့ကျင့်တဲ့ အချိန်ရောက်နေတယ်။ တချို့ကလည်း အခုမှ တွန်းပြီး ကျက်နေရတဲ့ အချိန်ပေါ့။ ဒီအချိန်မှာ စာမေးပွဲကလည်း အရမ်းနီးနေပြီ။ အချိန်လောက်ပါ့မလား။ စာတွေမရတာတွေနဲ့ စာမေးပွဲမှာကြုံရမယ့်အကြောင်းတွေကို စဉ်းစားပြီး စိုးရိမ်မှုတွေ အရမ်းများနေတဲ့အချိန်ပေါ့”ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

စိုးရိမ်စိတ်များပြားသည့်အတွက်ညအိပ်ချိန်လျှော့ချ၍ စာကျက်ချိန်မြှင့်ခြင်းမျိုးလည်း ပြုလုပ်ကြခြင်းနှင့်အတူ အစားအသောက်ပျက်ခြင်းများလည်း ရှိလာသဖြင့်ယခုအချိန်တွင်စိုးရိမ်စိတ်အားလျှော့ချပြီးသေချာသော အချိန်စာရင်းများဖြင့် စိတ်အေးအေးထားကာ မိမိရရှိထားသည့် စာများအား ပြန်လည်ကျက်မှတ်ရမည့်အချိန်ဖြစ်ကြောင်း သက်ဆိုင်ရာကျွမ်းကျင်ဆရာ၊ ဆရာမများနှင့် ဆရာဝန်များကလည်း အကြံပြုပြောကြားကြသည်။

စာ(၁၄)သို့

## ဝိတ်ချရန် သောက်သုံးသည့် အချိုရည်များကြောင့် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ပွားနိုင်

**မိုင်ယာမီ၊**
**ဖေဖော်ဝါရီ - ၁၄**

ဝိတ်ချရန် ထုတ်လုပ်ထားသော အချိုရည်များ နေ့စဉ် သောက်သုံးခြင်းမှာ လေဖြတ်ခြင်း၊ နှလုံးရောဂါနှင့် သွေးကြောဆိုင်ရာရောဂါများဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိကြောင်း အမေရိကန်သုတေသီများကပြောကြားသည်။

မိုင်ယာမီတက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်နှစ်ခုမှ ပညာရှင်များသည် အမျိုးသားကျန်းမာရေးအင်စတီကျူဒ်မှ အကုန်အကျခံသောသုတေသနတွင် ပါဝင်သူပေါင်း ၂၅၆၄ ဦး၏ အချက်အလက်များကိုလေ့လာခဲ့ပြီး ယင်းအချိုရည်များကြောင့် လေဖြတ်ခြင်းနှင့်အန္တရာယ်ရှိသော အခြေအနေများနှင့်ပတ်သက်၍ အမေရိကန်၏ လူမျိုးပေါင်းစုံ ပြည်သူများ ရောဂါဖြစ်ပွားမှုကို လေ့လာခဲ့ကြသည်။

ယင်းသို့ လေ့လာရာတွင် ဝိတ်ချရန် ထုတ်လုပ်ထားသည့် အချိုရည်(Diet Soft Drinks)များ နေ့စဉ် သောက်သုံးသူများသည် အခြားလူများထက် သွေးကြောနှင့်ပတ်သက်သောရောဂါတစ်ခုခု ဖြစ်ရန် အလားအလာ ၄၃ ရာခိုင်နှုန်းပိုများကြောင်းတွေ့ရှိခဲ့သည်။ သို့သော် အသင့်အတင့်သောက်သုံးလျှင်မူ ယင်းအန္တရာယ်နည်းပါးကြောင်း သုတေသီများကပြောသည်။ ပုံမှန် အချိုရည်များ သောက်သုံးသူများတွင်လည်း ယင်းအန္တရာယ်မရှိဟု သုတေသီများကဆိုသည်။

တစ်ဖက်တွင်လည်း ယခုရလဒ်များမှာ အပြီးသတ်ကောက်ချက်ချရန်မဟုတ်ဘဲ ထပ်မံ၍လေ့လာမှုများပြုလုပ်ရန် လိုအပ်သေးကြောင်း၊ ဝိတ်ချရန် ထုတ်လုပ်သည့်အချိုရည်များနေ့စဉ်သောက်သုံးမှုနှင့်အချို့ရောဂါအန္တရာယ်ရှိခြင်းကိုသာ ဆက်စပ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း သုတေသီများကပြောကြားသည်။

—Ref: Reuters




7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

## အသည်းရောင်အသားဝါဘီကာကွယ်ဆေး ထောက်ပံ့သည့်စီမံချက် ပြီးဆုံး

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးသည်ပြတ်လပ်နေခြင်းမဟုတ်ဘဲ ထောက်ပံ့သည့်စီမံချက် ပြီးဆုံးသွားခြင်းသာဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှသိရသည်။

ငါးနှစ်စီမံကိန်းဖြစ်သော်လည်းကျန်းမာရေးဝန်ထမ်းများက အလေအလွင့်နည်းပါးစေရန် စနစ်တကျဆောင်ရွက်ခဲ့သဖြင့် ၂၀၁၀အထိမကဘဲ ၂၀၁၁ မေလအထိ ကာကွယ်ဆေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး မေလနောက်ပိုင်းတွင် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးအား ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များတွင် ထည့်သွင်းမထိုးနှံနိုင်တော့ကြောင်း သိရသည်။

အသည်းရောင် အသားဝါရောဂါပိုးကြောင့် လူကြီးများတွင် အသက်သေဆုံးမှုများပြားလာသည့်အတွက် တစ်နှစ်အောက်ကလေးများအား ၂၀၀၃-၂၀၀၄ ခုနှစ်မှ စတင်၍ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ထိုဆေးဝါးများအား Global Alliance for Vaccine and Immunization (GAVI) အဖွဲ့မှ ကာကွယ်ဆေးအသစ် မိတ်ဆက်ခြင်းမှုအရ နိုင်ငံများသို့ ငါးနှစ်စာ ထောက်ပံ့ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ရရှိခဲ့ခြင်းဖြစ်သည်။

ယခုချိန်တွင် အဆိုပါအဖွဲ့၏မူအတိုင်း သက်ဆိုင်ရာနိုင်ငံများမှ ကာကွယ်ဆေးဝယ်ယူမှုတွင် ရန်ပုံငွေထည့်ဝင်ထားပြီးတစ်ကြိမ်တည်းဖြင့် ကာကွယ်ဆေးငါးမျိုးပါဝင်မည့်ထိုးဆေးနှင့် အခြားကာကွယ်ဆေးများအား ၂၀၁၂နှစ်လယ်ခန့်တွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

"ပုံမှန် ဆေးထိုးလုပ်ငန်းတွေမှာ လိုအပ်တဲ့ DPT နှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွေ ယူနီဆက်တို့နဲ့ညှိနှိုင်းနေတဲ့အချိန်လောက်ပဲ လိုအပ်ချက်ရှိခဲ့တယ်။ ကျန်တဲ့အချိန်တော့ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့တယ်"ဟု ကူးစက်ရောဂါတိုက်ဖျက်ရေးမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းက ပြောသည်။

ငါးနှစ်အောက်ကလေးများတွင် ဟေမိုဖီးလက်အင်ဖလူရင်ဇာဘီ အမျိုးအစား ဗက်တီးရီးယားပိုးကြောင့်ဖြစ်သည့်ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါများကြောင့်သေဆုံးမှုများပြားလာသည့်အတွက် ကာကွယ်ဆေးအသစ်များ ထိုးနိုင်ရန် စီမံချက်များဖြင့် ဆောင်ရွက်နေပြီး အများပြည်သူများကလည်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ လှုံ့ဆော်ထားသည်။

## စာ-၁၃၊ တက္ကသိုလ်ဝင်စာမေးပွဲနဲ့ ဖိအားတွေကို ဘယ်လိုရင်ဆိုင်မလဲ မှ

စာမေးပွဲရက်နီးလာသည့်အတွက် စိတ်ပူပန်မှုများပြားခြင်း၊ ရာသီဥတု အပြောင်းအလဲဖြစ်နေသည့် အချိန်များနှင့်လည်း ကြုံတွေ့နေသည့်အတွက် ဖျားနာမှုများ ဖြစ်ပေါ်လာစေနိုင်ပြီး ဖျားနာခြင်းသည် သာမန်နှာစေး၊ ချောင်းဆိုးခြင်းမှ ရက်ရှည်အထိ ပြင်းထန်သည့် တုပ်ကွေးဖျားနာခြင်းများလည်း ဖြစ်ပွားနိုင်ရာ ဂရုပြုကာကွယ်ရမည့် အချိန်လည်း ဖြစ်ကြောင်းသိရသည်။

"အခုက နေ့ဖက်ပူနေပြီး ညဖက်ကျတော့ နည်းနည်းအေးနေသေးတယ်။ စာကျက်ရင်းနဲ့ ညဖက် အအေးမိသွားတာမျိုးတွေ၊ အိပ်ရေးတွေပျက်၊ အစားအသောက် ပျက်နေကြတဲ့အချိန်မှာ ရောဂါပိုးတွေလည်း လွယ်လွယ်ဝင်နိုင်တာမျိုးတွေရှိတယ်" ဟု လမ်းမတော်မြို့နယ်နေမှ အထွေထွေရောဂါကုဆရာဝန်တစ်ဦးက ပြောသည်။

စာမေးပွဲနီးသည့်အချိန်ဖျားနာမှုများ မဖြစ်စေရန် နေပူထဲမှ ပြန်လာလာချင်း ရေချိုးခြင်းများအား ရှောင်ကြဉ်ခြင်းများအပြင် ရောဂါပိုးများ မကူးစက်စေရန်အတွက် ကိုယ်ခံအားတတ်စေရန် အားဆေးများသောက်ခြင်း၊ ဗီတာမင်စီဓာတ် ပါဝင်သည့်ဆေးဝါးများ သောက်နိုင်ပြီး ကျွမ်းကျင်ဆရာဝန်များနှင့် တိုင်ပင်၍ လိုအပ်သလို ကာကွယ်မှုများလည်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။ စာမေးပွဲ မတိုင်ခင်အချိန်များနှင့် စာမေးပွဲရက်များ၌လည်း ညလုံးပေါက်နီးပါး စာကျက်ခြင်းများ အိပ်ချိန် သုံး၊ လေးနာရီခန့်သာထား၍ စာကျက်ခြင်းများလည်း ရှိကြပြီး ထိုအချိန်အထိ ခံနိုင်စေရန် အိပ်ချင်ပြေအစားအစာများ နည်းမျိုးစုံ သုံးစွဲ၍ အိပ်ချင်ပြေအောင် လုပ်ခြင်းကလည်း မမျှော်လင့်သော ဝေဒနာများ ဖြစ်ပေါ်စေသည်များလည်းရှိသည်။

"၁၀ တန်းတုန်းက စာမေးပွဲဖြေနေတဲ့ရက်အတွင်း ညဖက်တွေမှာ အိပ်ပျော်မှာစိုးလို့ မအိပ်အောင် အချဉ်တွေစားတာ။ နှစ်ရက်လောက်လည်း ဆက်တိုက် အဲလိုတွေ စားပြီးတော့ နောက် ဝမ်းတွေသွားတာ။ စာလည်းကျက်လို့မရဘူး။ စာမေးပွဲခန်း တောင် မနည်းသွားပြီး ဖြေရတာမျိုး ကြုံခဲ့ဖူးတယ်"ဟု အသက် ၂၅ နှစ်အရွယ် မနှင်းဝေကပြောသည်။

လူတစ်ဦးသည် နေ့စဉ် အိပ်ချိန်ရှစ်နာရီလိုအပ်ပြီး အနည်းဆုံး တစ်နေ့လျှင် ခြောက်နာရီအိပ်ရန် လိုအပ်ကြောင်းသိရသည်။

"၂၄ နာရီမှာ တစ်နေ့ ခြောက်နာရီပြည့်အောင် မအိပ်ရင် ခန္ဓာကိုယ်က အရက်မူးသမားနဲ့ တူလာတယ်။ ၄၈ နာရီအတွင်း လုံလောက်တဲ့ အိပ်ချိန်မရှိဘူးဆိုရင် သွေးထဲမှာ အရက် ၀ ဒသမ ၈ ရာခိုင်နှုန်း (အရက်မူးနေသည်ဟု သတ်မှတ်ထားသည့်စံနှုန်း)နဲ့ တူတယ်။ အိပ်ရေးပျက်ထားတဲ့သူတွေက အရက်မူးနေတဲ့သူတွေလို ဆုံးဖြတ်ချက်တွေ မှားယွင်းလေ့ရှိတယ်"ဟု ရန်ကုန်ဆေးရုံကြီးမှ ဆေးပညာ ပါမောက္ခဆရာဝန်ကြီး ဒေါက်တာချစ်စိုးကပြောကြားဖူးသည်။

ခန္ဓာကိုယ်သည် လှုပ်ရှားနိုင်ရန်အတွက် အနားယူသည့်အချိန်တွင် အာရုံကြောများအား ပြန်လည်အားဖြည့်သည့် အချိန်ဖြစ်ပြီး အနားယူအိပ်ချိန်မရှိပါက အာရုံကြောများ အားနည်း၍ သွေးတိုးခြင်းနှင့် သွေးတိုးမှုများပြားပါက နှလုံးသွေးကြောပိတ်ခြင်းနှင့်အခြေအနေဆိုးပါကလေဖြတ်ခြင်းများအထိဖြစ်ပွားနိုင်ကြောင်း သိရသည်။

"ကြွက်တွေကိုစမ်းသပ်ချက်လုပ်ထားတဲ့အချက်အလက်တွေအရဆိုရင် နှစ်ပတ်လောက် မအိပ်ဘဲထားတဲ့ကြွက်တွေက သေသွားတာမျိုးတွေတောင် ရှိတယ်။ ကောင်းကောင်း မအိပ်ရရင် ရူးသွားတာမျိုးတွေလည်းရှိတယ်"ဟု ဒေါက်တာဦးချစ်စိုးကဆက်လက်ပြောသည်။

နေ့စဉ်ရက်ဆက် တစ်ပတ်ကျော် အိပ်ရေးပျက်လာပါက လှုပ်ရှားမှုရှိနေသောအချိန်တွင် ပင်ဦးနှောက်မှ ဆောင်ရွက်မှုများ ရုတ်တရက် ရပ်သွားလေ့ရှိပြီး အချို့မှာ ငါးစက္ကန့်၊ ၁၀ စက္ကန့်မျှ အိပ်ပျော်သွားလေ့ရှိကြောင်း သိရသည်။ အိပ်ရေးပျက်သည့်အချိန် ကြာလာပါက အချို့မှာ မူးမိုက်လဲကျသွားသည်အထိ ဖြစ်ပွားနိုင်ကြောင်းသိရသည်။

အချို့မှာ စာမေးပွဲခန်းရောက်သွားသည့်အချိန်၌ ကျက်မှတ်ထားသည့် စာများ စဉ်းစား၍မရတော့ခြင်း၊ ခေါင်းမကြည်သဖြင့် စာများ ရောထွေးသွားခြင်း၊ အိပ်ပျက်လွန်းသူများတွင် ကျက်မှတ်ထားသည့်စာများ စဉ်းစားမရတော့ဘဲ ခုံပေါ်၌ အိပ်ပျော်သွားခြင်းများလည်း ဖြစ်ပွားသည်များရှိသကဲ့သို့ စိုးရိမ်မှုများပြားလျှင်လည်း ကျက်မှတ်ထားသည့်စာများ မေ့သွားသည်များလည်းရှိပြီး ထိုအရာများကြောင့် အောင်မြင်မှုများ မဆုံးရှုံးစေရန် ကျွမ်းကျင်သူများက အကြံပြုပြောကြားထားသည်။

မကြာမီ စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကျက်ချိန်အားပုံမှန်သာထားရှိပြီး စာမေးပွဲခန်းမဝင်မီ ယုံကြည်ကိုးကွယ်ရာဘာသာများ၏ အဆိုအမိန့်များဖြင့် စိတ်တည်ငြိမ်အောင် ပြုလုပ်သင့်ပြီး ဖျားနာခြင်း၊ အိပ်ရေးပျက်ခြင်းများဖြင့် ကျန်းမာရေးမထိခိုက်စေဘဲ သင်ယူထားသည့် သင်ခန်းစာများ အပြည့်အဝဖြေဆိုခြင်းဖြင့် အောင်မြင်မှုများ ရယူနိုင်မည်ဖြစ်သည်။

## စာ-၁၃၊ အလေးထားရမည့် သက်ကြီးရွယ်အိုစောင့်ရှောက်မှု မှ

ထို့အပြင် သက်ကြီးရွယ်အိုများအား ခြိမ်းခြောက်လျက်ရှိသည့် အခြားကျန်းမာရေးဆိုင်ရာပြဿနာ ဖြစ်နိုင်သည့် အပြုအမူတစ်ခုမှာ ဆေးလိပ်သောက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၈၀ကျော်တွင်ကောက်ယူခဲ့သည့်စစ်တမ်းများအရ သက်ကြီးရွယ်အိုများ၏ ၆၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သည့် အလေ့အထရှိကြကြောင်း ဒေါက်တာမြင့်ဟန်ကပြောသည်။

"ဆေးလိပ်သောက်တော့ အဆုတ်ပွတာတို့၊ကင်ဆာတို့၊ လေဖြတ်တာတွေဖြစ်နေတာတွေ့ရတယ်။ သက်ကြီးရွယ်အိုများအနေနဲ့ ဆေးလိပ်အန္တရာယ်ကို သတိပြုပြီး ဒီအမူအကျင့်ကိုစွန့်လွှတ်ဖို့ကြိုးစားသင့်တယ်"ဟုဒေါက်တာမြင့်ဟန်ကပြောသည်။

ထို့အပြင် ပျော်ရွှင်တက်ကြွသည့် သက်ကြီးဘဝကိုရရှိရန်အတွက် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများလည်း ပြုလုပ်ရန်လိုအပ်သည်။

သွေးတွင်းသကြားဓာတ်စစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ အရိုးပါး၊အရိုးပွမှုနှုန်းများစစ်ဆေးခြင်းများပြုလုပ်သင့်ကြောင်း သိရသည်။

"ကျွန်တော်တို့မြန်မာလူမျိုးတွေက လူကြီးကိုရိုသေတယ် အိမ်ဦးခန်းမှာထားပြီး ကျွေးမွေးပြုစုတယ်။ ဒါပေမဲ့ အဲဒီလူကြီးမှာစစ်ဆေးသင့်တဲ့ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုမျိုး၊ ဥပမာ-နှလုံးနှင့်ကင်ဆာရောဂါများ စစ်ဆေးခြင်း၊ ပုံမှန် သွေးပေါင်ချိန်ခြင်း၊ အစရှိတဲ့ စစ်ဆေးမှုမျိုးကို အချိန်မှန်ပြုလုပ်နိုင်ဖို့လိုတယ်"ဟု သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးစစ်ဆေးမှု အားနည်းခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့အပြင် ကလေးသူငယ်များအား ကာကွယ်ဆေးထိုးသကဲ့သို့ သက်ကြီးရွယ်အိုများကိုလည်း ကာကွယ်ဆေး ထိုးပေးရန် လိုအပ်ကြောင်းလည်း သိရသည်။

သက်ကြီးရွယ်အိုများ ထိုးသင့်သည့်ကာကွယ်ဆေးများမှာ နမိုးနီးယားကာကွယ်ဆေး၊တုပ်ကွေး ကာကွယ်ဆေးတို့ဖြစ်ပြီး အဆုတ်ပွသူ၊ ဆီးချိုရောဂါရှိသူများ ပို၍ ထိုးသင့်ကြောင်း သိရသည်။

ထို့အပြင် သက်ကြီးရွယ်အိုများအား ကျွေးမွေးရာတွင် အာဟာရပြည့်ဝမျှတမှုရှိစေရန်လည်း လိုအပ်ကြောင်းလည်း သိရသည်။

"သက်ကြီးရွယ်အိုတော်တော်များများက အကြောင်းအမျိုးမျိုးကြောင့် အာဟာရပြည့်ဝအောင်မစားနိုင်ကြဘူး။ ကျွေးတဲ့ မိသားစုကလည်း အာဟာရနဲ့ပတ်သက်ပြီး ပိုမိုနားလည်ဖို့ လိုအပ်ပါတယ်"ဟု ဒေါက်တာမြင့်ဟန်ကပြောသည်။

သက်ကြီးရွယ်အိုများသည် ရေများများသောက်ရန်၊ အသီးနှင့်ဟင်းသီးဟင်းရွက်များ များများစားပေးရန်လိုအပ်ကြောင်း သိရသည်။

ပျော်ရွှင်တက်ကြွသည့်သက်ကြီးဘဝများအားပိုင်ဆိုင်နိုင်ရန်အတွက်ပုံမှန်ဆေးစစ်မှုများပြုလုပ်ခြင်း၊ဆေးလိပ်ဖြတ်ခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊မိသားစုနှင့်နွေးထွေးစွာနေခြင်းတို့ဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း ပညာရှင်များက ပြောကြားသည်။




သို့/
နိုင်နိုင်ကျော်ထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေး

တို့အုပ်စု ပြီးခဲ့တဲ့အပတ်က မောင်ရင်တို့ဆိုင်ကိုရောက်တယ် . . .
တို့အုပ်စုဆိုတာ အငြိမ်းစားကြီးတွေပေါ့။
ကျောင်းအုပ် ၊ ဆရာဝန် ၊ စစ်ဗိုလ်၊ ပါမောက္ခ ၊ ညွှန်ချုပ်၊ အကုန်ပါတယ် . . . ။
မြန်မာကြက်မှစားတဲ့သူ၊ မွေးမြူရေးငါးမှမစားတဲ့သူ၊ ငါးမြင်းစစ်စစ် ပဲဆီသန့်သန့်မှ စားချင်တဲ့သူ . . .
အချိုမှုန့်ကြောက်တဲ့သူ . . . အားလုံးလူစုံပဲ . . . ။
အိမ်ချက်လက်ရာ စားချင်တယ်၊ သန့်သန့်နေရာမှာ ကောင်းကောင်းစားချင်တယ်ဆိုလို့ မောင်ရင်တို့ဆိုင်ကို ရွေးခဲ့တာ။ အဆင်ပြေတယ်ဟေ့ !
အားလုံးကြိုက်ကြတယ် . . . ကျေးဇူးတင်လို့ စာရေးလိုက်တာ . . . ။
ကိုးများတဲ့တို့အုပ်စု မောင်ရင်တို့ဆိုင်မှာပြန်ဆုံဖို့ ချိန်းထားတယ် . . . စနေရားချစ်ဆွေသီချင်းတွေ ရှာထားပေးပါအုံး။

ဆိုင်(၁) - အမှတ်(၄၂/က)ပေါ်ရှမိလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီရုံးကျော်တံတားကြီးအနီး။
ဆိုင်(၂) - အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းဗိုလ်ကွင်းအနီး။
ဖုန်း ၀၉-၅၁၉၉၁၀၄၅၊ ၀၉-၇၃၀၀၀၇၀၈၊ ၀၉-၇၃၀၀၆၄၂၂
ဆိုင်(၃) - Gandamar Wholesale၊ (တောင်ဥက္ကလာဂေါ်ကွင်းအနီး)၊

ကြီးပွားတိုးတက်ကြပါစေ။
အငြိမ်းစားကြီးများ



မွန်မြတ်ဆေးခန်း ပီသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး အစားအသောက်အထူးရှောင်ရန်မလို။ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

အစာအိမ်အူလမ်းကြောင်းနှင့် ဝမ်းချုပ်ရောဂါကုသခြင်း ( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )
အစာအိမ်အူလမ်းကြောင်းရောဂါအမျိုးမျိုးနှင့် ဝမ်းချုပ်ရောဂါကို (၇)ရက်အတွင်း သက်သာစေပြီး (၁)လအတွင်း ပျောက်ကင်းစေနိုင်ရန် အစွမ်းအာနိသင်ထက်သည့်ဆေးကို အသုံးပြုကုသပေးပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၅၁၉၆၆၅၁၈

Regional

7 DAY NEWS JOURNAL

Vol.10, No.49 · FEBRUARY 23 , 2012


# စည်းကမ်းမဲ့ရွှေကျင်သူများကြောင့် ဒေါင်းမြူးချောင်းရေသုံးစွဲရန် အခက်တွေ့လာ

**စိုင်းလှူမင်း**

**ဝန်းသို၊ ဖေဖော်ဝါရီ-၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့အနီး ဒေါင်းမြူးချောင်းရေကို အစဉ်အဆက် သုံးရေ၊ ချိုးရေအဖြစ် အသုံးပြုခဲ့ကြရာမှ ယခုအခါ ဒေါင်းမြူးချောင်း အထက်ပိုင်း ချောင်းဖျား၊ ကျောင်းကုန်း၊ မှုံချဉ်၊ ဆပ်သွားကျင်း၊ လယ်ဦးဒေသများတွင် တစ်ပိုင်တစ်နိုင် လက်လုပ်လက်စား ရွှေလုပ်ငန်းများ လုပ်ကိုင်နေသောကြောင့် ချောင်းရေမှာ ရွှံ့၊ နွံများဖြင့် နောက်ကျိနေသည့်အတွက် ဒေါင်းမြူးချောင်း တစ်လျှောက် ရေသုံးစွဲရန် အခက်အခဲဖြစ်နေကြောင်း သတင်းရရှိသည်။

"ကျွန်မတို့မြို့ပေါ်က နှစ်စဉ် ဒေါင်းမြူးချောင်းနံဘေးမှာရှိတဲ့ ဆီဆုံကုန်း၊ မြနန္ဒာ၊ မြကန်သာ၊ မြမာလာ၊ ပိသုကာ၊ ချွန်းတောင်တန်း၊ ရှမ်းတန်း၊ ပုဇွန်တောင်၊ ကျမိုင်းကြီးရပ်ကွက်ဒေသခံတွေသာမက ခန္တီးပရိယတ္တိစာသင်တိုက်ရှိ စာသင်ရဟန်း၊ ကိုရင်တွေကလည်း နေ့စဉ်ရေချိုး၊ သင်္ကန်းလျှော်ဖွတ်ကြသလို သုံးရေအဖြစ် သုံးစွဲနေကြပါတယ်။ ဇန်နဝါရီလလောက်ကစပြီး ရွှေဖြုံးစုပ်စက်တွေလုပ်နေကြတာကြောင့်ရေတွေက ရွှံ့ရောင်ပေါက်ပြီး နောက်ကျိနေလို့ ရေသုံးစွဲဖို့ အခက်အခဲဖြစ်နေကြရတယ်"ဟုမြို့ပေါ်ဒေသခံ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

"အခုလို ဒေါင်းမြူးချောင်း အထက်ပိုင်းမှာအစိုးရကတရားဝင်ခွင့်ပြုသလား၊ မပြုသလားတော့ မသိပါဘူး။ တစ်ပိုင်တစ်နိုင် ရွှေလုပ်ကိုင်သူတွေကြောင့် ၂၀၁၀က တစ်ကြိမ်၊ ၂၀၁၁က တစ်ကြိမ် ရေပြဿနာအခက်အခဲတွေဖြစ်လို့ အထက်အကြီးအကဲများထံ တိုင်ကြားတာကြောင့် မြို့နယ်တာဝန်ရှိသူတွေက တားဆီးပိတ်ပင်ဖြေရှင်းပေးလိုက်လို့ ရေကခဏတော့ကြည်ပါတယ်။ နောက်တော့လည်း ထုံးစံအတိုင်းပါပဲ ရေကနောက်တာကနောက်တာပါပဲ" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ဆိုသည်။

ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ဒေါင်းမြူးချောင်းရေသည် တစ်စတစ်စရေများခန်းခြောက်စပြုလာသည်။

ထို့ကြောင့် တစ်ပိုင်တစ်နိုင် ဖြုံးစုပ်ရွှေလုပ်ငန်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် စနစ်တကျ လုပ်ကိုင်စေပြီး မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးကြပ်မတ်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြသည်ဟု သိရသည်။

# မြောက်ယမားချောင်း သဲနုန်းမြေစိုက်ပျိုးဧက ထက်ဝက်နီးပါးလျော့နည်းလာ

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၁၅**



ဓာတ်ပုံ - မျိုးမင်းဦး

**မြောက်ယမားချောင်းအတွင်းမှ ကြက်သွန်နီစိုက်ခင်းအချို့**

မုံရွာခရိုင်အတွင်းရှိမြောက်ယမားချောင်းတွင် ၂၀၁၁နှစ်ဆန်းပိုင်းက ကြက်သွန်နီစိုက်ခင်းများ ဖော်ယူရန်ရက်ပိုင်းအလိုတွင် ဆည်ရေလွှတ်လိုက်ခြင်းကြောင့် စိုက်ခင်းများပျက်စီးဆုံးရှုံးခဲ့ရပြီး ယခုနှစ်တွင် ထိုချောင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ထက်ဝက်နီးပါးလျော့နည်းသွားကြောင်း ဒေသခံများကပြောသည်။

"ပြီးခဲ့တဲ့နှစ်မတ်လကုန် ရက်ပိုင်းအတွင်းမှာကြက်သွန်နီ၊ကြက်သွန်ဖြူနဲ့အာလူးစိုက်ခင်းတွေ ရင့်မှည့်လို့ဖော်ဖို့ ရက်ပိုင်းအလိုမှာ ဆည်ရေ လွှတ်လိုက်တဲ့အတွက် မြောက်ယမားချောင်းအတွင်းက စိုက်ခင်းတွေ ရေနစ်ပျက်စီးကုန်တယ်။ အရင်နှစ်ကလို ရင့်မှဆည်ရေလွှတ်လိုက်တော့ တောင်သူတွေနစ်နာမှုတွေရှိတဲ့အတွက် ဒီနှစ်ဆည်ရေကို မယုံလို့ မြေလပ်ထားတာပိုများတယ်။ ဆည်မရှိခင်တုန်းက နွေခေါင်ခေါင်မှာ စိုက်ခင်းရေနစ်တာ တစ်ခါမှ မကြုံခဲ့ဘူး"ဟု ယင်းမာပင်မြို့နယ် ဆင်တဲကျေးရွာနေထိုင်သော ၇၅ နှစ်အရွယ်ဒေသခံတောင်သူကြီး တစ်ဦးကပြောသည်။

"ဆည်ရေကနွေခေါင်ခေါင်မှာ လွှတ်တာပြီးခဲ့တဲ့နှစ်တစ်ကြိမ်ပဲကြုံခဲ့ဖူးတာပါ။ဒီနှစ်လည်းဆည်ရေကိုမယုံတော့လို့တောင်သူတွေ မစိုက်ရဲတော့ဘူး။ အရင်နှစ်တွေတုန်းကကျေးရွာအလိုက် မြောက်ယမားချောင်းထဲကမြေနုပေါ်တာနဲ့ တောင်သူတွေခွဲတမ်းနဲ့လု စိုက်ရတာ။ ဒီနှစ်ပေါ်လာတဲ့မြေနုကိုခွဲတမ်းနဲ့ပေးတာတောင်မှ ဆည်ရေကြောက်ပြီး မစိုက်တာတွေလည်း ရှိလာတယ်။ မြေနုကို လုစိုက်တဲ့စနစ်ကနေ မြေလွတ်ထားတာ ဒီနှစ်ပထမဆုံးကြုံရတာပါ"ဟုဆားလင်းကြီးမြို့နယ် ရွာသာကျေးရွာ ဒေသခံ တောင်သူတစ်ဦးကပြောသည်။ ၂၀၁၁ မတ်လက ဆည်ရေလွှတ်မှုကြောင့် မြောက်ယမားချောင်းအတွင်းကျေးရွာပေါင်း ၃၅ ရွာမှ စိုက်ခင်းမြေဧက ထောင်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဆည်ရေကြောင့်ကြက်သွန်နီ၊ကြက်သွန်ဖြူ၊အာလူးနှင့်ပဲ၊ပြောင်း စိုက်ခင်းများဆုံးရှုံးခဲ့ရသည်ဟု မြောက်ယမားချောင်းအတွင်းစိုက်ပျိုးသော တောင်သူများကပြောကြားသည်။



## မီးဘေးသင့် မင်းပြားဈေး ပြန်လည်တည်ဆောက်

**စိုင်းဒရား**

**မင်းပြား၊ ဖေဖော်ဝါရီ-၁၅**

၂၀၁၁ နိုဝင်ဘာလ ၁၂ ရက်က ငွေကျပ်သန်း ၆,၀၀၀ တန်ဖိုးဆုံးရှုံးကာ ဆိုင်ခန်းပေါင်း ၅၇၇ ခန်းမီးလောင်ကျွမ်းခဲ့သည့် မင်းပြားမြို့ မြို့မဈေးကို ယခုလ ၁ ရက်တွင် စတင်ဆောက်လုပ်နေပြီဖြစ်သည်။

"အရင်ဈေးဟောင်းမှာ ဆိုင်ခန်းတွေ ပူးကပ်ပြွတ်သိပ်နေပြီး မီးကူးစက်လွယ်ကူတယ်။ ခုဈေးသစ်ကြီးက မီးပြတ်လမ်းတွေပါပြီး ပိုစနစ်ကျပါတယ်"ဟု ဈေးဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇောက ပြော သည်။

ယခုဈေးသစ်တွင် ဆိုင်ခန်းပေါင်း ၅၅၇ ခန်းပါဝင်မည့် ဈေးရုံ ၁၉ ရုံ၊ ၇၈၀ပေရှည်ပြီး ၂၀ ပေကျယ်မည့် ကွန်ကရစ်လမ်းတစ်လမ်း၊ ၁၈၉၃ ပေရှည်ပြီး ၁၄ပေကျယ်မည့် ကွန်ကရစ်လမ်းတစ်လမ်း၊ ဂါလန်(၂၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန်တစ်ကန်၊ ဂါလန်(၆၀၀)ဆံ့ရေတိုင်ကီ ၄လုံးပါဝင်သည်။ သစ်သားရေစင် ၄ ခု၊ ဂါလန်(၃၇၅၀)ဆံ့ ရေကန် ၄ကန်၊ ၅၃၀၀ ပေရှည်မည့် အုတ်ရေနုတ်မြောင်းနှင့် ရေပိုက်လိုင်းများ၊ ၄ခန်းတွဲရေလောင်းအိမ်သာ ၂လုံး၊ အုတ်ခြံစည်းရိုးများပါဝင်ပြီး စုစုပေါင်းငွေကျပ် ၁၀၈၆၆ သိန်းကုန်ကျမည်ဖြစ်သည်။

ဆိုင်ခန်းတစ်ခန်းတန်ဖိုးကိုကျပ်၁၀သိန်းမှ ၂၃ သိန်းထိလေးမျိုးခွဲခြားသတ်မှတ်ထားသည်။ ဈေးဆောက်လုပ်ခြင်းကိုခြောက်လအတွင်း အပြီးတည်ဆောက်အပ်နှံရမည်ဖြစ်ပြီး ဆိုင်ခန်းတန်ဖိုးကို ဆိုင်ခန်းအပ်နှံသည့်အချိန်တွင် ပထမအကြိမ် ၂၅ ရာခိုင်နှုန်းနှင့် ကိုးလအတွင်း ၂၅ ရာခိုင်နှုန်းစီ သုံးလတစ်ကြိမ် ပေါင်းလေးကြိမ်ခွဲ၍ အကျေပေးချေရမည်ဖြစ်ကြောင်း သိရသည်။


## မောင်ဖြစ်သူက အစ်မဖြစ်သူအား သတ်မှုဖြစ်ပွား

**မျိုးမင်းဦး**

**မုံရွာ-ဖေဖော်ဝါရီ ၁၆**

မုံရွာမြို့၊သလ္လာရပ်ကွက်၊ဗိုလ်ချုပ်လမ်းတွင် အိမ်တွင်းရေးကိစ္စ မောင်နှမအချင်းချင်း စကားများရန်ဖြစ်ရာမှ မောင်ဖြစ်သူက အစ်မဖြစ်သူအား ဓားနှင့်ထိုးသတ်သည့်အမှု ဖေဖော်ဝါရီလ(၁၃)ရက်၊ နံနက် ၁၁ နာရီခွဲအချိန်တွင်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

*စာ(၁၈) သို့*

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

## ယာဉ်ရပ်နားမှု သတ်မှတ်အခွန်အခထက်ပိုမိုကောက်ခံသူများအား လုပ်ပိုင်ခွင့်ပြန်သိမ်း

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ ၂၀၁၁-၁၂ဘဏ္ဍာရေးနှစ်အတွက် လေလံတင်ရောင်းချခဲ့သော လေလံလုပ်ငန်းများအားလေလံစည်းကမ်းများနှင့်အညီလုပ်ကိုင်ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးပြီး စည်းကမ်းဖောက်ဖျက်မှုများ၊ သတ်မှတ်ငွေကြေးထက်ပိုမိုတောင်းခံမှုများ စစ်ဆေးတွေ့ရှိပါက လေလံများကို ပိတ်သိမ်းအရေးယူလျက်ရှိကြောင်း သိရသည်။

၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် လေလံစည်းကမ်းဖောက်ဖျက်ပြီး ကားနှင့် ဆိုင်ကယ် ကောက်ခံခွင့်များကို သတ်မှတ်ချက်ထက် ပိုမိုကောက်ခံသော ၂၆လမ်း၊ ၈၀×၈၄ လမ်းကြား လေလံလုပ်ငန်းအား ယခုလ ၁၄ ရက်က လေလံလုပ်ကိုင်ခွင့်ကိုပြန်လည်ရုပ်သိမ်းလိုက်ကြောင်းအခွန်ဌာန၏တရားဝင်ထုတ်ပြန်ချက်အရသိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအခွန်ဌာနသို့ ဆက်သွယ်မေးမြန်းရာတာဝန်ရှိသူတစ်ဦးက လေလံဆွဲသူတစ်ဦးက ၂၀၁၁-၁၂ဘဏ္ဍာနှစ်အတွက် လေလံကြေးငွေ ကျပ်သုံးရာသုံးသိန်း သုံးသောင်း(၃၀,၃၃၀,၀၀၀) နှင့် လေလံဆွဲဝယ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်ရပ်နား(ကန့်သတ်)ဧရိယာတွင် တစ်နာရီဆိုင်ကယ်ရပ်နားခ ၅၀ ကျပ်၊ တစ်နာရီကျော်ပါက ၁၀၀ ကျပ်၊ မော်တော်ယာဉ်ရပ်နားခ တစ်နာရီအတွင်း ၁၀၀ ကျပ်၊ တစ်နာရီကျော်လွန်ပါက ၂၀၀ကျပ်ကောက်ခံရန်စည်းကမ်းသတ်မှတ်ထားသော်လည်းမလိုက်နာဘဲပိုမိုကောက်ခံသည်ကိုတိုင်စာများအရ သိရကြောင်း၊ လေလံဆွဲထားသူအား ကောက်ခံရန် သတ်မှတ်ထားသည့်အခွန်အခထက်ပိုမိုကောက်ခံသဖြင့် ၂၀၁၁ မေလ ၈ ရက်က ပထမအကြိမ် သတိပေးလက်မှတ်ရေးထိုးစေခဲ့ကြောင်း ဖြေကြားခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်မေလ ၂၅ရက်တွင်ဒုတိယအကြိမ်ထပ်မံကျူးလွန်သဖြင့် သတ်မှတ်ငွေများဖြင့်ဒဏ်တပ်ရိုက်ပြီးသတိပေးဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် လေလံစည်းမျဉ်းစည်းကမ်းလိုက်နာမှုမရှိဘဲ ထပ်မံ၍ ယခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင်သတ်မှတ်အခွန်အခထက်ကျော်လွန်ကောက်ခံခဲ့သဖြင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကော်မတီပိုင်အဖြစ်ပြန်လည် သိမ်းယူလိုက်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မန္တလေးမြို့ ဈေးချိုတော်ဈေးသည်တစ်ဦးက "မန္တလေးမြို့မှာ ဟိုနေရာရပ်လိုက်ပိုက်ဆံတောင်း၊ ဒီနေရာရပ်လိုက်ပိုက်ဆံတောင်း တစ်ခါရပ်တစ်ခါတောင်း တစ်နေရာကို ၃၀၀ ကျပ်ပေးရတယ်။ ခဏရပ်လည်း ၃၀၀။ တစ်နာရီရပ်လည်း ၃၀၀ ကျပ်၊ လေလံသမားတွေက စည်းကမ်းမရှိကောက်နေကြတာ ယခုအရေးယူလိုက်တဲ့ ၂၆ လမ်း၊ ၈၀×၈၄ လမ်းကြားယာဉ်ရပ်နား (ကန့်သတ်) နယ်မြေကတော့အဆိုးဆုံးပါပဲ။ မြို့တော်စည်ပင်ကဒီလိုစည်းကမ်းမလိုက်နာတဲ့လေလံသမားတွေကို အခုလိုအရေးယူလိုက်တာကောင်းတယ်"ဟု ပြောသည်။

## နွားခိုးမှု ကာကွယ်နိုင်ရန် သံကွင်းဆက် သံကြိုးသုံးရေး ပညာပေး

**ဒွေးဒွေးမောင်**

**နွားထိုးကြီး၊ ဖေဖော်ဝါရီ-၁၀**

နွားထိုးကြီးမြို့နယ် ဝက်လူးရဲစခန်းအပိုင်တွင် နွားခိုးမှု(၂)မှုဖြစ်ပွားခဲ့၍ နွားများကို သံကြိုးခတ်ထိန်းသိမ်းကြရန်နှင့် သံကွင်းဆက်သံကြိုးကို အသုံးပြုကြရန်ရဲတပ်ဖွဲ့က ပညာပေးနှိုးဆော်ထားကြောင်း သိရသည်။

ဆူးဖြူကုန်းရွာတွင် ဒေသခံ (၃၀၀)ကျော်တက်ရောက်ပြီး ပဲချက်ရွာတွင်ဒေသခံ ၁၀၀ ကျော်တက်ရောက်ကြပြီး မှုခင်းမဖြစ်ပွားရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဥပဒေနှင့် တရားစီရင်မှုလုပ်ငန်းများကို တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

နွားထိုးကြီးမြို့နယ်တွင် နွားခိုးမှု မဖြစ်ပွားရေးအတွက် မှုခင်းပညာပေး ဆွေးနွေးပွဲများကို ဝက်လူးရဲစခန်းအပိုင် ဆူးဖြူကုန်းရွာနှင့်ပဲချက်ရွာတို့၌ဇန်နဝါရီစတုတ္ထပတ်ကဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဝင်းတင်ဦးဆောင်သော အဖွဲ့က ကွင်းဆင်းပညာပေးခဲ့သည်။

## မကွေးမြို့ ကောင်းမွန်ရေသန့်စက်ရုံ ဝါယာရှော့ဖြစ်၍ မီးလောင်ကျွမ်း

**စောရန်နိုင် (မကွေး)**

**မကွေး၊**


**ဖေဖော်ဝါရီ-၁၅**

မကွေးမြို့ ကောင်းမွန်ရေသန့်စက်ရုံအတွင်း လျှပ်စစ်ဝါယာရှော့ဖြစ်၍ မီးလောင်ကျွမ်းမှု ယခုလ ၁၄ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါနေ့ နံနက် ၅ နာရီ ၅၀ မိနစ်အချိန်ခန့်က မကွေးမြို့ ပြည်တော်လမ်းနှင့် မေတ္တာလမ်းဆုံအနီးကောင်းမွန်ရေသန့်စက်ရုံအတွင်း စက်ခန်း၌ လျှပ်စစ်ဝါယာရှော့ဖြစ်၍ မီးစတင်လောင်ကျွမ်းခဲ့ရာ မီးသတ်ယာဉ်နှင့် ရေသယ်ယာဉ် (၁၄)စီးတို့နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်ဟုဆိုသည်။ မီးငြိမ်းသတ်နေစဉ်ရေသန့် စက်ရုံခေါင်းမိုးပေါ်မှ စက်ရုံ အလုပ်သမားမင်းအောင် ပြုတ်ကျခဲ့ပြီး နောက်စေ့၌ ၁ လက်မခွဲခန့်ပေါက်ပြဲဒဏ်ရာ ရင်ဘတ်အောင့်ဒဏ်ရာတို့ရရှိခဲ့သဖြင့် မကွေးတိုင်းဒေသကြီးဆေးရုံသို့ပို့ခဲ့ရကြောင်း၊ အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ကျပ် ဆယ့်နှစ်သိန်းခန့်တန်ဖိုးရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ ရေသန့်စက်ရုံအတွင်းပိုင်းစက်ခန်းနှင့် ကျပ် ၂၇၀,၀၀၀ တန်ဖိုးရှိလုပ်ငန်းသုံးစက်အစိတ်အပိုင်းပစ္စည်းများ မီးလောင်ကျွမ်းခဲ့ရာစုစုပေါင်းတန်ဖိုး(၁,၄၇၀,၀၀၀) ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ လျှပ်စစ်မီးကိုပေါ့ဆစွာကိုင်တွယ်သုံးစွဲသူ ရေသန့်စက်ရုံမန်နေဂျာအား သက်ဆိုင်ရာ၊ မကွေးမြို့အမှတ် (၁)ရဲစခန်းမှ (ပ) ၃၅/၁၂၊ ပုဒ်မ ၂၈၅ဖြင့်အမှုဖွင့်ထားကြောင်း သိရသည်။

## လေးမြို့မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်



လေးမြို့မြစ်ကိုတွေ့ရစဉ်

**စိုင်းဒရား**

**မင်းပြား၊**

**ဖေဖော်ဝါရီ-၁၅**

လေးမြို့မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ်ကမ်းပါးပြိုခြင်း ရင်ဆိုင်နေရသည့် မင်းပြားမြို့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကမ်းပါးကာကွယ်ရေးလုပ်ငန်းများကို မိုးရာသီမရောက်မီ ပြီးစီးအောင် အပူတပြင်း လုပ်ဆောင်နေပြီဖြစ်သည်။

မင်းပြားမြို့ကမ်းပြိုတားဆီးကာကွယ်ရေး လုပ်ငန်းအတွက် နိုင်ငံတော်မှ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက်ငွေ ကျပ်၉၄ဒသမ၇သန်းခွင့်ပြုခဲ့သည်ဟု သိရသည်။

"ရိုးမမှာ သစ်ပင်၊ ဝါးပင်တွေ ရှားပါးသွားလို့လားမသိဘူး။ မိုးတွင်းဆို ရေလျှံမှုတွေ အရင်ကထက်ပိုများလာပြီး ရေစီးလည်းပိုပြင်းလာတာ သတိထားမိတယ်။ တစ်နှစ်အတွင်းမှာမြစ်ကမ်းပါးပြိုမှုတွေ တချို့နေရာတွေမှာဆို ပေ ၂၀ထိရှိတယ်။ ပြိုတဲ့နေရာတွေမှာ မြေထိန်းနံရံတွေလုပ်သလို ရေစီးလမ်းကြောင်းကိုလည်း ပြောင်းအောင်လုပ်ဖို့လိုမယ်လို့ ထင်ပါတယ်" ဟု မြစ်ကမ်းပါးတွင်နေထိုင်သည့်ဒေသခံတစ်ဦးက ပြောသည်။

လေးမြို့မြစ်သည် ချင်းပြည်နယ်မင်းတပ်ခရိုင် မတူပီမြို့နယ်မှ မြစ်ဖျားခံပြီး ရခိုင်ပြည်နယ်မြောက်ဦး၊ မင်းပြား၊ ပေါက်တောမြို့နယ်များသို့ဖြတ်သန်းစီးဆင်းလာခဲ့ရာ ၁၆၂ မိုင်ရှည်လျားသည်။ ယခင်က သင်္ဘောများသွားလာခဲ့သော်လည်းမိုးရာသီတွင် ရေစီးအလွန်ပြင်းထန်ပြီး မြစ်ကမ်းပါးများပြိုဆင်းကာ တဖြည်းဖြည်းတိမ်ကောလာခဲ့ရာ ၂၀၀၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ သင်္ဘောသွားလာခြင်း ရပ်ဆိုင်းခဲ့ရသည်။



7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# မီးသင့်ခဲ့သည့် ဒွါရာဝတီဈေးအသစ် ပြန်ဆောက်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

မီးလောင်ကျွမ်းခဲ့သော သံတွဲမြို့ ဒွါရာဝတီဈေးကို ယခုလကုန်တွင် စတင်ကာပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း သံတွဲမြို့ စည်ပင်သာယာရေးကော်မတီ တာဝန်ခံဦးခင်မောင်မြင့်ကပြောသည်။

ယခင်က ဆိုင်ခန်းပေါင်း ၉၀၅ ခန်းရှိရာမှ အခန်းပေါင်း၇၄၀ မီးလောင်ကျွမ်းခဲ့ရာ ယခုအသစ်ပြန်လည်တည်ဆောက်ရာတွင် ဆိုင်ခန်းများအားလုံးကို ဖျက်သိမ်း၍ ၉၀၅ ခန်းလုံးအသစ်ပြန်လည်တည်ဆောက်မည်ဖြစ်သည်။

ယခင် ဆိုင်ခန်းများ အရေအတွက်အတိုင်း ပြန်လည်တည်ဆောက်မည်ဖြစ်သော်လည်း ဆိုင်ခန်းများ၏ ဒီဇိုင်းပုံစံကို ပြောင်းလဲမည်ဖြစ်ပြီး တည်ဆောက်ချိန်လေးလမှ ခြောက်လအတွင်းကြာမြင့်နိုင်ကြောင်းနှင့် အခန်းများ၏ တည်ဆောက်မှုကုန်ကျစရိတ်ကို ဆိုင်ခန်းပိုင်ရှင်များက ကျခံရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဆိုင်ခန်းတစ်ခန်း၏ ကုန်ကျစရိတ်ကို ကျပ်၁၀ သိန်းမှ ကျပ် ၂၄ သိန်းအကြား ကောက်ခံမည်ဖြစ်သည်။ သံတွဲမြို့ ဒွါရာဝတီဈေး မီးလောင်ကျွမ်းမှုကြောင့် ကျပ်သိန်း ၆,၅၀၀ဖိုးဆုံးရှုံးခဲ့သည်။ မီးသင့်ခဲ့ရသော ဆိုင်ခန်းပိုင်ရှင်အချို့က မီးလောင်ကျွမ်းခဲ့ရသော ပမာဏသည် ထုတ်ပြန်သောစာရင်းထက်ပိုများသည်ဟု ပြောသည်။

ငွေကြေး မတတ်နိုင်သော ဆိုင်ခန်းပိုင်ရှင်များက ယင်းအခန်းနှုန်းများအတိုင်း အကုန်ခံကျရန် ခက်ခဲမည်ဖြစ်ကြောင်း မီးလောင်ရာ၌ဆိုင်ခန်းရှစ်ခန်းပါသွားသူသံတွဲမြို့ခံတစ်ဦးကပြောသည်။

"ရှိတဲ့သူလည်းရှိသလို၊ မရှိတဲ့သူက အကြွေးနဲ့လည်းပတ်နေရတာကိုး။ ဆောက်မယ့် ဒီဇိုင်းကတော့ ရွေးတုန်းတဲ့။ တစ်ထပ်လား၊ နှစ်ထပ်လား အတိအကျမသိရသေးဘူး။ အနှစ် ၂၀လောက်စုထားတဲ့ ပိုက်ဆံအကုန်ပါတာပဲ။ အခန်းမယူနိုင်တဲ့လူလည်း မယူနိုင်ကြဘူး"ဟု သံတွဲမြို့ခံတစ်ဦးက ထပ်မံပြောသည်။

ထိုဈေးမီးလောင်မှုကြောင့် သက်ဆိုင်ရာက ထုတ်ပြန်သော ဆုံးရှုံးမှုတန်ဖိုးသည် အမှန်တကယ်ဆုံးရှုံးသည့် ပမာဏထက် နည်းနေကြောင်း မီးဘေးသင့်သံတွဲမြို့ ဈေးသူဈေးသားများက ပြောသည်။

"တစ်ဦးကို မဆုံးရှုံးဘူးဆိုရင် အနည်းဆုံး ၅၀၊ ၆၀ လောက်ဆုံးရှုံးတယ်။ ဒီပမာဏကတော့ အမှန်တကယ်နည်းနေတယ်။ မြို့ပေါ် ဈေးထဲမှာ ဆေးဆိုင်ကြီးတစ်ဆိုင်ရှိတယ်။ အဲဒီဆိုင်ကတော့ ဘာမှပြန်မရလိုက်ဘူး။ ဆိုးတာက အဲဒီဆိုင်က လူတွေက ခရီးထွက်မှာမို့လို့ အိမ်က ပစ္စည်းတွေမှန်သမျှဈေးထဲကို အကုန်ပို့လိုက်တာ အကုန်ပါသွားရော"ဟု သံတွဲဈေးအတွင်းရှိ ဆိုင်ခန်းပိုင်ရှင်တစ်ဦးက ပြောသည်။

## စာ(၁၅) မောင်ဖြစ်သူက အစ်မဖြစ်သူအား သတ်မှုဖြစ်ပွား မှ

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ နယ်မြေ(၇)တွင် အမျိုးသမီးတစ်ဦးဓားနှင့်အထိုးခံရ၍ သေဆုံးခဲ့ကြောင်း သတင်းအရ အခင်းဖြစ်ပွားရာနေရာသို့ သလ္လာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့်အဖွဲ့ဝင်များ၊ မုံရွာမြို့နယ်ရဲတပ်ဖွဲ့နယ်မြေခံရဲစခန်းမှူး ရဲအုပ်စန်းယုနှင့်တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့သည်။

ဖေဖော်ဝါရီလ(၁၃)ရက်နံနက် ၁၁ နာရီခွဲအချိန် မုံရွာမြို့၊သလ္လာရပ်ကွက်တစ်အိမ်တည်းနေ ဒေါ်××××(အသက်-၄၅)နှစ်နှင့်မောင်ဖြစ်သူ ဦး×××××(အသက်-၄၂နှစ်)အိမ်တွင်းရေးကိစ္စ စကားများကြကြောင်း သိရှိရသည်။ မောင်ဖြစ်သူက နေအိမ်တွင်အသင့်ထားရှိသော ဓားဦးချွန်နှင့် ဒေါ်×××× အားထိုးခဲ့ရာ ဒေါ်××××၏ ရင်ညွန့်တည့်တည့်၌ ဓားစိုက်လျက် အိမ်ခြံဝင်းဝင်ပေါက်၌ အိမ်ဘက်သို့ခေါင်းပြု၍ သေဆုံးနေကြောင်းတွေ့ရှိရသည်။ဒေါ်စန်းမြင့်အားဓားနှင့်ထိုးသတ်သွားသော ဦး××××အား ဥပဒေအရအရေးယူပေးပါရန် ဒုရဲအုပ်ဇော်လင်းအောင်ကတရားလိုပြုလုပ်တိုင်ကြားခဲ့သဖြင့် မုံရွာမြို့နယ်၊ အမှတ်(၂)ရဲတပ်ဖွဲ့စခန်း (ပ)အမှတ် ၆၂/၁၂ပုဒ်မ-၃၀၂ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မုံရွာမြို့တွင် ထီတစ်စောင် ကျပ် ၃၀၀ မှ ၄၀၀ အထိ ရောင်းချ

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ-၁၆**

မုံရွာမြို့တွင် အောင်ဘာလေထီအရောင်းဆိုင်အများစုသည် ရောင်းချမှုကုန်ကျစရိတ်လျှော့ချရန် နှစ်ကုန်ရက်ပိုင်းက ထီတစ်စောင်လျှင် ကျပ်(၂၀၀)မှ(၂၅၀)အထိရောင်းချခဲ့ရာမှ ကျပ်(၃၀၀)မှ(၄၀၀)အထိတိုးမြင့်ရောင်းချခဲ့ကြောင်း သိရှိရသည်။

"အောင်ဘာလေထီတစ်စောင်ကို အရင်း(၂၀၀)လောက်ဝယ်နေရတယ်။ ထီးကားတွေ၊ တွန်းလှည်းတွေရဲ့ ဝန်ဆောင်စရိတ်ကြောင့် အောင်ဘာလေထီဈေးမြင့်သွားတာပါ။အရင်နှစ်တုန်းက အောင်ဘာလေထီအများဆုံးကျပ်သိန်းတစ်ထောင်မှာ အပိုဂုဏ်ပြုဆုကျပ်သိန်း(၅၀၀)နဲ့ ကားတွေ၊ ဆိုင်ကယ်တွေ ထပ်ဆင့်ဂုဏ်ပြုစရိတ်ကြောင့် ထီတစ်စောင်(၃၀၀)ကနေ(၄၅၀)အထိရောင်းခဲ့ဖူးတယ်။ အပိုဂုဏ်ပြုတွေမပေးရတဲ့နောက်ပိုင်းမှာထီးရောင်းဈေးက ကျပ်(၂၅၀)ဝန်းကျင်ရောင်းခဲ့ရတယ်။ အခုအောင်ဘာလေထီက ဇန်နဝါရီလကစပြီး အမြင့်ဆုံးကျပ်သိန်း(၁၅၀၀)ဆိုတော့ အပိုဂုဏ်ပြုဆုမပေးပေမယ့်အရင်မူလဈေးပြန်ရောင်းခဲ့ရတယ်။ ထီဝယ်ဈေးလည်းနည်းနည်းတက်သွားတယ်"ဟုမုံရွာမြို့တွင်အောင်ဘာလေထီဖြန့်ဖြူးရောင်းရေးမှထီကိုယ်စားလှယ်တစ်ဦးကပြောသည်။

"ထီတစ်စောင်(၂၀၀)၊(၂၅၀)နဲ့ပြီးခဲ့တဲ့နှစ်ကုန်ရက်ပိုင်းကရောင်းခဲ့ရတယ်။ ဈေးသက်သာတဲ့အတွက်ထီးထိုးအားကောင်းတယ်လို့ပြောလို့ရတယ်။အခုနှစ်ဆန်းပိုင်းကစပြီး ထီဆုကလည်းကျပ်သိန်း(၁၅၀၀)ဆိုတော့ မူရင်းထီဈေးမပြောင်းပေမယ့် နယ်တွေမှာထီဈေးပြောင်းသွားလို့ ထီထိုးအားနည်းနည်းလျော့တယ်'ဟုမုံရွာမြို့နယ်အတွင်း နယ်လှည့်ထီရောင်းချသူတစ်ဦးကပြောသည်။မုံရွာမြို့နယ်အတွင်း ထီအရောင်းကိုယ်စားလှယ်များ ရောင်းအားမြှင့်တင်ရေးအတွက် ၂၀၁၀ အတွင်း အမြင့်ဆုံးကျပ်သိန်း ၁၀၀၀ကံထူးရှင်များအား အပိုဂုဏ်ပြုဆုကျပ်သိန်း ၅၀၀အပြင် ထပ်ဆင့်ဂုဏ်ပြုဆုအဖြစ် ပြည်တွင်းစက်မှုဇုန်ထုတ်လိုက်ထရပ်ယာဉ် ၂ စီးမေတ္တာလက်ဆောင်ပေးမည့်သတင်းများ ထွက်ပေါ်လာသည့်နောက်ပိုင်း ၂၀၁၁ နှစ်လယ်ပိုင်းတွင်း အောင်ဘာလေထီထပ်ဆင့်ဂုဏ်ပြုဆုများချီးမြှင့်ခြင်းများ ခွင့်မပြုတော့ကြောင်း သိရှိရသည်။

## အုတ်၊ သဲ၊ ကျောက်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်လျှင် ခွင့်ပြုချက် ရုပ်သိမ်းမည်ဆို

**မာန်ယုကျော်**

**ကျောက်ဖြူ၊ဖေဖော်ဝါရီ-၁၄**



ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အုတ်၊ သဲများ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အုတ်၊ သဲ၊ ကျောက်ထုတ်လုပ်ခွင့်လိုင်စင်များအား သက်ဆိုင်ရာက ဓာတ်သတ္တုခွန်အဖြစ် စည်းကမ်းနှင့်အညီ ခွင့်ပြုပေးလျက်ရှိရာ ထိုသို့ အုတ်၊ သဲ၊ ကျောက်များထုတ်လုပ်ရာတွင်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိပါက ခွင့်ပြုချက်လိုင်စင်အား ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အုတ်၊ သဲ၊ ကျောက်ထုတ်လုပ်ခွင့်လိုင်စင်ရရှိထားသူလုပ်ငန်းရှင်များအား သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက်ပင်လယ်ကမ်းစပ်မှသဲ၊ ကျောက်များကိုထုတ်လုပ်မှုမပြုရန် ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမိန့်ထုတ်ပြန်ထားကြောင်းသိရသည်။ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူများကလည်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားကြောင်း သိရသည်။ ကျောက်ဖြူမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်စီမံကိန်း လုပ်ငန်းများဖြစ်သော ကျောက်ဖြူလေယာဉ်ကွင်းပြေးလမ်းတိုးချဲ့ရေးစီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း၊သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအသုံး ပြုရန် သဲထုတ်သူ (၃)ဦး၊ ကျောက်ကြီး (သဲကျောက်)၊ထုတ်သူ(၂၁)ဦးနှင့် ကျောက်စရစ် ထုတ်လုပ်သူ(၂)ဦး၊ စုစုပေါင်းလုပ်ငန်းရှင်(၂၆)ဦးတို့အား လုပ်ငန်းလိုင်စင်တင်ပြလျှောက်ထားမှု အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ မြေနှင့် မြေထွက်ပစ္စည်းတူးဖော် ထုတ်လုပ်ခွင့်အား စိစစ်ခွင့်ပြုထားကြောင်း သိရသည်။ သဲထုတ်သူ သုံးဦးအနက်နှစ်ဦးအား ကျောက်ဖြူမြို့နယ်နှင့်(၂)မိုင်ခန့်အကွာစေတီယျကျေးရွာရေအောက်မြေနှင့် တန်ခရိုးတောင်ခြေရှိရေအောက်မြေမှ ခွင့်ပြုထားရှိပြီး ကျန်တစ်ဦးကို ကုန်းတွင်းပိုင်း ချောင်းတွင် ခွင့်ပြုပေးခဲ့သည်။ ကျောက်စရစ်ထုတ်လုပ်သူနှစ်ဦးနှင့် ကျောက်ကြီး(သဲကျောက်)ထုတ်သူ(၂၁)ဦးတို့အား လူနေဒေသနှင့် အလှမ်းဝေးကွာသည့် ကုန်းတွင်းပိုင်းကျောက်တောင်၊ ရေအောက်မြေတို့တွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားကြောင်းနှင့် အဆိုပါလုပ်ငန်းများဆောင်ရွက်မှုကြောင့်သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါက လုပ်ကိုင်ခွင့်အား ရုပ်သိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဝန်ထမ်းအလိုရှိသည်

❖ Receptionist မ (၂) ဦး

- အသက် ၁၈ နှစ်မှ ၂၃ နှစ်အတွင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
- ရုပ်ရည်ချောမောပြေပြစ်ပြီး၊ အိမ်ထောင်မရှိသူ၊ အပျို ဖြစ်ရမည်။
- အရပ် ၅ ပေ၊ ၂ လက်မ အထက်ရှိသူဖြစ်ရမည်။
- အပြောအဆို သွက်လက်ပြီး လူမှုဆက်ဆံရေး အထူးကောင်းမွန်ရမည်။
- ကွန်ပျူတာ နှင့် အင်္ဂလိပ်စာ အခြေခံအဆင့်ရှိရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ တို့နှင့်အတူ (၂၉.၂.၁၂) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

လပြည့်ဝန်းပလာဇာ (၁၀)ထပ်၊ အမှတ်(၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

ဝန်ထမ်းအလိုရှိသည်

အပတ်စဉ်နှင့် လစဉ်ထုတ်ဝေလျက်ရှိသော 7Day News၊ 7Day Sports၊ 7Day Shopping Guide၊ အင်တာနက်ဂျာနယ် နှင့် မြန်မာဝီးပဲလ် မဂ္ဂဇင်း တို့တွင် တာဝန်ထမ်းဆောင်ရန် ထက်မြက်၍ အရည်အချင်းရှိသော ငွေကောက် ဝန်ထမ်းများ အမြန်အလိုရှိသည်။

❖ Junior Cashier ကျား (၂) ဦး

- အသက် ၁၈ နှစ် မှ ၂၅ နှစ်အတွင်း၊ ဘွဲ့ရဦးစားပေးမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
- အကျင့်စာရိတ္တ ကောင်းမွန်၍ ကျန်းမာရေး အထူးကောင်းမွန်ရမည်။
- မိမိအလုပ်ကို တာဝန်ယူလုပ်ကိုင်နိုင်ရမည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ တို့နှင့်အတူ (၂၉.၂.၁၂) ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

လပြည့်ဝန်းပလာဇာ (၁၀)ထပ်၊ အမှတ်(၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

# နိုင်ငံခြားဘာသာစကား ကျွမ်းကျင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာဖွယ်ရှိနေခြင်းကြောင့် နိုင်ငံခြားဘာသာစကားကျွမ်းကျင်ထားသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း သက်ဆိုင်ရာနယ်ပယ်မှကျွမ်းကျင်သူများက သုံးသပ်သည်။

နိုင်ငံတကာမှ စီးပွားရေးအဖွဲ့အစည်းများသည် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လာရောက်ဆွေးနွေးမှုများ သိသိသာသာ များပြားနေခြင်းကြောင့် နိုင်ငံခြားဘာသာစကား ကျွမ်းကျင်သူများလိုအပ်ချက်မြင့်တက်နေကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်းတာဝန်ရှိတစ်ဦးကဆိုသည်။

"အခု လောလောဆယ်ကို ဂျပန်ဘာသာစကား ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားရင် အလုပ်မရှားတော့ပါဘူး။ နောက်ပိုင်းဆို နိုင်ငံခြားဘာသာစကား ကျွမ်းကျင်တဲ့ဝန်ထမ်းလိုအပ်ချက်မြင့်တက်လာနိုင်တယ်။ အနည်းဆုံးတော့ အင်္ဂလိပ်ဘာသာစကားကို ပြောဆိုနိုင်ရပါမယ်။ နည်းနည်းပါးပါး တတ်ရုံလောက်နဲ့လည်း မရပါဘူး။ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားရပါမယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာမည့်အခြေအနေကောင်းများ ရှိနေသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံခြားဘာသာစကား လေ့လာတတ်မြောက်မှု အားနည်းလျက်ရှိပြီး လက်ရှိလေ့လာသင်ယူနေကြသူအများစုသည် မိမိအစီအစဉ်ဖြင့် ပုဂ္ဂလိကသင်တန်းကျောင်းများသို့ တက်ရောက်နေကြခြင်းဖြစ်သည်။



"နိုင်ငံခြားသား သင်တဲ့ နာမည်ကြီး သင်တန်းတွေက လူလတ်တန်းစားတွေအတွက်တောင် သင်တန်းကြေး အရမ်းများနေတယ်။ ဈေးသက်သာတဲ့ သင်တန်းတွေရှိပေမယ့် သင်တန်းသားများတော့ အားနည်းချက်ရှိနေတယ်။ နိုင်ငံတော်က လုပ်ပေးနိုင်ရင်တော့ ကောင်းတာပေါ့။ အခုကျောင်းသားအများစုက နိုင်ငံခြားဘာသာစကား ကျွမ်းကျင်ဖို့ ကိုယ့်ဘာသာ လေ့လာရုန်းကန်နေကြရတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်မှုတွေ ဝင်လာတဲ့အချိန်မှာ ဘာသာစကားကျွမ်းမှုမှမရှိရင် တခြားအရည်အချင်းတွေရှိနေရင်တောင် အခက်အခဲဖြစ်နေမှာပါ"ဟု ပညာရေးလေ့လာသူတစ်ဦးက သုံးသပ်သည်။

နိုင်ငံခြား ဘာသာစကား လေ့လာသင်ယူကြသူ အများစုသည် အခြေခံအဆင့်သာ လေ့လာသင်ယူကြပြီး ကျွမ်းကျင်မှုအဆင့်သို့ တက်ရောက်ကြသူ အရေအတွက်မှာ နည်းပါးနေသေးကြောင်း ဘာသာစကားသင်တန်းကျောင်းတည်ထောင်ထားသူများကဆိုသည်။

ပြည်တွင်း၌ နိုင်ငံခြားဘာသာစကားလေ့လာသင်ယူရာတွင် အင်္ဂလိပ်ဘာသာစကားကိုအများဆုံး လေ့လာသင်ယူလျက်ရှိပြီး တရုတ်ဘာသာစကားလေ့လာသင်ယူမှုမှာ ဒုတိယနေရာတွင်ရှိနေသည်။ ယင်းတို့နောက်တွင် ကိုရီးယားဘာသာစကားနှင့်ဂျပန်ဘာသာစကားကို အများစုလေ့လာသင်ယူလျက်ရှိကြောင်း သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Asst.Sales Manager/ Asst. Marketing Manager Male/ Female(1)each-at least 5 years experiences (Mandalay), Graphic Designer Male/ Female (1)-at least 3 years experiences in FMCG field (Yangon), Marketing Executive Male/Female(3)-at least 3 years experiences, Marketing Asst. Male/Female(3)-at least 1 year experience

**No.(1)Bo Aung Kyaw Road, Zone (4), Hlaingtharyar Tsp. Yangon.**

-------------------------

Must have solid knowledge in HTML, PHP, MySQL, JavaScript, AJAX, At leaast 1year experience or certified in PHP/MySQL, Experience of knowledge in Javascript framework Prototype or jQuery in preferable, Experience in design with Photoshop wiill be advantage, Age must be under 26, Please submit your complete CV to

**ezyofficial@gmail.com** .

-------------------------

ရွှေပေါက်ကံစက်မှုဇုန်ရှိ အထည်ကွန်ပျူတာပန်းထိုးစက်ရုံ အတွက် စက်ရုံမန်နေဂျာ၊ Production မန်နေဂျာ၊ Marketing မန်နေဂျာ၊ ရုံး ဝန်ထမ်း၊ ပန်းထိုး Designer ၊ စက် မောင်း၊ စက်မောင်းအကူ

**ဖုန်း-၀၉-၇၃၁၀၇၀၈၈**

-------------------------

Zawgyi House Cafe အတွက် Cook -ကျား(၂)ဦး၊ Cook Helper-ကျား(၃)ဦး

**ဖုန်း-၃၈၀၃၉၈၊ ၂၅၆၃၅၅၊ (လိုင်းခွဲ-၁၀၂၇)**

-------------------------

Marketing -မ(၂)ဦး၊ အမှတ်-၂၅၃-ဘီ၊ ပါရမီလမ်းနှင့် အင်းစိန်လမ်းထောင့်၊ လှိုင်မြို့နယ်

**ဖုန်း-၀၉-၄၃၁၇၀၅၃၃၊ ၀၉-၇၃၁၄၀၅၃၈**

-------------------------

အောင်ချမ်းမြေ့ လေအေးပေးစက်ရောင်းဝယ်တပ်ဆင်ရေးအတွက် Air-con ကျွမ်းကျင် (၅)ဦး၊ Air-con Helper (၅)ဦး၊ ယာဉ်မောင်း (၁)ဦး

**ဖုန်း-၀၉-၇၃၀၀၄၄၅၆၊ ၀၉-၅၁၀၆၉၁၆**

-------------------------

Green Educational Foundation အတွက် ကျား-(၁၀)ဦး၊မ(၁၀)ဦး

**ဖုန်း-၅၃၂၀၇၇၊ ၅၃၂၀၇၈**

-------------------------

MANS SECURITY AGENCY အတွက် Admin & Account -မ(၁)ဦး၊ Security Guard -ကျား (၁၆)ဦး

**ဖုန်း-၀၉-၇၃၀၈၂၂၈၉၊ ၀၉-၇၃၀၆၄၂၉၈**

-------------------------

အထွေထွေဝန်ထမ်း -ကျား(၄)ဦး၊ ရုံးဝန်ထမ်း -ကျား(၂)ဦး

**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

-------------------------

ဆိုင်အကူဝန်ထမ်း-ကျား(၂)ဦး၊

**ဖုန်း-၀၉-၇၃၀၁၀၁၄၄၊ ၀၉-၇၃၁၇၇၈၁၇**

-------------------------

Kitchen Chelf -(၁)ဦး၊ Kitchen Helper -(၁)ဦး၊ အမှတ်-၂၂၅၊ အခန်း -၁၅၀၄၊ ၁၅ လွှာ၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ BAK Shopping Centre အပေါ်ဆုံးအထပ်

**ဖုန်း-၃၈၆၅၃၉၊ ၃၉၂၈၈၆**

-------------------------

Accountant (1)Female, B.com(or)LCCI III(or)D.A ဘွဲ့ ရပြီးသူဖြစ်ရမည်။ Cashier(1) Female , LCCI II , ဘွဲ့ရပြီးသူဖြစ် ရမည်။

**ဖုန်း-၃၉၂၈၈၆၊ ၃၈၁၉၄၅၊ ၃၈၆၅၃၉**

-------------------------

ရေသန့်နှင့် အချိုရည်လုပ်ငန်းအတွက် အရောင်းတာဝန်ခံ-ကျား၊ မ(၂)ဦး၊ အရောင်းစာရေး-ကျား၊ မ(၃)ဦး၊ ယာဉ်မောင်း-ကျား(၃)ဦး၊ အထွေထွေဝန်ထမ်း-ကျား(၅)ဦး

**ဖုန်း-၀၉-၇၃၀၃၇၄၀၆၊ ၆၁၂၅၃၂**

-------------------------

Shwe Kha Nauk Mining Co.,Ltd. ဝန်ထမ်း-ကျား(၅)ဦး၊ ယာဉ်မောင်း-ကျား(၃)ဦး၊ ယန္တရားယာဉ်မောင်း-ကျား(၂)ဦး

**ဖုန်း-၃၇၂၂၁၆၊ ၀၉-၇၃၀၀၁၉၂၅**

-------------------------

Ignite Myanmar International Trading Co.,Ltd. Sale Executive-4 Posts(M), Business Development Manager-1Post(M/F), Marketing Executive-2 Posts (M/F)

**Ph: 01- 214148, 214150**

-------------------------

Better Life Education & Career Supporting Centre အတွက် Japanese Language Instructor-ကျား၊မ (၂)ဦး

**ဖုန်း-၃၈၂၅၂၉၊ ၀၉-၅၁၁၈၈၁၂**

-------------------------

စက်မှုလုပ်ငန်းဆိုင်ရာ ပို့ကုန်သွင်းကုန်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် B.A(Thailand) (four skills) ကျား၊မ(၁)ဦး၊ B.A (English) (four skills) မ(၁)ဦး

**ဖုန်း- ၂၅၀၃၈၈ (လိုင်းခွဲ-၃၅၄)၊ ၀၉-၇၃၁၃၆၉၉၃**

-------------------------

Family United Power Co., Ltd. အတွက် Office Manager -ကျား(၂)ဦး၊

**ဖုန်း-၅၂၃၀၇၂၊ ၅၃၇၄၆၆၊**

-------------------------

ဆံပင်ညှပ်ဝန်ထမ်း -ကျား(၁)ဦး၊ နေ့ စား-ငြိမ်း၊ ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းပေးမည်။

**ဖုန်း-၀၉-၄၃၀၂၄၉၂၆**

-------------------------

Fashion Marigold (နေပြည်တော်)မှ အကျီ ညှပ်+ချုပ် ကျွမ်းကျင်-မ(၅)ဦး၊ နယ်မှ နေ+စား (ငြိမ်း)

**ဖုန်း-၀၆၇-၄၃၂၁၇၇**

-------------------------

Teletubbies Shop အတွက် Marketing (2)Post, Sales Promotor (5)Post

**Ph: 09 7320 8515, 09-49231546**

-------------------------

ဆောက်လုပ်ရေးနှင့် အိမ်အလှဆင်ပစ္စည်းလုပ်ငန်းအတွက် အုပ်ချုပ်မှုမန်နေဂျာ-မ(၁)ဦး၊ အရောင်းမန်နေဂျာ-မ(၃)ဦး၊ အရောင်းဝန်ထမ်း-မ(၅)ဦး၊ စာရင်းကိုင်ရှိုးရှိုး (သို့) ကွန်ပျူတာ -မ(၁)ဦး၊ အထွေထွေ-ကျား၊မ(၃)ဦး၊ အမှတ်-၃၂၉၊ အကယ်ဒမီဆေးခန်းဘေး၊အပေါ်ဘလောက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်

**အမှတ်-၉၈၊ ဘုန်းကြီးလမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်။**

-------------------------

တရုတ်၊ မြန်မာ စကားပြန် (၂)ဦး၊ Marketing Manager -(1)ဦး၊ ဒုလက်ထောက် မန်နေဂျာချုပ် (1) ဦး၊ အတွင်းရေးမှူး၊ စာရင်းကိုင်၊

**ဖုန်း-၀၉-၇၃၁၂၃၈၈၃၊ ၀၉-၇၃၁၂၃၉၉၃**

-------------------------

B Pham ဘွဲ့ရ -မ(၄)ဦး၊ Cashier, Receptionist -မ(၄)ဦး၊ Instrument Nurse (၃)ဦး၊ ယာဉ်မောင်း(၃)ဦး

**ဖုန်း-၅၅၈၄၅၉၊ ၅၅၈၄၀၁**

-------------------------

ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ (၁)ဦး၊ ၉/၁၁၊ အခန်း(၂)၊ ၃၆ လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၉-၇၃၀၁၇၅၀၁**

-------------------------

Cashier -မ(၂)ဦး၊ Waiter-ကျား (၅)ဦး၊ စည်ဘားကိုင်-ကျား(၁) ဦး၊ မ(၁)ဦး၊

**ဖုန်း-၀၉-၅၀၉၃၈၇၀**

-------------------------

English Teaher-F(5)posts, Maths Teacher-F(5)posts, Bio Teacher-F(5)posts, Physics Teacher-F(5)posts, chemistry Teacher-F(5)posts, Office Staff-F(3)posts

**Ph: 544728, 09- 5030037, 09-73112429**

-------------------------

Marketing Manager-ကျား(၃) ဦး၊ Accountant (LCCI Level III) -မ(၅)ဦး၊ Computer Operator -ကျာ၊မ(၃)ဦး၊ Designer/ Photoshop-ကျား၊မ(၃)ဦး၊ တရုတ်၊ အင်္ဂလိပ်ဘာသာပြန်-ကျား၊မ (၃)ဦး၊ Office Staff/အရောင်းစာရေး ဘွဲ့ရ(လုပ်ငန်းစိတ်ဝင်စားသူ) ကျား၊မ(၅)ဦး၊ Marketing -ကျား၊မ(၅)ဦး၊ Driver (အတွေ့အကြုံရှိ)-ကျား(၃)ဦး၊ Sale Protomor -ကျား၊မ(၅)ဦး၊ အရောင်းဝန်ထမ်း(၁၀)တန်း -ကျား၊မ(၅)ဦး

**အမှတ်-၁၈၇၊ ၃၄လမ်း**

**ဖုန်း-၂၄၃၈၁၉**

-------------------------

ယာဉ်မောင်း-ကျား(၁၀)ဦး၊ Quality Control Supervisor/ Chemist-ကျား၊မ(၅)ဦး၊ သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှု မန်နေဂျာ -ကျား(၃)ဦး၊ စာရင်းကိုင် LCCI Level-3 -မ(၃)ဦး၊ Office Staff -မ(၃)ဦး


**အမှတ်-၉၇၊ ချယ်ရီလမ်း၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်။**

-------------------------

Receptionist-English (written & oral) is an advantage, Experience in working with foreigners an advantage, Able to work with foreigners, To apply for this post, please send a letter of application to info@edulin kaustralia.com. Applications must be received by 24th February 2012.

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



# (၈၅)နှစ်မြောက် ဝိဇာတဂုဏာပူဇာ မွေးနေ့ဆုတောင်း ကုသိုလ်ယူပူဇော်ပွဲ ဖိတ်ကြားလွှာ


မူလဒွါရ နိကာယ ဩဝါဒစရိယဆရာတော်၊ အာရောဂျသာလာဇယပ်ကြီးကျောင်း၊ ညောင်ပင်သာကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် သီတင်းသုံးတော်မူသော **အာယသ္မာ သီရိသုစိတြ ဥါဏောဒယ မဟာထေရ်** မဟာသက်တော်ရှည် ဆုထူးပန်သူတော်စင် ယောဂီဝိဇ္ဇာသမားတော်ကြီး၏ **သက်တော် (၈၅)နှစ်ပြည့် ဝိဇာတဂုဏာပူဇာ** သို့ ကြွရောက်ပူဇော်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲအစီအစဉ်**

**ရက်မြတ်မင်္ဂလာ**
သာသနာတော်နှစ်- ၂၅၅၅ ခုနှစ်
ကောဇာသက္ကရာဇ်- ၁၃၇၃ ခုနှစ်
တပေါင်းလပြည့်ကျော် (၁) ရက်
၈-၃-၂၀၁၂ (ကြာသပတေးနေ့)

**ကျင်းပမည့် နေရာ (၁)**
တပေါင်းလပြည့်ကျော် (၁)ရက်မှ ( ) ရက်အထိ
၁၀၈-တောင်ဂမုန်းပေါင်းစေတီတော်
ဖလုံအိုင်၊ ဘဲဂရက်အနီး
ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**ကျင်းပမည့်နေရာ (၂)**
တပေါင်းလပြည့်ကျော် (၁) ရက်နေ့၊
ခြံအမှတ်(၃)၊
အေးရိပ်မွန်လမ်းမကြီး၊
အေးရိပ်မွန်အိမ်ယာ၊
(၄) ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။




# သင့် နှလုံး ကိုဂရုစိုက်ပါ.. သွေးပေါင်ချိန် မှန်မှန်တိုင်းပါ !



"သွေးတိုးရောဂါရှိသူများတွင် နှလုံးရောဂါဖြစ်နိုင်သည်။
သွေးတိုးရောဂါကို ဆရာဝန်နှင့် တိုင်ပင်၍ ထိရောက်စွာ ကုသသင့်သည်။"

British Hypertension Society နှင့် German Hypertension Society အသိအမှတ်ပြု

## အဆင့်မြင့် သွေးပေါင်ချိန်တိုင်း ကိရိယာ

SWISS DESIGN **microlife**®




**Clinically Tested**
BHS A/A-BHS Protocol

BHS reddot

ကမ္ဘာ့အကြီးဆုံး သွေးပေါင်ချိန်တိုင်းကိရိယာထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် microlife မှ ထုတ်လုပ်သည်။

edexcel
Approved Centre No: 93081

# CHINDWIN COLLEGE
## SCHOOL OF BUSINESS



- ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexcel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
- ချင်းတွင်းကောလိပ်တွင် HND Engineering ရရှိပြီးသူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton, Conventry University တို့တွင် B.E (hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
- ချင်းတွင်းကောလိပ်မှ Business Management တန်းခွဲသစ်များကို ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင်စတင်မည်။
- တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့်တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
- HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Conventry University တို့တွင် B.B.M Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။

**ဆက်သွယ်ရန်**
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း ၀၉-၇၃၀၆၈၃၇၆၊ ၀၁ - ၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါ တိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း - ၀၉ - ၂၀၀၁၂၀၀၊ ၀၂ - ၇၄၁၇၉

OUR PARTNERS
AUSTON INSTITUTE · TEG INTERNATIONAL COLLEGE · Coventry University · University of Wolverhampton · SOE SAN · edexcel advancing learning, changing lives · University of Sunderland

# Technology

7DAY NEWS JOURNAL

Vol.10, No.49 · FEBRUARY 23 , 2012


## ဝန်ကြီးဌာနဝက်ဘ်ဆိုက်များ Update မဖြစ်

**နေလင်းအောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

eGovernment စနစ်သို့ ကူးပြောင်းရန်အတွက် ပြည်တွင်းရှိ ဝန်ကြီးဌာနများတွင် အွန်လိုင်းသုံးစွဲရန်ဆောင်ရွက်နေပြီဖြစ်သော်လည်းလက်ရှိ၌ဝန်ကြီးဌာနအချို့မှ လွှင့်တင်ထားသည့် ဝက်ဘ်ဆိုက်အများစုမှာပြည့်စုံမှုမရှိကြောင်းစီးပွားရေးလုပ်ငန်းရှင်အချို့နှင့် အွန်လိုင်းသုံးစွဲသူများကပြောသည်။

အဓိကအားဖြင့်ဝန်ကြီးဌာနများမှ လွှင့်တင်ထားသည့် ဝက်ဘ်ဆိုက်များမှာ ပြည်သူများ သိသင့်သည့်သက်ဆိုင်ရာဌာန၏သတင်းအချက်အလက်များ၊ ထုတ်ပြန်ချက်များ ကြေညာချက်များ တင်ဆက်ခြင်းမရှိကြောင်းသိရသည်။

**စာ(၂၄)သို့**

## စီဒီအမ်အေနှင့် ဂျီအက်စ်အမ်ဖုန်းများ ရက်ပိုင်းအတွင်း ခေါ်ဆိုမှု အခက်တွေ့

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများနှင့်ဂျီအက်စ်အမ်ဖုန်းများတွင် ဖုန်းခေါ်ဆိုမှုဆိုင်ရာ အဆင်မပြေမှုများ ဆက်တိုက်ဖြစ်ပေါ်နေကြောင်းသုံးစွဲသူများထံမှ စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့ ဖြစ်ပေါ်နေခဲ့သောအဆင်မပြေမှုများမှာCDMA 800 MHz ဖုန်းများတွင် Missed Called ဖြစ်ပေါ်သွားသည့်ခေါ်ဆိုမှုများကို ခေါ်ဆိုသူ၏ ဖုန်းလက်ကျန်ငွေများထဲမှကျပ်သုံးရာလျော့သွားသည့်ကိစ္စဖြစ်သည်။

ယင်းမှာ Missed Call ဖြစ်ပေါ်သွားသည့် ခေါ်ဆိုမှုများအတွက် ဖုန်းထဲရှိ လက်ကျန်ငွေစာရင်းမှ ငွေကျပ်သုံးရာ အမှန်တကယ်လျော့ကျသွားခြင်းမှာမဟုတ်ဘဲမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏နက်ဝါ့ခ်ဆာဗာလွဲချော်မှုများ (Server Error) ကြောင့်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်းဟုအဆိုပါလုပ်ငန်းမှ တာဝန်ရှိသူအချို့က စတင်ဖြစ်ပေါ်သည့်အချိန်တွင် ပြောကြားသည်။

ထိုကဲ့သို့ Missed Called ဖြစ်သွားသော ဖုန်းခေါ်ဆိုမှုများကြောင့် ဖုန်းလက်ကျန်ငွေများထဲမှ ငွေကျပ်သုံးရာသည် ဖုန်း Balance Amount ထဲမှ ချက်ချင်းဆိုသလို လျော့နည်းသွားမည်ဖြစ်သော်လည်း နောက်တစ်ကြိမ် ဖုန်းလက်ကျန်ငွေကို ပြန်လည်စစ်ကြည့်ပါက လျော့သွားသော ငွေပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သော အဆိုပါပြဿနာနှင့်ပတ်သက်ပြီး ကိုယ်တိုင်ကြုံတွေ့ရသူများအနက်မှ အသက် ၂၆ နှစ်အရွယ်ရှိ ပုဂ္ဂလိကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ အမျိုးသားတစ်ဦးက "ပထမတစ်ယောက်ယောက်ကို Missed Called မပေးခင်မှာ ကိုယ့်ရဲ့ဖုန်းမှာ ပိုက်ဆံဘယ် လောက်ရှိလဲ အရင်စစ်လိုက်

**စာ(၂၄)သို့**

## သတင်းအချက်အလက်လျင်မြန်စွာရရှိ၍ ဖေ့စ်ဘွတ်ခ်ကို ကြိုက်နှစ်သက်



ဓာတ်ပုံ - SSTM

**နေလင်းအောင်၊ ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ် ကွန်ရက်အား ပြည်တွင်း၌ အသုံးပြုခြင်းနှင့်ပတ်သက်၍ အသေးစားစစ်တမ်းတစ်ရပ်ကောက်ယူခဲ့ရာတွင် စစ်တမ်းအရ သုံးစွဲသူများ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ ယင်းကွန်ရက်မှ သတင်းအချက်အလက်များလျင်မြန်စွာရရှိမှုကြောင့် ကြိုက်နှစ်သက်ကြခြင်းဖြစ်ကြောင်းဖြေဆိုကြသည်။

ဖြေဆိုသူများအနက် ၂၈ ဒသမ ၃ ရာခိုင်နှုန်းမှာ မိတ်ဆွေများရရှိခြင်းကြောင့်နှင့် ဗဟုသုတများရရှိခြင်းကြောင့် ကြိုက်နှစ်သက်ကြခြင်းဖြစ်ကြောင်း ၎င်းတို့က ဖြေကြားခဲ့သည်။

လူ ၈၀ ကျော်ကို မေးမြန်းခဲ့သောစစ်တမ်းငယ်တွင် အသက် ၁၈ နှစ်မှ ၅၀ ကျော်အထိ အင်တာနက်သုံးစွဲသူများကို ကောက်ယူခဲ့ရာ ၅၀ ရာခိုင်နှုန်းကျော်က ဖေ့စ်ဘွတ်ခ်ကွန်ရက်အား နေ့စဉ်နီးပါး သုံးစွဲကြပြီး ကျန် ၃၈ ရာခိုင်နှုန်းမှာမူ တစ်ပတ်လျှင် သုံးရက်နီးပါး ယင်းကွန်ရက်ကို သုံးစွဲကြသည်ဟုဆိုသည်။

ဖေ့စ်ဘွတ်ခ်မှာ တစ်နေ့တာအတွက် မည်မျှအရေးပါသလဲဆိုသည့်မေးခွန်းကိုမူ သုံးစွဲသူ၏ ၄၆ ရာခိုင်နှုန်းကျော်က မဖြစ်နေအရေးပါကြောင်း ဖြေဆိုပြီး ၃၉ ရာခိုင်နှုန်းက အရေးမပါကြောင်း ဖြေဆိုကာ ကျန် ၁၄ ရာခိုင်နှုန်းက ဖြေဆိုခြင်းမပြုခဲ့ပေ။

ယခု ကောက်ယူရရှိသောစစ်တမ်းမှာ ယခုလ ၁၁ ရက်နှင့် ၁၂ ရက်က ပြုလုပ်လုပ်ခဲ့သည့် ဘားကမ့်ရန်ကုန် ၂၀၁၂ တွင် 7Day News က တက်ရောက်လာသူများထဲမှဖြေဆိုသူ ၈၆ ဦးအား ကောက်ယူထားပြီး စစ်တမ်းဖြေဆိုသူများတွင် အများစုမှာ ကျောင်းသား၊ ကျောင်းသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်နေကြ

## ကွန်ပျူတာတွဲဖက်ပါဝင်သည့် ဂျင်းဘောင်းဘီ နယ်သာလန်ပညာရှင်နှစ်ဦး တီထွင်

**လန်ဒန်၊ ဖေဖော်ဝါရီ - ၁၄**



ဂျင်းဘောင်းဘီပေါင်ရင်းနေရာတွင် ကွန်ပျူတာကီးဘုတ်ခလုပ်များ မြှုပ်နှံတပ်ဆင်ထားသည့် လက်ပ်တော့တွဲလျက်ပါဝင်သော ဂျင်းဘောင်းဘီတစ်စုံကို နယ်သာလန်နိုင်ငံမှ ကွန်ပျူတာပညာရှင်နှစ်ဦးက တီထွင်ခဲ့ကြောင်းသိရသည်။ အဆိုပါပညာရှင်နှစ်ဦး၏ အမည်မှာ အဲရစ်ဒီနစ်နှင့် တင်မ်စမစ်တို့ဖြစ်သည်။

၎င်းတို့၏ တီထွင်မှုမှာ ကြိုးမဲ့စနစ်ဖြင့် ကွန်ရက်ချိတ်ဆက်နိုင်သော blue-tooth ကီးဘုတ်၊ စပီကာတို့ကို ဂျင်းဘောင်းဘီတွင် တစ်ပါတည်း တပ်ဆင်ထားခြင်းဖြစ်ကာ မောက်စ်နေရာတွင်လည်း ကြိုးမဲ့ ကွန်ပျူတာမောက်စ်ကို အသုံးပြုထားသည်။

Beauty and Geek ဟု အမည်ပေးထားသော ယင်းကွန်ပျူတာဂျင်းဘောင်းဘီမှာ အသုံးပြုသူအတွက် သွားလာနေရင်းနှင့်ပင် ကွန်ပျူတာကို အဝေးမှ ထိန်းချုပ်အသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါ ဘောင်းဘီရှိ ကီးဘုတ်ခလုတ်များမှတစ်ဆင့် ကြိုးမဲ့ကွန်ရက်ချိတ်ဆက်မှုဖြင့် ကွန်ပျူတာကိုအသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းကွန်ပျူတာဂျင်းဘောင်းဘီသည် သာမန် ဂျင်းဘောင်းဘီများထက် အနည်းငယ် ပိုလေးလံကာ ဈေးကွက်သို့ တန်ဖိုး ပေါင် ၂၅၀ ကျော်ဖြင့် ရောင်းချနိုင်ဖွယ်ရှိကြောင်းသိရသည်။

*—Ref: Telegraph*




# အင်တာနက်ဆက်ကြောင်း ပြတ်သွားသည့်အတွက် အင်တာနက်လိုင်းများ နှေးကွေးနေမည်

**ယုဇနကိုကို**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ- ၁၅**

မြန်မာနှင့်တရုတ်နှစ်နိုင်ငံ ချိတ်ဆက်ထားသည့်ကုန်းတွင်းပိုင်းနယ်စပ်ဖြတ်ကျော်အင်တာနက်ဆက်ကြောင်း ရုတ်တရက်ပြတ်တောက်သွားသည့်အတွက်လာမည့်ရက်သတ္တပတ်အထိပြည်တွင်း၏ အင်တာနက်အမြန်နှုန်းများဆက်လက်နှေးကွေးနေမည် ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ယခုလ ၁၄ ရက်နံနက်ပိုင်းက ရုတ်တရက်ပြတ်တောက်ခဲ့ရသည့် အဆိုပါမြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော်အင်တာနက်ဆက်ကြောင်းအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဟု အထက်ပါလုပ်ငန်း တာဝန်ရှိသူတစ်ဦးက 7Day News အား ပြောသည်။

ထိုပြတ်တောက်မှုကြောင့် MPT ၏အင်တာနက်လိုင်းများကို အသုံးပြုသည့် စီးပွားရေးလုပ်ငန်းများမှာ ၄င်းတို့၏ အင်တာနက်အသုံးပြုရသည့် လုပ်ငန်းများအား ယခင်ထက်အနည်းငယ်အချိန်ပိုပေးကာလုပ်လာရကြောင်းလည်း စုံစမ်းသိရှိရသည်။

ပြည်တွင်း အင်တာနက်ဆက်သွယ်မှုလိုင်းများသည်မကြာခဏပြတ်တောက်မှုများဖြစ်ပေါ်နေပြီး မကြာသေးမီကပင် အာရှ-ဥရောပ ရေအောက်ကေဘယ်လ်ကြိုး(SE-ME-WE3)ပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကာ ယင်းအခြေအနေကြောင့်ရတနာပုံတယ်လီပို့၏အင်တာနက်လိုင်းများ ခေတ္တပြတ်တောက်ခဲ့သေးသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာနှင့်ချိတ်ဆက်ထားသည့် ကုန်းတွင်း နယ်စပ်ဖြတ်ကျော်ဖိုက်ဘာဆက်ကြောင်းနှင့် ရေအောက်ကေဘယ်လ်ဆက်ကြောင်းများမှာ မူဆယ်ဘက်မှ စတင်ချိတ်ဆက်ထားသော မြန်မာ-တရုတ် အင်တာနက်ဆက်ကြောင်း၊ မြဝတီ-မဲဆောက်ဘက်မှထိုင်းနိုင်ငံနှင့်ချိတ်ဆက်ထားသောဆက်ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးဖျာပုံခရိုင်မှ စင်ကာပူနိုင်ငံနှင့်သွယ်တန်းချိတ်ဆက်ထားသည့်အာရှဥရောပရေအောက်ကေဘယ်လ်နံပါတ်-၃ (SE-ME-WE 3)များ ဖြစ်ကြသည်။




## စာ(၂၃) - ဝန်ကြီးဌာနဝက်ဘ်ဆိုက်များ Update မဖြစ် မှ

"ဆိုက်တော်တော်များများက private ဆိုက်တွေလောက် အလုပ်မလုပ်တာတွေ့ရတယ်။ တစ်ခါတလေတချို့သတင်းစာမှာပါသွားတဲ့ကြေညာချက်မျိုးရှာရင် သိသာတယ်။ သတင်းတွေက လတွေ၊ နှစ်တွေချီတဲ့အဟောင်းတွေပဲများတယ်"ဟု လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဝန်ကြီးဌာနကိုယ်စားပြုတင်ဆက်ထားသည့်ဝက်ဘ်ဆိုက်များတွင် အချို့မှာ စတင်ဖွင့်လှစ်ထားသည့်ပုံစံအတိုင်းကာလကြာသည်အထိပုံစံမပြောင်းဘဲရှိနေပြီးဌာန၏ အကြောင်းအရာ အကျဉ်း၊ ဆက်သွယ်ရန်လိပ်စာစသည်များသာ တင်ဆက်ထားသည့်အတွက် ပြည်သူများအကျိုးရှိမည့်သတင်းအချက်အလက်ထုတ်ပြန်မှုများအား မကြာခဏပြုလုပ်ပေးသင့်ကြောင်း အွန်လိုင်းသုံးစွဲသူတစ်ဦးကပြောသည်။

ယခုနှစ်များအတွင်း ပုဂ္ဂလိကကုမ္ပဏီအများစုမှာဝက်ဘ်ဆိုက်များနှင့် ဆိုရှယ်မီဒီယာများဖြစ်သည့် ဖေ့စ်ဘွတ်ခ်၊ တွစ်တာ အစရှိသည်တို့နှင့် ချိတ်ဆက်၍ လုပ်ငန်းကျယ်ပြန့်ရန် ဆောင်ရွက်လျက်ရှိရာ ယင်းအကျိုးဆက်ကြောင့်ပင် လုပ်ငန်းလူသိများလျက်ရှိသည်။

လက်ရှိတွင်ပြည်တွင်းရှိဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနခွဲများမှလွှင့်တင်ထားသောဝက်ဘ်ဆိုက်အရေအတွက်မှာ ၅၀ ခန့်ရှိနေပြီး အများစုမှာ Update မဖြစ်သည်ကိုတွေ့ရသည်။

လက်ရှိတွင် အလုပ်သမားဝန်ကြီးဌာနစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန်စသည့် ဝက်ဘ်ဆိုက်များတွင် အချိန်နှင့် အမျှ သတင်းထုတ်ပြန်ကြေညာချက်များပြုလုပ်လျက်ရှိသည်ကိုတွေ့ရသည်။

## စာ(၂၃) - စီဒီအမ်အေနှင့် ဂျီအက်စ်အမ်ဖုန်းများ ရက်ပိုင်းအတွင်း ခေါ်ဆိုမှု အခက်တွေ့ မှ

ပြီးရင် တစ်ယောက် ယောက်ကို Missed Call စမ်းပြီးပေးကြည့်။ ပြီးသွားရင် ကိုယ့်ဖုန်းထဲ ပိုက်ဆံပြန်စစ်ကြည့်။ ပထမစစ်ထားတဲ့ ပမာဏထက်သုံးရာလျော့နေလိမ့်မယ်။ ဒါပေမဲ့ နောက်တစ်ခေါက်ပြန်ပြီး ထပ်စစ်ကြည့်လိုက်ရင်တော့ မူလတစ်ယောက်ယောက်ကို Missed Call မပေးရသေးခင်ရှိတဲ့ငွေပမာဏ ပြန်ဖြစ်သွားလိမ့်မယ်"ဟု ဆိုသည်။

အဆိုပါဖုန်းအသုံးပြုသူများအနေဖြင့် Missed Call ဖြစ်သွားသည့်ဖုန်းခေါ်ဆိုမှုများကို မြန်မာ့ဆက်သွယ်ရေးမှ ငွေကျပ်သုံးရာအမှန်တကယ်ဖြတ်တောက်ခြင်းမရှိသော်လည်း ထိုကဲ့သို့ ဖြစ်နေသော ပြဿနာများအတွက် သုံးစွဲသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

"ဘယ်လိုပဲ Missed Call ဖြစ်တဲ့အတွက် ပထမနုတ်သွားတဲ့ ပိုက်ဆံက တကယ်မနုတ်ဘူးဘဲထားဦး။ သုံးစွဲသူတွေအတွက်တော့စိတ်အနှောင့်အယှက်ဖြစ်ပါတယ်။ ဆာဗာအယ်ရာပဲပြောပြော။ ကိုယ့်ရဲ့ဖုန်းခေါ်ဆိုမှုက Missed Call ဖြစ်သွားလို့ရှိရင် တကယ်သုံးရာကုန်၊ မကုန်ကို သုံးဆင့်လောက် ပြန်စစ်နေရတာကိုက အချိန်အရမ်းကုန်တယ်။ သူတို့က မနုတ်ဘူးပြောလည်း ဟုတ်မှဟုတ်ပါ့မလားဆိုပြီး ပြန်စစ်နေရတာ သုံးဆင့်လောက်ရှိတယ်"ဟု အသက် ၂၇ နှစ်အရွယ် ပုဂ္ဂလိကနည်းပညာကုမ္ပဏီတစ်ခုမှ အမျိုးသမီးဝန်ထမ်းတစ်ဦးက ပြောသည်။

MPT ၏ အထက်ပါ Server Error နှင့်ပတ်သက်ပြီး ယင်းလုပ်ငန်း၏တာဝန်ရှိသူများက ယခုတစ်ပတ်အတွင်းထိုကဲ့သို့ Missed Call ဖြစ်သွားသည့် ခေါ်ဆိုမှုများအတွက်ဖုန်းလက်ကျန်ငွေပမာဏထဲမှ ငွေကျပ်သုံးရာ ကုန်ဆုံးသွားသည်ဆိုသည်မှာ လုံးဝမမှန်ကန်ကြောင်း ထပ်မံပြောဆိုကြသည်။

ပြည်တွင်း၏ ဆက်သွယ်ရေးကဏ္ဍတွင် အထက်ပါ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများသာမက ကျပ်ငါးသိန်းတန်နှင့် ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ် ဖုန်းများတွင်ပါ ဖုန်းခေါ်ဆိုမှု အခက်အခဲဖြစ်ပေါ်နေကြခြင်းဖြစ်သည်။

ကျပ်တစ်ဆယ့်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများ၏ ဖုန်းခေါ်ဆိုမှုများသည် ယခင်ကထက်ပိုမိုပြီးခေါ်ဆိုရခက်ခဲခြင်းများကိုကြုံတွေ့နေရသည်ဟု သုံးစွဲသူများထံမှသိရသည်။

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများမှာမူ ဖုန်းထဲတွင် လက်ကျန်ငွေပမာဏများစွာကျန်ရှိ နေသော်လည်း ထပ်မံငွေထည့်ဖြည့်ခိုင်းခြင်း၊ ဖုန်းလက်ကျန်ငွေ ကျန်ရှိနေသော်လည်း အထွက်ခေါ်ဆိုမှုများ မပြုလုပ်နိုင်ခြင်း အစရှိသည့် အခက်အခဲများကို ရက်ဆက်ဆိုသလိုကြုံတွေ့နေရကြောင်းလည်းစုံစမ်းသိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဘက်မှ တာဝန်ရှိသူများကမူ အထက်ပါကိစ္စရပ်များသည် ဆာဗာအယ်ရာ (Server Error) များနှင့်ဖုန်းဆက်သွယ်မှုလိုင်းများပိုမိုကောင်းမွန်စေရန်အတွက် Repeater ဟုခေါ်သည့် နည်းပညာပစ္စည်းများကိုတရားမဝင်တပ်ဆင်အသုံးပြုနေကြခြင်းများကြောင့်ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်းပြန်လည်ပြောဆိုကြသည်။

7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



# ဘယ်လိုမြန်မာမှုကို လက်ဆင့်ကမ်းမှာလဲ

■မင်းသန်းထိုက်(ဒေးဒရဲ)

"အရှေ့ဘက်တွင် တရုတ်၊ အနောက်ဘက်တွင် အိန္ဒိယ၊ နိုင်ငံကြီးနှစ်နိုင်ငံ၏ အကြားတွင် ရှိခဲ့သောမြန်မာသည် အိမ်နီးချင်းနိုင်ငံတို့၏ ယဉ်ကျေးမှုတို့ကို ကျင့်သုံးခဲ့ပြီးနောက် တဖြည်းဖြည်း တစ်စတစ်စ မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီအောင် ပြုပြင်နေထိုင်ခဲ့ရာမှ မြန်မာမှုတို့ ပီပီပြင်ပြင် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်"

တစ်ဖက်အိမ်မှ ဆယ်တန်းကျောင်းသူတစ်ယောက်၏ စာဖတ်သံက မဂ္ဂဇင်းဝတ္ထုတစ်ပုဒ်၌ ဝင်စားနေသော ကျွန်တော့်အာရုံကိုလာ၍နှောင့်ယှက်၏။ ကျွန်တော့်အာရုံကျက်စားမိပြန်သည်။

"အိမ်နီးချင်းနိုင်ငံတို့၏ ယဉ်ကျေးမှုတို့ကို ကျင့်သုံးခဲ့ပြီးနောက် တဖြည်းဖြည်း တစ်စတစ်စ မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီအောင် ပြုပြင်နေထိုင်ခဲ့ရာမှ"

သည်စကားစု၊ သည်အသုံးအနှုန်းများက ကျွန်တော့်ဦးနှောက်ကို အလုပ်ရှုပ်စေသည်။ ကျွန်တော့်ရင်ကိုလှုပ်ခါစေသည်။ ဟုတ်သည်။ ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်မြန်မာကြီးများသည် အရာရာကို ပုံတူမကူး။ ကိုယ့်သဘာဝနှင့်ကိုက်ညီအောင် ပြုပြင်လျက် အသစ်ဖန်တီးသည်။ ပြီး မြန်မာမှုများစွာထားရစ်ခဲ့ကြသည်။

"ဗသျှူးကျွန်းဆွယ်ကို အုပ်စိုးသောအီနောင်မင်းသားနှင့်ပွတ်စပါးမင်းသမီးတို့ အတ္ထုပ္ပတ္တိကို ဇာတ်သဘင်စကားများဖြင့် တန်ဆာဆင်၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုခေတ်သည် နိုင်ငံခြားတို့မှ အတုများစွာယူသော ခေတ်ဖြစ်သည်။ မိမိတိုင်းပြည်တွင်ဖြစ်ပျက်ကြုံတွေ့ရသမျှနှင့် မတင်းတိမ်နိုင်ဘဲ နိုင်ငံခြားတွင် ဖြစ်ပျက်တွေ့ကြုံရသမျှကို အတုယူ၍မြန်မာမှုပြုကြကုန်၏"

မြဝတီမင်းကြီးဦးစ၏ အီနောင်ဇာတ်နှင့်ပတ်သက်၍ မြန်မာစာပေသမိုင်းဆရာကြီး ဦးဖေမောင်တင်၏ သုံးသပ်ချက် ဖြစ်ပါသည်။ ထိုနည်းတူ ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်နှင့်ပတ်သက်၍လည်း "မဏိကက်ပြဇာတ်သည် ဝန်ကြီး၏စိတ်ကူးဖြင့်ရေးသောဇာတ်မဟုတ်။ မရှိမတိုင်းပြည်၌ ဖြစ်ပျက်သော ဒဏ္ဍာရီဇာတ်တစ်ခန်းကိုမြန်မာစာသားဖြင့် တန်ဆာဆင်၍ ရေးသားခြင်းဖြစ်သည်"ဟု ဆရာကြီးက သုံးသပ်ပြထားပါသည်။

ကျွန်တော်ဒါတွေကို ရေးပြနေခြင်းမှာ အကြောင်းရှိပါသည်။ နိုင်ငံခြားယဉ်ကျေးမှုများကို လက်ခံကျင့်သုံးခြင်းမှာ ယခုမှမဟုတ်၊ ရှေးပဝေသဏီဟုဆိုအပ်သည့် ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များကတည်းက ဖြစ်သည်။ သို့သော် အထက်က ဆယ်တန်းကျောင်းသူဖတ်နေသည့် မြန်မာစာသင်ရိုးထဲကလိုပင် "တဖြည်းဖြည်းတစ်စတစ်စ မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီအောင်" ပြုပြင်၍ကျင့်သုံးခြင်းဖြစ်သည်။ အသစ်ဖန်တီးကာ ကိုယ်ပိုင်ဖြစ်စေသည်။ မြန်မာကာလပေါ် ဝတ္ထုခေတ်ဦးက ဂျိမ်းစ်လှကျော်၏ မောင်ရင်မောင်နှင့် အလက်ဇန္ဒားဒူမား၏ မွန်တီခရစ်တိုမြို့စားကြီးတို့ ယှဉ်ကြည့်လျှင် မည်မျှစရိုက်ကွာခြားကြောင်း သိနိုင်သည်။ ဆရာကြီးရွှေဥဒေါင်း၏ ဇော်ဟိတ်၊ သူတော်စိန်၊ စုံထောက်မောင်စံရှားစသည့်ဝတ္ထုများသည် အမှီးဝတ္ထုများဟု မထင်ရလောက်အောင် ပီရိသေသပ်စွာ မြန်မာမှုပြုနိုင်သည်။

ကွယ်လွန်သူပါမောက္ခဆရာကြီးဒေါက်တာဦးသိန်းဇံ(နန္ဒာသိန်းဇံ) က ဟောပြောပွဲတစ်ခုမှာပြောဖူးသည်။ "ကျွန်တော်တို့မြန်မာတွေက ကိုယ့်ထက်ယဉ်ကျေးမှုစောပြီးဖြစ်ထွန်းတဲ့ နိုင်ငံကြီးနှစ်ခုကြားမှာ ရှိခဲ့ပေမယ့် ဘယ်နိုင်ငံရဲ့ယဉ်ကျေးမှုကိုမှ ပုံတူမကူးခဲ့ဘူး။ ထင်ရှားတဲ့ ဥပမာအနေနဲ့မြန်မာပြည်က အိမ်ခေါင်မိုးတွေကိုပဲကြည့်ပါ။ တရုတ်လိုလည်း မကော့ဘူး။ ကုလားလိုလည်း မချွန်ဘူး။ အဲဒီနှစ်ခုကြားမှာ ပြေပြေလျောလျောလေး"လို့ ဆိုလိုက်တော့ ပရိသတ်တွေ ပွဲကျသွားသည်။ ဆရာက ရယ်စရာအဖြစ် ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း ကျွန်တော့်ရင်ထဲမှာတော့ . . .

"ဒါဟာကျွန်တော်တို့မြန်မာတွေရဲ့ သွေးထဲမှာစိမ့်ဝင်နေတဲ့ ပုံတူမကူးတတ်တဲ့ ဗီဇစရိုက်" ကို ဖော်ညွှန်းသော ပြယုဂ်ဟုခံစားမိလိုက်သည်။ တစ်ဆက်တည်းမှာပဲ ရှေးမြန်မာကြီးတွေရဲ့ ကျေးဇူးကြောင့် "ဟောဒါမြန်မာမှု၊ ဟောဒါ မြန်မာ့အနုပညာ၊ ဟောဒါမြန်မာ့ဂီတ"ရယ်လို့ ပီပီပြင်ပြင်ပြနိုင်ခြင်းပါလားလို့လည်း ခံစားသိရှိလိုက်မိသည်။

ဤသို့ဆိုလျှင် ယဉ်ကျေးမှုစီးဆင်းနှုန်းအားကောင်းသောယနေ့ခေတ်တွင်ရော။ ကျွန်တော်တို့မြန်မာတွေ ကိုယ့်ရေမြေသဘာဝနှင့် ကိုက်ညီအောင် ပြုပြင်ဖန်တီးမှုတွေပြုလုပ်ကြသေးပါ၏လော၊ မိသားစုတစ်စု၏ ဧည့်ခန်းက သားအဖနှစ်ယောက် အငြင်းပွားနေသည့်စကားသံကို နားထောင်ကြည့်ပါ။

ဖခင်- သား၊ မင်းဖွင့်ထားတဲ့ သီချင်းကလည်း ပွစိ ပွစိနဲ့ ဘာတွေပြောနေမှန်းလည်း မသိဘူး။

သား- ဟာ၊ အဲဒါရက်ပ်(Rap) လေ။ နိုင်ငံတကာမှာ ဒါလောက် ခေတ်စားနေတာ။

ဖခင်- ခေတ်စားစား၊ မစားစားကွာ။ ဘာမှခံစားလို့လည်း မရဘူး။ တို့တွေ တေးသိန်းတန်တို့၊ မောင်မောင်ညွန့်တို့ပဲ ကောင်းပါတယ်။

သား- အဖေတို့မြန်မာသံတွေပျင်းစရာကြီးဗျာ။

ဒါက အိမ်တစ်အိမ်မှာ သားလုပ်တဲ့သူက သီချင်းဖွင့်ရာကနေ သားအဖနှစ်ယောက် အချီအချပြောကြတဲ့ စကားသံတွေပါ။ "အဖေတို့ မြန်မာသံတွေ ပျင်းစရာကြီး"တဲ့။

ကျောင်းဆရာသူငယ်ချင်းတစ်ယောက်က သူ့စာသင်ခန်းထဲက အတွေ့အကြုံတစ်ခုကို ညည်းပြောပြောဖူးသည်။ "နှင်းကိုမြင်ခိုက်" ကဗျာသင်တော့ ကဗျာရေးသူ "နောင်" သည် သူ၏အမည်ရင်းဖြစ်သည့် "မောင်မောင်လတ်" အမည်နှင့်ပင် သီချင်းများလည်း ရေးခဲ့၊ ဆိုခဲ့ကြောင်း။ သူရေးခဲ့သည့် "တိမ်တမန်"သီချင်းသည် စန္ဒရားလုထွတ်သီဆို၍ လွန်စွာအောင်မြင်ခဲ့ကြောင်း မိတ်ဆက်ပြောဆိုကာ သီချင်းတစ်ပိုဒ်ကိုလည်း သံနေသံထားနှင့် ဆိုပြလိုက်သည်ဆို၏။ ထိုအခါ တချို့ကျောင်းသားတွေက မကြားဖူးဘူးလို့ ပြောသတဲ့။ ဒီခေတ်မှာ အဖွင့်နည်းလို့မကြားဖူးဘူးပြောတာထားပါတဲ့။ တချို့က "ကျွန်တော်တို့မြန်မာသံနားမထောင်ဘူး" လို့ ပြောသတဲ့။ သူငယ်ချင်းကျောင်းဆရာလည်း စိတ်ပေါက်ပေါက်နဲ့ "မင်းတို့က မြန်မာသံနားမထောင်ရအောင် မြန်မာတွေမဟုတ်ဘူးလား" လို့ပြန်ပြောခဲ့သတဲ့။

ကျွန်တော့်မှာလည်း နားထောင်ရင်းက သက်ပြင်းမောတွေ အခါခါချမိပါ၏။ မြန်မာကလေးစစ်စစ်တွေက မြန်မာသံ နားမထောင်ဘူးတဲ့။ ဖြစ်ရလေ။

မျက်မှောက်ခေတ် ဂီတလောကမှာ တူရိယာပစ္စည်းတွေ တိုးတက်လာတာဝမ်းမြောက်စရာပါ။ မြန်မာ့ရုပ်သံတို့၊ MRTV-4 တို့ကနေ မန္တလေးမြို့မလို တေးဂီတအဖွဲ့တွေ တယောတွေ မြိုင်မြိုင်ကြီးနဲ့ တီးမှုတ်သွားတာများ နားထောင်လို့ မဝနိုင်ပါဘူး။ နိုင်ငံခြားတူရိယာပစ္စည်းတွေကို မြန်မာနားနဲ့လိုက်ဖက်အောင် ပြုပြင်စီမံထားပုံတွေဟာ ဂီတလောက၏ ဆန်းသစ်လာမှုများပင် ဖြစ်ပါ၏။

သို့သော် အချို့အချို့သောသူများကမူ သိပ်ပြီးဦးနှောက်အစားမခံ။ စီးဝင်လာသမျှ နိုင်ငံခြားတေးသွားများကို ပုံတူ ကူးပစ်လိုက်ကြသည်။ ကော်ပီသံစဉ်ပေါ့။ လူငယ်တွေ နားစွဲပြီးသား နိုင်ငံခြားသံစဉ်များဆိုလျှင် ကြော်ငြာများပင် နှစ်ခုသုံးခုအထိ ဝိုင်းကူးကြသည်။ မျက်မှောက်ခေတ် ဂီတလောကတွင် ကိုယ်ပိုင်သံစဉ်ဆိုတာ ရှားပါးပစ္စည်းတစ်ခုလို ဖြစ်နေလေပြီ။

အရင်ကရော သည်လို ကော်ပီကူးတာတွေ မရှိဘူးလားဆိုတော့ ရှိပါသည်။ သို့သော် အရေအတွက် အလွန်နည်းပါသည်။ အများစုမှာ ကိုယ်ပိုင်သံစဉ်များကို ကြိုးစား၍ ဖန်တီးကြပါသည်။ ယခုမူ ဂီတလောကသား အနည်းအကျဉ်းကလွဲလျှင် အများစုက ပုံတူကူးကြပါသည်။ အနောက်တိုင်းမှာ ဒီကနေ့ သီချင်းအသစ်ပေါ်လျှင် မနက်ဖြန်ပုံတူကူးပြီးကြပြီ။ နားထောင်သည့် ကလေးများကလည်း အနောက်တိုင်း သီချင်းတစ်ပုဒ်နားထောင်လိုက်၊ မြန်မာစာသားထည့်ထားသည့် သံစဉ်တူမြန်မာသီချင်းနားထောင်လိုက်နှင့်ကြာတော့ မြန်မာသံစဉ်များကို သူတို့နားမထောင်တတ်ကြလေပြီ။ အနောက်တိုင်းသံစဉ်များသာ သူတို့နားတွင် စွဲလေပြီ။ သည်တော့ အားလုံးကို သိမ်းကြုံးပြီး "မြန်မာသံ နားမထောင်ဘူး" ဖြစ်ကုန်တော့သည်။

သည်နေရာတွင် အလျဉ်းသင့်၍ "လက်ဆင့်ကမ်းခြင်း" "ထိန်းသိမ်းခြင်း"၏ အပြန်အလှန်သဘောကို ဖော်ပြလိုသည်။ ယဉ်ကျေးမှုတစ်ခု တည်တံ့ရန်မှာ "လက်ဆင့်ကမ်း"ဖို့လိုသလို "ထိန်းသိမ်း" ဖို့လည်းလိုသည်။ လက်ဆင့်ကမ်းပါလျက် မထိန်းသိမ်းလျှင်လည်းမတည်တံ့နိုင်။ ထိန်းသိမ်းချင်လျက် လက်ဆင့်မကမ်းခဲ့လျှင်လည်းထိန်းသိမ်းစရာ မရှိဖြစ်တတ်သည်။ အစဉ်အလာကောင်းတို့ကိုလက်ဆင့်ကမ်းရန်ကြီးသူတို့၌တာဝန်ရှိသလိုငယ်သူတို့၌လည်း ထိန်းသိမ်းရန် တာဝန်ရှိပေသည်။


မျက်မှောက်ခေတ်တွင် အနောက်တိုင်းကရော၊ အရှေ့တိုင်းအချင်းချင်းကပါ ကိုယ့်နိုင်ငံတွင်းသို့ယဉ်ကျေးမှုတွေ အဆက်မပြတ်စီးဆင်းဝင်ရောက်နေသည်။ ကိုယ့်ရေမြေသဘာဝ၊ နဂိုရှိရင်းစွဲယဉ်ကျေးမှုများနှင့် ကိုက်ညီတာတွေပါသလို၊ မကိုက်ညီတာတွေလည်းပါသည်။ အထူးသဖြင့် ဂီတနှင့် ရုပ်ရှင်နယ်ပယ်သည် လူငယ်ထုကို အလွှမ်းမိုးနိုင်ဆုံးဖြစ်သည်။ ဂီတနှင့်ပတ်သက်၍ ရှေ့ခန်းရက်ပ်၊ ပန့်စသဖြင့် လူငယ်များအကြား ခေတ်စားလာသလို ကိုရီးယားဇာတ်လမ်းတွဲများ၏ လွှမ်းမိုးမှုကို မြန်မာ အမျိုးသမီးငယ်များ၏ ဝတ်စားဆင်ယင်မှု၌အထင်အရှားတွေ့နိုင်သည်။

နောင်နှစ်ပေါင်းများစွာကြာမြင့်လာသည့်အခါ မြန်မာ့ဝတ်စားဆင်ယင်မှု၊ မြန်မာ့ဆင်ယင်ထုံးဖွဲ့မှုဆိုတာ ကိုရီးယားယဉ်ကျေးမှုက ဆင်းသက်လာတာပါလား၊ မြန်မာဂီတဆိုတာ အနောက်တိုင်းဂီတက အခြေခံလာတာပါလားဟု အထွေထွေ အမှားမှားဖြစ်သွားခဲ့ပါလျှင် . . .။

ဆန်းသစ်တာ ကောင်းပါသည်။ သို့သော် ပုံတူမကူးစေချင်ပါ။ ပုံတူကူးခြင်းသည် မြန်မာတို့၏ ဗီဇစရိုက်မဟုတ်ပါ။ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပုစသည့် အနုပညာရပ်များတွင် ရှေးမြန်မာကြီးများ ကိုယ်ပိုင်ဖြစ်အောင် ဖန်တီးအားထုတ်ခဲ့သည်များကို သတိပြုစေချင်ပါသည်။ သူတို့တစ်တွေ ဖန်တီးအားထုတ်ကာ လက်ဆင့်ကမ်းခဲ့သဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝသော နိုင်ငံအဖြစ် ကမ္ဘာ့အလယ်ဂုဏ်ဝင့်ထည်ရပါသည်။

ကျွန်တော်တို့သည် အနာဂတ်မြန်မာများထံသို့လည်း စစ်မှန်သောယဉ်ကျေးမှုကိုသာ လက်ဆင့်ကမ်းသင့်ကြပါသည်။ "ယဉ်ကျေးမှုအစစ် လူ့အနှစ်"ဟု ဆိုရိုးရှိခဲ့သည် မဟုတ်ပါလား။ ။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



# ညီ ညွတ် ပေါင်း စည်း သော လွှတ် တော် ကြီး ကို
# စိတ်ကူးယဉ်မိခြင်း

ကိုသိုး(သဲကုန်း)

စက္ကန့် မိနစ်နာရီတွေ တရွေ့ရွေ့ ပြောင်းနေသည်။ ယမန်နေ့သည် ယနေ့ဖြစ်သွားလျက် ယနေ့သည် ပင်မနက်ဖြန်သို့မလွဲမသွေပြောင်းရွေ့ရမည်ဖြစ်သည်။ ဘယ်အရာမျှတည်တံ့နေသည်မဟုတ်။

မိုးမှသည် ဆောင်း၊ ဆောင်းမှသည် နွေဦး၊ နွေဦးမှသည် နွေနှောင်း. . .။

မကြာတော့သည့်အချိန်တွင် နွေနှောင်းဖြစ်သော "ဧပြီလ" သို့ ရောက်တော့မည်။ ရောက်မည်မှာလည်း သေချာသည်။

ထို ရောက်လာတော့မည့် ဧပြီလသည် မြန်မာနိုင်ငံသမိုင်းတွင် ထူးခြားသောလအဖြစ် မလွဲမသွေ မှတ်တမ်းဝင်မည့်လလည်း ဖြစ်လေ၏။

အကြောင်းမှာ ၂၀၁၀ အောက်တိုဘာတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်ခဲ့ပြီး အကြောင်းကြောင်းကြောင့် လစ်လပ်သွားကြသောလွှတ်တော်ကိုယ်စားလှယ်များ၏ နေရာများကို ဖြည့်ရန် ဧပြီလ ၁ ရက်တွင် "ကြားဖြတ်ရွေးကောက်ပွဲ" ကို ကျင်းပမည်ဖြစ်လျက် ထိုရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ပါဝင်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်သောကြောင့် ဖြစ်သည်။

သမိုင်းအဖြစ် ကျန်ရစ်ခဲ့သော လွန်ခဲ့သည့်နှစ်အချို့သို့ပြန်ပြောင်း၍ကြည့်မည်ဆိုလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ) နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ကြားတွင် တင်းမာပြင်းထန်သောလှိုင်းတံပိုးတို့ ရိုက်ခတ်ခဲ့ကြဖူးသည်မှာ အမှန်ပင်ဖြစ်သည်။ အလားတူစွာလည်း တပ်မတော်အစိုးရကို ကျောထောက်နောက်ခံ ပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့နှင့်လည်း တစ်ဖွဲ့နှင့် တစ်ဖွဲ့တစောင်းစေးနှင့်မျက်ချေးဆိုသကဲ့သို့ပင် ရှိခဲ့ချေသေးသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် အရာရာသည်အမြဲတည်တံ့စွဲခိုင်နေသည်မဟုတ်။ အခြေအနေနှင့် အချိန်အခါများက တည်ရှိဆဲ အနေအထားများကို ပြောင်းလဲပစ်နိုင်ခဲ့သည်။ ထိုထိုသော တင်းမာမှုများသည် သမိုင်းထဲတွင်ကျန်ခဲ့ပြီ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ အမြဲတစေ မျှော်လင့်စောင့်စားနေခဲ့သောတွေ့ဆုံဆွေးနွေးခြင်းလမ်းစပေါ်သို့ ၂၀၁၀ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသောအစိုးရသစ်၏ လက်ကမ်းမှုဖြင့် ရောက်ရှိလာခဲ့သည်။ နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ရင်းနှီးပွင့်လင်းစွာတွေ့ဆုံစကားပြောဆိုနိုင်ခဲ့ကြသည်။ ဤသည်ပင် နိုင်ငံတော်အတွက် မင်္ဂလာတံခါးတစ်ချပ်ပွင့်ခဲ့ခြင်းဖြစ်လေ၏။

ထိုတွေ့ဆုံခြင်းမှသည် ယခုအခါ ကြားဖြတ်ရွေးကောက်ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံတော့မည့်အခြေအနေသို့တိုင်တိုးတက်လာခဲ့သည်။

လစ်လပ်လျက်ရှိသောလွှတ်တော် ကိုယ်စားလှယ် ၄၈ ဦး၏ နေရာများအားလုံးတွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံမည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အပါအဝင် အခြား ဒီမိုကရက်ပါတီများနှင့် တိုင်းရင်းသားပါတီများကလည်း ကြားဖြတ်ရွေးကောက်ပွဲတွင် အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်အရွေးခံကြမည်။

ဒါသည်ပင် ပါတီစုံဒီမိုကရေစီ၏ ကြန်အင်လက္ခဏာပြည့်စုံခြင်းဖြစ်သောကြောင့် ဝမ်းမြောက်စရာဟုမြင်သည်။

သူ့ပါတီမူဝါဒ၊ ကိုယ့်ပါတီမူဝါဒ၊ ဘယ်သူ့မူဝါဒကပြည်သူကို ဘယ်လောက်အကျိုးပြုကြမည်လဲ ပြိုင်ကြသည့်ပွဲ။ ပြည်သူကသူတို့ယုံကြည်ရာကိုအသည်းကြားမှမဲတစ်ပြားဖြင့်နှင်းအပ်ကြပေလိမ့်မည်။

ရေးရင်းနှင့်စာရေးသူတို့ငယ်စဉ်ကျောင်းသားဘဝက ကခဲ့ရဖူးသော "အမတ်ယိမ်း" ၏ သီချင်းတစ်ပိုဒ်ကို သတိရသည်

"မိုးသံကြား. . . တော့ ဖားတွေက အော်ပြန်သည်၊အဲဒီလိုပဲ အတည်ရောဂါထသည်. . . အမတ်ရောဂါထသည်. . . အမတ်ရောဂါထသည်. . ကျုပ်တို့ပါတီလူအကုန်ပေါင်းရင် ခုနစ်တန်းမအောင်ခဲ့သည်. . သို့ပေမဲ့ အတည်ပြေ(ပြည်)တစ်ရိုးမှာခြေထိုးလာခဲ့သည်. . ."

လွတ်လပ်ရေးရပြီးစပါလီမန်ခေတ်ထဲမှ အာဏာရူးအမတ်များကိုသရော်ထားသည့်အမတ်ယိမ်းမှ သီချင်းတစ်ပိုဒ်ဖြစ်သည်။ မိမိအာဏာရရေး၊ မိမိပါတီအာဏာရရေးအတွက် အာဏာကိစ္စကိုရှေ့တန်းတင်ကာ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေလိုအပ်လျှင်သတ်ရသတ်ရဆိုသည့်ခေတ်။

စာရေးသူတို့ မြို့နယ်တွင် သန့်ရှင်းပါတီမှ ရွေးကောက်ပွဲ မဲဆွယ်သည့်အမတ်လောင်း၏ ဂျစ်ကားပေါ်သို့တည်မြဲဘက်မှ လက်ပစ်ဗုံး ပစ်တင်သည့် ဖြစ်ရပ်တစ်ခုပြက်ပြက်ထင်ထင်ရှိခဲ့ဖူးသည်။ ကံကောင်းထောက်မစွာထိခိုက်ဒဏ်ရာမရကြ၍ တော်သေး၏။ သို့သော် အခြားတစ်နေရာတွင် ၄ လောင်းပြိုင် လူသတ်မှုတွေဘာတွေ ဖြစ်သည်ထိ အာဏာရူးကာ ပါတီစုံစနစ်ကို နာမည်ပျက်စေခဲ့သည်များလည်းရှိခဲ့ဖူးသည်။

ထိုကဲ့သို့ဖြစ်ခဲ့ကြရသည့်အကြောင်းရင်းကိုလှမ်းကြည့်မိသည့်အခါထိုခေတ်ထိုအခါကရှိခဲ့သော တိုင်းပြည်၏အခြေအနေကိုသာ မြင်မိ၏။

ထိုခေတ် ထိုအခါက တိုင်းပြည် အခြေအနေသည် ယခုလို အခြေအနေမျိုးမဟုတ်ဟု မြင်ရသည်။ ထိုခေတ်ထိုအခါက တိုင်းပြည်သည် အာရှတိုက်ထဲတွင်ပင် လက်မထောင်ထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်၏။ အချမ်းသာကြီးမဟုတ်သည့်တိုင် တင့်တောင့်တင့်တယ်နှင့် ဆူဆူဖြိုးဖြိုးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မင်္ဂလာဒုံလေဆိပ်ကြီးကပင် အာရှတွင် ထိပ်တန်းစာရင်းဝင် ဖြစ်ခဲ့သောဂုဏ်ယူဖွယ်ကာလ ဖြစ်သည်။ အပူအပင် အကြောင့်အကျမရှိခဲ့ရသော နိုင်ငံဖြစ်သည်။

ထို့ကြောင့်လားပင်မသိ ထိုခေတ်က လွှတ်တော်ထဲသို့ဝင်ရန် တန်းစီနေကြသူ နိုင်ငံရေးသမားများက နိုင်ငံတော်သည်သာပထမဟုမစဉ်းစားမိကြဘဲ လွှတ်တော်ထဲရောက်ရေး၊ မိမိအမတ်ဖြစ်ရေး၊ မိမိပါတီ အာဏာရရေးကိုသာရှေ့တန်းတင်စဉ်းစားခဲ့ကြဟန်တူလေသည်။ တိုင်းပြည် ဆူဆူဖြိုးဖြိုးရှိဆဲဖြစ်သောကြောင့် တိုင်းပြည်၏ အကျိုးစီးပွားကိစ္စကိုမေ့လျော့ကာ မိမိကိစ္စကိုသာ ရှေ့တန်းတင်ခဲ့ကြသည်ထင်၏။

ထို့ကြောင့်လွှတ်တော်လည်း နာမည်ပျက်ခဲ့ရသည်။ ပါတီစုံစနစ်လည်း အိုးမည်းသုတ်ခံခဲ့ရသည်။ နိုင်ငံရေးသမား ဆိုသည့်ဝေါဟာရသည်ပင်အော့နှလုံးနာစရာဖြစ်ခဲ့ရသည်။

ထိုခေတ် လွှတ်တော်ကို သရော်သည့် အမတ်ယိမ်းသီချင်းထဲတွင် လွှတ်တော်ကို ဤသို့ အမွှန်းတင်ထားသည်. . .

"လွှတ်တော်. . . လွှတ်တော် အပျိုလေးအော်တာ ချော်မတွေးနဲ့ သေသေချာချာ စုံစုံညီညီရှင်းပြပါမည်တိုင်းပြည်ပြုလွှတ်တော်ကိုဆိုသည်. . . တိုင်းပြည်ပြုလွှတ်တော်ကိုဆိုသည်. . . ခပ်တည်တည်ပဲ ခရီးစရိတ်ထုတ်လို့ လွှတ်တော်တက်ဦးမည်. . ဥက္ကဋ္ဌကြီးခင်ဗျား. . . အဲ့ဒီလိုအော်တာ အလွယ်လေးဗျ ကျုပ်လည်းအော်တတ်သည်. . . ထွက်ချည်ဝင်ချည် အဖွဲ့စုံပြောင်းလို့ လိပ်ခေါင်းအမတ်လို့ခေါ် ပါစီ၊ (စေ) အရှက်ဆိုတာမရှိတာကြာပြီ သာရင်ကူမည် သာရင်ကူမည်သာ ကူအမတ်လို့ နာမည်တွင် ပါစီ. . လက်ညှိုးထောင်စနစ်မျိုးနဲ့ လွှတ်တော်ထဲမှာကြလိုက်ချင်သည်. . "

ဤသီချင်းထဲတွင်လွှတ်တော်လည်းရစရာမရှိတော့။ လွှတ်တော်ကိုယ်စားလှယ် အမတ်မင်းတို့လည်း ဂုဏ်သရေမရှိတော့။ နိုင်ငံရေး သမားလည်း ကျက်သရေတုံးခဲ့ရတော့သည်။

တိုင်ပြည်အကျိုးမျှော်ကိုးကြည့်မြင်တတ်သည့် ရန်ကုန်တက္ကသိုလ်ပရဂုဏ်မှတက္ကသိုလ်ကျောင်းသားအနုပညာသမားတို့ကဤသည်ပင်လျှင်ထိုခေတ်ထိုအခါ၏ပကတိအခြေအနေများကို အမတ်သီချင်းထဲတွင်စေတနာဖြင့် ထည့်သွင်းဌာပနာကာ ပေါ်ပေါ်တင်တင် သတိပေးပြောကြားခဲ့ခြင်းပင်ဖြစ်လေသည်။

ယခုအခါတွင်တော့ထိုအခြေအနေမျိုးနှင့် မတူတော့ဟုမြင်သည်။ တိုင်းပြည်ကဟိုခေတ်ဟိုအခါကနှင့်မတူ ကြီးမားစွာကွာခြားသွားခဲ့ပြီ။ ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံစာရင်းဝင်ဖြစ်သွားခဲ့ပြီ။ ဆင်းရဲသည်နှင့်အမျှ စရိတ္တမဏ္ဍိုင်လည်း ချည့်နဲ့ပြိုလဲခဲ့ပြီ။ ပညာရေးကလည်းအောက်ဆုံးဆင့်သို့တိုင် ထိုးကျနိမ့်ဆင်းသွားခဲ့ပြီ။

ထို့ကြောင့်နိုင်ငံတော်သမ္မတဦးသိန်းစိန်က ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအုပ်ချုပ်မှု၊ ဆင်းရဲနွမ်းပါးမှုကျဆင်းလျှော့ချရေးဆိုသည်များကိုအစိုးရသစ်၏ မိန့်ခွန်းအစမှာတွင် မိန့်ကြားခဲ့ပြီ။

ငွေဆင်းရဲသည်ထက်စာရိတ္တဆင်းရဲခြင်းနှင့်ပညာဆင်းရဲခြင်းကတိုင်းပြည်၏အနာဂတ်ကိုချောက်ထဲတွန်းပို့နေသည်ဖြစ်ကြောင်း ယခုတော့အားလုံးသဘောပေါက်နေကြပြီဟုထင်သည်။

ဒါကို အားလုံးသိကြလေမည်ဟု ယုံသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်လည်း သိသည်။ နိုင်ငံတော်၏ အစိုးရအဖွဲ့ဝင်များလည်း သိကြသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည်ပြည်ခိုင်ဖြိုး ပါတီ၏ ဥက္ကဋ္ဌ ဖြစ်လျက် နိုင်ငံတော်သမ္မတတာဝန်ကို ထမ်းဆောင်ရသဖြင့် ပါတီတာဝန်မှ အနားယူထားရသည့်တိုင် ပြည်ခိုင်ဖြိုး ပါတီမှ လာခဲ့သူသာ ဖြစ်သည်။ ထို့ကြောင့်ပြည်ခိုင်ဖြိုးပါတီသည်လည်း တိုင်းပြည်ကိုလက်ရှိအခြေအနေမှ လွတ်မြောက်အောင်ဆွဲမ ကယ်တင်ရေးသည်သာအရေးကြီးဆုံး လတ်တလောကိစ္စဖြစ်ကြောင်း မလွဲမသွေသိလေမည်ဟုယုံသည်။

အလားတူပင် အခြား ဒီမိုကရက်ပါတီများ၊ တိုင်းရင်းသားပါတီများကလည်း တိုင်းပြည်၏ ဘက်စုံဆင်းရဲတွင်း နက်နေသည်များကို သိကြမည်မှာမလွဲကေန်ဖြစ်သည်။ ထိုသို့ ဆင်းရဲတွင်းနက်နေရခြင်း၏ အကြောင်းရင်းထဲတွင် ယနေ့ထက်တိုင် အတောမသတ်နိုင်သေးသော ကိုယ့်ညီအစ်ကိုချင်းတိုက်နေကြသည့် နှစ် ၆၀ ကျော် ပြည်တွင်းစစ်သည်လည်း အဓိကလက်သည်တရားခံ အကြောင်းတစ်ရပ်ဖြစ်ကြောင်းလည်း သိကြမည်မှာ သေချာသည်။

ထို့ကြောင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည်လည်းကောင်း၊ အခြားသော ဒီမိုကရက်ပါတီများနှင့် တိုင်းရင်းသားညီအစ်ကိုပါတီများသည် လည်းကောင်း၊ တပ်မတော်ကိုကိုယ်စားပြုလျက် လွှတ်တော်ထဲတွင်ရောက်ရှိနေကြသော တပ်မတော်ကိုယ်စားလှယ်များသည်လည်းကောင်း အမျိုးသား အကျိုးစီးပွားဖြစ်သည့် တိုင်းပြည်၏လတ်တလောအထူးလိုအပ်နေသည်များကို နားလည်ကြပြီးဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်စွာ အားကိုးမျှော်လင့်နေမိသည်။

ယခုကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်သည့် လွှတ်တော်ကိုယ်စားလှယ် ၄၈ နေရာတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ၄၈ နေရာလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဆိုစေကာမူ ထို ၄၈ နေရာလုံး အနိုင်ရသည့်တိုင် လွှတ်တော်ထဲတွင်ပြောပလောက်သည့်ဦးရေမဟုတ်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်၍ အရွေးခံသည် ဆိုခြင်းမှာ အာဏာအတွက် ရည်ရွယ်သည် မဟုတ်ကြောင်း သိသာသည်ဟုလည်း မြင်သည်။

စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.49 • FEBRUARY 23 , 2012

# နိုင်ငံအတွက် အဓိကအချက်သုံးရပ်လုပ်ဆောင်မည်ဟု ဒီချုပ်ဥက္ကဋ္ဌပြောဆို

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံအတွက် အဓိကအချက်သုံးချက်ကို လုပ်ဆောင်သွားမည်ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က လှည်းကူးမြို့ စည်းရုံးရေးခရီးစဉ်တွင် ပြောကြားသည်။

"ကျွန်မတို့အဖွဲ့ချုပ်က အဓိက နိုင်ငံအတွက် ဘာလုပ်ဖို့လဲဆိုတာကို ဆုံးဖြတ်လိုက်တဲ့အခါမှာ၊ ရွေးကောက်ပွဲရဲ့မူဝါဒတွေထဲမှာ ရွေးကောက်ပွဲရဲ့ ရည်ရွယ်ချက်တွေထဲမှာ အချက်သုံးချက်ကို တင်ပြထားပါတယ်"ဟု လှည်းကူးမြို့ပြည်သူလူထုအား ပြောကြားသောမိန့်ခွန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။



ဓာတ်ပုံ-ဝေယံ

အဆိုပါအချက်သုံးချက်မှာ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြုပြင်ရေးတို့ ဖြစ်သည်ဟု ပြောကြားခဲ့သည်။

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ဥပမာတစ်ခုပေး၍ ပြောသွားခဲ့ပုံမှာ "မနေ့ကဆိုရင် ဒီအထဲက ပရိသတ်အများစုလည်းသိပြီးဖြစ်ပါလိမ့်မယ်။ ဒီဘောလုံးကွင်းကိုသုံးခွင့်ပြုပြီးခါမှ သုံးပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပါတယ်လို့ ဖြစ်လာပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ကျွန်မတို့အဖွဲ့ချုပ်က တရားဥပဒေစိုးမိုးရေးကို ယုံကြည်တဲ့အလျောက် ကျွန်မတို့အဖွဲ့ချုပ်တာဝန်ခံများက ရွေးကောက်ပွဲကော်မရှင်ကို အဲဒီကိစ္စတင်ပြပါတယ်။ တင်ပြတဲ့အခါကျတော့ မှန်မှန်ကန်ကန်ဆုံးဖြတ်လိုက်တာက မူလခွင့်ပြုချက်အတိုင်းရရှိစေရမယ်၊ ဆက်ပြီးလုပ်စေရမယ်၊ ဒါဥပဒေစိုးမိုးရေးပဲ"ဟု ပြောသွားခဲ့သည်။

ဒုတိယအချက်ဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ "ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုဖြစ်တယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဖြစ်တယ်။ ဒီပြည်ထောင်စုကြီးတိုးတက်ဖို့ ဖွံ့ဖြိုးဖို့ဆိုတာ ပြည်တွင်းငြိမ်းချမ်းရေးလိုတယ်"ဟု ပြောကြားခဲ့သည်။

တတိယအချက်ဖြစ်သောဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေးမှာ တရားဥပဒေစိုးမိုးရေးနှင့် ဆက်နွယ်နေပြီး ဥပဒေများသည် ပြည်သူများ၏ နေ့စဉ်ဘဝများအား စိုးမိုးထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်ခုလုံးကို လွှမ်းမိုးထားသည်ဟု ပြောကြားခဲ့သည်။

"ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ပြည်သူလူထုကိုအကျိုးပြုဖို့ အများကြီးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူလူထုရဲ့ အင်အား၊ ပြည်သူလူထုရဲ့ သြဇာအာဏာဟာ ဒီနိုင်ငံအပေါ်မှာ လွှမ်းမိုးရမယ်။ ပြည်သူသာလျှင် လွှမ်းမိုးရမဲ့ အဓိပ္ပာယ်ပဲ။ ဒီသြဇာအာဏာတွေဟာတရားနည်းအရ အေးအေးဆေးဆေးနဲ့ လွှမ်းမိုးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးလိုတာပါ။ ပြည်သူလူထုရဲ့ သြဇာလွှမ်းမိုးနိုင်မှ ပြည်သူလူထုဟာ ချမ်းသာနိုင်မှာ ဖြစ်ပါတယ်" ဟုလည်း ရှင်းပြပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီလ ၁၅ရက်နေ့ နံနက် ၉နာရီ မိနစ် ၃၀တွင် သူမနေအိမ်မှစတင်ထွက်ခွာခဲ့၍ မရမ်းကုန်းမြို့နယ်ရှိ ပြည်သူများအား မိန့်ခွန်းပြောကြားခဲ့ပြီးလှည်းကူးမြို့သို့ သွားရောက်ခဲ့သည်။

မရမ်းကုန်းမြို့နယ်တွင်ပြည်သူ တစ်သောင်းခန့်လာရောက်စောင့်နေကြပြီး ထောက်ကြံ့လမ်းစုံမှစ၍ လှည်းကူးမြို့ရောက်သည်အထိ လမ်းတစ်လျှောက်ပြည်သူများကလှိုက်လှိုက်လှဲလှဲကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

လှည်းကူးမြို့သို့နေ့လယ် ၁၂ နာ ရီခန့်တွင်ရောက်၍နေ့လယ်စာသုံးဆောင်ပြီးနောက် တစ်နာရီ ၁၅မိနစ်မှစ၍ ပရိသတ်သုံးသောင်းကျော်ရှိလူထုကြီးအားမိနစ် ၂၀ခန့် မိန့်ခွန်းပြောကြားခဲ့သည်။

မရမ်းကုန်းပြည်သူလူထုအား ပြောကြားသောမိန့်ခွန်းတွင် မြန်မာနိုင်ငံ၏အဓိကပြဿနာကြီးမှာ ဆင်းရဲနွမ်းပါးမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဆင်းရဲနွမ်းပါးမှုရဲ့ အခြေခံအကြောင်းအရင်းက သုံးခုရှိပါတယ်။ ချက်ချင်းလက်ငင်းအမြန်ဆုံးဖြေရှင်းရမယ့်ပြဿနာကတော့ အလုပ်လက်မဲ့ပြဿနာပါ။ ရေတိုမှာ တတ်နိုင်သမျှ အမြန်ဆုံးဖြေရှင်းရမယ့်ပြဿနာပါ။နောက်နှစ်ခုကတော့ပညာရေးနဲ့ကျန်းမာရေးပါ။ ရေရှည်ကိစ္စပါ"ဟု ပြောကြားခဲ့သည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဆင်းရဲမွဲတေမှုပြဿနာအား ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံအား ကူညီချင်သောနိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆွေးနွေးနေပြီဖြစ်ကြောင်းလည်း ပြောကြားသွားခဲ့သည်။

"ပြည်သူတွေ၊ လယ်သမားတွေ ဆင်းရဲတွင်းကလွတ်အောင် လုပ်နေတယ်၊ ကူညီမယ်လို့ပြောတာသဘောကျတယ်။ နောက်နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး လယ်ယာထွက်ပစ္စည်းတွေ ဈေးကောင်းရအောင်လုပ်နေတယ်လို့ ပြောတာ သဘောကျတယ်" ဟု ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာမှ ကိုထွန်းထွန်းက ဆိုသည်။

ထို့အပြင် လှည်းကူးဒေသခံ ဒုတိယနှစ်ပထဝီအဓိကဖြင့်ကျောင်းတက်နေသောအသက် ၂၀အရွယ်ကျောင်းသား တစ်ဦးကလည်း "အမေရဲ့ဆန္ဒကပြည်သူတွေ ဆင်းရဲတွင်းက လွတ်မြောက်စေချင်တယ်။ ပြည်သူတွေ စည်းရုံးမှုရှိစေချင်တယ်။ အဲဒါကို အရမ်းသဘောကျတယ်" ဟု မှတ်ချက်ပြုသည်။

တောင်သူလယ်သမားများနှင့်ပတ်သက်၍ "တောင်သူလယ်သမားတွေရဲ့ဘဝကို ကျွန်မဘယ်တော့မှ မမေ့ပါဘူး။ တောင်သူလယ်သမားတွေရဲ့ ဘဝမြှင့်တင်ရေးအတွက် အခုကမ္ဘာကြီးမှာဖြစ်ပျက်နေတဲ့ကိစ္စတွေကိုလေ့လာပြီးတော့ စဉ်းစားနေပါတယ်။ ကမ္ဘာရဲ့ အခြေအနေအရဆိုရင် လယ်ယာထွက်ပစ္စည်းတွေရဲ့တန်ဖိုးဟာ တက်နေပါတယ်။ ဒီတန်ဖိုးတက်နေတဲ့ ပစ္စည်းတွေကို ပိုမိုပီပီပြင်ပြင်ထုတ်နိုင်ဖို့အတွက် ကျွန်မတို့အဖွဲ့ချုပ်က ကြိုးစားသွားပါမယ်" ဟု လှည်းကူးဒေသခံ တောင်သူများအား အားပေးစကားပြောရင်း နှုတ်ဆက်ခဲ့သည်။

## ရန်ကုန်တိုင်းဒေသကြီး လစ်လပ်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းစာရင်း ထုတ်ပြန်

**ကျော်သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၄**

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လစ်လပ်မြို့နယ်ခြောက်မြို့နယ်မှ ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲရုံးမှ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ထုတ်ပြန်ကြေညာသည်။

ကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံဆိပ်ကမ်းမြို့သစ်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအများဆုံးဖြစ်ပြီး ခုနစ်ဦးရှိသည်။ ယင်းတို့မှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးကြီးမြင့်၊ မြန်မာအမျိုးသားကွန်ကရက်ပါတီမှ ဦးတင်အောင်၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ဦးမျိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါက်တာမျိုးအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီမှဦးဝင်းရွှေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်ဝင်းတို့ဖြစ်သည်။မင်္ဂလာတောင်ညွန့်မြို့နယ်တွင်ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလောင်းငါးဦးရှိကာ မြန်မာအမျိုးသားကွန်ကရက်ပါတီမှ ဦးကောင်းမြတ်ထွဋ်၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီမှ ဦးဘုန်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်ဖြူဖြူသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှဒေါ်လဲ့လဲ့အေး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဦးသုဝေတို့ဖြစ်သည်။

အနောက်ပိုင်းခရိုင်ရှိ မရမ်းကုန်းမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းခြောက်ဦးရှိပြီး ၎င်းတို့မှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါ်ခင်ဖြူဖြူငြိမ်း၊ တစ်သီးပုဂ္ဂလ ဦးခင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှဒေါက်တာမေဝင်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဦးရဲမင်းသိန်း၊ မြန်မာအမျိုးသားကွန်ကရက်ပါတီမှ ဒေါ်ဟေမာဌေးတို့ဖြစ်သည်။

မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် သုံးဦးသာရှိပြီး မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ဦးဇင်အောင်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဖြိုးမင်းသိန်း၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဒေါက်တာအောင်မြတ်သူတို့ဖြစ်သည်။

တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ကိုယ်စားလှယ်လောင်းလေးဦးရှိကာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှဦးကြည်သန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှဒေါ်စုစုလွင်၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်ကျော်မင်း၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ဦးအောင်ကြီးတို့ဖြစ်ကြသည်။

NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ခိုင်ဖြိုးပါတီမှ ဒေါက်တာစိုးမင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကိုမူ ကော်မရှင်မှ တရားဝင်ထုတ်ပြန်ခြင်းမရှိသေးပေ။

## ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၌ ကိုယ်စားလှယ်လောင်း ၂၃ ဦး ယှဉ်ပြိုင်မည်

**မင်းဒင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၂၀**

ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ် ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မဟာအောင်မြေမြို့နယ်တွင် ကိုယ်စားလှယ် ၈ ဦး အထိဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ တိုင်းအတွင်း၌ ကိုယ်စားလှယ်ဦးရေ အများဆုံးနှင့် ယှဉ်ပြိုင်အားကောင်းသည့် မြို့နယ်တစ်ခုဖြစ်လာကြောင်း သိရသည်။

အဆိုပါမြို့နယ်တွင် ပါတီငါးခုနှင့် တစ်သီးပုဂ္ဂလသုံးဦးပေါင်း ရှစ်ဦးယှဉ်ပြိုင်မည်ဖြစ်ကြောင်း တိုင်းကော်မရှင်အဖွဲ့ခွဲရုံး(မန္တလေး)၏ ထုတ်ပြန်ကြေညာချက်များအရ သိရှိရသည်။

"တိုင်းအနေနဲ့ဆိုရင် မန္တလေး၊ နေရာအနေနဲ့ဆိုရင် နေပြည်တော်နေရာတို့ဟာ အင်န်အယ်လ်ဒီအနေနဲ့ခက်ခဲစွာယှဉ်ပြိုင်ရမယ့်နေရာတွေဖြစ်တယ်။ အထူးသဖြင့် မန္တလေးဟာ ယှဉ်ပြိုင်မှု အားကောင်းဆုံးဖြစ်နိုင်ပါတယ်" ဟု အင်န်အယ်လ်ဒီဗဟိုကော်မတီဝင် ဦးဝင်းတင်က အင်န်အယ်လ်ဒီမန္တလေးတိုင်းရုံးချုပ်တွင်ဖေဖော်ဝါရီ၄ ရက်က စာနယ်ဇင်းရှင်းလင်းပွဲတွင်မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အပေါ် ၎င်းအမြင်အားသုံးသပ်ပြောကြားခဲ့သည်။

၎င်းမြို့နယ်တွင်မန္တလေး၌ပါတီဌာနချုပ်တည်ရှိသည့် ပြည်သူ့ဒီမိုကရေစီပါတီမှ ဒေါက်တာသန်းထိုက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းကြည်၊ အမျိုးသားဒီမိုကရေစီပါတီမှ ဦးလှကို၊ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအုန်းကြိုင်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအဖြစ် ဦးကျော်ကျော်၊ ဦးစိန်လှ၊ ဦးညွန့်ဦးတို့သုံးဦးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မဟာအောင်မြေမြို့နယ်တွင် ၈ ဦး၊ တံတားဦးမြို့နယ်တွင် ၄ ဦး၊ မိတ္ထီလာမြို့နယ်တွင် ၄ ဦး၊ နွားထိုးကြီးမြို့နယ်တွင် ၃ ဦး၊ ပြင်ဦးလွင်မြို့နယ်တွင် ၂ ဦး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂ ဦး စုစုပေါင်း ကိုယ်စားလှယ် ၂၃ ဦးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တိုင်းအတွင်းမြို့နယ်နှစ်ခုဖြစ်သည့်ပြင်ဦးလွင်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ပါတီကြီးနှစ်ခုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီပါတီနှစ်ခုသာ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ လာမည့်ကြားဖြတ်ရွေး ကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ မဲရုံပေါင်း ၁၃၅၀ ရှိမည်ဖြစ်ကြောင်း တိုင်းကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ထွဋ်က ပြောကြားသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲ တွင်လည်း မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြဿနာ၊ အခက်အခဲကြီးကြီးမားမား မဖြစ်ပေါ်ခဲ့ကြောင်းနှင့် ယခုကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ရက်ပေါင်း ၉၀ အချိန်ဇယားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

7DAY NEWS JOURNAL
Vol.10, No.49 · FEBRUARY 23 , 2012

# ကချင်ဒုက္ခသည်စခန်းများတွင် စားဝတ်နေရေးနှင့်ကျန်းမာရေးပြဿနာများ ကြုံတွေ့နေ

**မေဝင်းမွန်၊ အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၉**

ကချင်ပြည်နယ်အတွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့်ရွှေ့ပြောင်းနေထိုင်ကြရသည့်တိုင်းရင်းသားဒေသခံများအား လုံခြုံရေးပြန်လည်ကောင်းမွန်လာသည့် ဒေသများတွင်ပြန်လည်နေထိုင်လိုကြသူများနှင့် သင့်လျော်သောဒေသများတွင် အခြေချနေထိုင်လိုသူများအား မူလအခြေအနေများထက် သာလွန်ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်းကပြောကြား ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။



**မြစ်ကြီးနားမြို့မှ စစ်ဘေးဒုက္ခသည်များကို ထားရှိရာကယ်ဆယ်ရေးစခန်းတစ်ခု၏ အတွင်းပိုင်းမြင်ကွင်း** ဓာတ်ပုံ-ကျော်မျိုးဦး

ပြည်နယ်အတွင်းလက်နက်ကိုင်ပဋိပက္ခများကို အချိန်တိုအတွင်းထိရောက်စွာချုပ်ငြိမ်းရေးနှင့်ထာဝရငြိမ်းရေးရရှိအောင် လိုအပ်သည်များကိုနိုင်ငံတော်အနေဖြင့် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အင်န်ဂျီအိုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တိုင်းရင်းသားမိသားစုများ၏ ဘဝလုံခြုံငြိမ်းချမ်းသာယာမှုမျှော်လင့်ချက်များကို ညီညွတ်စွာတာဝန်ယူဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဒုဝန်ကြီးကဆွေးနွေးပြောကြားခဲ့သည်။

ကချင်ပြည်နယ်အတွင်းပဋိပက္ခစစ်ဘေးဒုက္ခဖြတ်သန်းခဲ့မှု ၈ လပြည့်မြောက်ခဲ့သည့်လက်ရှိအချိန်တွင် ဒုက္ခသည်စခန်းများမှာ စားဝတ်နေရေးနှင့် ကျန်းမာရေးပြဿနာများကို ကြုံတွေ့ဖြတ်သန်းနေရကြောင်း ကချင်စစ်ဘေးဒုက္ခသည်များကို ကူညီပေးလျက်ရှိသည့် အင်န်ဂျီအိုများထံမှ သိရှိရသည်။

ကိုယ်ဝန်အရင့်အမာနှင့် မိခင်လောင်းများသည်လည်း စစ်ဘေးဒဏ်ပြေးလွှားရှောင်ရှားရင်း မီးဖွားမှုအခက်အခဲများ၊ ကိုယ်ဝန်ပျက်ကျခြင်းများကြုံတွေ့ရပြီး သက်ကြီးရွယ်အို သေဆုံးမှုများလည်းရှိသည်ဟု ဆိုသည်။

ပဋိပက္ခစစ်ပွဲမှာ ကာလတိုအတွင်းပြီးစီးမည်ဟုယူဆကာ သစ်ပင်များကို အကာအကွယ်ယူ၍ ယာယီတဲများဆောက်နေထိုင်ခဲ့ရာမှ ၈ လတာကာလဖြတ်သန်းလာရသဖြင့် နေထိုင်မှုအခက်အခဲရှိလာခဲ့သည်။

"ယာယီတဲတွေကမခိုင်မြဲနိုင်တော့ပါဘူး။ နွေရာသီရောက်လာရင် လေကြမ်းတွေတိုက်လာတော့မယ်။ နွေရာသီမပြီးတပြီးအချိန်မှာ မိုးရာသီကိုပြန်ရောက်ရှိလာတော့မှာဖြစ်လို့ နေရာထိုင်ခင်းအခက်အခဲရှိလာပါပြီ။ ဒေသခံ တွေအား လုံးကစိုက်ပျိုးရေးကို အဓိကထားနေသူတွေဖြစ်ပါတယ်။ ခုချိန်ဟာ နွေရာသီ တောင်ယာစိုက်ပျိုးဖို့ စိုက်ခင်းတွေပြင်ဆင်ကြတဲ့ အချိန်ဖြစ်ပါတယ်။ ဒီနှစ်စိုက်ပျိုးပြီးမှ အောက်တိုဘာ၊ နိုဝင်ဘာရိတ်သိမ်းပြီး တစ်နှစ်လုံးစားဖို့အတွက်ဆိုတော့ ဒီနှစ်မှာ မစိုက်ပျိုးနိုင်ဘူးဆိုရင် ဒုက္ခသည်တွေကို သေချာပေါက် ၂၀၁၃ ခုနှစ်တစ်နှစ်လုံး ထောက်ပံ့ကျွေးမွေးရဖို့ကသေချာသလောက်ပါပဲ" ဟုကချင်အင်န်ဂျီအိုတစ်ခုမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

လိုင်ဇာဧရိယာရှိ ဒုက္ခသည်စခန်း ၉ ခုတွင်လူဦးရေ ၁၄,၀၀၀ ကျော်၊ ဆဒေါင်ဧရိယာရှိဒုက္ခသည်စခန်း ၅ ခုတွင်လူဦးရေ ၆,၄၀၀ ကျော်၊ တရုတ်နိုင်ငံရှိဒုက္ခသည်စခန်း ၇ ခုတွင်လူဦးရေ ၅,၂၄၄ ဦးကိုကူညီစောင့်ရှောက်ပေးထားသည်ဟုသိရသည်။

"စစ်ဘေးဒုက္ခသည်အရေးအတွက် ငါးသောင်းမကျော်ရင်၊ တစ်သိန်းမရှိရင် နိုင်ငံတကာသတ်မှတ်ချက်အရကုလသမဂ္ဂအေဂျင်စီတွေကကူညီဖို့စည်းမျဉ်းစည်းကမ်းမရှိပေမယ့် UNOCHA နဲ့ အခြား UN အေဂျင်စီတွေကကူညီပေးပါတယ်။ လူတစ်ယောက်ကိုတစ်ရက် ၁၀၀ နှုန်းနဲ့ပဲ ကျွေးနိုင်တဲ့အနေအထား ရှိပါတယ်" ဟုဒုက္ခသည်များကိုကူညီစောင့်ရှောက်သည့်ကချင်ဘက်ပစ်ကွန်ဗင်းရှင်းဒါရိုက်တာခွန်ရှောင်နော်က ပြောကြားသည်။

## INGO ခြောက်ဖွဲ့ကိုသာ တရားဝင်မှတ်ပုံတင်ခွင့်ပြုထား

**ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၀**

ပြည်တွင်း၌လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသည့်နိုင်ငံတကာ အစိုးရမဟုတ်သော အိုင်အင်န်ဂျီအိုအဖွဲ့ ခြောက်ခုသာ ပြည်ထဲရေးဝန်ကြီးဌာနမှ မှတ်ပုံတင်ခွင့်ပြုထားကြောင်းပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြည်သူ့လွှတ်တော်၌ ပြောကြားခဲ့သည်။ ထို့အပြင် လက်ရှိလျှောက်ထားဆဲဖြစ်သည့် အိုင်အင်န်ဂျီအိုအဖွဲ့ ၁၃ ဖွဲ့ကိုလည်း စိစစ်ဆောင်ရွက်ပေးရန်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ အိုင်အင်န်ဂျီအိုအဖွဲ့ ၅၃ ဖွဲ့ရှိပြီး မှတ်ပုံတင်ရန် ၃၄ ဖွဲ့ ကျန်ရှိနေသေးသည်။ အိုင်အင်န်ဂျီအိုအဖွဲ့များသည်ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးစသည့် လုပ်ငန်းအမျိုးအစား ၆၇ ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ပြည် ထောင်စုဝန်ကြီးကဆိုသည်။



7 DAY NEWS JOURNAL
Vol.10, No.49 · FEBRUARY 23 , 2012

# ဒေါ်အောင်ဆန်းစုကြည် မဲဆွယ်စည်းရုံးရေး ခရီးစဉ်အချို့တွင် နေရာအခက်အခဲတွေ့



ဖျာပုံဒေသခံလူထုသို့ မိန့်ခွန်းပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်



ဓာတ်ပုံ - ဝေယံ

အားကစားကွင်းအစား လယ်ကွက်အတွင်းပြောင်းကျင်းပရ၍ လယ်ကွင်းရှိ ရွှံ့ဗွက်အတွင်းထိုင်ကာ နားထောင်နေသောဒေသခံအချို့

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

ဒေါ်အောင်ဆန်းစုကြည်၏ ဖျာပုံ စည်းရုံးရေးခရီးစဉ်တွင် မူလစီစဉ်ထားသော ဖျာပုံဘောလုံးကွင်း၌ လူထုဟောပြောပွဲ ကျင်းပခွင့်မရသဖြင့် ဖျာပုံတံတားအဆင်းရှိ သဲကွင်းတွင်ကျင်းပခဲ့ရသည်။

ဖေဖော်ဝါရီလဆန်းက မန္တလေးမြို့၌ ပြုလုပ်မည့် စည်းရုံးရေးခရီးစဉ်တွင်လည်း ဘောလုံးကွင်းအသုံးပြုခွင့်မရသဖြင့် ခရီးစဉ်ရွှေ့ဆိုင်းခဲ့ရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ ခရီးစဉ်တွင်လည်း ခွင့်ပြုပြီးသား ဘောလုံးကွင်းအား ပြန်လည်ရုပ်သိမ်းခဲ့သဖြင့် ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုရန် ညွှန်ကြားသောကြောင့် လှည်းကူးဘောလုံးကွင်းတွင် ဟောပြောပွဲပြုလုပ်နိုင်ခဲ့သည်။

“ဒီဟာနဲ့ပတ်သက်လို့ကျွန်မတို့က ဥပဒေစိုးမိုးရေးကို ယုံကြည်တဲ့အလျောက် စည်းမျဉ်းစည်းကမ်းနဲ့အညီ လုပ်မှာပါ။ ဒီလို ကန့်သတ်ခြင်းဟာ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲများ ဖြစ်ခြင်းကို အနှောင့်အယှက် ဖြစ်နိုင်တယ်ဆိုတာကို ရွေးကောက်ပွဲကော်မရှင်ကို တရားဝင် စာတင်ပြီးတော့ အသိပေးထားပါတယ်” ဟုဒေါ်အောင်ဆန်းစုကြည်က ဖျာပုံလူထုအား ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဖျာပုံမြို့သို့ နေ့လယ် ၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာပြီး လာရောက်ကြိုဆိုနေသော ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲနှင့် ကျိုက်လတ်မြို့များမှ လူထုတစ်သိန်းဝန်းကျင်အားမိနစ် ၂၀ ခန့်စကားပြောခဲ့သည်။ “ဗိုလ်ချုပ်သမီးလည်းဖြစ်တယ်။ လေးလည်းလေးစားတယ်။ ဒါကြောင့် တွေ့ဖူးချင်လို့ မနက် ၆ နာရီကတည်းက ထွက်ခဲ့တာ။ ရွာကလာတဲ့လူတွေအများကြီးပဲ။ ဘယ်သူမှ တားလို့မရပါဘူး”ဟု ဖျာပုံမြို့နယ် ဒေါ်ငြိမ်းရွာမှ အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်က ဖျာပုံခရီးစဉ်တွင် တရားဥပဒေစိုးမိုးရေး၊ ပညာရေးမြှင့်တင်ရေးနှင့် လယ်ယာလုပ်ငန်းနှင့် ပတ်သက်သောကိစ္စများကိုပြောကြားခဲ့သည်။

# ကချင်ပြည်နယ်အရေး တိုးတက်မှုများ လိုအပ်နေကြောင်း မစ္စတာနမ်ဘီးယားပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များမှာ လတ်တလောအခြေအနေတွင် သမိုင်းတွင်မည့် အောင်မြင်မှုရရန်နီးစပ်နေသော်လည်း ကချင်ပြည်နယ်အခြေအနေမျိုးတွင် တိုးတက်ဖြစ်ထွန်းရန်လိုအပ်နေသေးကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်ဗီဂျေးနမ်ဘီးယားကင်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

“ဆယ်စုနှစ်များစွာကြာမြင့်နေသော ပဋိပက္ခနဲ့ မယုံကြည်မှုတွေကိုအောင်နိုင်ဖို့ နိုင်ငံရေး ဆွေးနွေးမှုတွေကတစ်ဆင့် အရေးကြီးတဲ့ အခြေခံလိုအပ်ချက်တွေရရှိဖို့ကျန်နေပါသေးတယ်”ဟုလည်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ရှစ်လကျော်ကြာ တိုက်ပွဲဖြစ်ပွားနေသော ကချင်မျိုးချစ်တပ်မတော်(KIA)နှင့် မြန်မာတပ်မတော်ကြားအပစ်အခတ်ရပ်စဲရန် တာဝန်ရှိသူများ ဇန်နဝါရီ ၁၇ ရက်တွင် ဆွေးနွေးခဲ့သော်လည်း စစ်ရေးအရှိန် လျှော့ရန်သာ သဘောတူထားနိုင်ခဲ့သည်။ ထို့ကြောင့် နှစ်ဖက်တာဝန်ရှိသူများ ဖေဖော်ဝါရီလဆန်းတွင် တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း မဖြစ်မြောက်ခဲ့ပေ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်သည်ယခုခရီးစဉ်အတွင်း ကရင်နှင့်မွန်ပြည်နယ်များသို့ သွားရောက်ခဲ့ပြီး ငြိမ်းချမ်းရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်ဟုသတင်းရရှိသည်။ ထို့အပြင်ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများနှင့်ကျင်းပမှုနှစ်ရပ်စလုံးသည် အများယုံကြည်စိတ်ချရမှု မဖြစ်မနေလိုအပ်ပြီး အစိုးရ၏ ဒီမိုကရေစီလမ်းကြောင်းအပေါ် အများယုံကြည်မှု တိုးမြှင့်လာစေရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲသည် အရေးကြီးသည့် စမ်းသပ်မှုဖြစ်သည်ဟုလည်း ဖော်ပြပါရှိသည်။

ဖေဖော်ဝါရီလ ၁၂ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် မစ္စတာဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးမစ္စတာနမ်ဘီးယားလာရောက်သောငါးရက်ခရီးစဉ်တွင်သမ္မတဦးသိန်းစိန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင့် အပါအဝင်အစိုးရခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကော်မတီ၊ ရွေးကောက်ပွဲကော်မရှင်၊ ကြံ့ခိုင်ရေးပါတီတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# သက်တမ်းလွန် မီးသတ်ကားဟောင်း ၄၀၀ကျော် ဦးစားပေးလဲလှယ်ရန် အစီအစဉ်ရှိ

**ထူးသန့်**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၁၅**



**ရန်ကုန်မြို့လယ်ရှိ မင်္ဂလာဈေး မီးလောင်ကျွမ်းစဉ်က စက်ရပ်သွားသော မီးသတ်ယာဉ်တစ်စီး** ဓာတ်ပုံ-လမင်းနိုင်

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နှစ်ပေါင်း၄၀အထက်သက်တမ်းလွန် မီးသတ်ကား ၄၀၀ကျော်အား ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်မှစ၍ ဦးစားပေးအစီအစဉ်အဖြစ် အစားထိုး လဲလှယ်သွားရန် အစီအစဉ်ရှိကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦး အောင်ကြည်က ပြောကြားသည်။

ယနေ့ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးစတုတ္ထနေ့အခမ်းအနားတွင် ရွှေတောင်မဲဆန္ဒနယ်မှကိုယ်စားလှယ်ဒေါက်တာ ဒေါ်အေးမြင့်၏ ပျက်စီးနေသော မီးသတ်ကားများလဲလှယ်ပေးရန်နှင့်စပ်လျဉ်းသော မေးခွန်းအားပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ယင်းကဲ့သို့ဖြေကြားရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ဦးစားပေးအစီအစဉ်အရ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့တော်များ၊ မြို့နယ်များ၊ မြို့နယ်ခွဲများနှင့် ကျေးလက်ဟူ၍ရှိရာတွင် နေထိုင်သော အိမ်ခြေ၊ လူဦးရေနှင့် မီးသတ်တပ်ဖွဲ့အင်အား၊ ဆယ်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်ဆုံးရှုံးမှုတန်ဖိုးစသည်များကို တွက်ချက်သတ်မှတ်ကာ ဦးစားပေးအဆင့်သတ်မှတ်ကြောင်းလည်းပြည်ထောင်စုဝန်ကြီး၏ပြောကြားချက်အရသိရှိရသည်။

# မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ ပါတီအဖြစ် ပြန်လည်မှတ်ပုံတင်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ဖေဖော်ဝါရီ- ၁၃**

မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (MNDF)က နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်းပါတီ၏ယာယီဥက္ကဋ္ဌဦးနိုင်ငွေသိမ်းကပြောကြားသည်။

၎င်းက “လာမယ့် ကြားဖြတ်ရွေးကောက်ပွဲပြီးရင်မှတ်ပုံပြန်တင်ပြီးသီးသန့်ပါတီထောင်ဖို့ ဆုံးဖြတ်လိုက်ပြီ”ဟုပြောသည်။

၁၉၉၀ရွေးကောက်ပွဲတွင် လွှတ်တော်အမတ် ၅ နေရာ အနိုင်ရရှိခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဖျက်သိမ်းခံခဲ့ရသည့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့သည် ၂၀၁၀ ရွေးကောက်ပွဲတွင်ပေါ်ပေါက်လာသည့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMRDP)နှင့် ပူးပေါင်းဖွဲ့စည်းသွားမည်မဟုတ်ဘဲ၊ သီးသန့်ပြန်လည်ဖွဲ့စည်းရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

“ပါတီ ၂ခုပေါင်းဖို့က မဖြစ်နိုင်တော့ဘူး။ သူတို့က ကျွန်တော်တို့ကိုတစ်ဦးချင်းစီပါတီဝင်စေချင်တယ်”ဟု ဦးနိုင်ငွေသိမ်းကပြောသည်။ ပါတီအနေဖြင့် ရဲဘော်ရဲဘက် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာခြင်းအပေါ် မူတည်၍ ယခုကဲ့သို့ ပါတီပြန်လည်မှတ်ပုံတင်ရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

၂၀၁၀ရွေးကောက်ပွဲတွင် မွန်ပြည်နယ်အတွင်းလွှတ်တော်အမတ်၁၆နေရာအနိုင်ရရှိခဲ့သည့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီနှင့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့တို့ပူးပေါင်း၍ပါတီသစ်တစ်ခုပြန်လည်ထူထောင်ရန် ပြီးခဲ့သည့် ဒီဇင်ဘာနှင့် ဇန်နဝါရီတွင် ဆွေးနွေးညှိနှိုင်းခဲ့ကြသေးကြောင်း MNDF ၏ အဖွဲ့ဝင် ဦးနိုင်စိုးမြင့်က ပြောသည်။

လက်ရှိအချိန်တွင် ပါတီပြန်လည်မှတ်ပုံတင်ရန်အတွက် လူအင်အားပြန်လည်စုစည်းခြင်းနှင့် ပါတီ၏ဖွဲ့စည်းပုံကို ပြန်လည်ပြုပြင်ခြင်းများလုပ်ဆောင်လျက်ရှိကြောင်းပါတီယာယီဥက္ကဋ္ဌဦးနိုင်ငွေသိမ်းကပြောသည်။

မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (MNDF) သည် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၁၉ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငါးနေရာအနိုင်ရခဲ့သည်။

# နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း ပြည်သူ့လွှတ်တော်၌ ဆွေးနွေးမည်

**ထူးသန့်**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၁၅**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အား လွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် ထားရှိခွင့်၊ နိုင်ငံခြားသုံးငွေအား အတိုင်းအတာတစ်ခုအထိ ကိုင်ဆောင်သုံးစွဲခွင့်စသည့် အကြောင်းအရာများဖြင့် ရေးဆွဲထားသော နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်းကိုပြည်သူ့လွှတ်တော်၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အခမ်းအနားမှ သိရှိရသည်။

အဆိုပါဥပဒေကြမ်းကိုပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဦးအောင်သောင်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ ယင်းအစီရင်ခံစာကို ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘရှိန်(ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင်)က ဖတ်ကြားရှင်းလင်းခဲ့ကာ အခြားကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည့်အတွက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးသွားရန်ဖြစ်ကြောင်းလည်း လွှတ်တော်အစည်းအဝေးမှ သိရသည်။

အထက်ပါဥပဒေကြမ်းအရ နိုင်ငံခြားသုံးငွေကို နိုင်ငံသားများအတိုင်းအတာတစ်ခုအထိ လွတ်လပ်စွာကိုင်တွယ်သုံးစွဲနိုင်ခွင့်ရ၍ ပြည်ပပို့ကုန်တင်ပို့ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအကျိုးရှိစေမည်ဖြစ်ကြောင်း၊ တရားဝင်နိုင်ငံခြားသုံးငွေရလုပ်သားများဖြစ်သော သင်္ဘောသားများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများနှင့်ပြည်ပရောက်ကျွမ်းကျင်လုပ်သားများအနေဖြင့်လည်း လက်ရှိဥပဒေအရ တရားမဝင်လမ်းကြောင်းမှ ငွေလွှဲပို့နေရသောကြောင့် နိုင်ငံတော်ရော မိသားစုအတွက်ပါနစ်နာရကြောင်း၊ ဥပဒေသစ်တွင် ထိုက်သင့်သည့် လွတ်လပ်မှုခွင့်များပေးထားကြောင်းလည်း သိရှိရသည်။

ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခုလ ၁၈ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။







**အောင်ချမ်းသာ**

**ဆေးဝါးကျွမ်းကျင်/ သူနာပြုအကူသင်တန်း**

[illegible]

**“ဆေးအကြောင်းအမှန်တကယ်နားလည်တတ်မြောက်ချင်ရင် ရှုလလတ်ဟောင်း အောင်ချမ်းသာသို့ ကြွခဲ့ပါ။”**

**အဆင့်မြင့် ဆေးဝါးကျွမ်းကျင် နှင့် သူနာပြု အကူသင်တန်း**
**အခြေခံမှ စ၍ အဆင့်မြင့်အထိ ကျွမ်းကျင်တတ်မြောက်မှု ရှိစေရန်**
**သင်ခန်းစာအပြည့်အစုံနှင့် အချိန်ပြည့် သင်ကြားပေးပါသည်။**

အပတ်စဉ် (၁၂၃၂) - ၂၇ - ၂ -၂၀၁၂(တစ်လပြတ်အထူးသင်တန်း)
(Mon to Fri) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 7:30 AM- 12:00 AM(၁၂)ဦး (ii) 9:00 AM-2:00 PM (၁၂)ဦး
(ii) 12:30PM- 5:00 PM (၁၂)ဦး

အပတ်စဉ် (၁၂၃၃) - ၂၀ - ၂ -၂၀၁၂(နှစ်လပြတ်အထူးသင်တန်း)
(Mon to Thur) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 9: 00 AM - 12:00 AM (၁၂)ဦး (ii) 12:30 PM-3:30 PM(၁၂)ဦး

အပတ်စဉ် (၁၂၃၄) - ၂၅- ၂ -၂၀၁၂(နှစ်လပြတ်အထူးသင်တန်း)
(Sat to Sun) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 7:30AM - 12:00 AM(၁၂)ဦး (ii) 9:00 AM-2:00 PM(၁၂)ဦး
(iii)12:30 PM-5:00 PM(၁၂)ဦး

အပတ်စဉ် (၁၂၃၅) - ၂၆- ၂ -၂၀၁၂(သုံးလပြတ်အထူးသင်တန်း)
(Sunday only) ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း
(i) 9:00AM - 3:30 PM (၁၂)ဦး
အင်္ဂလိပ်စာ Basic Grammar and 4 Skills ကိုသင်တန်းတက်ရောက်သူတိုင်း အခမဲ့သင်ကြားပေးသည်။

ဆက်သွယ်ရန်- အမှတ် ၃၃၊ 3.B ပေါ်ရှုံလမ်း၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ရန်ကုန်။ (ဂုမုန်းသွင်ကုန်တိုက်မှ တစ်လမ်းကျော်)
ဖုန်း- ၇၀၃၀၈၆၆၊ ၅၀၃၅၅၆၊ ၀၉၈၆၃၄၁၉၉


**WMG Win Marketing Group Company Limited**

အောက်ဖော်ပြပါလုပ်ငန်းများအတွက် ကျွမ်းကျင်သော Labour ကန်ထရိုက်များ အလိုရှိသည်။

၁။ ပန်းရံလုပ်ငန်း
၂။ လက်သမားလုပ်ငန်း
၃။ သံချိ၊ သံကွေးလုပ်ငန်း
၄။ ဆေးလုပ်ငန်း
၅။ ရေသန့်နှင့် မီလွှာလုပ်ငန်း
၆။ မီးလုပ်ငန်း
၇။ မျက်နှာကျက်လုပ်ငန်း
၈။ Furniture လုပ်ငန်း
၉။ Aluminium & Composite လုပ်ငန်း
၁၀။ သံပန်းလုပ်ငန်း

ဖော်ပြပါလုပ်ငန်းများအတွက် သက်ဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်သောလုပ်အားခဈေးနှုန်းများ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းအထောက်အထားများ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ ၂ ပုံ၊ ထောက်ခံစာနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ်(၁၈/က)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊**
**စုပေါင်းမှတ်တိုင်အနီး၊ သယ်န်းကျွန်းမြို့နယ်။**
**ဖုန်း- ၅၆၉၆၅၆၊ ၅၆၉၆၅၇**



# ပလက်ဖောင်းတည်ဆောက်ချိန် ပလက်ဖောင်း ပျောက်ဆုံးခြင်း

ကျည်ပွေ့

ယခုတစ်လောရာသီဥတုလေးကောင်းလို့ ကျည်ပွေ့လိုအသက်ကြီးပိုင်းတွေ နေရထိုင်ရကောင်းနေတယ်ဗျ။ မနက် မနက်ဆိုနှင်းတွေဝေနေတတ်တော့ စောစောထ၊ လမ်းလျှောက် ကိုယ်လက်လေ့ကျင့်ခန်းလုပ်၊ တစ်ခုခုစားနဲ့ အဆင်ကိုပြေနေရော။ လမ်းလျှောက်ရတာလည်း အခုဆိုလမ်းတော်တော်များများဟာ ကောင်းလာပြီမို့ မောင်မင်းကြီးသားများကိုတောင် ကျေးဇူးတင်ရပါသေးတယ်။

ကျည်ပွေ့နေတဲ့ ရပ်ကွက်က အဓိကလမ်းမကြီးဟာ အရင်ကဆို ကတ္တရာပျောက်လို့ တချို့နေရာတွေမှာ ချိုင့်တွေ၊ ကျင်းတွေနဲ့ သွားလာရတာ နည်းနည်းလေးမှ အဆင်မပြေခဲ့ပါဘူး။ ပလက်ဖောင်းပေါ်မှာ ဈေးသည်တွေကတိုးဝှေ့ရောင်းချ၊ လမ်းမဆင်းပြန်တော့လည်းချိုင့်ကမူတွေနဲ့ အသက်ကြီးပိုင်းတွေ သာမက နေ့စဉ် ကျောင်းသွား ကျောင်းပြန်ကြတဲ့ ကျောင်းသူ၊ ကျောင်းသားကလေးငယ်လေးတွေတောင် မကြာခဏဟိုနားဒီနားခလုတ်တိုက်နေကျပါ။ ဒီကြားထဲဆိုက်ကားတွေ၊ ကားတွေ အလုအယက် မောင်းကြပြန်တော့ တော်ကြာ ပလက်ဖောင်းပေါ်ကဆင်းလိုက်၊ ခဏနေ ပလက်ဖောင်းပေါ်ပြန်တက်လိုက်နဲ့ လိုရာရောက်ဖို့ နှောင့်နှေးခဲ့ရတယ်။ ဒါပေမဲ့လည်း ရှိနေသေးတဲ့ ပလက်ဖောင်းလေးကနေဈေးသည်တွေ၊ ဆိုင်တွေကြားထဲတိုးတိုးဝှေ့ဝှေ့ ဖြတ်သန်းရင်းနဲ့ပဲ လိုရာကိုရောက်အောင်သွားခဲ့ရတာပါ။ ရပ်ကွက်ကနေ ကားဂိတ်တွေရှိရာဖြတ်သန်းတဲ့ အဓိကလမ်းမကြီးလည်းဖြစ်လို့ ဒီလမ်းပေါ်မှာပဲ ဆိုက်ကားနဲ့ ကားကြီး၊ ကားငယ် အသွယ်သွယ် ချိုင့်ခွမ်းများကို ရှောင်ကွင်းလို့ လိုရာခရီးဆက်ကြရတယ်။ ကားသမားတွေ၊ ဆိုက်ကားတွေလည်း လမ်းကမကောင်းလို့ ညည်းတွားခဲ့ကြတယ်။ တစ်နေ့လာပြင်နိုးနိုးနဲ့ စောင့်မျှော်ခဲ့ရတာ ကာလတစ်ခုကြာပေါ့။

**လမ်းသစ်ခင်းပြီ**

ဒီလိုနဲ့ လွန်ခဲ့တဲ့ သုံးလကျော်ကစပြီး လမ်းဟောင်းကြီးကို ကွန်ကရစ် လမ်းသစ်ခင်းတော့မယ်ဆိုတဲ့ သတင်းစကားဟာ တောမီးလိုပဲ ပျံ့နှံ့ခဲ့ပါတယ်။ တစ်နေ့ ဖြစ်လာနိုးနိုး စောင့်မျှော်နေတဲ့ရပ်ကွက်သူ၊ ရပ်ကွက်သားတွေလည်း သက်ဆိုင်ရာ စည်ပင်သာယာ ဝန်ထမ်းတွေ ပေကြိုးနဲ့ လမ်းကိုလာတိုင်းတာ၊ လမ်းအနေအထား လေ့လာတာတွေ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရတော့ လမ်းသစ်ကြီး ကြိမ်းသေပေါက်ခင်းတော့မှာပဲလို့တွေးပြီး ပျော်ကြရတယ်။ မရှေးမနှောင်းမှာပဲ ကွန်ကရစ်လမ်းသစ်ကြီး စခင်းပါတော့တယ်။ လမ်းသစ်ကြီးကို ဟိုဘက် ဒီဘက် နှစ်ပိုင်းခွဲခင်းလို့ အဲဒီ့ရက်တွေမှာ လမ်းကို အသေပိတ်ထားခဲ့ရတယ်။ ဒီကြားထဲ အတင်းတိုးဝင် တိုးထွက်တဲ့ ကားတွေ၊ ဆိုက်ကားတွေကြောင့် စည်ပင်ဝန်ထမ်းတချို့ စိတ်ညစ်ခဲ့ရပါသေးတယ်။ ကွန်ကရစ်ဖျော်ထားတဲ့ ကားကြီးတွေ နေ့ညမပြတ်လာခင်းကြတာ၊ လမ်းတစ်ဖက်နဲ့ တစ်ဖက် အလယ်မှာ ဆက်ရာမရှိရလေအောင်ပြုပြင်ခဲ့ကြတာတွေကတော့ အားရစရာပါပဲ။ နှစ်လခွဲ၊ သုံးလကြာတော့ ခင်းထားတဲ့ ကွန်ကရစ်လမ်းမကြီးကိုကြည့်ရင်း မကြာခင် ပြီးစီးတဲ့အခါမှာ ပျော်ပျော်ရွှင်ရွှင်ကြည်ကြည်နူးနူးနဲ့ ရပ်ကွက်သား၊ မြို့နယ်သူ မြို့နယ်သားအားလုံး အဆင်ပြေပြေ လျှောက်လှမ်းနိုင်တော့မှာပဲဆိုပြီး ကြိုတင်တွေးကာ ပီတိသောမနဿ ဝေခဲ့ရကြောင်းပါ။

**လမ်းသစ်ကြီးမှာ အသည်းတယားယား**

ကွန်ကရစ်လမ်းသစ်ကြီးခင်းပြီးသွားပါပြီ။ မပြီးဆုံးခင်လေးမှာဘဲလုပ်ငန်းလက်စသတ်နေတဲ့စည်ပင်ဝန်ထမ်းတစ်ဦးကို ကျည်ပွေ့စိတ်ထဲမတင်မကျဖြစ်နေမှုတစ်ခု မေးခဲ့မိပါတယ်။ ဒါကတော့ ကွန်ကရစ်လမ်းမကြီးက ကောင်းပါရဲ့ နို့ပေမဲ့ ပလက်ဖောင်းကို ဘယ်လိုလုပ်မှာတုံး မေးကြည့်တော့ ဝန်ထမ်းက ကောင်းကောင်းမွန်မွန်ပဲ ပြန်ဖြေပါတယ်။ ယခုလမ်းသစ်မှာ ပလက်ဖောင်းမပါတော့ကြောင်း အဲဒီ့အစား နဂိုရှိပြီးသား ပလက်ဖောင်း အဟောင်းနဲ့ လမ်းသစ် ကွန်ကရစ်စပ်ကြားမှာ လမ်းပခုံး (နိမ့်သွားတဲ့ ပလက်ဖောင်းနဲ့ မြင့်လာတဲ့ လမ်းသစ်ကြား ပြေလျှောသောအနေအထား) အဖြစ် ပိုးပေးမှာဖြစ်ကြောင်း ဖြေကြားပါတယ်။ ကျည်ပွေ့စိတ်ထဲမှာ နည်းနည်းတော့ဘဝင်မကျဘူးဗျ။ ဘယ့်နှယ်ဗျာ လမ်းက ပလက်ဖောင်းထက် မြင့်နေရတယ်လို့ပေါ့။ ထင်တဲ့အတိုင်းပါပဲ လမ်းသစ်ကြီးခင်းဖွင့်ပွဲလုပ်ပြီး မကြာခင်မှာပဲ အဲဒီ့ လမ်းသစ်ကြီးပေါ်မှာ မာရသွန်ပြိုင်ပွဲတစ်ရပ် ဆင်နွှဲသလို ကားတွေ၊ ကားတွေ ဝှီးခနဲ ဝှီးခနဲ တရွှတ်ရွှတ် မောင်းကြတော့တာပဲ။ ဒီကြားထဲ 'ကလင် ကလင်'အသံပေးပြီး မြန်နှုန်းမြင့်နင်းလာတဲ့ဆိုက်ကားနဲ့ရေသန့်လှည်း၊ အမှိုက်လှည်း၊ ထီလှည်း၊ 'နောင်နောင် နောင်နောင်'၊ ဆီးသီးသည်လှည်း၊ သစ်သီးသည်လှည်း၊ ဒန်အိုးဒန်ခွက်လှည်းအားလုံးလိုလိုဟာ လိုရာကို အသော့နှင်ကြတော့တယ်။ ဆိုင်ကယ်နဲ့ စက်ဘီးတွေကလည်း 'တတီတီတဝေါ ဝေါ'၊ စကိတ်စီးလူငယ်များကလည်း ဟိုမှ ဒီမှ အလျှိုလျှို ပေါ်လာကြတော့တယ်။

လမ်းသစ်ကြီး မဖွင့်ခင်ကတည်းက လမ်းခင်းပြီးရင် ဘယ်သို့ဘယ်ပုံ နေရာယူလိုက်ကြမယ်ဆိုပြီး ကြိုတင်ပြင်ဆင်ထားတဲ့ လမ်းဘေးဈေးသည်တွေကတော့ ပြောမဆုံးပေါင်ဗျာ။ လက်ကျန်ပလက်ဖောင်းအစပ်ကနေ ကွန်ကရစ် လမ်းသစ်ပေါ် ရောက်အောင် ပျော်ပျော်ကြီး ခင်းကျင်းရောင်းချကြတော့တယ်။ တွေးကြည့်ပါခင်ဗျာ. . . ကျည်ပွေ့တို့လို လမ်းသွားလမ်းလာပြည်သူတွေခမျာ အဲဒီလို အန္တရာယ်များတဲ့ ကွန်ကရစ်လမ်းသစ်ကြီးပေါ် ပလက်ဖောင်းမရှိဘာမရှိနဲ့ လျှောက်သွားရခြင်းဟာ ဘယ်လိုမှ နောက်ကြောင်းမလုံနိုင်တော့ပါ။ ပလက်ဖောင်းမရှိတော့တဲ့ လမ်းသစ်ကြီးပေါ်မှာကား၊ ဆိုက်ကား၊ လူ၊ လှည်း၊ စက်ဘီး၊ ဈေးသည်၊ ဂါလီကအစ အားလုံးဟာ အတက်အဆင်း၊ အနိမ့်အမြင့်မရှိတော့ဘဲ ဥဒဟိုသွားလာကြတဲ့အခါ တစ်ခုခုဖြစ်ရင်ခံရမှာကတော့ ခရီးသွားပြည်သူတွေပါပဲ။ ဒီကြားထဲ လမ်းသစ်ကြီးချုပ်စပ် နေထိုင်သူတချို့ မနက်မနက်နဲ့ ညနေ ညနေ ဖုန်မထလေအောင် ပိုက်ကြီးပိုက်ငယ် အသွယ်သွယ်နဲ့ ရေပက်ဖျန်းကြတာကို ရှောင်ကွင်းရတာကလည်းတစ်ဒုက္ခ၊ အထူးသဖြင့် သက်ကြီးရွယ်အိုပိုင်းနဲ့ နေ့စဉ်နဲ့အမျှ ကျောင်းတက်ကျောင်းဆင်း သွားလာကြရတဲ့ ကျောင်းသားလူငယ်တွေအတွက် ကြိုးတန်းပေါ် လျှောက်ရသလိုမျိုး ကွန်ကရစ်လမ်းသစ်ကြီးမှာအသည်းတယားယား ရင်တထိတ်ထိတ်နဲ့ ဖြတ်သန်းနေရပါတော့တယ်။

**ပလက်ဖောင်းတည်ဆောက်ချိန် ပလက်ဖောင်းပျောက်ဆုံးခြင်း**

ယခုအချိန်ဟာ တိုင်းပြည်မှာ ပလက်ဖောင်းတည်ဆောက်ချိန်လို့ ဆိုကြသဗျ။ ဆိုလိုတာကတော့ ဒီမိုကရေစီစနစ်အရ လူတစ်ဦးတစ်ယောက်ချင်းရဲ့ လွတ်လပ်မှုနဲ့ အခြေခံလူ့အခွင့်အရေး၊ လွတ်လပ်စွာပြောရေးဆိုခွင့်တွေကို ပြောကြားနိုင်ဖို့ ပလက်ဖောင်းတစ်ခုအသွင် ကူးပြောင်းနေတဲ့ အချိန်ဖြစ်လို့ပါပဲ။

ဒီလိုအချိန်မှာ လမ်းသစ်ကြီးတော့ကောင်းပါရဲ့ ပလက်ဖောင်းတွေ ပျောက်ပျောက်သွားတာကတော့ ဆိုးပါတယ်ဗျာ။ ။

## စာ – ၂၆၊ ညီညွတ်ပေါင်းစည်းသော လွှတ်တော်ကြီးကို စိတ်ကူးယဉ်မိခြင်း မှ

လွှတ်တော်ထဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်ရောက်နိုင်ရေးအတွက် ဆုံးဖြတ်ဆောင်ရွက်နေခြင်းကပင် နိုင်ငံတော်၏ လိုအပ်နေမှုများ၊ ဆောင်ရွက်ရန်ရှိနေသည်များ၊ ဆောင်ရွက်သင့်သည်များကိုထောက်ပြအကြံပြုဆွေးနွေးပူးပေါင်းဆောင်ရွက်ရန်သာ ဖြစ်ပေလိမ့်မည်ဟုလည်း မြင်သည်။ ဤသည်ပင်လျှင်ပိုမိုကျယ်ဝန်းနွေးထွေးသော စားပွဲဝိုင်းဆွေးနွေးပွဲကြီးတစ်ခုဖြစ်သည်ဟု ထင်မြင်ယုံကြည်သည်။

ကျွန်ုပ်တို့၏နိုင်ငံသည်သဘာဝက မျက်နှာသာအပေးခံရသော နိုင်ငံတစ်နိုင်ငံဖြစ်၏။ မည်မျှပင် ဆုံးရှုံးခဲ့ရပြီးပြီ ဆိုသည့်တိုင် သယံဇာတများက အခိုင်အမာကျန်ရှိနေသေးသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသားညီအစ်ကို မောင်နှမများ အားလုံးသည်လည်းပင်ကိုအရကပင်ထက်မြက်ကြသူတွေဖြစ်ကြသည်။ စနစ်ကောင်း စနစ်မှန်အောက်တွင်အလျင်အမြန် ပြောင်းလဲတိုးတက်လာနိုင်သူတွေ ဖြစ်ကြသည်ဟုလည်းယုံနေမိသည်။

ကျွန်ုပ်တို့နိုင်ငံတော်သည် ယခုအတိုင်းမှန်မှန် ရှေ့သို့ချီလျက် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့တစ်ထစ်ထက်တစ်ထစ်နီးကပ်စွာလှမ်းတက်သည်နှင့်အမျှလည်း နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်းများနှင့် အတူ ဖေးမကူညီလက်တွဲခေါ်ယူခြင်းများလည်း ရောက်ရှိလာကြမည်မှာ မလွဲဧကန်ဖြစ်သည်ဟု မြင်နေရသည်။

ထိုအကြောင်းတရားများ ဆုံချက်သို့ အတိအကျရောက်လာသည့်အချိန်သည် ကျွန်ုပ်တို့၏မြန်မာနိုင်ငံတော်ကြီးကံဇာတာတံခွန်ထူသောကာလဟုပင်ဆိုရမည်ဖြစ်၏။ ထို့ကြောင့် ယခုကာလ အချိန်သည် သူ့အမတ်ဖြစ်ရေး၊ ကိုယ့်အမတ်ဖြစ်ရေးဟု ဟိုယခင် ပါလီမန်ခေတ်ကလို အမတ်ရူးထရမည့် အချိန်အခါ မဟုတ်သလို သူ့ပါတီ ကိုယ့်ပါတီအာဏာရရေးအတွက် အာဏာရူးကြရမည့် အချိန်အခါ အခြေအနေလည်း မဟုတ်ဟု တိကျပွင့်လင်းစွာပဲ မြင်ချင်ပြောချင်သည်။

တိုင်းကျိုးပြည်ကျိုးကို ရိုးသားစွာထမ်းရွက်လိုစိတ် ဧကန်ရှိသူများ လွှတ်တော်ထဲရောက်စေချင်သည်။ တိုင်းပြည်အတွက်အထူးလိုအပ်လျက်ရှိသောဘက်စုံထောင့်စုံ ပညာရှင်များ လွှတ်တော်ထဲရောက်စေချင်သည်။ သူ့ပါတီမှ ကိုယ့်ပါတီမှဟူ၍မခွဲခြားတော်သူတွေတတ်သူတွေ လွှတ်တော်ထဲရောက်စေချင်သည်။ ပုဂ္ဂိုလ်စွဲ ပါတီစွဲ ငါ့လူမှငါ့လူအတွေးအခေါ်မျိုးတွေ ယခုအချိန်အခါမျိုးတွင် ခေါက်သိမ်းထားမျိုချထားစေချင်သည်။

အမှန်မှု လက်ရှိအစိုးရအဖွဲ့ကိုဖွဲ့စည်းနိုင်သည်ထိ ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အပါအဝင် အခြားသောဒီမိုကရက်ပါတီများနှင့် တိုင်းရင်းသား ညီအစ်ကိုပါတီတို့သည်လည်းကောင်း၊ တပ်မတော်ကို ကိုယ်စားပြုလျက်လွှတ်တော်တွင်းသို့ရောက်ရှိနေကြသည့်တပ်မတော် ကိုယ်စားလှယ်တို့သည်လည်းကောင်း နိုင်ငံတော်၏ အနာဂတ် အကျိုးစီးပွားကိုသာဦးထိပ်ပန်ဆင်ကြလျက် ညီညွတ်သော တပ်ပေါင်းစုကြီး အသွင်ဖြင့် အမျိုးသားရေး မှတ်တိုင်ကြီးတစ်ခုကို လှပခိုင်ခံ့စွာ စိုက်ထူနိုင်ခဲ့ကြမည် ဆိုလျှင်မကြာမတင်သောကာလတိုတစ်ခုအတွင်း. . .

“ကမ္ဘာမှာ မြန်မာကွ” ဟု ရင်ကော့၍ ဆိုနိုင်သည့်ခေတ် တစ်ခေတ်သို့ ရောက်ရှိနိုင်ကြမည်မလွဲဟုလည်း ယုံကြည်နေမိသည်။

ကျွန်ုပ်တို့အားလုံး၌ မျိုးဆက်များရှိကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ လက်ငင်းအကျိုးစီးပွားထက် ကျွန်ုပ်တို့မျိုးဆက်များ၏အကျိုးစီးပွားကိုသာ ကြည့်ကြရမည်ဖြစ်သည်ဟု လေးနက်စွာ တောင်းဆိုချင်မိသည်။

ထိုအမြင်ကိုပိုက်ထွေးကာ ညီညွတ်ပေါင်း စည်းနိုင်ခြင်းဖြင့် နိုင်ငံတော်၏အနာဂတ် အကျိုးစီးပွား၊ မျိုးဆက်များ၏အကျိုးစီးပွားတို့ကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိသကဲ့သို့ဖော်ဆောင်နိုင်ကြပါစေ. . . ဟုလည်းဆုတောင်းမေတ္တာပို့သလိုက်ရကြောင်းပါ။ ။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# အမျိုးသမီးသီးသန့်ယာဉ်များ ထောက်လှမ်းရေးပြဿနာကို ဖြေရှင်းနိုင်မည်လား

သီဟ



ဇေ ဖော်ဝါရီ ၁၄ ရက်ကစပြီး ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ခရီးသည်တင် လိုင်းကားများတွင် အမျိုးသမီး သီးသန့်သာ စီးနင်းခွင့်ရှိသည့် ယာဉ်များစမ်းသပ်ပြေးဆွဲနေသည်။

လူအများစုကမူ ထိုသို့အမျိုးသမီးသီးသန့်ယာဉ်လိုင်းများ ပြေးဆွဲခြင်းမှာ ထောက်လှမ်းရေးရန်မှကာကွယ်ရန်ဟူ၍ ယူဆနေကြသည်။ ဟုတ်တော့လည်း ဟုတ်သလိုရှိသား။ ရုံးဆင်းချိန်၊ရုံးတက်ချိန် ခရီးသည်များလို့ ကားကျပ်နေချိန်တွေမှာ ကားပေါ်မှာ နှမချင်းမစာမနာ အမျိုးသမီးငယ်လေးများအား မဖွယ်မရာ ပြုလုပ်တတ်သည့် ကာမအခွင့်အရေးသမားများ၏ ရန်မှာလည်း အမျိုးသမီးငယ်လေးများအား ခြိမ်းခြောက်လျက်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသို့ပြုမူသူများအား အမည်သညာ ပြုလိုက်ကြသည်က ထောက်လှမ်းရေးဟူ၍။

ထိုကာမ အခွင့်အရေးသမားများထဲတွင် ခရီးသည်များသာမက ခရီးသည်များကို ကာကွယ်စောင့်ရှောက်ရင်း လိုရာခရီးသို့ ရောက်အောင်ပို့ဆောင်ပေးရမည့် ကိုရွှေစပယ်ယာတချို့လည်း ပါနေတတ်သည်ကို တွေ့တွေ့နေရသည်။

ရုံးဆင်းရုံးတက်ချိန်များတွင် ကားကျပ်သည်။ထိုကားကျပ်သည်ကို အခွင့်ကောင်းယူကာ ကာမအခွင့် အရေးသမားတွေပျော်ပါးကြသည်။ငွေကြေးအခွင့်အရေးသမားတွေ ခါးပိုက်နှိုက်ကြသည်။ တချို့သော အမျိုးကောင်းသားလေးများသည်လည်း ကားကျပ်ချိန် မလူးသာမလွန့်သာနှင့် မမျှော်လင့်ဘဲ ကာမအခွင့်အရေးသမားဆန်ဆန်ဖြစ်သွားရာက ခပ်စွာစွာမချောကပြဿနာရှာလို့ အရှက်တကွဲ အကျိုးနည်းဖြစ်သွားရသည်တွေလည်း ရှိသည်။

သို့သော် ခပ်စွာစွာမချောများလိုင်းကားများပေါ်တွင် ဘယ်နှယောက်ပါမည်နည်း။ မြန်မာနိုင်ငံမှ မိန်းကလေးအများစုမှာ အရှက်အကြောက်ကြီးသူများဖြစ်ကြသဖြင့် မိမိဆင်းလိုသည့် မှတ်တိုင်မရောက်မချင်း ကြိတ်မှိတ်သည်းညည်းခံကာ လိုက်ပါလာရတတ်စမြဲပင်ဖြစ်သည်။

ကားပေါ်ကဆင်းလို့အိမ်ပြန်ရောက်လျှင်သော်လည်းကောင်း အပေါင်းအသင်းတစ်ယောက်ယောက်နှင့်တွေ့လျှင်သော်လည်းကောင်း ထိုအချိန်ကျမှသာ မိမိ၏အဖြစ်အပျက်ကို ရင်ဖွင့်ပြောပြကာ ကားပေါ်ဆုံစည်းခဲ့သည့် ကာမအခွင့်အရေးသမားအား မေတ္တာပို့တော့သည်။ ကာမအခွင့်အရေးသမားများကလည်း အတော်လွန်သည်။ အချို့ဆိုလျှင် ကားကျပ်မည့်အချိန်များတွင် တမင်ကားလိုက်စီးကာ ကာမအခွင့်အရေးယူခြင်း၊အချို့ဆိုလျှင်ကြိုတင်ပြင်ဆင်ထားကြသူတို့ပင်ရှိကြသည်ဟုကြားဖူးသည်။

ထိုကာမအခွင့်အရေးသမားတို့၏ ပြဿနာသည် ပြောမဆုံးပေအခုမှတက်သည့်ပြဿနာလည်း မဟုတ်ပေ။ ခေတ်အဆက်ဆက်ဖြစ်ပျက်ခဲ့၊ ပြဿနာတွေတက်ခဲ့၊ အရှက်တကွဲ အကျိုးနည်းတွေဖြစ်ခဲ့သည့် ပြဿနာပင်ဖြစ်သည်။

သို့သော် ယခုအခါတွင် ထိုပြဿနာအား နည်းလမ်းပေါင်းစုံဖြင့်အဖြေရှာနေကြပြီဖြစ်သည်။ တက်ကြွသူတစ်စုကလည်း ဝီစီလေးမှုတ်ရုံဖြင့် ကာမအခွင့်အရေးသမားများအား နှိပ်ကွပ်နိုင်မည့်နည်းလမ်းအား စမ်းသပ်တီထွင်နေကြပြီဖြစ်သည်။

ကားပေါ်တွင်ဖြစ်လေ့ရှိသည့် ပြဿနာဖြစ်သည့်အတွက် ယဉ်လိုင်းများနှင့်လည်း တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် တာဝန်ရှိယာဉ်လိုင်းများကလည်း ထိုပြဿနာကို အဖြေရှာခဲ့ကြသည်။

ဟောတွေ့ပါပြီ။ အမျိုးသမီးသီးသန့်ယာဉ်တဲ့။ ဒီနည်းလမ်းကရောပြဿနာကိုဖြေရှင်းနိုင်မည့်နည်းလမ်းအမှန်ဖြစ်မည်လား. . စဉ်းစားစရာပင်ဖြစ်သည်။

အမျိုးသမီး သီးသန့်ယာဉ်လိုင်းမပေါ်ခင် ဟိုးယခင်ကလည်း ယဉ်လိုင်းတစ်လိုင်းတွင် အမျိုးသမီးတစ်ခြမ်း အမျိုးသားတစ်ခြမ်းကြားတွင် သံဆန်ခါခြားထားသည့်ယဉ်လိုင်းတစ်လိုင်းပေါ်ခဲ့ဖူးသည်ဟုကြားဖူးသည်။ ထိုစနစ်အောင်မြင်သည် မအောင်မြင်သည်တော့မသိ။ ထိုပုံစံကားမျိုး ယခုရှာလို့ပင် မတွေ့တော့ပြီဖြစ်သည်။

ယခုလည်း နည်းလမ်းသစ်တစ်ခုအဖြစ် အမျိုးသမီးသီးသန့်ယာဉ်လိုင်းကို မြေစမ်းခရမ်းပျိုး စတင်ပြေးဆွဲနေပြီဖြစ်သည်။

ရိုးရိုးလေး စဉ်းစားကြည့်ကြပါစို့။ အမျိုးသမီးငယ်တစ်ဦး ရုံးသွားဖို့ ကားမှတ်တိုင်မှာ ကားစောင့်နေချိန် ရုံးချိန်ကလည်း နီးနေပြီ။ ထိုအချိန်မျိုးတွင် ယင်းအမျိုးသမီးငယ်သည် သူ့တို့အန္တရာယ်ကင်းစေရန် စီမံထားသည့် အမျိုးသမီး သီးသန့်ယဉ်ကိုစီးမည်လား(သို့မဟုတ်)သူသွားမည့်လမ်းကြောင်းကိုရောက်သည့် အခြားမည်သည့်ကားကိုစီးမည်နည်း။

ယခုကဲ့သို့ အမျိုးသမီးသီးသန့်ယဉ်များကရော အခြားယာဉ်များနည်းတူ တစ်စီးပြီးတစ်စီး မကြာခဏ ဝင်ရောက်လာနိုင်မည့် အခြေအနေရောရှိမလား စဉ်းစားစရာပင်ဖြစ်သည်။

ကားပေါ်ရှိ ကာမအခွင့်အရေးသမားများ၏ ပြဿနာသည် လိုင်းကားများ ကားကျပ်ခြင်းမှသန္ဓေတည်ပေါက်ဖွားလာသည့် ပြဿနာတစ်ရပ်ဖြစ်သည်။

လိုင်းကားတွေ ဘာကြောင့် ကျပ်သလဲ. . ခရီးသည်နှင့် ကားအစီးရေလုံလောက်မှုမရှိ၊အချို့လိုင်းကားတွေက ညနေပိုင်းဆိုလျှင် သတ်မှတ်ခရီးစဉ်အတိုင်း ပြေးဆွဲခြင်းမရှိတော့ဘဲ လမ်းမှာတင်ဖြတ်ပြီး ပြေးဆွဲသဖြင့် မှတ်တိုင်များတွင် လူများပို၍အုံခဲလာခြင်းဖြစ်သည်။

ထိုအချိန်မျိုးသည် ကာမအခွင့်အရေးသမားတို့၏ အကြိုက်ပင်ဖြစ်သည်။ထို့ကြောင့် ထိုပြဿနာကိုဖြေရှင်းမည်ဆိုပါက အမျိုးသမီးသီးသန့်ယဉ်ပြေးဆွဲပေးလိုက်ရုံမျှနှင့် ပြဿနာပြေလည်သွားမည်လား. . .

အမျိုးသမီးသီးသန့်ယာဉ်တွေကရော အခြားသောလိုင်းကားတွေလို အလွယ်တကူ လမ်းကြောင်းတိုင်းမှာ ပြေးဆွဲပေးနိုင်မည်လား၊ အစီးရေကရောဘယ်လောက်ပြေးဆွဲနိုင်မည်လဲ. . .

ယာဉ်လမ်းကြောင်းတိုင်းတွင် လက်ရှိပြေးဆွဲနေသည့် ယာဉ်များနှင့်ဆတူမဟုတ်တောင် သုံးပုံနှစ်ပုံ ပြေးဆွဲနိုင်ပြီ ဆိုပါစို့။ အဲဒီသုံးပုံနှစ်ပုံသော ယာဉ်တွေကို ယခုလိုပဲ ယာဉ်လိုင်းတွေဆီအားဖြည့်ပေးလိုက် မည်ဆိုရင်ရော မည်သို့ဖြစ်လာမည်လဲ. .

ကားအစီးရေများလာမည်၊ တိုးဝှေ့စရာသိပ်မလိုတော့သည့်အတွက် ကာမအခွင့်အရေးသမားတွေရဲ့ပြဿနာ လျော့ပါးလာမည်စတဲ့ အကျိုးကျေးဇူးတွေရလာမည်လို့ မျှော်လင့်ရပါသည်။

ထို့ကြောင့် ပြဿနာ၏ရင်းမြစ်ကို ဖြေရှင်းခြင်းမဟုတ်သည့် လက်ပူတိုက်ဖြေရှင်းမှုမျိုးသည် မည်သည့်ခေတ်စနစ်တွင်မှကြာရှည်ခံသည့်ဖြေရှင်းမှုမျိုး၊နည်းလမ်းမှန်သည့်ဖြေရှင်းမှုမျိုးမဟုတ်ဆိုသည်ကိုတင်ပြရင်း . . . ။ ။

## JOKE

### အထဲသွင်းလိုက်

အမေရိကန်နိုင်ငံတွင် အာမစ်ရှ်ဒေသမှ လူများမှာ အလွန်ရှေးရိုးဆန်သောပုံစံဖြင့် နေထိုင်သူများဖြစ်သည်။ နိုင်ငံရေးသမားတစ်ဦးသည် ယင်းဒေသသို့မဲဆွယ်ရန် ရောက်ရှိလာခဲ့ရာ အိမ်တစ်အိမ်ရှေ့တွင် လူငယ်တစ်ယောက် နွားနို့ညှစ်နေသည်ကိုတွေ့ရသည်။

သို့ဖြင့် နိုင်ငံရေးသမားက ယင်းလူငယ်လေးအား ချဉ်းကပ်ပြီး မဲဆွယ်ရန်ကြိုးစားဖို့ ပြင်ဆင်နေစဉ် အိမ်ထဲမှ လူကြီးတစ်ယောက်အသံ ပေါ်ထွက်လာသည်။

“လုခ် အိမ်ထဲဝင်စမ်း။ မင်း ဘယ်သူနဲ့စကားပြောနေတာလဲ” ဟုဆိုရာ “သူကတော့ နိုင်ငံရေးသမားလို့ပြောတယ် အဖေ” လုပ်ခ်က ပြန်ဖြေသည်။

“အဲဒါဆိုရင် မင်းနဲ့အတူ နွားပါအထဲသွင်းလိုက်” ဟု လုခ်ဖခင်ကဆိုပါတော့သည်။

### ဗေဒင်ဆရာ

အမျိုးသားတစ်ယောက် ပန်းခြံထဲတွင် လမ်းလျှောက်ရင်း ဗေဒင် ဆရာမတစ်ယောက် ထိုင်နေသည်ကိုတွေ့ရချိန်၌ စိတ်ကူးပေါက်ပြီး ခဏတဖြုတ် ဗေဒင်မေးရလျှင် အပျင်းပြေမည်ဟု တွေးမိရင်း ဗေဒင်ဝင်မေးသည်။

ဗေဒင်ဆရာမက ဖန်လုံးကြီးကိုကြည့်ခိုင်းပြီးနောက် “သြော်-ရှင်က ကလေးနှစ်ယောက်အဖေကိုး” ဟုဆိုရာ အမျိုးသားက “ဒါက ဆရာမ အမြင်ပါ။ ဒါပေမဲ့ကျွန်တော်က ကလေးသုံးယောက်အဖေပါ” ဟုပြောရာ ဗေဒင်ဆရာမက “အဲဒါ ရှင်ထင်နေတာလေ။ ကျွန်မကတော့ဒီမှာနှစ်ယောက်ပဲမြင်တယ်” ဟုဆိုလိုက်ပါသည်။

# မြန်မာစာပေ ပိုမိုဖွံ့ဖြိုးစေချင်သည်

လှတင့်ဆွေ (ပိန်းဇလုပ်)

ကျွန်တော်တို့ ကုမ္ပဏီမှ ရုံးပို့/ကြိုကားသည် လှည်းတန်းမှထွက်ပြီး ပြည်လမ်းမကြီးတစ်လျှောက် မင်္ဂလာဒုံဘက်သို့မောင်းလာစဉ်ရွှေဟင်္သာကွန်ဒိုအကျော် အာစီ-၂လမ်းခွဲသို့အရောက်တွင်ရှေ့မှ အငှားကားနှစ်စီးသည် မဝင်ရဟုသတိပေးချက်ရေးသားထားသော လမ်းထဲသို့ ရုတ်တရက် ချိုးဝင်မောင်းနှင်သွားလေသည်။

ကျွန်တော်လည်း နှုတ်မှ လွှတ်ခနဲပင် “အဲဒီကားနှစ်စီးက ဘာကြောင်တာလဲကွာ။ ဘာဖြစ်လို့ မဝင်ရဆိုတဲ့ လမ်းထဲကို ချိုးဝင်သွားရတာလဲ” ဟုပြောမိရာ ကားပေါ်တွင် အတူပါလာသော လုပ်ဖော်ကိုင်ဖက်တစ်ဦးက “ဘိုလိုမတတ်လို့ဖြစ်ပါလိမ့်မယ်ဗျာ” တဲ့။

မှန်ပါသည်။ ထိုသတိပေးချက်ဆိုင်းဘုတ်တွင် မဝင်ရအမှတ်အသားရေးသားထား၍ အင်္ဂလိပ်လို No Entry ဟုရေးသားထားပြီးမြန်မာလို “မဝင်ရ” ဟုရေးသားထားခြင်းကိုမတွေ့ရချေ။

ထိုလုပ်ဖော်ကိုင်ဖက်ပြောလိုက်သော စကားကိုလည်း နားထဲမှ မထွက်ချေ။ ပြီးပြီးရောဆိုပြီး ပေါ့ပေါ့တန်တန်ပင်ပြောလိုက်တာလား။ အမှန်ပဲလေးလေးနက်နက်ပြောလိုက်တာလားဆိုတာကတော့ သူကိုယ်တိုင်သာသိလိမ့်မည်။ ထိုလမ်းညွှန်၊ သတိပေးချက် အမှတ်အသားများအောက်တွင် ယာဉ်မောင်းလိုင်စင်ချထားပေးစဉ်က စမ်းသပ်စစ်ဆေးချက်များအရ အမှတ်အသားရေးထားပါက ပြဿနာမရှိပါ။ စာသားရေးထည့်သင့်ပါကလည်း မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာလုံးရေးသင့်ပေသည်။

ဘာကြောင့်ထိုသို့ဆိုရသနည်း။

ကျွန်တော်တို့နိုင်ငံတွင် နိုင်ငံခြားယဉ်ကျေးမှုများက အလွန်လွှမ်းမိုးနေချေပြီ။

စာ(၄၀) သို့

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊
ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ မန္တလေးသတင်းထောက်များ- စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
နယ်သတင်းထောက်များ- မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး။ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။
ဓာတ်ပုံသတင်းထောက်- ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။
ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com

7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL
# Business
Vol.10, No.49 · FEBRUARY 23 , 2012

# ပဲပေါ်ချိန် ဈေးနှုန်းများ ယခင်နှစ်ထက် ထက်ဝက်ခန့်ကျဆင်း

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**


ဓာတ်ပုံ-ဧဝေဿ

အထွက်နှုန်းလျော့ခဲ့သည့်ယခုနှစ်ပဲပေါ်ချိန်တွင် ပဲတီစိမ်းနှင့် မတ်ပဲဈေးနှုန်းမှာ ယခင်နှစ် ပဲပေါ်ချိန်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့်လျော့နည်းနေကြောင်း သတင်းရရှိသည်။

ပဲစတင်ပေါ်သော ဖေဖော်ဝါရီ ဒုတိယပတ်မှစ၍ ပဲတီစိမ်းပိဿာ ၂၀ (တစ်တင်း)လျှင်ကျပ်နှစ်သောင်းဝန်းကျင်သာရှိပြီး မတ်ပဲတစ်တင်းလျှင်ကျပ်တစ်သောင်းသုံးထောင်ဈေးသာ ရှိနေသည်ဟု ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီးမှ တောင်သူများက ဆိုသည်။

ပြီးခဲ့သည့် နှစ်ယခုအချိန်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ်သုံးသောင်းခွဲခန့်ရှိပြီး မတ်ပဲတစ်တင်းလျှင်ကျပ်နှစ်သောင်းသုံးထောင်ခန့် ဈေးရှိခဲ့သည်။

"ပဲတီစိမ်းက ဈေးမကောင်းပေမယ့်ဝယ်သူတော့ရှိတယ်။ မတ်ပဲက အဝယ်မရှိဘူး။ တတ်နိုင်တဲ့သူကတော့ မတ်လကုန်လောက်ထိတော့ မရောင်းဘဲ နေကြဦးမယ်" ဟု ရေကြည်ဒေသခံ ပဲစိုက်တောင်သူတစ်ဦးက ဆိုသည်။

ယခုနှစ်ရာသီဥတုမှာ မိုးအုံ့ရက်များခဲ့ခြင်း၊ ပဲစိုက်ပျိုးချိန်တွင် သွင်းအားစုထည့်သွင်းမှု နည်းခဲ့ခြင်းတို့ကြောင့် ပဲအထွက်နှုန်းမှာ ယခင်နှစ်များထက် လျော့ကျခဲ့သည်။

"ပဲအထွက်က ၁၅ ရာခိုင်နှုန်းလောက်လျော့တယ်" ဟု ဟင်္သာတ ပဲနှမ်းကုန်သည်အသင်း ဥက္ကဋ္ဌဦးမြင့်သိန်းက ဆိုသည်။

လက်ရှိ ဟင်္သာတမြို့နယ်တွင် မတ်ပဲဈေးမှာတစ်တင်းလျှင် ကျပ် ၁၃,၆၀၀၊ ပဲတီစိမ်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၆၂၀၀ သာ ဈေးရှိသည်။ ယင်းဈေးနှုန်းမှာ တောင်သူများ စိုက်ပျိုးချိန်ကုန်ကျခဲ့သည့် သွင်းအားစုစရိတ်နှင့် နှိုင်းယှဉ်လျှင် အရှုံးပေါ်နေသည်။ မတ်ပဲတစ်တင်းလျှင်ပျမ်းမျှကျပ်၁၇၀၀၀အထက် ဈေးရမှသာ တောင်သူများ အဆင်ပြေနိုင်ကြောင်းလည်း သိရသည်။

ယင်းကဲ့သို့ပင်မိုးစပါးပေါ်ချိန်တွင်ဈေးနှုန်းများကျပြီးအထွက်နှုန်းနည်းခဲ့သဖြင့် တောင်သူများ အရှုံးပေါ်ခဲ့သည်။ မိုးစပါးပေါ်ချိန်တွင် စပါးဈေးသည် တင်းတစ်ရာလျှင် ၂၅၀,၀၀၀ ကျပ်မှ ၃၀၀,၀၀၀ ကျပ်ကြားသာ ရှိသည်။ ယင်းကြောင့်တောင်သူလယ်သမားများသည် ဆောင်းသီးနှံပဲကိုသာအားထားခဲ့ကြသည်။

# ရေငန်ပုစွန်မွေးမြူရေးလုပ်ကိုင်သူများကို ကုမ္ပဏီများ ငွေထုတ်ချေး

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ-၁၅**

ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေသည့် မောင်တောဒေသတွင် လာမည့်ပုစွန်ရာသီအတွက် ကန်ပိုင်များကိုပြုပြင်နေကြပြီဖြစ်ရာ ကန်ပြုပြင်ခြင်းနှင့် သားပေါက်များမွေးမြူရန် အတွက်လိုအပ်သောရင်းနှီးငွေများကို နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီများက ထုတ်ချေးပေးနေကြောင်းသတင်းရရှိသည်။

အဆိုပါငွေများကိုထုတ်ချေးရာတွင် ကန်အရွယ်အစားနှင့် ပုစွန်ထွက်ရှိမှုအပေါ် မူတည်ကာ ထုတ်ချေးပေးခြင်းဖြစ်ပြီး ပုစွန်ထွက်ရာသီတွင် ငွေသားအစား ပုစွန်များကို ပေးသွင်းရကြောင်း သိရသည်။ "ကန်ပိုင်လုပ်တဲ့သူတွေမှာ ကန်ပြုပြင်ဖို့၊ သားပေါက်မွေးဖို့က ငွေသိပ်မရှိကြတဲ့အတွက် ကုမ္ပဏီတွေက ထုတ်ပေးထားတာဖြစ်ပါတယ်။ အခုယူထားတဲ့ငွေတွေကိုပုစွန်ထွက်ရာသီမှာပေါက်ဈေးအတိုင်း ပြန်ဝယ်ပြီးတော့ ဖြတ်ယူသွားမှာ ဖြစ်ပါတယ်။ မွေးတဲ့သူအတွက်လည်း အကျိုးရှိ၊ ရောင်းဝယ်ရေး လုပ်သူတွေလည်း အကျိုးရှိပါတယ်။ ဒါပေမဲ့ ငွေယူထားတဲ့သူကချေးထားတဲ့ကုမ္ပဏီကို အဓိကသွင်းရမှာဖြစ်ပါတယ်" ဟု နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုအခါ မောင်တောနယ်စပ်ဒေသတွင် ရေငန်ပုစွန်မွေးမြူရန်အတွက် ကန်ပြုပြင်ခြင်း၊ သားပေါက်စုဆောင်းခြင်းများကို ပြုလုပ်နေကြပြီး နယ်စပ်မှတင်ပို့ရာတွင်လည်း ကုန်သွယ်လုပ်ငန်းခွန်များလျှော့ထားသည့်အတွက်တင်ပို့သူများကမွေးမြူသူများကိုတိုးချဲ့မွေးမြူရန်လိုအပ်သော အကူအညီများပေးနေကြောင်း သိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၈ | ၈၃၁ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၃ | ၈၂၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၂၇ | ၁၀၄၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ၂၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၅ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၆ | ၈၅၇ | ကျပ် |

၂၀၁၂ ဖေဖော်ဝါရီ ၁၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၁၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၀၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၄၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၉၈၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၃၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၇၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၆. ၂၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၄၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၆၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၃၃၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၃၂၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၇၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၅၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၉၅၆၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၂၅. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၁၉. ၅၈၀ |
| ငွေ | ၁ အောင်စ | ၃၃. ၂၈၂ |
| ကြေးနီ | ပေါင် | ၃၇၁. ၆၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၆၈၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ ဖေဖော်ဝါရီ ၁၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရွှေဈေးကွက် အရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**



ပြည်တွင်း ရွှေဈေးကွက်တွင် အရောင်းအဝယ်အေးနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

စာ(၃၄)သို့

စင်ထွာ
မီးလင်းကတ္တား
မှ အသစ်ထပ်မံ ထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း
- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက်မြင်နိုင်ခြင်း။




09.7300.9641, 09.731.236.36,02.788.24

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# ဘုရင့်နောင်မှ မြို့တွင်းပြေးဆွဲ ခေါက်တိုယာဉ်များကို တန်ချိန်သတ်မှတ်ရန် စီစဉ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

ဘုရင့်နောင်ပွဲရုံဝင်းမှ မြို့တွင်း ခေါက်တိုပြေးဆွဲသော ကားများကို တန်သတ်မှတ်စီစဉ်ထားကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီကားတွေကိုပါ တန်သတ်မှတ်ချက်တွေလုပ်ဖို့ စီစဉ်တာက ဘုရင့်နောင်ဝင်းထဲမှာ လမ်းပျက်စီးတဲ့အခါကျရင် ကိုယ်ထူကိုယ်ထစနစ်နဲ့ ပြင်ရတော့ တန် ၆၀-၇၀ တင်ပြီးသွားနေတဲ့ကားတွေရှိနေတာကြောင့် တန်သတ်မှတ်ဖို့ စီစဉ်နေတာပါ"ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

ဘုရင့်နောင်ဝင်းအတွင်း လမ်းပျက်စီးမှုဖြစ်ပွားပါက ကားဂိတ်များနှင့် ပွဲရုံလုပ်ငန်းရှင်များကမျှဝေ၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုပြင်ရလေ့ရှိကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လတ်တလောမြို့တွင်းပြေးဆွဲနေသောကုန်ကားများကို သတ်မှတ်ရန် တန်သတ်မှတ်ချက်ကို တိကျစွာသတ်မှတ်ထားခြင်းမရှိသေးဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကုန်ကားများကို သတ်မှတ်သော အာဆီယံစံချိန်များအတိုင်းသာ ထားရှိထားကြောင်းသိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အဝေးပြေးအသင်းအနေဖြင့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အစည်းအဝေးတွင် တင်ပြထားပြီးဖြစ်သော်လည်း လက်ရှိကာလအထိ သက်ဆိုင်ရာမှ တစ်စုံတစ်ရာ သတ်မှတ်ပေးခြင်း မရှိသေးကြောင်းသိရသည်။




စာ(၃၃) - ရွှေဈေးကွက် အရောင်းအဝယ်အေး မှ



"ရွှေဈေးကလည်း အမြင့်ပိုင်းရောက်နေပြီ။ အတက်အကျနည်းနေတော့ အရောင်းအဝယ်မလုပ်ကြသေးဘဲ စောင့်ကြည့်နေကြတဲ့ အနေအထားဖြစ်နေတယ်။ ဈေးအတက်အကျက ကမ္ဘာ့ဈေးပေါ်မှာမူတည်နေတယ်"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ဈေးကွက်အနေအထားကိုပြောသည်။

ရွှေဈေးကွက်သည် ဈေးနှုန်းအမြင့်ပိုင်းတွင် ရောက်ရှိနေပြီး ဈေးအတက်အကျနည်းကာ ဈေးနှုန်းပြောင်းလဲမှုနည်းသောကာလဖြစ်၍ ဈေးကွက်အရောင်းအဝယ်အေးနေခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များကပြောသည်။

ရွှေဈေးကွက်သည် ပုံမှန်အားဖြင့် ဈေးမြင့်နေသော်လည်း ဈေးအတက်အကျများနေပါက ဈေးကွက် ဈေးကစားသူများ၊ တက်ဈေးမှန်း၍ အရောင်းအဝယ်လုပ်သူများဖြင့် အရောင်းအဝယ်ကောင်းလေ့ရှိတတ်ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် ပြည်တွင်းရွှေဈေးနှုန်းမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၄၀,၀၀၀ ကျပ်နှင့်အထက် ဈေးအတက်အကျဖြစ်နေသည်။ ၁၅ပဲရည် ဈေးနှုန်းများမှာလည်း တစ်ကျပ်သားလျှင် ကျပ် ၇၀၀,၀၀၀ နှင့်အထက်ထိ မြင့်တက်နေပြီဖြစ်သည်။

လက်ရှိ ဈေးကွက်အနေအထားအရ ရွှေဈေးနှုန်းအတက်အကျမှာ ကမ္ဘာ့ရွှေဈေးအတက်အကျပေါ်တွင် မူတည်နေသည်ဟု ရွှေလုပ်ငန်းရှင်များကပြောသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁၇၃၀ ဒေါ်လာဝန်းကျင်တွင်ရှိနေသည်။ အမေရိကန်ငွေဈေးမှာ တစ်ဒေါ်လာလျှင် ၈၁၅ ကျပ်ဝန်းကျင်တွင် ရှိနေသည်။

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်မှုကြောင့် ဈေးမြင့်နေသော ပြည်တွင်းရွှေဈေးကွက်တွင် ရွှေဆိုင်များ အရောင်းအဝယ် အေးနေသကဲ့သို့ ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင်ပြုလုပ်သော အရောင်းအဝယ်မှာလည်း ဈေးမြင့်နေချိန်တွင် စာရွက်စာတမ်းဖြင့် အရောင်းအဝယ်ပြုလုပ်သည့် စနစ်ကို ကျင့်သုံးနေ၍ ဈေးကွက်အေးနေကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

# ကားကုမ္ပဏီများပါဝင်မည့် ကားနှင့် လူသုံးကုန်ပြပွဲ ကျင်းပမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**

ဒုတိယအကြိမ် Yangon Expo & Car Show ပြပွဲကို မတ် ၂ ရက်မှ ၅ ရက်ထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း Smart Business Group မှ သတင်းရရှိသည်။

အဆိုပါ ပြပွဲတွင် ကားများကို အဓိကထားပြသမည်ဖြစ်ပြီး ကားနှင့်ဆက်စပ်ပစ္စည်း ပြခန်းပေါင်း ၆၀ ခန့်နှင့် လူသုံးကုန်ပစ္စည်းပြခန်းများအပါအဝင်စုစုပေါင်းပြခန်း ၂၀၀ ကျော်ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

ထိုပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ ကားအရောင်းပြခန်းများ၊ မော်တော်ဆိုင်ကယ်များ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ကားဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများ၊စိုက်ပျိုး၊မွေးမြူရေးသုံးပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများနှင့် အခြား အထွေထွေလူသုံးကုန်ပစ္စည်းများကို အထူးလျှော့ဈေးများ၊ အရစ်ကျငွေချေစနစ်များဖြင့် ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"လူသုံးကုန်ပစ္စည်း အစုံအလင်နဲ့ပေါ့နော်။ ကားတွေကို တစ်နေရာတည်းမှာ ဝယ်ယူစေချင်တဲ့ ရည်ရွယ်ချက်ပါ။ ကားတွေကို စုံစုံလင်လင်နဲ့ ကားကုမ္ပဏီတွေဝင်ရောက်ပြသမယ်။ တစ်နေရာတည်းမှာ ဝယ်လို့ရအောင်။ အစ်မတို့ အရင်တစ်ခါတွဲလုပ်တာလည်း အောင်မြင်တယ်။ လူစိတ်ဝင်စားမှု ပိုများတယ်။ ဒါကြောင့် ထပ်ပြီးလုပ်ဖြစ်တာ" ဟု Smart Business Group မှ ဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# 7DAY BOOK REVIEW

## ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ

(ခင်မြဇင်)




၁၉၇၉ မှ ၂၀၀၅ ခုနှစ် ၂၅ နှစ်တာကာလအတွင်း စာရေးဆရာမ ခင်မြဇင်ရေးသားခဲ့သော ဝတ္ထုတိုများအနက် စိတ်ကြိုက်လက်ရွေးစင် ၃၇ ပုဒ်ကို စုစည်းထုတ်ဝေလိုက်သည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်သည်။ ပန်းချီဆရာမတစ်ဦးလည်းဖြစ်သော ခင်မြဇင်၏ ဝတ္ထုတိုများတွင် ယနေ့ဝတ္ထုတိုများ၌ တွေ့မြင်ရ နည်းနေပြီဖြစ်သော ရေးဖွဲ့မှုမရှိသလောက်၊ ဆိုရလျှင် ရေးဖွဲ့နိုင်မှုမရှိသလောက် ဖြစ်သော သဘာဝအလှ ရှုခင်းအဖွဲ့အနွဲ့များကိုကျောရိုးသဖွယ် ထည့်သွင်းဖွဲ့ဆိုထား၍ ရသစစ်စစ်ဝတ္ထုတိုများဟုလည်း ဆိုနိုင်သည်။

အထူးသဖြင့် 'အမေဆရာမ၊ ကောင်းကင်မိုးတိမ်၊ မုတ်သုံညို့ချိန်၊ ကြာတသင်းသင်း၊ လရောင်စိမ်းစိမ်း၊ မျှော်လင့်ချက်ရှက်ကြွေ၊ နှင်းမြူငွေ့တန်း' စသဖြင့် ဝတ္ထုတိုလေးများ အမည်တပ်ထားသည်မှာ ပန်းချီဆန်လှသည်။ ရုရှားနှင့် ဂျပန် ဘာသာပြန်ဆိုခံရသော 'အမေ ဆရာမ' ဝတ္ထုတိုသည် စာရေးသူ၏ ပထမဆုံး ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထုတိုဖြစ်ပြီး ခင်ပွန်းသည်နှင့် အယူအဆချင်း မတူညီ၍ လမ်းခွဲခဲ့သော တောကျောင်းဆရာမလေးတစ်ဦး သားသမီးသုံးဦးနှင့် ရုန်းကန်ရခြင်းကိုဖွဲ့ဆိုထားပြီး ထိုမှ ဘဝတူ ဆင်းရဲနွမ်းပါးသည့် မူလတန်းကျောင်းသား၊ ကျောင်းသူလေးများ၏အကြောင်းရက်ရှယ်ရေးသားထားရာ ရင်ကိုထိခတ်စေသော ရသဖွဲ့အဖြစ်ဖတ်ရှုရပါမည်။ 'နှင်း၏နိဂုံး' ဝတ္ထုတွင် မြို့ငယ်လေးတစ်မြို့၌ မထင်မရှား ရုံးစာရေးမလေးတစ်ဦး တစ်နယ်တစ်ကျေးမှ လာရောက်သော အရာရှိငယ်တစ်ဦးနှင့် ချစ်ကြိုးသွယ်မိပုံ၊ ထိုအရာရှိသည် အိမ်ထောင်ရှင် ဖြစ်မှန်းသိရာမှ လမ်းခွဲကြသည့်အဆုံးခံစားရလွန်း၍ ဆေးရုံတက်ကုသစဉ် အပနာမပြောကြသော ပတ်ဝန်းကျင်နှင့်ကြုံခဲ့ရပြီး ကာလတစ်ခုကြာသည့်အခါ ဘဝကို တစ်ဦးတည်း ရဲရဲဝံ့ဝံ့ ဖြတ်သန်းရဲခဲ့ပုံကို သိမ်မွေ့ညက်ညောစွာ ဖတ်ရှုရပါမည်။

'အနုတ်နဲ့ အပေါင်း' ဝတ္ထုတွင် မြို့လေးတစ်မြို့ တရားရုံးအနီး ဖွင့်လှစ်ထားသည့် လက်ဖက်ရည်ဆိုင်ရှင် အမျိုးသမီးသည် ထောင်ကျသွားသည့် ဓားပြဖိုလ်တစ်ဦး၏ မိန်းမအား ခေါ်ယူစောင့်ရှောက်မိရာမှ ယောကျ်ားဖြစ်သူနှင့် ငြိစွန်းခဲ့သော်လည်း ကြိတ်မှိတ်သည်းခံနေခဲ့ပုံ၊ နောက်ဆုံး ထိုမိန်းမနှင့် ယောကျ်ားဖြစ်သူ တစ်အိမ်တည်း နေနိုင်အောင် အိမ်ငှားရမ်းပေးပုံ၊ စီးပွားရေး အဆင်ပြေကြရာမှ ထိုမိန်းမရွာသို့ ပြန်သွားပုံ၊ယင်းနောက်နာမကျန်းဖြစ်သည့်အခါ သံယောဇဉ်ရင်းစွဲဖြင့် ရွာသို့လိုက်သွားကာ ကွယ်လွန်ချိန်အထိ စောင့်ရှောက်ပုံတို့ကို မည်သို့မှ သွေးသားမတော်စပ်သည့် အမေနှင့် သမီးအရွယ် မိန်းမသားနှစ်ဦးကြား သံယောဇဉ်အား ရေးဖွဲ့ထားပါသည်။ 'ဝမ်းနည်းမှတ်တမ်း' ဝတ္ထုတို၌ "စာရေးဆရာမ မိုးမိုး(အင်းလျား)သေဆုံးစဉ်က အမိန့်ပြန်ခြင်း၊ စာတမ်းဖတ်ခြင်းနှင့် ခမ်းခမ်းနားနား သဂြိုဟ်ခဲ့ကြပါသည်။ ကျွန်မသည် သစ်ပင်တစ်ပင်၏ အရိပ်မှာ တိတ်ဆိတ်စွာ စောင့်ကြည့်ခဲ့ပါ၏။ မိုးငြိမ်းအေး အသုဘမှာတော့ ရင်ထဲက မခံနိုင်။ သူ့မိခင် ဘယ်မျှပူဆွေးရမလဲတွေးပြီး ဝမ်းနည်းမိရ၏။ နေမည်ဆိုလျှင် လူ့သက်တမ်းအတိုင်း ဆက်လက်နေထိုင်ခွင့်ကို မျှော်မှန်းရရှိသင့်သေးသော သမီးအတွက် အရွယ်အိုမိခင်သည် မည်မျှပင် ပန်းရလေမည်လဲ။ စိန်စိန်ကတော့ ဟိုဝေးလံသော ကာလကပင် သာယာဝတီ၌ သေဆုံးနှင့်၏။ 'ခရီးဝက်ပါ' စာအုပ်ကား ကျွန်မအတွက် သူထားခဲ့သော နှလုံးသားမီးပွားတစ်ခုပင်" ဟု ဖော်ပြပါရှိသည်။

ယခုစာအုပ်ကို ရာပြည့်စာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## အဆိပ်အကြောင်း သိသလား

အဆိပ်ဟူသည်ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်အတွင်းသို့ရောက်ရှိပါက သက်ရှိသတ္တဝါတိုင်းကို အန္တရာယ်ပေးနိုင်သောအရာဖြစ်သည်။ အဆိပ်အမျိုးပေါင်းများစွာရှိပြီး ပုံမှန်အားဖြင့် အပင်များနှင့် တိရစ္ဆာန်များတွင်တွေ့ရှိရသည်။ အဆိပ်တိုက်ကပ်နွယ်ပင်ဆိုပါလျှင် အဆိုးဝါးဆုံးအန္တရာယ်ပေးနိုင်သော အဆိပ်များပါရှိသဖြင့် ၎င်းကိုထိမိသောလူနှင့်တိရစ္ဆာန် များ၏အရေပြားတွင်အရည်ကြည်ဖုများထွက်ကာ အဆိပ်သင့်လေ့ရှိသည်။ စားချင်စဖွယ်ဆွဲဆောင်မှုရှိသော အနီရောင်ပန်းပွင့်၍ အနက်ရောင်အသီးငယ်များသီးသည့်အဆိပ်ပင်တစ်မျိုးမှာလည်းစားမိပါကအသက်သေဆုံးနိုင်သည်။ Angel Mushroom ခေါ် မှိုတစ်မျိုးသည်လည်းစားမိပါက သေဆုံးနိုင်ပြီး စားကျက်တွင်တွေ့ရလေ့ရှိသော ပေါင်းပင်တစ်မျိုးသည်လည်း ကျွဲနွားတိရစ္ဆာန်များကိုရူးသွပ်စေသည်ဟု သိရသည်။

အဆိပ်ပြင်းသတ္တဝါများတွင်မြွေဆိပ်သည်အပြင်းထန်ဆုံးဖြစ်ပြီး ပျားကောင်များ၊ နကျယ်ကောင်များနှင့် ပုရွက်ဆိတ်များ၏အဆိပ်ဆူးများတွင်လည်း အန္တရာယ်ပေးနိုင်သောအက်ဆစ်တစ်မျိုးပါရှိသည်။ အပင်၊ တိရစ္ဆာန်များစသည့် သဘာဝရင်းမြစ်မှတိုက်ရိုက်မဟုတ်သည့် အဆိပ်ပေါင်းများစွာလည်းရှိပြီး အက်ဆစ်ပြင်းအချို့ကိုမျိုချမိပါလျှင် ခန္ဓာကိုယ်တစ်ရှူးများကိုလောင်ကျွမ်းစေနိုင်သည်။ အာဆင်းနစ်ကဲ့သို့သောအဆိပ်သည် ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် တွေ့ရတတ်သည့်ချွဲမြေးများကို ဖျက်ဆီးပစ်သည်။

*—Source: Wisdom Monthly Digest*




### ARIES မိဿရာသီဖွား (မတ်၂၁–ဧပြီ၂၀)

ရန်များမည်။ အခက်အခဲနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ စေတနာဝေဒနာဖြစ်တတ်သည်။ သူတစ်ပါးကြောင့် မိမိအကြံပျက်တတ်သည်။ ကြုံတွေ့နေရသော အခက်အခဲများအား ချက်ချင်းဖြေရှင်းပါ။ နှောင့်နှေးခြင်း မရှိသင့်ပါ။ ငွေကြေးကံ၊ အလုပ်ကံများ အထူးကောင်းမည်။ သူတစ်ပါးကိုယုံပြီး လွှဲပြီး၊ လုပ်ခြင်းထက် အရာရာကိုယ်တိုင်လုပ်ပါ။ အမည်တွင်(အ၊ဥ၊သ၊ဟ)ပါသောသူများကြောင့် စိတ်အနှောင့်အယှက်ကြုံမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁–မေ၂၁)

လုပ်ကိုင်လိုက်သည့်ကိစ္စများမှ ထူးခြားသော တိုးတက်မှုရမည်။ ယခုလုပ်နေသည့် ကိစ္စအလုံးစုံတွင် လမ်းသစ်တစ်ခုပေါ် ပေါက်လာကာ ရှေ့တိုးဆောင်ရွက်နိုင်သည်။ သူတစ်ပါးကို ကြုံပြီး ကြော်ငြာသကဲ့သို့ ပြောဆိုခြင်း ရှောင်ပါ။ သိုသိုသိပ်သိပ်လုပ်လေ အကျိုးရှိလေဖြစ်မည်။ လမ်းလွဲမလိုက်မိရန် အရေးကြီးသည်။ ပူးပေါင်းဆောင်ရွက်ခြင်းများ အကျိုးရှိမည်။ ငွေကြေးဥစ္စာတိုးပွားခြင်း၊ ကံသစ်ပွင့်ခြင်းများ ရှိမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂–ဇွန် ၂၁)

အရာရာ သတိနှင့် ယှဉ်ပြီး ဆောင်ရွက်ပါ။ ပေါ့ပေါ့ဆဆမလုပ်ပါနှင့်။ လူယုံထား၍ မရပါ။ အရာရာကိုယ် တိုင်ဆောင်ရွက်ပါ။ ငွေကြေးပျောက်ရှတတ်သည်။ ပစ္စည်းအပျက်အစီးများမည်။ ရင်းနှီးသောသူများနှင့် စကားများရတတ်သည်။ အရာရာချိန်ဆပြီးလုပ်ပါ။ အခါတိုင်းနှင့် မတူသော ငွေကုန်ပေါက်များ ကြုံမည်။ လူမျိုးကွဲ၊ ကပြား၊ ဘာသာခြားများနှင့် ဆက်စပ်ပြီးလုပ်သောကိစ္စများမှ ထူးခြားသောကောင်းကျိုးများရရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂–ဇူလိုင် ၂၂)

အခက်အခဲနှစ်ခုတစ်ပြိုင်နက်တည်း ဖြေရှင်းနိုင်မည်။ လုပ်ငန်းအကြံအစည်များ ကြန့်ကြာ နှောင့်နှေးပြီးမှ အဆင်ပြေမည်။ ရင်းနှီးသော လူများနှင့် စကားများရတတ်သည်။ ကာလအတန်ကြာအောင် စောင့်စားနေသော ကိစ္စအဆုံးပိုင်းတွင် မိမိမှတ်ထင်သလို မဖြစ်လာ၍ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ခရီးကိစ္စစီစဉ်ထားသည်များ နှောင့်နှေးပြီးမှ အဆင်ပြေသွားမည်။ စရိုက်သဘာဝခြားနားသူများနှင့် ပူးတွဲလုပ်ကိုင်ရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃–ဩဂုတ်၂၃)

စိတ်ချမ်းမြေ့ဖွယ်ရာများကြုံမည်။ အနှောင့်အယှက်များစွာကို ကျော်လွှားနိုင်မည်။ အခက်အခဲကင်းစင်၍ အလိုရှိရာ ပြည့်စုံမည်။ စိတ်ရှုပ်ထွေးစရာအချို့သည်လည်း တနင်္လာနေ့၊ အင်္ဂါနေ့မွေးသောသူများထံမှ အထောက်အကူရပြီး အဆင်ပြေသွားနိုင်ပါသည်။ မမျှော်လင့်ဘဲ အပြောင်းအလဲနှင့် ခရီးကိစ္စများကြုံမည်။ မူလကြိုတင်စီစဉ်ထားခြင်းမရှိဘဲ လုပ်ကိုင်မှုနှင့် တိုးတက်ခြင်းကြုံမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄–စက်တင်ဘာ၂၂)

ထူးခြားသော ကံအခွင့်အလမ်းကောင်းများပေါ် ထွန်းမည်။ ရန်အတိုက်အခံများအားလုံးကို ကျော်လွှားပြီး တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ လမ်းသစ်ထွင်ပြီးထိုးဖောက်ဆောင်ရွက်နိုင်သော ကာလဖြစ်ပါသည်။ပေါ် ပေါက်လာသော အခွင့်အလမ်းများကို အသုံးချနိုင်သည်။ ငွေကုန်စိတ်ပမ်းစရာများ ကြုံလင့်ကစား အဆင်ပြေခြင်းများရှိမည်။ ဤရက်အတွင်း အစီအစဉ်သစ်များကို စတင်ပါ။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃–အောက်တိုဘာ၂၃)

စကားများရမည်။ ဖြေရှင်းရမည်။ ပဋိပက္ခများတစ်မျိုးပြီးတစ်မျိုးကြုံမည်။ ငွေကြေးနှင့် လူမှုရေးရောထွေးမိ၍ စိတ်ရှုပ်ရကိန်းကြုံနိုင်ပါ၏။ ရန်အနှောင့်အယှက်များ တစ်ခုကိုဖြေရှင်း၍ မအေးချမ်းမီနောက်တစ်မျိုးပေါ် ပြန်သည်။ မိမိစိတ်ကူးထားသည်များအားလုံး ဘေးချထားပြီး အခြေအနေအရ မလုပ်မဖြစ် လုပ်ရသည့်ကိစ္စများ ဦးစားပေးရမည်။ ကြာသပတေးနေ့၊ ဗုဒ္ဓဟူးနေ့မွေးသူများနှင့် ဆက်စပ်၍ တိုးတက်မှုရမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄–နိုဝင်ဘာ၂၂)

အဘက်ဘက်မှ ကောင်းမည်။ လူမျိုးကွဲအကျိုးပေးမည်။ ကာလအတန်ကြာမိမိရသင့်လျက် တလွဲတချော်ဖြစ်နေသည့် အလုပ်စီးပွားများ အဆင်ပြေစွာ ဆောင်ရွက်နိုင်၍ အဆင့်ဆင့်တိုးတက်မည်။ မိမိအပေါ် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်လာသူများခါတိုင်းထက် ပိုမည်။ ဝန်းကျင်သစ်တွင် ပဋိပက္ခနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ရန်ပြုလာသူများကို ဥပေက္ခာပြုလိုက်ပါ။ ရသင့်ရထိုက်သည့် ငွေကြေးများ ပြန်ရမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃–ဒီဇင်ဘာ၂၁)

အရာရာအဆင်ပြေမည်။ စိတ်ချမ်းမြေ့စရာများဖြစ်ပေါ် မည်။ ခက်ခဲသော အရာများ၊ အနှောင့်ယှက်များ ကျော်လွှားနိုင်မည်။ ဆန္ဒ၊ လိုလားချက်များအားလုံးအဆင်ပြေမည်။ အိမ်တွင်လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ တိုးတက်မည်။ စုစည်းတွဲဖက်ပြီး ဆောင်ရွက်လိုက်သည့် ကိစ္စများမှ အကျိုးဆက်ကောင်းများရမည်။ မိတ်ဆွေသစ်တိုးပွားမည်။ တနင်္လာနေ့၊ သောကြာနေ့၊ အင်္ဂါနေ့မွေးသူများက မိမိအပေါ် ကောင်းကျိုးပေးလိမ့်မည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂–ဇန်နဝါရီ၂၀)

အပြောင်းအလဲများရှိမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ စုစည်းပြီးလုပ်သော ကိစ္စများမှ ကောင်းကျိုးရရှိမည်။ ရန်အနှောင့်အယှက်များဝန်းရံနေမည်။ အရာရာသတိရှိရမည်။ ထိပ်တိုက်ရင်ဆိုင်ရသည့်ရန်များထက် ရန်ပုန်းရန်ဝှက်များကို ပိုသတိရှိရမည်။ အလုပ်စီးပွားသစ်များ ဆောင်ရွက်အောင်မြင်မည်။ မိသားစုတွင် နေအိမ်နေရာ၊ လုပ်ငန်းနေရာအပြောင်းအလဲကောင်းရှိမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁–ဖေဖော်ဝါရီ၁၈)

ဘဝရည်မှန်းချက်များနှင့် မိမိစိတ်ဆန္ဒများပြည့်မြောက်မည့် မှန်းဆချက်များအလုံးစုံပြည့်မြောက်မည်။ ငွေကြေး၊လုပ်ငန်းစီးပွားများ ထူးခြားစွာကံကောင်းသည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော်ပါ။ မိမိအပေါ် အနှောင့်အယှက်ပေးသောသူများအားလုံးကိုကျော်လွှားနိုင်မည်။ သဘာဝအကြောင်းဖြစ်သော ဘေးဥပါဒ်အန္တရာယ်နှင့်ကြုံတွေ့နိုင်သည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉–မတ်၂၀)

ပျက်စီးနေသည့် ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲ၍ အကျိုးရှိမည်။ ရပ်တန့်ထားသည့် လုပ်ငန်းများအား ပြန်လည်လုပ်ကိုင်နိုင်မည်။ ဒုက္ခပေးသူများ ဝန်းရံနေမည်။ တစ်ခုထက်ပိုသော ပြဿနာများကို တစ်ပြိုင်နက်တည်းဖြေရှင်းရမည်။ ငွေကြေးကဏ္ဍစီးပွားပိုင်းတွင် ထင်ရှားသော အဆင်ပြေသော အခြေအနေကြုံပြီးနောက်ဆုံး အခြေအနေရောက်မှ လက်တစ်လုံးခြားပျက်သွားတတ်သည်။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



# စိတ်ချယုံကြည်မှုဖြင့် အလှည့်အပြောင်းဖြစ်စေခြင်း

**ကြည်နေဝင်းမင်း**

အကျပ်အတည်း တစ်ခုအားအခွင့်အရေးအဖြစ် အလှည့်အပြောင်းဖြစ်စေခဲ့သော အီတလီဝန်ကြီးချုပ်မာရီယိုမွန်တီ၏ အရည်အချင်းမှာ နောင်တစ်ချိန်ကျလျှင် နိုင်ငံရေးနှင့်ဆက်စပ်သော စီးပွားရေးတစ်ရပ်ကိုလေ့လာရန် နမူနာကောင်းဖြစ်နိုင်သည်။ ပညာရှင်ဆန်သောအီတလီဝန်ကြီး ချုပ်မွန်တီတစ်ယောက် လွန်ခဲ့သည့်နိုဝင်ဘာလ ဆီဗီယိုဘာလူစကိုနီထံမှ ရာထူးဆက်ခံခဲ့ချိန်တွင် နိုင်ငံ၏ ဆယ်နှစ်သက်တမ်း ငွေတိုက်စာချုပ်အတွက် ပေးရသည့် အတိုးနှုန်းမှာ ၇ ရာခိုင်နှုန်းရှိပြီး ယင်းမှာ ဂရိ၊ အိုင်ယာလန်နှင့် ပေါ်တူဂီနိုင်ငံတို့အား နိုင်ငံတကာငွေကြေးအဖွဲ့များ၏ ကယ်ဆယ်ရေးအစီအစဉ်များဆီသို့ တွန်းပို့ခဲ့သောနှုန်းထားဖြစ်သည်။ သို့သော်ယခုအခါ အီတလီငွေတိုက်စာချုပ်အတိုးနှုန်းမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာပြီဖြစ်သည်။ အတိုးနှုန်းမြင့်နေသေးသော်လည်း လမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိလာခြင်းဖြစ်သည်။

အီတလီကဲ့သို့ ကြွေးမြီမြင့်မားသောနိုင်ငံများ (ဂျီဒီပီ၏ ၁၂၀ ရာခိုင်နှုန်း)တွင် အဆိုးဘက်ရောအကောင်းဘက်ပါ ဆွဲဆောင်၍ မိမိကိုယ်ကို အားရကျေနပ်မှုရရန် ဟောကိန်းထုတ်သူများရှိပါသည်။ အစိုးရတစ်ရပ် အရင်းပြုတ်တော့မည်ဟု ရင်းနှီးမြှုပ်နှံသူများက ထင်မြင်ပါက ငွေချေးငှားစရိတ်မြင့်တက်လာပြီး ယင်းက တစ်ဖန်ဒေဝါလီခံရမည့်အခြေအနေကို ဖန်တီးပါသည်။ ငွေကြေးလည်ပတ်မှုကောင်းနေသည်ဟု ဈေးကွက်များက ထင်မြင်ပါက ငွေချေးငှားစရိတ်များကျဆင်းလာပြီး ကျရှုံးရန် အလားအလာလည်း နည်းပါးလာပါသည်။

အီတလီနိုင်ငံတွင် ယင်းအခြေအနေများ အဆင့်လိုက် ထပ်ထားသည်ကိုမြင်တွေ့ရသည်။ ပထမတစ်ဆင့်မှာပြည်တွင်းနိုင်ငံရေးလမ်းကြောင်းမှဖြစ်သည်။ အီတလီနိုင်ငံတွင် မာရီယိုမွန်တီအပေါ် ယုံကြည်စိတ်ချမှုရှိလွန်းအားကြီး၍ မွန်တီသည် ပင်စင်စနစ်ကို ပြုပြင်ပြောင်းလဲနိုင်ခဲ့သလို တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားသောစက်မှုလုပ်ငန်းများကိုဖွင့်ထုတ်နိုင်ခဲ့ကာ အခွန်တိမ်းရှောင်ခြင်း တိုက်ဖျက်ရေးအစီအစဉ်ကို စတင်နိုင်ခဲ့သည်။ ယင်းက ငွေတိုက်စာချုပ်အတိုးနှုန်းများကို လျော့ကျစေခဲ့ပြီး မွန်တီ့အပေါ် ယုံကြည်စိတ်ချမှုကိုလည်း ထပ်မံတိုးပွားလာစေခဲ့သည်။

နောက်တစ်ဆင့်မှာ နိုင်ငံတကာ နိုင်ငံရေးလမ်းကြောင်းမှဖြစ်သည်။ ဝန်ကြီးချုပ်မွန်တီအပေါ် ယုံကြည်စိတ်ချမှုမှာ ဥရောပဗဟိုဘဏ်က ယူရိုဇုန်ဘဏ်များအား ခရစ္စမတ်မတိုင်မီ အီတလီနိုင်ငံသို့ ယူရိုငွေဘီလီယံ ၅၀၀ ချေးငှားစေသည့်အဓိကအကြောင်းအရာဖြစ်သည်။ ယင်းမှနေ၍ အီတလီနိုင်ငံအား များစွာအမြတ်ထွက်စေခဲ့သည်။ အီတလီဘဏ်များ ငွေကြေးအတွက် မရေမရာဖြစ်နေမှုမရှိတော့ချိန်တွင် နိုင်ငံ၏ စက်မှုလုပ်ငန်းများကို ခြိမ်းခြောက်နေသည့်ငွေကြေးအကျပ်အတည်းမှာ ယခင်ကလောက် မဆိုးရွားတော့။ ထို့အပြင် အချို့သော ဥရောပဗဟိုဘဏ်ငွေများ အစိုးရ၏ ငွေတိုက်စာချုပ်ဈေးကွက်ဆီသို့စီးဝင်လာခဲ့ရာ အီတလီအစိုးရအတွက် ငွေချေးငှားမှု ကုန်ကျစရိတ်များ ကျဆင်းလာသည်။

မစ္စတာမွန်တီ၏ ယုံကြည်စိတ်ချနိုင်မှု အရည်အချင်းကလည်း ဂျာမနီဝန်ကြီးချုပ် မာကယ်လ်၏ ခြိုးခြံချွေတာရေး မန္တန်များကို လျော့ပါးစေခဲ့သည်။ ယင်းအကျိုးဆက်မှာ အီတလီနိုင်ငံအား ဂရိပုံစံ ခြိုးခြံချွေတာရေး သံသရာထဲကျဆင်းမည့်အန္တရာယ်မှ ကာကွယ်ပေးခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားကပင် ယခင် ရက်သတ္တပတ်အတွင်း မစ္စတာမွန်တီနှင့် တွေ့ဆုံစဉ် ချီးကျူးစကားဆိုခဲ့ပြီး မစ္စတာမွန်တီသည် အီတလီနိုင်ငံအပေါ် ယုံကြည်မှုပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဥရောပကိုလည်း ပို၍ယုံကြည်မှုများလာစေခဲ့ကြောင်း ချီးမွမ်းခဲ့သည်။

ယင်းအခြေအနေမှာ ဘာလူစကိုနီလက်ထက်ကနှင့် များစွာကွာခြားပါသည်။ ထိုစဉ်က ဝန်ကြီးချုပ်မှာ ပြည်တွင်း၌ ၎င်းအပေါ် စိတ်ချယုံကြည်မှုမရှိ၍ ပြုပြင်ပြောင်းလဲမှုများမလုပ်နိုင်ခဲ့သလို နိုင်ငံတကာကလည်း ၎င်းအား လူသွမ်းကလေးဟု ရှုမြင်ခဲ့ရာ အိုဘားမားအပါအဝင်နိုင်ငံခေါင်းဆောင်အများအပြားက ဆေးဖော်ကြောဖက်မလုပ်ခဲ့။ သို့သော် မစ္စတာမွန်တီသည် အောင်ပွဲရပြီဟုမကြေညာနိုင်သေးပါ။ အီတလီနိုင်ငံစီးပွားရေးသည် ယခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းဆုတ်ယုတ်သွားမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားပါသည်။ ကြွေးမြီပြဿနာကလည်း ပျောက်ကွယ်မသွားသေးပေ။ ထို့အတွက် ဂရိနိုင်ငံကဲ့သို့ ပေါက်ကွဲနိုင်သောလှုပ်ရှားမှုများအတွက် အန္တရာယ်ရှိပါသေးသည်။

ကာလတိုဖွံ့ဖြိုးတိုးတက်မှုအတွက်မစ္စတာမွန်တီဘာမှမတတ်နိုင်သလောက်ဖြစ်နေသော်လည်း ငွေတိုက်စာချုပ်အတွက် ပေးရမည့် အတိုးနှုန်းများ ထပ်မံကျဆင်းနိုင်ရန်နည်းလမ်းသုံးသွယ်ဖြင့် လုပ်ဆောင်နိုင်ပါသည်။ အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှု၊ အခွန်ငွေကောက်ခံခြင်းနှင့် ငွေကြေးသုံးစွဲမှု အခြေခံ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်းတို့ဖြစ်ပါသည်။ ယင်းသို့သော ပြုပြင်ပြောင်းလဲမှုများမှာ ကုန်ထုတ်လုပ်မှုအပေါ် လက်ငင်းအကျိုးသက်ရောက်မှု မရှိနိုင်ပါ။ သို့သော်ရေရှည်တွင်ယုံကြည်စိတ်ချမှုတိုးပွားလာစေပြီး ထို့အတွက် နိုင်ငံ၏ငွေချေးငှားစရိတ်ကိုလျော့ကျလာစေပြီး နိုင်ငံကို မင်္ဂလာစက်ဝန်းထဲ ပို့ဆောင်နိုင်သည်။

မစ္စတာမွန်တီသည် အလုပ်သမားဈေးကွက်ကို ကောင်းစွာကိုင်တွယ်နေပြီဖြစ်ရာ အလုပ်သမားငှားရမ်းရေး၊ ဖြုတ်ပစ်ရေးမှာ လွယ်ကူလာသည်။ ယင်းမှာ ၎င်းအပေါ် မဲဆန္ဒရှင်များ၏ ယုံကြည်စိတ်ချမှု အလွန်မြင့်မား(၅၇ ရာခိုင်နှုန်း)နေ၍သာ မစ္စတာမွန်တီတစ်ယောက် ဤမျှ လွယ်လွယ်ကူကူ လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ သက်ပြည့်ပင်စင် အသက်ကိုတိုးမြှင့်ပြီး အကျိုးခံစားခွင့်များဖြတ်တောက်ခဲ့သည့် ပင်စင်ပြုပြင်ပြောင်းလဲမှုများမှာလည်း သုံးနာရီကြာ ဆန္ဒပြမှုနှင့် ပြီးပြတ်သွားခဲ့သည်။

မစ္စတာမွန်တီအနေဖြင့် အခြေခံအကျဆုံး ပြုပြင်ပြောင်းလဲပေးနိုင်သောကိစ္စမှာ အီတလီ၏ ကိုယ်ကျိုးကိုသာကြည့်သော ယဉ်ကျေးမှုကိုပြုပြင်ရေးဖြစ်နိုင်ပါသည်။ ၎င်းယဉ်ကျေးမှုမှာ စည်းကမ်းကိုမလိုက်နာဘဲ လိမ်လည်လှည့်ဖြားခြင်းကိုခေါင်းတစ်ညိတ်၊ မျက်စိတစ်မှိတ်ဖြင့် ခွင့်ပြုထားခြင်းဖြစ်သည်။ ၎င်းယဉ်ကျေးမှုကို ဘာလူစကိုနီက အခွန်ရှောင်ခြင်းအပေါ် ပေါ့ပေါ့လျော့လျော့ထားခြင်း (အီတလီတွင် အခွန်ရှောင်ခြင်းမှာ နိုင်ငံအတွက် ယူရို ၁၂၀ ဘီလီယံခန့်ရှိပြီး ဂျီဒီပီ၏ ၈ ရာခိုင်နှုန်းရှိခဲ့သည်)နှင့် ပါလီမန်အား ၎င်း၏ကိုယ်ပိုင်အကျိုးစီးပွားအတွက် အသုံးချခြင်းများဖြင့် ပို၍ဆိုးရွားစေခဲ့ပါသည်။

မစ္စတာမွန်တီလက်ထက်တွင်မူ နိုင်ငံရေးလမ်းကြောင်းကို စတင်ပြောင်းလဲလိုက်သည်။ မွန်တီမှာ ထောင်လွှားမှုကင်းမဲ့ကာ တည်တည်ကြည်ကြည်ရှိပြီး ရိုးသားသည်ဟု သတ်မှတ်ခံရပြီး အခွန်လိမ်လည်မှုများကိုမွန်တီက စတင်နှိမ်နင်းသောအခါ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။ သို့သော် ရွှေ့လာမည့် အထွေထွေရွေးကောက်ပွဲတွင် နုတ်ထွက်မည်ဟု မစ္စတာမွန်တီက ကတိကဝတ်ပြုထားရာ ၎င်းအနေဖြင့် ယဉ်ကျေးမှုပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရန် အဖိုးတန် အချိန်အနည်းငယ်သာရှိသည်ဟု အဓိပ္ပာယ်ရပါသည်။

သတင်းကောင်းမှာမူ ပြည်သူများက လက်ရှိအသုတ် နိုင်ငံရေးသမားများကို လုံးဝစိတ်ကုန်နေကြခြင်းဖြစ်သည်။ စစ်တမ်းကောက်ယူရေးအဖွဲ့ (SWG)၏ ကိန်းဂဏန်းများအရ ၎င်းတို့အပေါ် ထောက်ခံမှုမှာ ၁၂ ရာခိုင်နှုန်းသာရှိသည်။ ထို့အတွက် လစ်လပ်သောနေရာများကို ဖြည့်ဆည်းရန် နိုင်ငံရေးသမားသစ်များအတွက် အခွင့်အရေးရလာမည်ဆိုသည့်အဓိပ္ပာယ်ပင်ဖြစ်သည်။ ပါလီမန်အမတ်များကို မဲဆန္ဒရှင်များက ရွေးချယ်ခြင်းထက် ပါတီခေါင်းဆောင်များက ရွေးချယ်သောချွတ်ခြုံကျနေသည့် ဆန္ဒမဲစနစ်ကိုလည်း ပြုပြင်သွားနိုင်ခြေရှိပါသည်။ သို့သော် ရှင်းရှင်းပြတ်ပြတ် အနိုင်ရမည်ဟု အာမမခံနိုင်ပေ။ မည်သို့ပင်ဖြစ်စေ မစ္စတာမွန်တီ၏ အုပ်ချုပ်ရေးအစကတော့ ကောင်းခဲ့ပါပြီ။

*—Ref: Monti turnaround can go much further*



Photo - AP

## ဖယ်လင်တိုင်းနေ့တွင် ကူမင်းတိရစ္ဆာန်ဉယျာဉ်၌ သိုးထီးနှင့် သမင်မကို ထိမ်းမြားပေးခဲ့

**ကူမင်း၊ ဖေဖော်ဝါရီ - ၁၅**

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၄ ဗယ်လင်တိုင်းနေ့တွင် သိုးထီးတစ်ကောင်နှင့် သမင်မတစ်ကောင်တို့ကို တရုတ်နိုင်ငံ ကူမင်းမြို့ရှိ တိရစ္ဆာန်ဉယျာဉ်၌ မိတ်ဖက်ထိမ်းမြားပေးခဲ့ကြကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာကဖော်ပြသည်။

ချန်းမော်ဟုခေါ်သည့် သိုးထီးနှင့်ချွန်းဇီဟုခေါ်သည့်သမင်မတို့မှာ မျိုးမတူဘဲ ပေါင်းဖော်နေကြ၍ ၎င်းတို့မှာ တိရစ္ဆာန်ဉယျာဉ်တွင် လူအများ၏ အာရုံစိုက်သဘောကျမှုကိုရရှိခဲ့သည်။ ထို့ကြောင့် ကူမင်းရှိ ယူနန်ပြည်နယ်တောင်ပိုင်း တိရစ္ဆာန်ဉယျာဉ်သည် ဗယ်လင်တိုင်းနေ့တွင်ပြုလုပ်သည့် တိရစ္ဆာန်နှစ်ကောင်လက်ထပ်ပွဲကို ကြည့်ရှုရန်လက်မှတ်များ ရောင်းခဲ့ရာ စောင်ရေ ၅၀၀ ခန့်ရောင်းချခဲ့ရသည်။

လက်မှတ်တစ်စောင်လျှင် ၆၆ ယွမ်(၁၀ ဒေါ်လာ)သတ်မှတ်ထားပြီး ထိုနေ့တွင် တိရစ္ဆာန်နှစ်ကောင်လုံးကို မင်္ဂလာဆောင်အဝတ်အစားများ ဝတ်ဆင်ပေးသွားမည်ဖြစ်သည်။ အဆိုပါ သိုးထီးနှင့် သမင်မတို့သည် ဉယျာဉ်တွင်အုပ်စုတစ်ခုတည်း၌ကြီးပြင်းလာခြင်းဖြစ်ပြီး တစ်ကောင်နှင့်တစ်ကောင် မိတ်ဖက်ဖြစ်လာသည်ကို အစောင့်များက စတင်သတိထားမိခဲ့သည်။ ထို့နောက် ၎င်းတို့၏အကြောင်းကို ဒေသခံရုပ်သံလိုင်းတစ်ခုက ထုတ်လွှင့်ပြသရာမှ နာမည်ကျော်ခဲ့သည်။

*—Ref: Reuters*

## ကင်ဂျုံအီလ် ဂုဏ်ပြုကြေးရုပ်တု မြောက်ကိုရီးယားတွင် ဖွင့်လှစ်

**ပြုံယမ်း၊ ဖေဖော်ဝါရီ - ၁၅**

ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်၏ အသက် ၇၀ မြောက်မွေးနေ့ အမှတ်တရအဖြစ် ပထမဆုံး ထုလုပ်ထားသော ကြေးသွန်းရုပ်တုကြီးတစ်ခုကို မြို့တော်ပြုံယမ်းတွင် ဖေဖော်ဝါရီ ၁၄ ရက်က အခမ်းအနားဖြင့်ဖွင့်လှစ်ခဲ့သည်။

အမြင့်ခြောက်မီတာရှိသော ယင်းကြေးရုပ်ကြီးသည် ကင်ဂျုံအီလ်ကွယ်လွန်ပြီးနောက် ဂုဏ်ပြုထုလုပ်သည့် ပထမဆုံးရုပ်တုဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံတည်ထောင်သူ ၎င်း၏ ဖခင် ကင်အီဆွန်းနှင့်အတူ ကင်ဂျုံအီလ်မြင်းစီးနေပုံကို ထုလုပ်သရုပ်ဖော်ထားသည်။ ရုပ်တုဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့တော်ပြုံယမ်းတွင် မြောက်ကိုရီးယား ထိပ်တန်းစစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ကင်ဂျုံအီလ်သည် ၂၀၁၁ ဒီဇင်ဘာ ၁၇ ရက်က နှလုံးရောဂါဖြင့်ကွယ်လွန်ခဲ့ပြီး ၎င်း အသက်ရှင်စဉ်ကလည်းပုံတူကြေးရုပ်ထုရန်ကိစ္စအား ငြင်းပယ်ခဲ့ကြောင်း ဆိုးလ်မြို့မှဘီဘီစီသတင်းထောက် လူစီဝီလီယံဆင်က ပြောသည်။ အေပီသတင်းဖော်ပြချက်အရလည်း ကင်ဂျုံအီလ်သည် ၎င်း၏ကတိအတိုင်းနိုင်ငံကိုကြွယ်ဝသောလူ့အဖွဲ့အစည်းဖြစ်အောင် မစွမ်းဆောင်နိုင်မချင်း အကိုးကွယ်ခံသူရဲကောင်းတစ်ဦးကဲ့သို့ကြေးရုပ်သွန်းလုပ်ဂုဏ်ပြုခံရန် အဆင်သင့်မဖြစ်သေးကြောင်း ၁၉၉၉ ခုနှစ်က အစိုးရ တာဝန်ရှိသူများကိုပြောကြားခဲ့ဖူးကြောင်း သိရသည်။

မြောက်ကိုရီးယားအစိုးရသည် ကင်ဂျုံအီလ်ကွယ်လွန်ပြီးနောက် ၎င်းအား နိုင်ငံတည်ထောင်သူ ဖခင်ကြီး ကင်အီဆွန်းနှင့် အဆင့်တူညီသည့် အမြင့်ဆုံးနိုင်ငံ့ဉသျှောင်ဆုကို မကြာသေးမီက ပေးအပ်ခဲ့သည်။*—Ref: BBC*

## ထိုင်းနိုင်ငံမှ စုံတွဲတစ်တွဲ ကမ္ဘာ့အချိန်အကြာဆုံး အနမ်းစံချိန်သစ်တင်

**ဘန်ကောက်၊ ဖေဖော်ဝါရီ - ၁၅**

ထိုင်းနိုင်ငံမှ လိင်တူချင်း ချစ်သူထားသည့် အမျိုးသားစုံတွဲတစ်တွဲသည် ဖေဖော်ဝါရီ ၁၄ ရက် ဗယ်လင်တိုင်းနေ့တွင် နာရီ ၅၀ ကျော် (နှစ်ရက်တာကာလကျော်)ကြာအောင် နှုတ်ခမ်းချင်းတေ့နမ်းကာ ကမ္ဘာ့အချိန်အကြာဆုံးအနမ်းအဖြစ် ဂင်းနစ်စံချိန်ရခဲ့သည်။

အဆိုပါမာရသွန်အနမ်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က စတင်ကာ (နာရီပေါင်း ၅၀ ကျော်)နှစ်ရက်တာကာလ ကျော်ဖြတ်ပြီးနောက် ဖေဖော်ဝါရီ ၁၄ ရက် ဗယ်လင်တိုင်းနေ့တွင် ရပ်တန့်ခဲ့သည်ဟုသိရသည်။ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် စုံတွဲသည် တစ်စတုရန်းမီတာ အကွာအဝေးအတွင်း၌သာ နေထိုင်လှုပ်ရှားခွင့်ရှိပြီး အစားအစာနှင့် သောက်ရေကိုလည်း ပိုက်ဖြင့်သာ သုံးဆောင်ခွင့်ရခဲ့သည်။

ပြိုင်ပွဲစည်းမျဉ်းများတွင် အနမ်းပြိုင်မည့်သူများသည်ပြိုင်ပွဲစတင်သည့် ပထမ သုံးနာရီအတွင်း အိမ်သာတက်ခွင့်မရှိဘဲ ထို့နောက်ပိုင်းမှ အဖော်ဒိုင်တစ်ဦးလိုက်ပါမှုဖြင့် ရေချိုးခန်းသွားခွင့်ရမည်ဟူသော စည်းကမ်းချက်များပါဝင်ခဲ့သည်။

ယခု စံချိန်သစ်တင်ခဲ့သည့် စုံတွဲမှာ ဘတ်တစ်သန်း (ပေါင် ၂၀,၁၂၅)တန် စိန်လက်စွပ်တစ်ကွင်းနှင့် ဘတ်နှစ်သိန်း(ပေါင် ၄,၂၅၀)တန်ဟိုတယ်လက်ဆောင်ဘောက်ချာစာရွက်တစ်ရွက်ဆုချီးမြှင့်ခံခဲ့ရသည်။

*—Ref: Telegraph*



# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.49 · FEBRUARY 23 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.0 (E 5800) (775)Processor | 55,275 |
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 167,475 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,850 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH61A-P35 (B3) | 81,675 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 65,175 |
| ASUS P8H67MLE (1155) | 94,875 |
| Gigabyte G41MT-S2(775) | 51,150 |
| Gigabyte P61-USB3 (B3) (1155) | 89,925 |
| Gigabyte H61M-S2 (B3) (1155) | 74,250 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston | 19,800 |
| **Harddisk** | |
| 500 GB Seagate SATA | 73,425 |
| 1 TB Seagate SATA | 99,000 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 123,750 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 51,150 |
| ASUS EAH 6570 1GB DDR3 PCI Express Card | 72,600 |
| ASUS EHA 6670 1GB DDR5 PCI Express Card | 94,875 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 42,075 |
| Gigabyte ATI Redeon HDR545 HM 1GB PCI Express Card | 46,200 |
| **Memory Stick** | |
| Kingston 8 GB (101) | 7,000 |
| Silicon Power 8 GB(850) | 9,900 |
| Apacer 8 GB (AH-129) | 11,000 |
| SONY 8 GB | 13,500 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တိပ်ငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၁၇) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 32BX | 310,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 26,000 |
| LG | DV276 | 32,000 |
| Toshiba | DV380 | 28,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 175,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 210,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၁၈)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၄ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၃ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၀၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၁၈)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၇,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၂၅၀-၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၂၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ(၁၈)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၃,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၈,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၉၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၆,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၇,၅၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀- ၁,၆၀၀ |

ဖေဖော်ဝါရီ (၁၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| ဟိုင်းလတ်ဆပ် | ၉၇ | ၇၈ | ၅၀၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၈ | ၁၇၅ |
| တိုယိုတာ (လီမီတက်) | ၈၈ | ၁ဃ | ၁၄၈ |
| တိုယိုတာ (ဖင်ကောက်) (ဒီဇယ်) | ၉၉ | ၅၈ | ၃၁၀ |
| တိုယိုတာ ဝက်ဂွန် (ဟာရီယာ) | (အင်ဂျင်ပါဝါ သုံးထောင်) | ၉၈ | ၃၆၅ |
| ရွှေငါး (2.0) | ၂၀၀၁/၀၂ | ၉၈ | ၃၀၀ |
| မတ်တူး | ၉၉ | ၉၈ | ၂၈၀ |
| ပါဂျဲရို | ၉၇ | ၆၈ | ၄၂၀ |

ဖေဖော်ဝါရီ(၁၇)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Feb (12) | Feb (13) | Feb (14) | Feb (15) | Feb (16) | Feb (17) | Feb (18) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၇၅၀ | ၃,၇၅၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# စာ(၃၂) မြန်မာစာပေ ပိုမိုဖွံ့ဖြိုးစေချင်သည် မှ

ထိုလွှမ်းမိုးမှုများကိုလည်း ကျေကျေနပ်နပ်လက်ခံနေကြသည်။ လွှမ်းမိုးခံနေရမှုက နေရာစုံ၊ အလွှာစုံ၊ ကဏ္ဍစုံတွင်ဖြစ်နေသည်။

ဝတ်ဆင်ယင်မှုများ၊ နေထိုင်မှုပုံစံများ၊ မြန်မာ့ယဉ်ကျေးမှုများတွင် မရှိခဲ့သော အနှိပ်ခန်း၊ သာယာစိုပြည် ကာရာအိုကေဟု ဆိုကြသော KTV, စားသောက်ဆိုင်နှင့်ပူးတွဲစင်တင်တေးဂီတနှင့်ပန်းကုံးစွပ်ပွဲတော်၊ Day Club နှင့် Night Club များ ထိုကဲ့သို့ အရှေ့နှင့်အနောက် ရောယှက်ညှပ်ပိတ်၍ ကူးလူးမှုများကြောင့် အချို့သော မြန်မာ့ယဉ်ကျေးမှုများ ပုံစံပြောင်းနေခဲ့ပေပြီ။ အဓိကအားဖြင့် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ပွဲတော်တို့တွင်ဖြစ်သည်။

တဖြည်းဖြည်း အစားထိုးဝင်ရောက်နေရာယူလာသော ယဉ်ကျေးမှုများလည်းရှိသေးသည်။ ချစ်သူများနေ့၊ တရုတ်နှစ်သစ်ကူးနေ့ ပွဲတော်များဖြစ်သည်။ ဤပွဲတော်များတွင် လူငယ်များ၏ ပျော်ရွှင်မှုက ရိုးရာယဉ်ကျေးမှုကို ကျော်လွှန်နေပေသည်။ ကျွန်တော်တို့ "အမျိုးပျောက်မှာစိုးကြောက်ခဲ့ဖူးသည်" မှန်ပါသည်။ သက္ကရာဇ်တစ်ခုခုတွင် ပျောက်သွားနိုင်လောက်အောင် လွှမ်းမိုးမှုခံနေရသည်။ ယခုလူမျိုးထက်စော၍ မြန်မာစာပေဦးစွာပျောက်မှာကို ကျွန်တော် စိုးရိမ်မိလေတော့သည်။

ယနေ့ကြော်ငြာဆိုင်းဘုတ်များတွင် ဆရာတော်ဘုရားကြီးများ၊ ဓမ္မကထိကများ၏ တရားပွဲကြော်ငြာများနှင့်စာပေဟောပြောပွဲကြော်ငြာများတွင်သာ မြန်မာစာဖြင့် ရေးသားထားသည်ကို တွေ့နေရပြီး ကျန်ကြော်ငြာများမှာ မြန်မာစာလုံးဝမပါသည့် ကြော်ငြာမှာ ၉၀ ရာခိုင်နှုန်းခန့်နေရာယူထားပေသည်။

မြန်မာစာနှင့် ပတ်သက်၍ အားနည်းသည့် ကိုယ်တွေ့တစ်ခုမှာ ပါရဂူတန်း (သိပ္ပံ)တက်ရောက်နေသော ကျောင်းသားတစ်ဦးသည် ဆရာတော်တစ်ပါးဖြစ်သော ဉူးကိတ္တိကို (ညူး)ကိတ္တိဟု အသံထွက်ဖတ်လေသည်။ ပါရဂူဘွဲ့ယူမည့်သူသည် B.Sc, M.Sc, MRES တို့ဘွဲ့များရပြီးမှ လူတွေ့စစ်ဆေးအောင်မြင်ပြီး ဆက်လက်တက်ရောက်ခွင့်ရှိသူဖြစ်လေသည်။ ထိုသုံးဘွဲ့ရပြီးကျောင်းသားသည် ဉူး(ဦး) ကိတ္တိကို မည်သည့်အတွက်ကြောင့် ညူးကိတ္တိဟု ဖတ်သနည်း၊ တက္ကသိုလ်ကျောင်းများ၏ သင်ကြားပို့ချမှုအပိုင်းအားနည်း၍လား၊ ကျောင်းသားကျောင်းသူများ၏ စိတ်ပါဝင်စားမှု၊ ပတ်ဝန်းကျင်ရှိ (ပြင်ပ)စာပေဖတ်ရှုမှု အားနည်း၍လား၊ ယနေ့အမြန်စိစစ်သင့်ပါသည်။

မြန်မာစာပေအရေးအဖတ်၊ အပြောတွင် အားနည်း၍အင်္ဂလိပ်စာတွင် တော်သလားဆိုတော့ မည်သည့်ဘာသာတွဲဖြင့် ဘွဲ့ရသည်ဖြစ်စေ အင်္ဂလိပ်သတင်းစာပင်မဖတ်တတ်ကြချေ။ ဆရာကြီးရွှေဥဒေါင်းတို့ခေတ်က ၉ တန်းအောင်ပါကအင်္ဂလိပ်ဝတ္ထုများဖတ်နိုင်သည်။ ဘာသာပြန်နိုင်သည်။ ယခုခေတ်ဘွဲ့ရများ အိမ်တွင်ဆရာခေါ်၍ အင်္ဂလိပ်စာအားဝိုင်းဖြင့်သင်သော်လည်း ထင်သလောက်ဖြစ်မလာခဲ့၊ တတ်မလာခဲ့ပေ။

ကြော်ငြာဆိုင်းဘုတ်များကိစ္စပင်ဖြစ်ပါသည်။ မိမိတို့မြန်မာစာပေကို မြတ်နိုးရမည်ဆိုသော အသိစိတ်ဓာတ်ဖြင့်ဆိုင်းဘုတ်အရွယ်အစားအလိုက် ရာခိုင်နှုန်းတစ်ခု(သို့)စာလုံးအရွယ်အစားတစ်ခုသတ်မှတ်၍ မြန်မာလိုရေးသင့်သည်။ ပါဝင်သင့်သည်ထင်ပါသည်။ သတိပေးဆိုင်းဘုတ်များ (Caution), လမ်းအချက်ပြများ Road Sign များတွင်လည်း အပြည်ပြည်ဆိုင်ရာ အမှတ်အသားဖြစ်၍ စာသားရေးထည့်ရန်မလိုပါက မည်သည့် ဘာသာနှင့်မှ မထည့်ရန်နှင့် ထည့်ရန်လိုပါကလည်း မြန်မာ၊ အင်္ဂလိပ်(၂)ဘာသာဖြင့် ထည့်ပြီး မြန်မာစာကို ဦးစားပေးထည့်သင့်ပေသည်။ မကြာမီ မြန်မာပြည်ကို ဖြတ်၍ အာဆီယံ လမ်းမကြီးများ၊ အာရှလမ်းမကြီး၊ဘင်းစတက်လမ်းမကြီးများ၊ ပေါ်ပေါက်လာတော့မည်ဖြစ်ရာ မြန်မာနိုင်ငံအတွင်းဖြတ်သန်းမောင်းနှင်နေကြောင်းသိရန်ကိုတော့ မြန်မာအင်္ဂလိပ် ၂ ဘာသာဖြင့် ရေးသင့်သည်ဟု ဆိုရခြင်းဖြစ်ပေသည်။

ကျွန်တော်တို့ မြန်မာစာလုံးလေးများသည် ချစ်စရာအဝိုင်းကလေးများဖြစ်ကြသည်။ ဝလုံးလေးဝိုင်းဝိုင်းရေးဖို့ကစပြီး သင်ကြားကြရသည်။ ထိုဝလုံးအဝိုင်းကလေးကိုပင်ပတ်လည်(အပေါ်၊အောက်၊ဘယ်၊ ညာ)တို့မှာ အပေါက်ကလေးများဖောက်၊ အသတ်ကလေးများ ထည့်လိုက်သောအခါ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် စာသားကလေးများဖြစ်လာလေတော့သည်။ အသုံးလုံးကြေသင်တန်းများတွင် စတင်သင်ကြားသော (ဝ၊ထ၊က၊လ၊သ)သည် ထိုအဝိုင်းလေးများ ဝလုံးလေးများကို ပူးခြင်း၊ ဖွင့်ခြင်းတို့ပြုလုပ်ထားသော ဥပမာတစ်ခုပင်။

"တွေ့ရှိသမျှ မြန်မာစာပေအရေးအသားတို့တွင် ပုဂံခေတ် အေဒီ ၁၁-၁၂ ရာစုအတွင်း တွေ့ရ သည့် အရေးအသားများမှာ အစောဆုံးဖြစ်သည်။ ရာဇကုမာရ်ကျောက်စာ ရေးထိုးချိန်မှာ သက္ကရာဇ် ၄၇၅ ခန့်၊ အေဒီ ၁၁၁၃ ခန့်ဖြစ်၍ အေဒီ ၁၂ ရာစု၏ အစပိုင်းဖြစ်ပေသည်။ ထို့ထက်စောသော အရေးသားတို့လည်းရှိသေးသည်။ ကျန်စစ်သားမင်း၏ မြကန်မွန်ကျောက်စာတွင် ကန်တော်အမည်ကို "မဟာနိဗ္ဗာန်လက်ဆုယ်ခိရိယ်" "မဟာနိဗ္ဗာန်လက်ဆွဲချီရေ"ဟု မြန်မာညှပ်၍ ရေးထိုးခဲ့သည်ကို တွေ့ရသည်။ ယင်းအမည်ကို ကမ္ပည်းအက္ခရာ ရေးထိုးချိန်သည် ရာဇကုမာရ်ကျောက်စာစာရေးထိုးချိန်ထက်စောသည်ဟုမြန်မာစာအဘိဓာန် (ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်း)စာအုပ်မြန်မာအက္ခရာသမိုင်းတွင် ဖော်ပြထားသည်။

မြန်မာစာသည် ၁၂ ရာစုနောက်ပိုင်းတွင်လည်း ခေတ်အဆက်ဆက်ကို ကျော်ဖြတ်၍ ရှင်သန်ဖွံ့ဖြိုးခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်ဟုလည်းကောင်း၊ ၁၂ ရာစုနောက်ပိုင်း မြန်မာအက္ခရာနှင့် နှီးနွှောသော တိုင်းရင်းသားအရေးအသားများမှာ ကရင်၊ပအို့ဝ်၊ ရှမ်းတို့ဖြစ်ကြောင်းကိုလည်း ယင်းအဘိဓာန်ကဆိုထားပါသည်။

ထိုသို့ ၁၂ ရာစုမှစ၍ ခေတ်အဆက်ဆက် ရှင်သန်ခဲ့သော ရှေးမြန်မာကြီးများ ထိန်းသိမ်းလာသော မြန်မာစာသည် ယခုလိုကြော်ငြာခေတ်၊ အိုင်တီခေတ်၊ ကွန်ပျူတာခေတ်ကြီးထဲတွင် မြန်မာလူမျိုးတို့၏ အလေးမထားမှုကြောင့် တဖြည်းဖြည်း ပျောက်ဆုံးသွားရတော့မည်လော။

"မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကိုနေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်တမဲ့ သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှားအမှန်မကွဲပြား၍ သော်လည်းကောင်း အသံထွက်ပုံ ထွက်နည်းများ မှားယွင်းကြသည်။ အက္ခရာရေးဆွဲပုံရေးဆွဲနည်းလွဲနေတတ်သည်။ စာလုံးပေါင်းသတ်ပုံသဒ္ဒါအသုံးအနှုန်း၊ အထားအသိုလွဲမှားနေတတ်သည်။ မှားတတ်သောမြန်မာစာအရေးအသားများကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် တွေ့ရတတ်သည်။ အထူးသဖြင့် ဘာသာပြန်ဝတ္ထုများ၊ ဘာသာပြန်ဆောင်းပါးများတွင် အတွေ့ရများသည်။ လမ်းဘေးဆိုင်းဘုတ်များ၊ ကြော်ငြာများတွင်လည်း တွေ့ရတတ်သည်။ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများက ထုတ်လွှင့်ချက်များတွင်လည်း အသံထွက်အမှားများကို ကြားရတတ်သည်" ဟု မြန်မာစာအဖွဲ့မှ ထုတ်ဝေသည့် "မြန်မာစာ မြန်မာစကား"စာအုပ်နိဒါန်းတွင် အတိအလင်း ဖော်ပြထားပေသည်။

မြန်မာလူမျိုးတစ်ယောက် မြန်မာစာဖြင့်ဘွဲ့ရသည်မှာ အားငယ်၊ ဝမ်းနည်းစရာပါလား. . .

ငါ့တူကြီး ဘာနဲ့ဘွဲ့ရသလဲဟုမေးရာ "ကျွန်တော်က မြန်မာဆိုတော့မြန်မာစာပေ့ါဦးလေးရာ" ဟု မျက်နှာမှာ ရှက်သလိုလို၊ ဝမ်းနည်းသလိုလို၊ မဝံ့မရဲဖြင့်ဖြေတတ်ကြလေသည်။ အမှန်မှာ အားငယ်ဝမ်းနည်းစရာမဟုတ်ပါပေ။ မိမိယူထားသော တတ်မြောက်ထားသော ဘွဲ့တွင် ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ပါက မည်သည့်ဘွဲ့မျှဝမ်းနည်းစရာမလိုပါ။ ဆက်လက်ပြီး လေ့လာဖို့သာ အဓိကဖြစ်ချေသည်။ နိုင်ငံရေး၊ စီးပွားရေးအရတံခါးဖွင့်ထားပါ၍ အညှီအနံ့များ၊ ခြင်၊ ယင်များဝင်လာပါက ယခုထက်ပို၍ ပျက်စီးနိုင်ပါသဖြင့် အချိန်မီလေးပင်. .

မြန်မာစာသည်တို့စာ
မြန်မာစကားသည် တို့စကား
အမိမြန်မာပြည်ကိုချစ်ပါ
မြန်မာလူမျိုးကို လေးစားပါ
မြန်မာ့ယဉ်ကျေးမှုကိုမြတ်နိုးပါဟု
ကြိုအော်ထားလိုက်ရခြင်းပါပေ။

*ကိုးကား - မြန်မာအဘိဓာန် (ဒုတိယအကြိမ်)၊ မြန်မာစာအဖွဲ့ "မြန်မာစာ မြန်မာစကား"။*

## မြို့နှင်းများ ကျဆင်းနေသဖြင့် လေယာဉ်ခရီးစဉ်များ နောက်ကျထွက်ခွာနေရ

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၆**

ယခုရက်ပိုင်းအတွင်း မြူနှင်းများကျဆင်းနေသဖြင့် ပြည်တွင်းပြည်ပ လေယာဉ်ခရီးစဉ်များအချိန်နောက်ကျမှ ထွက်ခွာနေရကြောင်း သတင်းရရှိသည်။

"မနေ့က (ဖေဖော်ဝါရီ ၁၅) စဖြစ်တာ။ ဒီနေ့သုံးနာရီနောက်ကျပြီးမှထွက်ရတယ်" ဟု အဲမန္တလေးလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ရန်ကုန်မှ ဘန်ကောက်သို့ပျံသန်းနေသော အဲအေးရှား လေကြောင်းလိုင်းမှာလည်း ယခုရက်ပိုင်းတွင် တစ်နာရီခန့် နောက်ကျ၍ ပျံသန်းနေရကြောင်း အဆိုပါလေကြောင်းလိုင်းမှတာဝန်ရှိသူက ပြောသည်။

"ဒီရာသီဥတုသဘောအရ မတ်လ ၁၀ ရက်လောက်ထိ မြူကျဦးမှာပဲ။ အနည်းအများပဲကွာမယ်" ဟု မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ပြောသည်။

ယခုနှစ်တွင် ညှော်သည်ဝင်ရောက်မှုများနေသဖြင့် လေယာဉ်ချိန်အပြောင်းအလဲဖြစ်ပါက ချိတ်ဆက်ထားသောခရီးစဉ်များ လွဲချော်သွားမည်ကို ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက စိုးရိမ်နေကြသည်။

Job Opportunity

We are an energetic firm that has been working in tourism industry in Myanmar and overseas for 13 years. Currently we are seeking a suitable candidate for the position of "Administrator cum Storekeeper" in an overseas project. Interested candidates who meet the following qualifications should send their CVs and copy of testimonials to us ASAP;

Administrator cum Storekeeper Female-1 person
- -Must have at least 10th Standard education
- -Good English skills & computer skills is preferable
- -Experience in accounting/bookkeeping is preferable
- -Experience in store/warehouse is preferable
- -Must be able to work in overseas project(especially in Bhutan)
- -The person who is young and energetic,self motivated and have a strong team work spirit will be desirable.

The only short listed candidates will be invited for an interview.

Shwe Lay Ta Gun Travels & Tours Co.,Ltd.
03-06 Business Suites , Sedona Hotel , Yangon
(Phone/Fax;- 652809/544033) Email; balloons@myanmar.com.mm

TOTAL E&P MYANMAR

ဟောပြောပွဲဖိတ်ကြားခြင်း

တိုတယ်မြန်မာသည် ရတနာကမ်းလွန်သဘာဝဓါတ်ငွေ့စီမံကိန်းကို MOGE, UNOCAL, PTTEP ကုမ္ပဏီတို့နှင့် အတူ ဦးစီးလုပ်ဆောင်နေသည့် ကုမ္ပဏီဖြစ်ပါသည်

တိုတယ်မြန်မာမှ "Safety Golden Rules and Practices" ခေါင်းစဉ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဟောပြောမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ရန်ဖိတ်ကြားအပ်ပါသည်။

နေ့ရက်၊ အချိန် – ဖေဖော်ဝါရီ(၂၅)ရက် ၂၀၁၂၊ နေ့လည် ၂ နာရီ
နေရာ – UMFCCI ရုံးချုပ်၊ (၂၉) မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်

M.O.G.E UNOCAL 76 TOTAL

Environment

7 DAY NEWS JOURNAL

Vol.10, No.49 • FEBRUARY 23 , 2012

# အုတ်ဖိုလုပ်ငန်းများပြားလာခြင်းကြောင့် သစ်တော၊ သစ်ပင် ဆုံးရှုံးမှုများလာ

နိုင်ကြီး (ကသာ)

**ကသာ၊ ဖေဖော်ဝါရီ-၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်တွင် အုတ်ဖိုလုပ်ငန်းလုပ်ကိုင်ကြသူအရေအတွက် များပြားလာသဖြင့် သဘာဝအလျောက်ပေါက်ရောက်သော သစ်တော၊ သစ်ပင်ပျက်စီးဆုံးရှုံးမှုပမာဏမြင့်မားလာသည်။



ကသာမြို့နယ်တွင် ယခင်နှစ်များစွာက အုတ်ဖိုလုပ်ကိုင်သူနှစ်ဦးသာရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ် နောက်ပိုင်းမှစတင်၍ လုပ်ကိုင်ကြသူအရေအတွက် တဖြည်းဖြည်းများပြားလာကာ ယခုအချိန်တွင် အုတ်ဖို (၂၀)ခန့်ရှိပြီ ဖြစ်သည်။ ကသာ-ဗန်းမော် ရထားလမ်းနှင့် ကားလမ်းကို ၂၀၀၉ခုနှစ်တွင် စတင်ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းလိုအပ်ချက်အရ အရည်အသွေးပြည့်မီသော အုတ်ဖိုမှ ထွက်ရှိသည့် အုတ်များ အရောင်းသွက်လျက်ရှိသည်။ အုတ်ဖိုတစ်ဖိုအတွက် လောင်စာအဖြစ် အသုံးပြုသောကုန်ကြမ်း လိုအပ်ချက်မှာ များပြားသည်ဟုသိရပြီး အုတ်ဖိုတစ်ဖို၏ တစ်လအတွက် သစ်သားထင်းလောင်စာအသုံးပြုမှုသည် သဘာဝထင်းတော (၁) ဧကမှ တစ်ဧကခွဲအထိရှိသည်ဟု သိရှိရသည်။

အုတ်ဖိုလုပ်ငန်းများနှင့် နီးစပ်သည့် ဒေသခံတစ်ဦးက “ကျွန်တော်တို့ရွာကဟိုးအရင်အချိန်ကဆိုရင် ထင်းအလွန်ပေါတဲ့ရွာဖြစ်ပါတယ်။ ရွာစည်းရိုးထွက်လိုက်တာနဲ့ထင်းခွေလို့ရနေပြီ။အခုတော့ဗျာ ထင်းရရှိရေးအတွက် ရွာကနေ (၅)မိုင်က(၁၀)မိုင်လောက်အထိ သွားခွေကြရတယ်။ အုတ်ဖိုတွေများလာတာနဲ့အမျှ သဘာဝထင်းတောနဲ့ သစ်ပင်ကြီးတွေပါမကျန် ခုတ်ယူအသုံးပြုကြလို့ရွာသားတွေ ထင်းရှားပါးမှုပြဿနာနဲ့ ကြုံတွေ့နေရတယ်”ဟုပြောသည်။ ကသာမြို့နယ်သည် ၁၉၉၀ နောက်ပိုင်းမှစတင်၍ သစ်တောသစ်ပင်ခုတ်ယူသုံးစွဲသူများကြောင့် ရာသီဥတုမှာ ပိုမိုပူပြင်းလာကြောင်းလည်း သတင်းရရှိသည်။

# မြစ်ကျွန်းစုထိန်းသိမ်းရေး BANCAနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက်မည်

အိဖြူမွန်၊ သန်းဌေး

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၄**

မြစ်ကျွန်းစုဒေသ သဘာဝထိန်းသိမ်းရေးနှင့် မြန်မာ့ပင်လယ်ပြင် သယံဇာတလေ့လာရေးအတွက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအဖွဲ့(BANCA) နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းလုပ်ဆောင်ရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

“သူတို့(ဘန်ကာ)က တင်ပြမယ့် အချက်တွေကို ငါးလုပ်ငန်းဦးစီးဌာနနဲ့ ငါးလုပ်ငန်းအဖွဲ့ချုပ်က ပညာရှင်တွေ ဆွေးနွေးပေးကြပါ”ဟု မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဖေဖော်ဝါရီ ၁၄ ရက်က ပြောသည်။

၂၀၁၂ ခုနှစ် မတ် ၆ ရက် (အင်္ဂါနေ့တွင်) တွေ့ဆုံဆွေးနွေးကြရန် ရက်သတ်မှတ်ထားပြီး ငါးဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပဏာမတွေ့ဆုံခဲ့ကြောင်း ၎င်းကပြောသည်။

BANCA အဖွဲ့သည် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်သက်ရောက်မှုဆိုင်ရာ လေ့လာစမ်းစစ်မှု (EIA) ကို လုပ်ဆောင်ခဲ့သော အဖွဲ့ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် ဂေဟစေဒဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲလေ့လာရေးအဖွဲ့(BOBLME) တွင်လည်း BANCA သည် အဖွဲ့ဝင်ဖြစ်သည်။

# ပင်လယ်မြက် အရေးပါပုံစာတမ်း ဖတ်ကြားမည်

အိဖြူမွန်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် တွေ့ရသော ပင်လယ်မြက်တို့၏ အရေးပါပုံကို အရှေ့တောင်အာရှပင်လယ်လိပ်သုတေသန အလုပ်ရုံဆွေးနွေးပွဲနှင့်စာတမ်းဖတ်ပွဲ၌ မြန်မာနိုင်ငံမှ ပညာရှင်တစ်ဦး စာတမ်းဖတ်မည်ဟုသတင်းရရှိသည်။

မြန်မာနိုင်ငံတွင် ပင်လယ်မြက်ပေါက်ရောက်မှုမှာ ယင်းဒေသနှစ်ခု၌သာ တည်ရှိသောကြောင့် ယင်းနေရာဒေသနှစ်ခုတွင် ပေါက်ရောက်သော ပင်လယ်မြက် ၁၁ မျိုးအကြောင်း စာတမ်းဖတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အဏ္ဏဝါအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက ပြောသည်။

ပင်လယ်မြက်များသည် ရေလိပ်များ ကျက်စားရာဒေသတစ်ခုဖြစ်သောကြောင့် ရေလိပ်များထိန်းသိမ်းရာတွင် ကျက်စားသော ဒေသများကို ထိန်းသိမ်းရမည်ဖြစ်သည်။ ပင်လယ်မြက်သည် ရေအောက်ဂေဟစနစ်ကိုထိန်းညှိပေးကြောင်း၊ ပင်လယ်လိပ်အပြင်ရေဝက်နှင့် အခြားသတ္တဝါများကျက်စားသောကြောင့် ထိန်းသိမ်းရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ အရှေ့တောင်အာရှပင်လယ်လိပ်သုတေသန အလုပ်ရုံဆွေးနွေးပွဲကို ကျိုတိုတက္ကသိုလ်မှဦးစီး၍ ထိုင်းနိုင်ငံတွင် တစ်နှစ်တစ်ကြိမ် ပုံမှန်ဆွေးနွေးခြင်းပြုလုပ်လေ့ရှိသည်။ ဆွေးနွေးပွဲကို ယခုလ ၂၀ ရက်နှင့် ၂၁ ရက်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ပြုလုပ်မည်ဖြစ်သည်။



ဖေဖော်ဝါရီလလယ်မှာပင် ချင်းတွင်းမြစ်အတွင်း သဲသောင်ခုံများစွာဖြစ်ထွန်းနေသည်။ ယခုနှစ်ပိုင်းတွင်ချင်းတွင်းမြစ်အတွင်း သောင်ထွန်းမှုမှာ သိသိသာသာတိုးလာကြောင်း မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံများက တညီတညွတ်တည်းပြောသည်။ ဖေဖော်ဝါရီလ ၁၆ ရက်က ချင်းတွင်းတံတား(မုံရွာ)အနီးချင်းတွင်းမြစ်အတွင်းသောင်ခုံပေါ်တင်နေသော ရေယာဉ်တစ်စီးကို တွေ့ရစဉ်

ဓာတ်ပုံ - အားမာန်

## Environment Cartoon




# သဘာဝဘေးအန္တရာယ်ကျရောက်လျှင် သုံးစွဲရန် ကျပ်သန်းတစ်သိန်း လျာထား

သီဟ

**နေပြည်တော်၊ဇန်နဝါရီ - ၃၁**

လာမည့်၂၀၁၂-၁၃ဘဏ္ဍာနှစ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက သုံးစွဲနိုင်ရန် အစိုးရက သီးသန့်ရန်ပုံငွေ ကျပ်သန်းတစ်သိန်းလျာထားကြောင်းဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကပြောသည်။

ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီ ၃၁ ရက်တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ တင်သွင်းသည့် ၂၀၁၂ခုနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေကြမ်းနှင့် ၂၀၁၂-၁၃ခုနှစ်ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ ရသုံးမှန်းခြေငွေစာရင်းဥပဒေကြမ်း တင်သွင်းရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၂-၁၃ ဘဏ္ဍာငွေလျာထားသုံးစွဲမှုအား တင်ပြရာ၌ ပြောကြားသွားခြင်းဖြစ်သည်။

၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ကျပ်ငွေသန်း ၁၂၄၃၉၄၉ ဒသမ ၁၃၆ လျာထားသုံးစွဲခဲ့ပြီး ရငွေမှာ ၂၆၆ ၇၉၇၆ ဒသမ ၈၂၄ ဖြစ်သဖြင့်ပိုငွေမှာ ၄၂၄၀၂၇ ဒသမ ၆၈၈ သန်း ဖြစ်သည်။ အလားတူ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင်လည်း ကျပ်ငွေသန်း ၁၇၃၁၃၀၅ ဒသမ ၇၄၈ သုံးစွဲရန်လျာထားပြီး ခန့်မှန်းရငွေမှာ ၂၉၂၅၂ ၂၂ ဒသမ ၆၇၂ ဖြစ်ကာ ၁၁၉၃၉၁၆ ဒသမ ၂၉၄ သန်းပိုမည်ဟုခန့်မှန်းထားကြောင်း သိရသည်။



Vol.10, No.49 • FEBRUARY 23 , 2012

## နိုင်ငံတကာသံတမန်အဖွဲ့များကြောင့်ဟိုတယ်အခန်းကြိုတင်ရယူထားသော ညှိသည်အချို့အခက်တွေ့

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၁၆**

နိုင်ငံတကာမှလာရောက်သောသံတမန်အဖွဲ့များဟိုတယ်အခန်းရရှိရန်အတွက် ကြိုတင်အခန်းရယူထားသည့်ဧည့်သည်များ၏အခန်းများအားဖယ်ပေးနေရမှုများရှိလာကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများထံမှ သတင်းရရှိသည်။

"လောလောဆယ်ကို ပြောရရင် အာဆီယံအတွင်းရေးမှူးချုပ်လာမယ်ဆိုပြီး အတည်ပြုချက်ရပြီးသားအခန်းကို ပြန်ပေးရတယ်။ ငါးရက်ပဲ ကြိုပြောတော့ အခန်းပြန်ရှာဖို့မလွယ်ဘူး"ဟု ခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ထိုကဲ့သို့ဖယ်ရှားပေးရာတွင်သက်ဆိုင်ရာ ဟိုတယ်အပါအဝင် တာဝန်ရှိသူများက ဟိုတယ်အခန်းပြန်လည်ရရှိရန်ကူညီမှုပေါ့လျော့ကြောင်း ခရီးသွားကုမ္ပဏီအချို့မှ တာဝန်ရှိသူများကပြောသည်။ ၂၀၁၁ ခရီးသွားရာသီမှစ၍ ရန်ကုန်မြို့ရှိ ဟိုတယ်များမှာ ဧည့်သည်ဝင်ရောက်မှုများလာခြင်းအပါအဝင် အခြားသော အကြောင်းများကြောင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်ဟိုတယ်အခန်းရရှိ ရန် ခက်ခဲလာကြသည်။

အတည်ပြုချက် ရရှိထားပြီးဖြစ်သော အခန်းများအား ပြန်လည်ပေးရခြင်း အခြေအနေကိုဧည့်သည်များအားပြန်လည်ရှင်းပြရာတွင် ခက်ခဲပြီး ယင်းသို့မကြာခဏဖြစ်ပေါ်ပါကနာမည်ပျက်နိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

"အများစုက အလွယ်လုပ်ကြတာ။ ရန်ကုန်မရရင် နေပြည်တော်သွားတည်းလို့ရတယ်။ တခြားအစိုးရဧည့်ဂေဟာတွေလည်းရှိတာပဲ။ သူ့ဘက်ကိုယ့်ဘက် ကြည့်ပြီးအဆင်ပြေအောင်လုပ်ရင် အဖြေတစ်ခုရှိပါတယ်"ဟု ခရီးသွားလုပ်ငန်းကျွမ်းကျင်သူတစ်ဦးက အကြံပြုသည်။အမေရိကန်နိုင်ငံခြားရေးဝန်ကြီးလာခဲ့စဉ်ကလည်း ဟိုတယ်အခန်းများဖယ်ပေးခဲ့ရသည်။ ယခုနှစ်မှာ နိုင်ငံတကာမှ သံတမန်များ လာရောက်မှု အများဆုံးနှစ်ဖြစ်နေပြီး ဧည့်သည်ဝင်ရောက်မှု အများဆုံးနှစ်လည်း ဖြစ်နေသည်။

## ငပလီကမ်းခြေအနီး ကျေးလက်အခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်ဆွေးနွေး

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ–၁၅**

ငပလီဟိုတယ်ဇုန် ကမ်းခြေအနီးပေါက်ရောက်သော ဒီရေတောများနှင့် တောင်ပေါ်တောများကိုထိန်းသိမ်း၍ ကျေးလက်အခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်ရန်ဆွေးနွေးမှုတစ်ခုပြုလုပ်ခဲ့ကြောင်း တက်ရောက်ခဲ့သူ ဦးမောင်မောင်သိန်းဖေက ပြောသည်။

ယင်းဆွေးနွေးပွဲသို့ဟိုတယ်များမှ လုပ်ငန်းရှင်များ၊ ဒေသခံများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်သူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ငပလီကမ်းခြေတွင် ဆွမ်းခံနေသော ကိုရင်များ

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ငပလီဟိုတယ်ဇုန်ကမ်းခြေအနီးတွင်ဒီရေတောနှင့်တောင်ပေါ်သစ်တော စုစုပေါင်းဧက ၄,၀၀၀ ဝန်းကျင်ရှိသည်။ ယခင်က ကမ်းခြေအပန်းဖြေခရီးစဉ်ဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ခဲ့ရာမှ ယခုအခါ သဘာဝအတိုင်းမပျက်စီးသေးသော တောများနှင့်တောအနီးရှိ ကျေးလက်ဒေသများ၏ လူမှုဘဝကိုပါ ထည့်သွင်းစဉ်းစားကာခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် ဆွေးနွေးခဲ့ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒုဥက္ကဋ္ဌ ဦးမောင်မောင်သိန်းဖေက ပြောကြားသည်။

"ဟိုတယ်ဇုန်က တဖြည်းဖြည်းချဲ့လာတော့ငါးဖမ်းစက်လှေအဝင်အထွက်က နည်းလာတယ်။ ငါးကလည်း အရနည်းလာတယ်။ ငါးရရှိမှု ရှားပါးလာလို့ နောက်ထပ်လုံးဝမလုပ်ရဘူးလို့ မဆိုလိုပါဘူး။ တစ်ဖက်ကလည်း မီးခိုးတိတ်တဲ့ ခရီးသွားလုပ်ငန်းနဲ့ တွဲလုပ်လာရင် ပိုကောင်းတာပေါ့။ ကိုယ့်ရဲ့ မူလကျင်လည်နေတဲ့ပုံစံကို နိုင်ငံခြားသားတွေကို လေ့လာခိုင်းတာပါ။ တစ်ဖက်ကလည်း သဘာဝအတိုင်းရှိတဲ့တောတောင်တွေကိုပြမယ်၊ ယဉ်ကျေးမှုတွေကိုပြမယ်ဆိုရင် ဝင်ငွေရနိုင်တာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ကျေးလက်အခြေခံ ခရီးသွားလုပ်ငန်းဖော်ဆောင်ရန်အတွက်ဒေသဆိုင်ရာလေ့လာမှုတစ်ရပ်ကို ဖေဖော်ဝါရီလကုန်တွင် ပြုလုပ်မည်ဖြစ်ပြီး ဒေသခံများအား အသိပညာပေးရေးတို့ပါပူးတွဲလုပ်ဆောင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အစုအဖွဲ့ပိုင် သစ်တောများတည်ထောင်၍ သစ်တောများထိန်းသိမ်းရေးများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

## ဗူးဘုရားအနီးရှိ ညဈေး ဆက်ဖွင့်၊ မဖွင့် အမျိုးမျိုးဖြစ်နေ

**ညီညီဇော်**

**ပုဂံ၊ ဖေဖော်ဝါရီ – ၁၈**

ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သည့် ပုဂံမြို့ဟောင်းရှိ ဗူးဘုရားအနီးတွင် ညဈေးတန်းတစ်ခုတည်ဆောက်ထားပြီး အဆိုပါ ညဈေးတန်းဆက်ဖွင့်၊ မဖွင့်ဝိဝါဒကွဲပြားနေကြောင်း သတင်းရရှိသည်။

အဆိုပါညဈေးတန်းရှိဆိုင်ခန်းပေါင်း ၃၈ ခန်းနှင့်ဇာတ်ရုံကြီးတစ်ရုံကို မဲခေါင်ခရီးသွားပြပွဲအတွက်ဟုဆိုကာ ခေတ်ပေါ်ဒီဇိုင်းများဖြင့် ၂၀၁၁ နိုဝင်ဘာ ၂၇ ရက်တွင် စတင်ဖွင့်လှစ်ရောင်းချခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်တွင် ပြပွဲကျင်းပခဲ့သော်လည်း ပွဲမပြီးခင် လေးရက်အလို နိုဝင်ဘာ ၂၆ ရက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်က ဆိုင်ခန်းများအား ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ပေးထားတာကတော့ GMS အတွက်ပဲ ပေးထားတာပါ။ ပွဲလည်းပြီးသွားပြီဆိုတော့ မကြာခင်ပဲပြန်ဖျက်လိမ့်မယ်ထင်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေထဲမှာ လူတွေ၊ ဆိုင်တွေ အတည်တကျဖွင့်ဖို့၊ နေဖို့ကတော့ ခွင့်မပြုထားပါဘူး"ဟု ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ပုဂံဟိုတယ်ဇုန် အတွင်းရေးမှူးချုပ် ဦးဇော်ဝိတ်က "ကျွန်တော်တို့ကတော့ ညဈေးကို အမြဲတမ်းလုပ်ချင်တာပေါ့နော်။ ဧည့်သည်တွေအတွက်လည်း ညဈေးမရှိရင် ဒင်နာစားပြီး ညအိပ်ဖို့ပဲရှိတော့မယ်။ လုပ်ချင်တာကတော့ သုံးလေးငါးနေရာလောက်လုပ်ချင်တာပါ။ ခု ဟိုနေရာမပြတ်သေးတော့ ဘာဆက်လုပ်ရမှန်း မသိသေးဘူးဖြစ်နေတယ်"ဟု ညဈေးနှင့်ပတ်သက်၍ လက်ရှိအနေအထားကိုပြောကြားသည်။

ပုဂံမြို့ဟောင်းတွင် လက်ရှိဟိုတယ်ကြီးလေးလုံးရှိပြီး ရှေးဟောင်းနယ်မြေသီးသန့်ဖြစ်လို၍ ပုဂံမြို့ဟောင်းရှိ လူနေအိမ်များကို ၁၉၉၁ ခုနှစ်မှစတင်ကာပုဂံမြို့သစ်သို့နေရာရွှေ့ပြောင်းစေခဲ့သည်။ ယခုလက်ရှိတွင်လည်း မြို့ဟောင်းအတွင်းအဆောက်အအုံသစ်များတည်ဆောက်ခြင်းကို ခွင့်မပြုထားကြောင်း ပုဂံဒေသခံများကပြောသည်။







# Cartoon

## The Cartoon Logo





















7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# ဘန်ကောက်ပုံးခွဲသူများ အစ္စရေးသံတမန်များကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ဟုဆို

**ဘန်ကောက်၊**
**ဖေဖော်ဝါရီ - ၁၅**

ဘန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၄ရက်ကဖြစ်ပွားခဲ့သည့်မအောင်မြင်သောတိုက်ခိုက်မှုနောက်ကွယ်မှမသင်္ကာသူအီရန်များသည် အစ္စရေးသံအမတ်များကိုလုပ်ကြံသတ်ဖြတ်ရန်ကြံရွယ်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းအရာရှိတစ်ဦးက ပြောကြားသည်။


Photo - AP

ဘန်ကောက်ပေါက်ကွဲမှုများမှာ အိန္ဒိယနှင့် ဂျော်ဂျီယာနိုင်ငံတို့တွင် ပုံးခွဲခဲ့သူများက အစ္စရေးသံရုံးအမှုထမ်းများအား ပစ်မှတ်ထားတိုက်ခိုက်မှုများ ရှိခဲ့ပြီးနောက်ဖြစ် ပေါ်လာခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုများကြောင့် နယူးဒေလီမြို့တွင် အစ္စရေးအမျိုးသမီးသံတမန်တစ်ဦး ပြင်းပြင်းထန်ထန်ဒဏ်ရာရရှိခဲ့ပြီး တိုက်ခိုက်မှုများကို အီရန်က ဖန်တီးခြင်းဖြစ်သည်ဟု အစ္စရေးနိုင်ငံက စွပ်စွဲပြောကြားခဲ့သည်။


Photo - Reuters

မသင်္ကာသူ အီရန်နိုင်ငံသားများထဲမှ တစ်ဦးဖြစ်သူ အသက် ၂၈ နှစ်အရွယ် ဆေအစ်မိုရာတီသည် အစောပိုင်းတွင် ဘန်ကောက်မြို့နေအိမ်တစ်အိမ်၌ဖြစ်ပေါ်ခဲ့သည့် ပေါက်ကွဲမှုမှ ထွက်ပြေးရင်း ထိုင်းရဲတပ်ဖွဲ့ဆီသို့ ဖောက်ခွဲရေးပစ္စည်းတစ်ခုဖြင့်ပစ်ပေါက်ခဲ့ရာမှ ၎င်း၏ခြေထောက်ပြတ်သွားခဲ့ကြောင်း ထိုင်းအရာရှိများကပြောကြားသည်။

၎င်းအီရန်နိုင်ငံသားသုံးဦးသည် လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ၎င်းတို့၏ ပစ်မှတ်မှာ သံအမတ်ကြီးအပါအဝင် အစ္စရေးသံတမန်များဖြစ်ကြောင်း ထိုင်းထိပ်တန်းထောက်လှမ်းရေးအရာရှိတစ်ဦးက အမည်မဖော်ဘဲ အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။

"သူတို့ရဲ့ အစီအစဉ်က သံတမန်တွေရဲ့ကားတွေမှာ ပုံးတွေချိတ်ပေးလိုက်ဖို့ပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့်ဂျော်ဂျီယာမြို့တော်တီဘလီစီမှ ပေါက်ကွဲမှုများကို ငြင်းဆန်ထားခဲ့သည့် အီရန်နိုင်ငံက ဘန်ကောက်ပေါက်ကွဲမှုများနှင့် ဆက်စပ်မှုမရှိကြောင်း ပြောကြားပြီး ဇီယွန်ဝါဒီ(အစ္စရေး)အစိုးရနှင့် ပတ်သက်သော အစိတ်အပိုင်းများကိုပြစ်တင်ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသွားသော အီရန်အမျိုးသားအပြင် အခြား အီရန်နိုင်ငံသားတစ်ဦးအား နိုင်ငံမှ လေယာဉ်ဖြင့်ထွက်ခွာရန် ပြင်ဆင်နေစဉ် အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး တတိယမြောက်မသင်္ကာသူမှာ မလေးရှားနိုင်ငံသို့ တိမ်းရှောင်သွားပြီဟု ယုံကြည်ရကြောင်း ထုတ်ပြန်ချက်အရသိရသည်။

အီရန်အမျိုးသားတစ်ဦး ငှားရမ်းနေထိုင်ပြီး မရည်ရွယ်သော ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ ထိုင်းရဲတပ်ဖွဲ့က နိုင်ငံအရှေ့ပိုင်း ဆူကွန်ဗစ်(၇၁)လမ်းမပေါ်မှအိမ်၌ဖောက်ခွဲရေးပစ္စည်းများနှင့် သံလိုက်များကိုရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

—*Ref: AFP*

# အိန္ဒိယကျေးရွာတစ်ရွာ ကျားကြောက်၍ ရွာလုံးကျွတ်ရွှေ့ပြောင်း

**ကိုးလ်ကတ္တား၊**
**ဖေဖော်ဝါရီ - ၁၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်ရာဂျစသန်မှ ကျေးရွာတစ်ရွာသည် ကျားရိုင်းများ၏အန္တရာယ်ကြောင့် ရွာလုံးကျွတ်နေရာရွှေ့ပြောင်းအခြေချခဲ့ရကြောင်း တာဝန်ရှိသူများကပြောသည်။ အဆိုပါပြည်နယ်၏ ဆာရစ်ဆကာ ကျားဘေးမဲ့ဇုန်အတွင်းမှ အမ်မရီကျေးရွာသည် အိမ်ထောင်စု ၈၂ စုနှင့် လူဦးရေစုစုပေါင်း ၃၅၀ ကျော်ရှိသော ရွာတစ်ရွာဖြစ်သည်။

ဆာရစ်ဆကာကျားဘေးမဲ့ဇုန်၌ လွန်ခဲ့သောသုံးနှစ်အတွင်း ကျားကောင်ရေငါးကောင် တိုးခဲ့ပြီး ယခုအခါ ကျေးရွာတွင် အန္တရာယ်ရှိလာနိုင်သောကြောင့် ရွှေ့ပြောင်းခဲ့ရခြင်းဖြစ်သည်။ အိန္ဒိယတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၁ ခုနှစ်က တောတွင်းနေ ကျားကောင်ရေ ၁,၇၀၀ ရှိခဲ့သည်ဟုသိရသည်။

လွန်ခဲ့သည့်နှစ် ၁၀၀ ခန့်ကမူ အိန္ဒိယနိုင်ငံတွင် ကျားကောင်ရေ ၁၀၀,၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ဆာရစ်ဆကာ ကျားဘေးမဲ့ဇုန်အတွင်း လူဦးရေစုစုပေါင်း ၂,၅၀၀ ခန့်ပါဝင်သည့် အခြားကျေးရွာ ၁၁ ရွာခန့်ကိုလည်း ရွှေ့ပြောင်းအခြေချပေးရန်လိုအပ်နေကြောင်း အာဏာပိုင်များကဆိုထားသည်။

—*Ref: BBC*

# အိန္ဒိယနိုင်ငံတွင် မည်သည့်လူမှုကွန်ရက်ကိုမှ ဆင်ဆာလုပ်ခြင်းမရှိဟုဆို


Photo - AP

**နယူးဒေလီ၊**
**ဖေဖော်ဝါရီ - ၁၄**

အိန္ဒိယအစိုးရသည် မည်သည့်လူမှုကွန်ရက်ဝက်ဘ်ဆိုက်များကိုမှ ဆင်ဆာပြုလုပ်ခြင်းမရှိကြောင်း အိန္ဒိယသတင်းအချက်အလက်နည်းပညာဝန်ကြီး ကာပီလ်ဆီဘယ်ကပြောကြားလိုက်သည်။ သို့သော် ၎င်းက အင်တာနက်ကုမ္ပဏီများသည် တိုင်းပြည်၏ ဥပဒေများကိုလေးစားလိုက်နာရမည်ဖြစ်ကြောင်းဆိုသည်။

ပြီးခဲ့သည့်နှစ်ကမူ မစ္စတာဆီဘယ်က ၎င်း၏အစိုးရသည် အင်တာနက်ပေါ်တွင်ဘာသာရေးကို ဝေဖန်ပုတ်ခတ်သော အရေးအသားများ ထိန်းချုပ်ရန် လမ်းညွှန်ချက်များ ချမှတ်သွားမည်ဟုဆိုခဲ့သည်။ အင်တာနက်ကုမ္ပဏီအများစုကမူ ထိုသို့ အွန်လိုင်းပေါ် ဖော်ထုတ်မှုများကို ကြိုတင်ကန့်သတ်ရန် မဖြစ်နိုင်ကြောင်းဆိုခဲ့သော်လည်း ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီများကမူ အစိုးရ၏ထောက်ပြမှုရရှိပြီးနောက် ထိုသို့ ဝေဖန်ပုတ်ခတ်မှုများကို ဖယ်ရှားပေးခဲ့ကြောင်းဆိုထားသည်။

မွမ်ဘိုင်းမြို့တွင် မကြာသေးမီက ပြုလုပ်ခဲ့သော နည်းပညာစည်းဝေးပွဲ၌ မစ္စတာဆီဘယ်က "ပြောပြီးသားကိုပဲ ရှုပ်ထွေးမှုမရှိအောင် တစ်ခါ ထပ်ပြောချင်ပါတယ်။ အိန္ဒိယမှာ ဘယ်အစိုးရကမှ လူမှုမီဒီယာတွေကို ဆင်ဆာလုပ်ဖူးတာမရှိပါဘူး။ ကျွန်တော်ကလည်း တစ်ခါမှ ဆင်ဆာမလုပ်ချင်ခဲ့သလို ပြည်နယ်နဲ့ ဗဟို ဘယ်အစိုးရကမှလည်း ဒီလိုမလုပ်ချင်ခဲ့ပါဘူး"ဟု အာမခံပြောကြားခဲ့သည်။

အိန္ဒိယနည်းပညာဝန်ကြီး ဆီဘယ်သည် ပြီးခဲ့သည့်နှစ်က အင်တာနက်ပေါ်တွင်ဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့်ကွန်ဂရက်ပါတီဥက္ကဌ ဆိုနီယာဂန္ဒီတို့အား လှောင်ပြောင်ထားသောပုံများနှင့် အစ္စလာမ်ဘာသာရေးမြို့တော် မက္ကာကို ဝက်ပုံများဖြင့် သရုပ်ဖျက်ထားသော ဘာသာရေးပုတ်ခတ်သည့်ပုံများကိုစိတ်ပျက်ခဲ့ပြီး ယင်းတို့ကို ထိန်းချုပ်ရန် ကုမ္ပဏီများအားတိုက်တွန်းပြောကြားခဲ့သည်။

—*Ref: BBC*

# ပါကစ္စတန်တရားရုံးချုပ်က ဝန်ကြီးချုပ်ကို တရားစွဲဆို

**အစ္စလာမာဘတ်၊**
**ဖေဖော်ဝါရီ - ၁၃**

ခြစားမှုနှင့်ပတ်သက်၍ ၎င်း၏ နိုင်ငံရေးမဟာမိတ် သမ္မတအဆစ်အလီဇာဒါရီအပေါ် အမှုဖွင့်ရန် အမိန့်များကို ဖီဆန်မှုဖြင့် ပါကစ္စတန်တရားရုံးချုပ်က ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီအပေါ် တရားစွဲဆိုလိုက်ကြောင်းသိရသည်။ ယင်းမှာ နိုင်ငံကို လွှမ်းမိုးနေသည့် နိုင်ငံရေးအကျပ်အတည်း ပိုမိုထင်ရှားလာခြင်းဖြစ်ကြောင်း အေပီသတင်းတွင်ဖော်ပြသည်။

ပြစ်မှုထင်ရှားကြောင်းတွေ့ရှိပါက ဝန်ကြီးချုပ်ဂီလာနီသည် အကျဉ်းကျခံရနိုင်ပြီး ၎င်း၏ ရာထူးလည်းဆုံးရှုံးမည်ဖြစ်သည်။

မစ္စတာဂီလာနီသည်ဖေဖော်ဝါရီ ၁၃ရက်တွင် ၎င်း၏ရှေ့နေနှင့်အတူ တရားရုံးသို့ ကိုယ်တိုင်ကားမောင်းလာခဲ့သည်။ လုံခြုံရေးကို အထူးတင်းကျပ်ထားပြီး မိုးရွာ၍ မိုးတိမ်များမည်းနေသော အစ္စလာမာဘတ်ကောင်းကင်ယံတွင် ရဟတ်ယာဉ်များပျံဝဲနေကာ တရားရုံးချုပ်သို့ သွားရာလမ်းတစ်လျှောက်တွင်လည်း ရဲတပ်ဖွဲ့ဝင်ရာပေါင်းများစွာ ချထားခဲ့သည်။

ပုံမှန်အတိုင်း လုပ်ဆောင်သည့် တရားစွဲဆိုမှုမှာ ရက်သတ္တပတ်ပေါင်း၊ လပေါင်းများစွာကြာမြင့်နိုင်ပြီး နောက်တစ်ကြိမ် ရုံးချိန်းမှာ ဖေဖော်ဝါရီ ၂၂ရက်တွင်ဖြစ်သည်။

ယင်းအမှုမှာ သမ္မတဇာဒါရီနှင့်ပတ်သက်ပြီး ၎င်းနှင့်ဇနီးသည် ဘနေဇာဘူတိုတို့သည် မစ္စဘူတို အာဏာရရှိနေစဉ် ၁၉၉၀ ကျော်နှစ်များတွင် ဆွစ်ဇာလန်ဘဏ်များမှ တရားမဝင်ငွေကြေးများ လက်ခံရယူခဲ့သည်ဟု စွပ်စွဲခြင်းခံရသည်။ ၎င်းတို့တွင် အပြစ်ရှိကြောင်း ဆွစ်ဇာလန်တရားရုံးက ၂၀၀၃ ခုနှစ်တွင် ၎င်းတို့၏မျက်ကွယ်၌ဆုံးဖြတ်ခဲ့သည်။ မစ္စတာဇာဒါရီက အယူခံဝင်သောအခါ ဆွစ်ဇာလန်တရားရုံးက ယင်းအမှုကို ပလပ်ခဲ့သည်။

ပါကစ္စတန်ပါလီမန်က သမ္မတနှင့်အခြားသူများအား ခြစားမှုအဟောင်းများမှ ကင်းလွတ်ခွင့်ပေးရန် ဥပဒေပြဋ္ဌာန်းခဲ့ပြီးနောက် ဆွစ်ဇာလန်တရားရုံးက အမှုပလပ်ခဲ့ခြင်းဖြစ်ရာ ယင်းဥပဒေကို ပါကစ္စတန်နိုင်ငံတွင် လူအများအပြားက ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

ယင်းကိစ္စသည် အခြေခံဥပဒေနှင့်မညီညွတ်ဟု ပါကစ္စတန်တရားရုံးချုပ်က ၂၀၀၉ ခုနှစ်တွင် ဆုံးဖြတ်ခဲ့ပြီး ယင်းအမှုအပေါ် ဆွစ်ဇာလန်တရားရုံးကပြန်လည်စစ်ဆေးရေးကို ပါကစ္စတန်အစိုးရက စာရေးသား တောင်းဆိုရန် အမိန့်ချမှတ်ခဲ့သည်။ သို့သော် အစိုးရက ငြင်းဆန်ခဲ့ပြီး တာဝန်ထမ်းဆောင်နေစဉ် သမ္မတသည် ဖမ်းဆီးစစ်ဆေးခံရမှုမှ ကင်းလွတ်နေကြောင်းပြောကြားခဲ့ရာ တရားရုံးချုပ်က ဝန်ကြီးချုပ်အား တရားရုံးမထီမဲ့မြင်မှုဖြင့် တရားစွဲဆိုခြင်းဖြစ်သည်။

—*Ref: AP*

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



## Leader's Profile

## လက်ဘနွန်သမ္မတ

# မိုက်ကယ်ဆူလိုင်မန်



ရဲမင်း

မစ္စတာမိုက်ကယ်ဆူလိုင်မန်သည် လက်ဘနွန်နိုင်ငံ၏ သမ္မတရာထူးကို ၂၀၀၈ ခုနှစ် မေလ ၂၅ ရက်ကစတင်ရယူခဲ့ပြီး ယင်းမတိုင်မီတွင် လက်ဘနွန်လက်နက်ကိုင်တပ်ဖွဲ့များ၏ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တပ်မှူးဟောင်း အယ်မီလီလာဟုဒ်က ၁၉၉၈ ခုနှစ်တွင် လက်ဘနွန်သမ္မတရာထူး ရယူသွားခဲ့ချိန်တွင် မစ္စတာဆူလိုင်မန်က ၎င်း၏နေရာအား ဆက်ခံခဲ့ခြင်းဖြစ်သည်။

မစ္စတာဆူလိုင်မန်ကို ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် အမ်းရှိတ်ဒေသ၌ ခရစ်ယာန်မိသားစုကမွေးဖွားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် လက်ဘနွန်စစ်တပ်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၇၀ပြည့်နှစ်တွင် စစ်ဘက်အကယ်ဒမီမှ ဘွဲ့ရရှိကာဒုဗိုလ်ဖြစ်လာခဲ့သည်။ မစ္စတာဆူလိုင်မန်သည် လက်ဘနွန်တက္ကသိုလ်မှလည်း နိုင်ငံရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မစ္စတာဆူလိုင်မန်သည် စစ်ဘက်တွင်တာဝန်ထမ်းဆောင်ရင်းရာထူးအဆင့်ဆင့်တိုးမြှင့်ရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်၌ မောင့်လက်ဘနွန်ထောက်လှမ်းရေးဌာနခွဲ အကြီးအကဲဖြစ်လာသည်။ ယင်းနောက် လက်ဘနွန်ကြည်းတပ် အထွေထွေအတွင်းရေးမှူးအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၃ မှ ၁၉၉၆ ခုနှစ်အတွင်း အမှတ် (၁၁)ခြေလျင်တပ်ရင်းမှူးအဖြစ် တာဝန်ယူခဲ့သည်။ ယင်းကာလမှာ လက်ဘနွန်တောင်ပိုင်းနှင့် အနောက်ဘက်ဒေသတွင် အစ္စရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်မှုများရှိခဲ့ချိန်လည်းဖြစ်သည်။ ယင်းနောက် မစ္စတာဆူလိုင်မန်သည် ၁၉၉၆ ခုနှစ်တွင် အမှတ် (၆)ခြေလျင်တပ်ရင်း တပ်ရင်းမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၌ လက်နက်ကိုင်တပ်ဖွဲ့များ၏ တပ်မှူးဖြစ်လာသည်။

မစ္စတာဆူလိုင်မန်သည်လက်ဘနွန်စစ်ဘက်အကြီးအကဲအဖြစ် တာဝန်ယူထားစဉ်၂၀၀၇ခုနှစ်တွင် လက်ဘနွန်စစ်တပ်သည် လက်ဘနွန်မြောက်ပိုင်းဒုက္ခသည်စခန်း၌ အခြေစိုက်သည့် ဖာတာအယ်အစ္စလာမ်အဖွဲ့နှင့် ကြာညောင်းသောပဋိပက္ခဖြစ်ပွားခဲ့သော်လည်း မစ္စတာဆူလိုင်မန်က ယင်းကိစ္စကို အောင်မြင်စွာ ကိုင်တွယ်နိုင်ခဲ့သည်ဟု ရှုမြင်ခံရသည်။

၂၀၀၈ ခုနှစ်တွင်လည်း ဟစ်ဘိုလာအုပ်စု၏ ဆက်သွယ်ရေးကွန်ရက်အား တရားမဝင်ကြောင်း လက်ဘနွန်နိုင်ငံက ကြေညာခဲ့ရာ ဟစ်ဘိုလာထောက်ခံသူများနှင့် အစိုးရထောက်ခံသူများကြားတွင် တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး မစ္စတာဆူလိုင်မန် ဦးဆောင်သော လက်ဘနွန်စစ်ဘက်က သိမ်မွေ့စွာကိုင်တွယ်ခဲ့ရသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၃ရက်တွင် လက်ဘနွန်၏ ၁၁ ဦးမြောက် သမ္မတ အယ်မီလီလာဟုဒ်၏ သက်တမ်းကုန်ဆုံးချိန်တွင် ၎င်း၏နေရာ၌ မည်သူ့ကို ရွေးချယ်မည်ဆိုသည်နှင့် လက်ဘနွန်တွင် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့သည်။

သို့သော် နောက်ဆုံးတွင် လက်ဘနွန်ရှိ အဓိက နိုင်ငံရေးပါတီများအားလုံးမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့က ကာတာနိုင်ငံ ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် မစ္စတာမိုက်ကယ်ဆူလိုင်မန်အားရွေးချယ်ရန် သဘောတူညီခဲ့သည်။ ၂၀၀၈ ခုနှစ် မေလ ၂၅ ရက်တွင် ပါလီမန်၌ မဲခွဲဆုံးဖြတ်သောအခါ အမတ် ၁၂၇ ဦးအနက် ၁၁၈ ဦးက မစ္စတာဆူလိုင်မန်အား ထောက်ခံမဲပေးခဲ့သည်။ သမ္မတရာထူးလက်ခံမိန့်ခွန်းပြောကြားရာတွင် မစ္စတာဆူလိုင်မန်က "ပြည်သူတွေက သူတို့ရဲ့ မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးဖို့ ကျွန်တော်တို့ကို ယုံကြည်မှုအပ်နှင်းလိုက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အသေးအဖွဲနိုင်ငံရေးအငြင်းပွားမှုတွေနဲ့ သူတို့ကို ဒုက္ခရောက်အောင်လုပ်ဖို့မဟုတ်ပါဘူး" ဟုထည့်သွင်းပြောကြားခဲ့သည်။

မိခင်ဘာသာစကား အာရပ်ဘာသာအပြင် ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာစကားများကို ပါကျွမ်းကျင်စွာ ပြောဆိုနိုင်သော မစ္စတာဆူလိုင်မန်သည် ဇနီးသည် ဝါဆူလိုင်မန်နှင့် သားသမီးသုံးဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*



မလေးရှားတော်ဝင်လေတပ်မှ **MIG 29N** လေယာဉ်နှစ်စီး စွမ်းရည်ပြသနေစဉ်။ အာရှ၏အကြီးဆုံးလေကြောင်းပြပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၉ ရက်အထိ စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်၌ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၅၀ ကျော်မှ ကုမ္ပဏီပေါင်း ၉၀၀ ကျော် ပါဝင်ခဲ့ပြီး လေယာဉ်ပေါင်း ၆၄ စီးကို ဖော်ထုတ်ပြသခဲ့သည်။ ဓာတ်ပုံ - Defense-Update.com

### နောက်ကျောဖုံး - အီရန်ကို တိုက်ခိုက်ရန် အချိန်စောနေသေးကြောင်း ကန်ထိပ်တန်းဗိုလ်ချုပ်ကြီး ပြောကြား မှု

စီအင်န်အင်န်ရုပ်သံလိုင်း၏ ဖာရိဒ်ဇာကာရီယာဂျီပီအက်စ် အစီအစဉ်တွေ့ဆုံမေးမြန်းမှုတွင် အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ထားသည်ဟု အမေရိကန်နိုင်ငံက မယုံကြည်ကြောင်း ကန်ဗိုလ်ချုပ်ကြီး မာတင်ဒန်ဆေးကပြောသည်။ တစ်ဖက်တွင်လည်း စီးပွားရေးနှင့် သံတမန်ရေး ပိတ်ဆို့တားဆီးမှုများက အီရန်နိုင်ငံအဖို့ အခက်တွေ့နေစေကြောင်း ၎င်းကပြောသည်။

"ဒီလိုအခြေအနေမှာ စစ်ရေးအရ ရွေးချယ်စရာအနေအထား အချိန်ကျရောက်လာပြီလို့ အပြီးသတ်ဆုံးဖြတ်ဖို့ရာ အချိန်မတန်သေးပါဘူး"ဟုကန်ဗိုလ်ချုပ်ကြီး ဒန်ဆေးကပြောကြားသည်။

အီရတ်နိုင်ငံတွင် နှစ်ကြိမ်တာဝန်ထမ်းဆောင်ဖူးသော အမေရိကန်ဗိုလ်ချုပ်ကြီး၏ မှတ်ချက်များမှာ ပါရှန်ပင်လယ်ကွေ့ဒေသတွင် စစ်ရေးအရ တင်းမာမှုများရှိနေချိန်တွင် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ နျူကလီးယားလက်နက်များပိုင်ဆိုင်သည့် အီရန်နိုင်ငံသည် ၎င်းတို့နိုင်ငံအတွက် ခြိမ်းခြောက်မှုဖြစ်ပြီး အီရန်၏ နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်သွားရန် စဉ်းစားနေကြောင်း အစ္စရေးနိုင်ငံက ပြောကြားထားသည်။ အီရန်ကလည်း ဟောမုဇ်ရေလက်ကြားသို့ သင်္ဘောများ အဝင်အထွက်ကို ဖြတ်တောက်ပစ်မည်ဟု တန်ပြန်သတိပေးထားသည်။

*—Ref: CNN*

### နောက်ကျောဖုံး - သမ္မတသစ်နေရာအတွက် အရှေ့ဂျာမနီမှ တက်ကြွလှုပ်ရှားသူအား ဂျာမန်ပါတီများ ထောက်ခံ မှု

ဂျာမနီနိုင်ငံတွင် သမ္မတရာထူးမှာ အများအားဖြင့် အခမ်းအနားများအတွက်သာ ဖြစ်သော်လည်း ဩဇာအာဏာကြီးမားသောရာထူးဖြစ်သည်။

အသက် ၇၂နှစ်အရွယ် မစ္စတာဂေါက်သည် ယခင်အရှေ့ဂျာမနီနိုင်ငံတွင် အစိုးရ၏ မှားယွင်းသောလုပ်ရပ်များကို ထုတ်ဖော်ပြောဆိုလေ့ရှိသူအဖြစ် လူသိများခဲ့သည်။ ဘာလင်တံတိုင်းပြိုလဲသွားချိန်တွင်လည်း နိုင်ငံ၏ လျှို့ဝှက်ရဲတပ်ဖွဲ့ စတက်ဆီ၏ မှတ်တမ်းဟောင်းများကို ဖော်ထုတ်ခဲ့ပြီး ၎င်းတို့၏ ပြစ်မှုများကို လူအများအား သိစေခဲ့သည်။

မစ္စမာကယ်လ်သည် ၎င်း၏ ညွန့်ပေါင်းအစိုးရပါတီနှင့်အတိုက်အခံပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မစ္စတာဂေါက်အတွက် သူမ၏ ထောက်ခံမှုကိုအတည်ပြုခဲ့သည်။

*—Ref: BBC*

### နောက်ကျောဖုံး - အီရန်ရေနံ ပြင်သစ်နှင့် ဗြိတိန်ကို မရောင်းတော့ဟုဆို မှု

တစ်နေ့လျှင် ရေနံစည် ၅၈,၀၀၀ သာ အီရန်မှ တင်သွင်းခဲ့ကြောင်းနှင့် ဗြိတိန်နိုင်ငံကလည်း အီရန်ရေနံတင်သွင်းမှုကို လုံးဝရပ်ဆိုင်းလိုက်ပြီဟု ယုံကြည်ရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အီရန်၏ အရေးယူမှုမှာ အနောက်နိုင်ငံများနှင့်အီရန်တို့၏ နှစ်ဖက်ရင်ဆိုင်မှုအတွက် ကလဲ့စားချေခြင်းဖြစ်ပုံရကြောင်း ဘီဘီစီကမ္ဘာ့ရေးရာ သတင်းထောက် ပီတာဘိုင်းလ်စ်က ပြောကြားသည်။

အီရန်သည် အိုပက်အဖွဲ့တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ၏နောက် ဒုတိယနေရာမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၃ ဒသမ ၅ သန်းထုတ်လုပ်ပြီး ၂ဒသမ၅သန်းအား နိုင်ငံခြားသို့ တင်ပို့ရောင်းချနေသည်။

*—Ref: AFP/BBC*

### နောက်ကျောဖုံး - မြောက်ကိုရီးယား ခြိမ်းခြောက်နေသော်လည်း တောင်ကိုရီးယား စစ်ရေးလေ့ကျင့် မှု

စစ်ရေးလေ့ကျင့်နေစဉ် ယင်းဒေသတွင် နေထိုင်သူများအား မြေအောက်ဘန်ကာများ၌ သွားရောက်နေထိုင်စေခဲ့သည်။ လွန်ခဲ့သော နှစ်လက မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီလ်သေဆုံးခဲ့ပြီးနောက်ပိုင်းမှာပင် တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြားတင်းမာမှုမြင့်မားနေဆဲဖြစ်သည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# “ အာရပ်နွေဦးတဲ့လား အဲဒါ တခြားနိုင်ငံတွေရဲ့ ကိစ္စပါ။

## ဘာရိန်းဘုရင် ဘင်အီဆာအယ်လ်ခါလီဖာပြောတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအကြောင်း

**ကျော်မျိုး**



‘အာရပ်နွေဦး’ဟာ တိတိကျကျဆိုရင် ပင်လယ်ကွေ့ဒေသရဲ့ နိုင်ငံငယ်လေးဖြစ်တဲ့ ဘာရိန်းကို ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီ ၁၄ ရက်ကမှ စတင်ရိုက်ခတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက ထောင်နဲ့ချီတဲ့ ဆန္ဒပြသူတွေဟာ မြို့တော်မန်နာမာမှာ စုဝေးခဲ့မိကြပြီး နိုင်ငံရေးမှာ ပိုမိုပါဝင်ပတ်သက်ခွင့်ရရေးနဲ့ ပြုပြင်ပြောင်းလဲရေးတွေ ပိုလုပ်ဖို့အတွက် တောင်းဆိုခဲ့ကြပါတယ်။ ဒီကိစ္စဟာ ‘အာရပ်နွေဦး’ ပင်လယ်ကွေ့ကို ပထမဆုံး စတင်ပျံ့နှံ့လာမှု လက္ခဏာတစ်ရပ်ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့မြို့တော်မန်နာမာရှိပုလဲရင်ပြင်တွင်းကနေ ဆန္ဒပြသူတွေကို အကြမ်းဖက်ဖြိုခွဲမှုတွေပြုလုပ်ပြီးနောက် မတ်လ ၁၅ ရက်မှာတော့ ဘာရိန်းဘုရင် ဟာမတ်ဘင်အီဆာအယ်လ်ခါလီဖာဟာ အရေးပေါ်အခြေအနေကြေညာခဲ့ပါတယ်။ အဲဒီမတိုင်ခင်တစ်ရက်မှာလည်း ဘာရိန်းနိုင်ငံထဲကို ပင်လယ်ကွေ့ရဲ့ ဘုရင့်နိုင်ငံခြောက်နိုင်ငံပေါင်းစည်းထူထောင်ထားတဲ့ ကျွန်းဆွယ်ကာကွယ်ရေးတပ်ဖွဲ့ (Peninsula Shield force)မှ တင့်ကားတွေ ဝင်လာခဲ့ပါပြီ။ ဒါကြောင့် ယှဉ်ကြည့်ရင် ‘ဘာရိန်းနွေဦး’ ဟာ ‘အာရပ်နွေဦး’ ဖြစ်စဉ်ကြီးတစ်ခုလုံးမှာ အလျင်မြန်ဆုံးနဲ့ စနစ်အကျဆုံး ဖြိုခွင်းခံရတဲ့လှုပ်ရှားမှုတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ စာရင်းတွေအရ ဆန္ဒပြပွဲတွေအတွင်း ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရွှေ့ပြောင်းနေထိုင်သူတွေအပါအဝင် ၄၆ ဦးသေဆုံးပြီး အဲဒီ့ထဲက ငါးဦးက နှိပ်စက်ညှဉ်းပန်းမှုတွေကြောင့် သေဆုံးရတာပါ။ အဖမ်းခံရသူ ၃,၀၀၀ ရှိပြီး ၇၀၀ ခန့်ဟာ ၂၀၁၁ နှစ်ကုန်အထိ သံတိုင်တွေနောက်မှာ ရှိနေခဲ့ပါတယ်။ ဒါ့အပြင် ဆန္ဒပြပွဲတွေမှာ ပါဝင်မှုနဲ့ လူ ၄,၀၀၀ လောက်လည်း အလုပ်ထုတ်ခံခဲ့ရပါတယ်။

ဘာရိန်းဟာ ပင်လယ်ကွေ့ဒေသရဲ့ ဘဏ္ဍာရေးဗဟိုဖြစ်သလို အာဏာရှင်စနစ်မဟုတ်တဲ့ စည်းမျဉ်းခံဘုရင်စနစ်နဲ့ သွားနေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဘုရင် ဟာမက်ဟာ ပြီးခဲ့တဲ့ဇွန်လမှာတော့ အီဂျစ်အမေရိကန်နွယ်ဖွား လူ့အခွင့်အရေးကျွမ်းကျင်သူပညာရှင် ချာရစ်ဘတ်ဆီယွန်နီကို ဖိတ်ခေါ်ကာ ဆန္ဒပြမှုတွေနဲ့ အကြမ်းဖက်မှုတွေအကြောင်း လေ့လာစူးစမ်းစေခဲ့ပါတယ်။ ဘုရင်ဟာ နိုင်ငံတွင်းမှာ တရားစီရင်ရေးစနစ်နဲ့ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးတွေကို ပြုလုပ်ဖို့လည်း ကတိပြုထားပါတယ်။ ဒါကြောင့် ဒီမှာ ဂျာမန်စပိုင်းဂဲလ်မီဒီယာနဲ့ ဘုရင်ဟာမက်တို့ရဲ့ တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်တင်ဆက်လိုက်ပါတယ်။ မေးမြန်းသူများကတော့ အလက်ဇန်းဒါးစမော်ဇစ်နဲ့ ဆိုအက်မက်ခင်နက်တို့ဖြစ်ပါတယ်။

**ပြီးခဲ့တဲ့တစ်နှစ်က ဘာရိန်းမှာ အတိုက်အခံလှုပ်ရှားမှုဖြစ်ခဲ့တယ်။ အရှင့်ရဲ့အကြောင်းအရာ တော်တော်များများမှာလည်း အဲဒီ့ကာလတွေနဲ့ပတ်သက်လို့ ခါးသီးတဲ့ အမှတ်တရတွေရှိခဲ့တယ်နော်။**

အရင်က ပြောဖူးသလိုပါပဲ။ မနှစ်က အဖြစ်အပျက်တွေကို နောင်တရမိပါတယ်။ အမြင်တစ်ခုအရတော့ အဲဒီ့အတိုက်အခံဆိုတဲ့ စကားလုံးက အဓိပ္ပာယ်ထွက်သလို တူညီတဲ့အမြင်တွေနဲ့ စုစည်းထားတဲ့ အတိုက်အခံဆိုတာ ဘာရိန်းမှာမရှိပါဘူး။ ဒီလိုစကားစုမျိုးက ဥပမာဆိုရရင် ဗြိတိန်နဲ့မတူဘဲ ကျုပ်တို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မရှိပါဘူး။ ကျုပ်တို့မှာ ကွဲပြားခြားနားတဲ့ အမြင်တွေနဲ့ ပြည်သူတွေပဲရှိပါတယ်။ ဒါ အဆင်ပြေပါတယ်။ အခုတော့ သူတို့ဟာ သူတို့ရဲ့ ညီအစ်ကိုသားချင်းတွေနဲ့ ပြောဆိုဆွေးနွေးနေကြပါပြီ။

**ဘာရိန်းမှာ အများစုဖြစ်တဲ့ ရှီးဟိုက်လူမျိုးစုခေါင်းဆောင်တွေထဲက ရှိတ်ခ်အလီဆယ်လ်မန်လိုခေါင်းဆောင်မျိုးကတော့ မော်ရိုကိုနိုင်ငံမှာ တည်ရှိနေတဲ့ပုံစံမျိုးနဲ့တူတဲ့ စည်းမျဉ်းခံဘုရင်စနစ်ကို တောင်းဆိုနေပါတယ်။ ဒီအယူအဆဟာ ဘာများမှားနေလို့ပါလဲ။**

ကျုပ်တို့က (ဖွဲ့စည်းပုံနဲ့သွားတဲ့ )စည်းမျဉ်းခံဘုရင်စနစ်ပါ။ ကျုပ်က ဥပဒေတွေ မထုတ်ပြန်ဘူး။ ဥပဒေတွေပဲ အဆိုပြုရတာ။ ကျုပ်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အပိုဒ် ၃၅ မှာလည်း ဘုရင်ဟာ ပါလီမန်က တင်ပြတဲ့ဥပဒေကို တစ်ကြိမ်ပဲ ငြင်းပယ်ခွင့်ရှိတယ်။ ပြီးရင်တော့ အဲဒီလိုမျိုးဥပဒေကိုပဲ ပါလီမန်နှစ်ရပ်စလုံးက အများစု သုံးပုံနှစ်ပုံက ထောက်ခံရင် သူက အတည်ပြုကိုပြုပေးရတော့မယ်။ ဘယ်ဘုရင်မှ အာဏာရှင်တစ်ပါးလို အကြွင်းမဲ့ မအုပ်ချုပ်သင့်ပါဘူး။

**အရှင့်ရဲ့ စစ်ကြောရေးစခန်းတွေမှာ နိုင်ငံရေးအကျဉ်းသား ဘယ်နှယောက်ရှိပါသလဲ။**

ဘာရိန်းမှာ နိုင်ငံရေးအကျဉ်းသားဆိုတာမရှိပါဘူး။ သူတို့အမြင်တွေကို ဖော်ပြလို့တော့ လူတွေဟာ အဖမ်းမခံရပါဘူး။ ကျုပ်တို့မှာ ရာဇဝတ်မှုကျူးလွန်တဲ့ ရာဇဝတ်သားတွေပဲရှိပါတယ်။ ခင်ဗျား ကျုပ်ကို (နိုင်ငံရေးအကျဉ်းသားဆိုတဲ့)နာမည်တစ်ခုလောက် ပြောပြနိုင်မလား။

**နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အဆိုအရတော့ ဖဒီလာမူဘာရက်ဆိုသူ ၁၈ လလောက် ထိန်းသိမ်းခံခဲ့ရတဲ့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးပါ။ သူမဟာ သူ့ကားထဲမှာ တော်လှန်ရေးသီချင်းနားထောင်မိလို့ နှိပ်စက်ညှဉ်းပန်းခံခဲ့ရသူပါ။**

ကိစ္စတစ်ခုချင်းကို မစုံစမ်းနိုင်တာတော့ ခင်ဗျား နားလည်ပါလိမ့်မယ်။ (ပြန်ကြားရေးဝန်ကြီးဘက်လှည့်၍ ထိုကိစ္စကို မေးပြီးနောက်) သူမကို လွှတ်ပေးလိုက်ပါပြီ။

**ကျွန်တော်တို့ဟာ (ဘာရိန်းမှာ) “ဘုရင်ကျဆုံးပါစေ”လို့ အော်ခဲ့ရင်ရော ဘာများ ဖြစ်သွားနိုင်ပါသလဲ။**

သူတို့(ဆန္ဒပြသူတွေ)လည်း အဲဒါကို လမ်းတွေပေါ် အော်ခဲ့တာပဲ။ မနှစ်က ကျုပ်မိန့်ခွန်းထဲမှာ အလေးပေးပြောခဲ့သလိုပါပဲ။ ဒီအချက်က တစ်စုံတစ်ဦးကို ထောင်သွင်းအကျဉ်းချဖို့ အကြောင်းပြချက် မဟုတ်ပါဘူး။ ဒီကိစ္စက အပြုအမူတွေနဲ့ဆိုင်တဲ့ကိစ္စပါ။ ဒါပေမဲ့ သူတို့က “ဘုရင်ကျဆုံးပါစေ။ ခိုမေနီအာဏာရပါစေ”လို့အော်လာရင်တော့ ဒါဟာ အမျိုးသားသွေးစည်းမှုအတွက် ပြဿနာဖြစ်လာပါတယ်။

**အတိုက်အခံနဲ့ ဘုရင်ကြားမှာ ဒိုင်ယာလော့ခ်(တွေ့ဆုံဆွေးနွေးရေး)လုပ်ခဲ့တာများ ရှိပါသ လား။**

အကြိမ်ပေါင်းများစွာ ဒိုင်ယာလော့ခ်ကို ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမဲ့ ငြင်းပယ်ခဲ့ကြတယ်။ ကျုပ် တံခါးကိုဖွင့်ပေးထားပြီး ပြည်သူတွေက ဖန်တီးတဲ့ ဘယ်သဘောတူညီမှုမျိုးကိုမဆိုလည်း ထောက်ခံမှာပါ။ ဒါပေမဲ့ အဲဒီလို (သဘောတူညီမှု) ဖြစ်ဖို့အတွက် သူတို့အချင်းချင်း ဆွေးနွေးရပါမယ်။ အခြေခံဥပဒေကလည်း ဘုရင်ကို မပြောဘဲ သွေးချင်းညီအစ်ကိုအချင်းချင်း ပြောဆိုဆွေးနွေးကြဖို့ ဆိုထားတာပဲ။ တစ်ဖက်ကလူတွေဟာစည်းမျဉ်းခံဘုရင်စနစ်ကို လိုချင်ကြောင်း ပြောကြတယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း ဘုရင်ကို အမိန့်တွေ ထုတ်ပြန်စေချင်နေကြတယ်။ ပဋိပက္ခ(အမြင်တွေ)ရှိနေတာကို ကျုပ်မကြိုက်ဘူး။

**ဒါဖြင့် ဘုရင်ရဲ့ အခန်းကဏ္ဍက ဘာပါလဲခင်ဗျ။**

ကျုပ်က ဒိုင်ယာလော့ခ်အတွက် စားပွဲဝိုင်းနဲ့ပတ်ဝန်းကျင်ကို လုပ်ပေးတာပါ။ ဒါပေမဲ့ ပထမဆုံးအနေနဲ့တော့ ပြည်သူတွေက ဘုံသဘောတူညီချက်ကို ရှာရပါမယ်။ ပြီးရင် အဲဒါကို ကျုပ်ထောက်ခံပေးပါမယ်။

**‘အာရပ်နွေဦး’ဆိုတဲ့ စကားလုံးက အရှင့်အတွက်ရော ဘယ်လိုများ နေပါသလဲခင်ဗျ။**

‘အာရပ်နွေဦး’တဲ့ လား။ အဲဒါ တခြားနိုင်ငံတွေရဲ့ ကိစ္စပါ။ တကယ်လို့ ခင်ဗျားတို့က ‘အာရပ်နွေဦး’ဆိုတာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆိုလိုတာဆိုရင် ဒီဖြစ်စဉ်ကို ကျုပ်တို့ စတင်ခဲ့တာ ၁၀ နှစ်ကြာပါပြီ။ ကျုပ်တို့က အာရပ်ကမ္ဘာမှာ ပါလီမန်ရွေးကောက်ပွဲတွေကို ပထမဆုံးလုပ်တဲ့နိုင်ငံတွေထဲက တစ်နိုင်ငံပဲ။

**ဘာရိန်းအတွက် ဒီမိုကရေစီဟာ အလုပ်ဖြစ်မယ်လို့ ထင်မြင်မိပါသလား။**

ထင်ပါတယ်။ ဒါပေမဲ့ အတွင်းထဲက လာတဲ့ ဒီမိုကရေစီပဲဖြစ်ရမယ်။ အမေရိကန်စနစ်ကို တူရကီဆီ ခင်ဗျားတို့ ပြောင်းလို့မရသလို တူရကီစနစ်ကိုလည်း ပြင်သစ်ကိုလွှဲပြောင်းလုပ်လို့မရပါဘူး။ ခင်ဗျားအနေနဲ့ ပြည်သူတွေနဲ့သူတို့ရဲ့ ယဉ်ကျေးမှုဓလေ့တွေကိုနားလည်ထားရမယ်လေ။ အဲဒါ ခေါင်းဆောင်မှုပဲ။

**ပြင်သစ်ဒဿနပညာရှင် အလက်ဇီတော့ကဗီးလ်က တစ်ခါကပြောဖူးတာကတော့ အစိုးရတစ်ရပ်အတွက် အရေးကြီးဆုံးအချိန်ဟာ ပြုပြင်ပြောင်းလဲရေးလုပ်တော့မယ့်အချိန်မှာ ရောက်လာတတ်တယ်ဆိုပါတယ်။ အဲဒါကို သဘောတူပါသလား။**

သဘောတူပါတယ်။ ရဟတ်ယာဉ်ပိုင်းလော့တစ်ဦးအနေနဲ့ ကျုပ်ဟာ ‘လူသေရဲ့ အကွေ့အကောက်’လို့ခေါ်တဲ့ ထူးခြားတဲ့ ချိုးကွေ့မှုကိုသုံးတဲ့ စကားစုကို ကောင်းကောင်းသိတာပေါ့။ ဒါဟာ သိပ်အရေးကြီးပြီး လှုပ်ရှားမှုနှစ်ခုအကြား အပြောင်းအလဲကာလဖြစ်တယ်။ ပြီးခဲ့တဲ့ ၁၀ နှစ်ကျော်ကစလို့အပြောင်းအလဲတွေ စတင်လုပ်ဆောင်ခဲ့တာမို့ အဲဒါ ပိုလွယ်ကူတယ်လို့ ကျုပ် ထင်ပါတယ်။

**အရှင့်အနေနဲ့ (၂၀၁၁ မှာ)ဆန္ဒပြမှုတွေဖြစ်ပြီး လေးပတ်အကြာ မတ် ၁၅ ရက်မှာ အရေးပေါ် လုံခြုံရေးအခြေအနေကို ဘာကြောင့်ကြေညာခဲ့ရတာပါလဲ။**

ဘာရိန်းဟာ ရှေ့မတိုးနိုင်ဖြစ်လာခဲ့တယ်။ လူမျိုးရေးအရ လှုံ့ဆော်တဲ့အကြမ်းဖက်မှုဖြစ်လာပြီး လူတွေ ဒဏ်ရာရ၊ သေကျေကြတယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေ ဖရိုဖရဲဖြစ်ပြီး အဓိကဆေးရုံလည်းစီးနင်းခံရတယ်။ ကျုပ်တို့ အမျိုးသမီးတွေလည်းသိပ်ချောက်ချားခဲ့ရတယ်။ မိန်းမသားတွေကို ကာကွယ်ဖို့ဟာ လူကြီးလူကောင်းတစ်ဦးရဲ့တာဝန်ပါ။ ဒါကြောင့် သူတို့ကို ကျုပ် ကာကွယ်ခဲ့ရတော့တယ်။

**ဒီကနေ ကီလိုမီတာအနည်းငယ်အကွာမှာ အမေရိကန်အမှတ်-၅ တပ်မကြီးရဲ့ ရုံးချုပ်ရှိနေပါတယ်။ မကြာခင်ကလည်း အီရန်စစ်ဦးစီးချုပ် ဟိုစိန်ဆလာမီက အမေရိကန်စစ်အခြေစိုက်စခန်းတွေကို လက်ခံထားတဲ့၊ လေယာဉ်ဖြတ်ကျော် ပျံသန်းခွင့်ပေးထားတဲ့ မည်သည့်ပင်လယ်ကွေ့နိုင်ငံကိုမဆို ရန်သူအဖြစ် အလားအလာရှိတဲ့ ပစ်မှတ်အဖြစ် မှတ်ယူရမယ်လို့ ပြောခဲ့ပါတယ်။**

သူက ဆုံးဖြတ်ချက်ချမှတ်နိုင်သူတဲ့လား။ ကျုပ်မသိဘူး။ ဒါပေမဲ့ ကျုပ်တို့ အီရန်ကို တိုက်မယ်လို့တော့ ဘယ်သူကမှ ကျုပ်တို့ဆီက သတင်းမကြားပါဘူး။ ဒါဟာ အစွလာမ်မစ်မဆန်ပါဘူး။ ဒါပေမဲ့ ကျုပ်တို့မှာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ပိုင်ခွင့်တော့ရှိထားပါတယ်။

**ဘာရိန်းမှာ တော်ဝင်မိသားစုအဖွဲ့ဝင် တော်တော်များများဟာ အစိုးရအဖွဲ့အတွင်း သြဇာကြီးတဲ့နေရာတွေအားလုံး ရယူထားတယ်ဆိုတာ မမှန်ဘူးပေါ့။**

မမှန်ပါဘူး။ ဘာရိန်းမှာ တခြားလူတွေလိုပဲ တော်ဝင်မိသားစုတွေဟာလည်း နိုင်ငံသားတွေပါပဲ။ သြဇာကြီးတဲ့နေရာတွေမှာ တော်ဝင်မိသားစုက မဟုတ်တဲ့သူတွေရှိနေတာပဲလေ။ လက်ထောက်ဝန်ကြီးချုပ် ဒါမှမဟုတ် ရေနံဝန်ကြီးတို့ရဲ့ နေရာတွေ အပါအဝင်ပေါ့လေ။

**ဒါကောင်းတယ်ဆိုရမှာပါ။ ဒါပေမဲ့ ဝန်ကြီးနေရာတော်တော်များများက အရှင့်မိသားစုနဲ့ပတ်သက်တဲ့သူတွေကိုပဲ ပေးထားဆဲမဟုတ်လား။**

ဒါက သူတို့ဟာ တော်ဝင်မိသားစုအဖွဲ့ဝင်ဖြစ်နေလို့မဟုတ်ဘဲ အရည်အသွေးကြောင့်ရတာပါ။ ဒါပေမဲ့ ဘာရိန်းမှာဖြစ်နေတဲ့ အခြေအနေကို နောက်ပြန်ကြည့်ကြပါစို့။ တကယ်လို့ တချို့က တိုက်ခိုက်မှ ကျုပ်ရဲ့ အာရုံစိုက်မှုရမယ်လို့ ထင်နေရင် သူတို့ လမ်းမှားနေပြီပဲ။ ကျုပ်က ကိုယ့်ရည်မှန်းချက်ကို မျက်ခြည်ပြတ်မနေပါဘူး။ ကျုပ်တို့ ရည်မှန်းချက်က ပြုပြင်ပြောင်းလဲရေးတွေ ပိုလုပ်ဖို့ပဲ။

*—Ref: Arab Spring? That's the Business of other countries: Spiegel: 13th Feb.*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.49 · FEBRUARY 23 , 2012

## တစ်နေ့တာ အဆိုအကဆရာတွေဖြစ်ခဲ့ကြတဲ့ နာမည်ကျော် K POP စတားများ

**လန်ဒန်၊ ဖေဖော်ဝါရီ - ၁၅**

ကိုရီးယားပေါ့ပ်ဂီတလောက၏ နာမည်ကျော် Big Bang၊ 2NE1 နှင့် Girl's Generation အဖွဲ့တို့၏ အဖွဲ့ဝင်ခြောက်ဦးသည် SBS ရုပ်သံ၏ တက်သစ်စ ကေပေါ့ပ်စတားရွေးချယ်ပွဲတစ်ခုတွင် သင်တန်းဆရာများအဖြစ် တစ်နေ့တာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မကြာမီ ရုပ်သံထုတ်လွှင့်မည့် အဆိုပါအစီအစဉ်တွင် SM Entertainment၊ YG Entertainment နှင့် JYP Entertainment တို့က ရွေးချယ်ထားသော ပြိုင်ပွဲဝင်လက်ရွေးစင်များကို အထက်ပါကေပေါ့ပ်စတားများက အထူးလေ့ကျင့်ပေးနေပုံများပါဝင်ခဲ့သည်။

Big Bang မှ တေးယန်၊ 2NE1 ၏ မင်ဇီနှင့် Girl's မှ ဆန်နီ၊ ယူးနာ၊ တေးယွန်၊ ဆိုးယွန်းတို့သည့် ပြိုင်ပွဲဝင်များအား အဆို၊ အကသင်ခန်းစာများကို အသေးစိတ်လေ့ကျင့်ပေးခဲ့သည်။ Big Bang တွင် အကောင်းဆုံးအက သမားဟု သတ်မှတ်ခံရသည့် တေးယန်သည် ပြိုင်ပွဲဝင်များအား ကိုယ်တိုင် ကပြလေ့ကျင့်ပေးခဲ့ပြီး Girl's Generation အဖွဲ့ဝင်များကလည်း တက်သစ်စ မိန်းကလေးအဖွဲ့ Su Pearls ကို အစား အသောက်နှင့် လေ့ကျင့်ခန်းအကြံဉာဏ်များပေးခြင်း၊ အဆိုအက လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

SM၊ YG နှင့် JYP ဖျော်ဖြေရေးကုမ္ပဏီများ ပူးပေါင်းပြုလုပ်ခဲ့သည့် ယင်းကေပေါ့ပ်စတားရှာဖွေပွဲ Survival Audition K-Pop Star ပြိုင်ပွဲတွင် ပထမဆုရသူသည် ဆုကြေး ကိုရီးယားဝမ်ငွေ သုံးသန်း၊ နိုင်ငံတကာအမ်လ်ဘမ်တစ်ချပ် ထုတ်ဝေခွင့်နှင့် ယင်းကုမ္ပဏီများ၏ အနုပညာရှင်စတားတစ်ဦးဖြစ်ရေး လေ့ကျင့်ပေးသည့် အစီအစဉ်များတွင် ပါဝင်ခွင့်ရမည်ဟုသိရသည်။

—Ref: CNA



Big Bangအဖွဲ့



## မင်္ဂလာပွဲနွဲတော့မယ်လို့သတင်းထွက်လာတဲ့ ဂျပ်စတင်တင်းဘားလိတ်ခ်နဲ့ ဂျက်ဆီကာဘီယယ်လ်

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ - ၁၅**

ဟောလိဝုဒ်၏ နာမည်ကျော်စုံတွဲဖြစ်သော ဂျပ်စတင်တင်းဘားလိတ်ခ်နှင့် ဂျက်ဆီကာဘီယယ်လ်တို့သည် မကြာခင် လက်ထပ်ပွဲ ဆင်နွှဲရန်အတွက်ပြင်ဆင်နေကြပြီကြောင်း သိရသည်။

အမေရိကန် Life & Style မဂ္ဂဇင်း၏ ဖော်ပြချက်အရ ၎င်းတို့စုံတွဲသည် ဖေဖော်ဝါရီလဆန်းကလော့စ်အိန်ဂျလိစ်ရှိ ဆိုဟိုဟောက်စ်ဟိုတယ်တွင် မင်္ဂလာပွဲစီစဉ်သူတစ်ဦးနှင့်အတူ နေ့လယ် စာစားနေသည်ကိုမြင်တွေ့ရကြောင်းသိရသည်။

သတင်းတွင် ဂျပ်စတင်တို့ စုံတွဲနှင့် နီးစပ်သူတစ်ဦးက "ဂျက်ဆီကာက ဂျပ်စတင့်ကိုညနေခင်း နေဝင်ချိန်ရှုခင်းနောက်ခံမှာ လက်ထပ်ချင်တယ်လို့ပြောခဲ့ပါတယ်"ဟု ဆိုသည်။

ဂျပ်စတင်တင်းဘားလိတ်ခ်နှင့်ဂျက်ဆီကာဘီယယ်လ်တို့သည် ၂၀၀၇ နှစ်ဆန်းပိုင်းတွင် စတင်လက်တွဲခဲ့ကြပြီး ၂၀၁၁ မတ်လတွင်မူ ၎င်းတို့၏ လေးနှစ်တာ ချစ်ဇာတ်လမ်းပြီးဆုံးကြောင်း ကြေညာခဲ့သည်။ သို့သော်လအနည်းငယ်အကြာ ၂၀၁၁ ဆောင်းရာသီတွင်ပြန်ပေါင်းထုပ်ခဲ့ပြီး ဒီဇင်ဘာလတွင် ဂျပ်စတင်ဘက်မှ ဂျက်ဆီကာအား လက်ထပ်ခွင့်ပန်ခဲ့ကြောင်း သိရသည်။

—Ref: Showbizspy



ဓာတ်ပုံ-Moe Moe FB

## မိုးမိုး အတ္တကြီးနေသည်

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၉**

'တနင်္ဂနွေမိုးရေစက်များ'ထွက်ရှိပြီးနောက် ပရိသတ်အားပေးမှု အခိုင်အမာရရှိခဲ့သည့် မိုးမိုး၏ တတိယမြောက်တစ်ကိုယ်တော်စီးရီး'အတ္တကြီးနေသည်'ကို လာမည့်ဖေဖော်ဝါရီ၂၅ရက်တွင် စတင်ဖြန့်ချိတော့မည်ဖြစ်သည်။

သက်တမ်းအားဖြင့် ၄နှစ်မှ၉နှစ် အထိရှိသောတေးသီချင်းများပါဝင်ကာ အနုပညာလောကသို့မဝင်ရောက်မီကတည်းက ရေးဖွဲ့ထားခဲ့သော သီချင်းများလည်း ပါဝင်မည်ဟု မိုးမိုးကပြောကြားခဲ့သည်။

ပရိသတ်များနှင့် ရင်းနှီးပြီးသားဖြစ်သော သူ၏အသက်လေးဆယ်၊ ပြန်တွေးကြည့်၊ နောက်ကျရင်စသည့် သီချင်းပုံစံများ ပါဝင်မည်လားဟု မေးမြန်းရာ "ပရိသတ်ကိုရော၊ ကိုယ့်ကိုယ်ကိုယ်ရောဖျော်ဖြေမှုပေးနိုင်မယ့်သီချင်းတွေပါမယ်။ ပရိသတ်တွေကြိုက်လိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်"ဟု မိုးမိုးကပြောကြားခဲ့သည်။

'အတ္တကြီးနေသည်'စီးရီးတွင် မိုးမိုး ကိုယ်တိုင်ရေးစပ်ထားသော သီချင်း၁၂ပုဒ်ပါဝင်မည်ဖြစ်ကာ ဖခင်တစ်ယောက်ဖြစ်ပြီး နောက်ပိုင်း မိဘတစ်ဦးအနေနှင့် ခံစားရေးဖွဲ့ထားသည့် သီချင်းတစ်ပုဒ်ပါဝင်မည်ဖြစ်ပြီး ထိုသီချင်း နာမည်မှာ "လိမ္မာတဲ့ကလေးငယ်" ဖြစ်သည်။

စီးရီးတွင် ညှိသည်အတီး သမားအဖြစ် ဥက္ကာဦးသာက တစ်ပုဒ်၊ ဝေဖြိုးက နှစ်ပုဒ်ကူညီတီးခတ်ထားပြီး ကျန်သီချင်းများ အားလုံးကိုမိုးမိုးတစ်ဦးတည်းက တီးခတ်ထားခြင်းဖြစ်သည်။

မိုးမိုး၏အတ္တကြီးနေသည် စီဒီသီချင်းခွေကို မိုးမိုးကိုယ်တိုင် ပထ မဆုံးအနေနှင့် မူပိုင်ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ပြီး စီဒီကိုမူရင်းခွေသာ ဝယ်ယူအားပေးပါရန်လည်း သူ၏ကိုယ်ပိုင် Facebookတွင် ရေးသားထားကာ ထိုသို့မေတ္တာရပ်ခံရခြင်းမှာ'မောင်မိုးမိုးပိုက်ဆံလိုချင်လို့ပါ'ဟုရေးသားထားပြီး ယခု အတ္တကြီးနေသည်အခွေကိုငါးနှစ်တိုင်တိုင်ခြစ်ချုပ်စုထားသော ပိုက်ဆံဖြင့်ထုတ်လုပ်ခြင်းဖြစ်ပြီး နောက်တစ်ခွေထွက်ရှိနိုင်ရန် ဝင်ငွေရရှိရန်လိုအပ်သောကြောင့်ဟုလည်း ရေးသားထားသည်။

စာ(၄၉)သို့

7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



# ကမ္ဘာမြေစိမ်းလန်းရေးစိတ်ဝင်စားလာတဲ့ တေလာဆွစ်ဖ်

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ - ၁၄**

အသက် ၂၂နှစ်အရွယ် နာမည်ကျော် အမေရိကန်ကျေးလက်ဂီတအဆိုတော် တေလာဆွစ်ဖ်သည် အန်နီမေးရှင်းရုပ်ရှင်ကား The Lorax ရိုက်ကူးနေရင်း ကမ္ဘာမြေစိမ်းလန်းရေးအကြောင်းကို ပိုမိုစိတ်ဝင်စားလာကြောင်း ပြောကြားလိုက်သည်။

အဆိုပါ အန်နီမေးရှင်းရုပ်ရှင်ကားသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း အရာဖြင့် ရိုက်ကူးသော ရုပ်ရှင်ကားဖြစ်သည်။ ထို့ကြောင့်တေလာက "အခုတော့ကျွန်မဟာ အရင်က မတွေ့ဖူးတာတွေ လုပ်နေမိပါပြီ။ ကိုယ်သွားတိုက်နေတဲ့အချိန်၊ ရေသွန်တဲ့အချိန်၊ အိမ်ထဲက မီးတွေအားလုံးပိတ်ချိန်တွေမှာလည်း ကိုယ့်အတွက် မလိုတာတွေ မသုံးဖို့တွေးလာမိပါတယ်"ဟု ပြောသည်။

တေလာဆွစ်ဖ်သည် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော ယခုရုပ်ရှင်ကားကို ရိုက်ကူးရင်းနှင့် ကမ္ဘာမြေစိမ်းလန်းရေးကိစ္စများကိုပါ စိတ်ဝင်စားလာကြောင်းဝန်ခံပြောကြားခဲ့သည်။

—Ref: Showbiz

# သရီးဒီတိုက်တန်းနစ်ဇာတ်ကားကို စိတ်မဝင်စားတဲ့ ကိတ်ဝင်းဆလက်ရဲ့ ကလေးများ

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ - ၁၄**




နာမည်ကျော် တိုက်တန်းနစ်ရုပ်ရှင်ကား၏ မင်းသမီးချော ကိတ်ဝင်းဆလက်က ၎င်း၏ကလေးများသည် မကြာသေးမီက ထွက်ရှိခဲ့သည့် သရီးဒီဗားရှင်း တိုက်တန်းနစ်ရုပ်ရှင်ကားတွင် မိခင်၏ သရုပ်ဆောင်ပုံကို ကြည့်ရှုရန် စိတ်မဝင်စားကြောင်းသိရသည်။

ကိတ်ဝင်းဆလက်တွင် ယခုအခါ ဂျိုး(၈ နှစ်)နှင့် မီယာ(၁၁ နှစ်)ဟူသည့် ကလေးနှစ်ဦးရှိနေပြီး တိုက်တန်းနစ်နှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားကို မေးမြန်းရာတွင် မင်းသမီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

အသက် ၃၆ နှစ်အရွယ် မင်းသမီးကိတ်က အမေရိကန်တူဒေးသတင်းစာအား "သူတို့ဟာ ဒီကားကို တကယ်စိတ်မဝင်စားကြတာပါ။ ဒါပေမဲ့ သူတို့ဟာ မျှမျှတတပြောရရင်တော့ သိချင်စိတ်တော့ရှိကောင်းရှိမယ်ထင်ပါတယ်" ဟုပြောသည်။

ကိတ်ဝင်းဆလက်သည် ၁၉၉၇ ခုနှစ်က ဝင်ငွေကမ္ဘာ့စံချိန်တင်ခဲ့သောတိုက်တန်းနစ်ကိုသရီးဒီဗားရှင်းဖြင့် ပြန်ထုတ်ဝေမည့်ရုပ်ရှင်ကိုယခုအချိန်ထိ၁၇မိနစ်စာခန့်သာပြန်ကြည့်ဖူးသေးပြီး တွဲဖက်သရုပ်ဆောင်သူငယ်ချင်းလီယိုနာဒိုဒီကာပရီယိုသည် ဇာတ်လမ်းထဲတွင် ကိုယ်ခန္ဓာ သွယ်လျပိန်ပါးနေ၍ မယုံနိုင်အောင် အံ့သြနေရကြောင်း ဖွင့်ဟခဲ့သည်။

—Ref: Showbizspy









7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# ဂီတလောကမှ ငါးနှစ်လောက် အနားယူချင်တဲ့ ဂရမ်မီဆုများရှင် အဒယ်လီ

**လန်ဒန်၊ ဖေဖော်ဝါရီ - ၁၅**

မကြာသေးမီက ဂရမ်မီဆုပေးပွဲတွင် ဆုခြောက်ဆုသိမ်းပိုက်နိုင်ခဲ့သည့် အဆိုတော်အဒယ်လီက သူမ၏ ပုဂ္ဂိုလ်ရေးဘဝကို ပိုမိုအာရုံစိုက်နိုင်ရန် ဂီတလောကမှ ငါးနှစ်ခန့် အနားယူဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဖေဖော်ဝါရီ ၂၂ရက် ဂရမ်မီဆုပေးပွဲမတိုင်ခင် အမေရိကန် Vogue မဂ္ဂဇင်းနှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် အသက် ၂၃နှစ်အရွယ် အဆိုတော်အဒယ်လီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်မ လေး၊ငါးနှစ်လောက် တော့ ဂီတလောကကနေ နားချင်ပါတယ်။ ကျွန်မ ဆက်တိုက် အလုပ်လုပ်နေရင် ကျွန်မရဲ့ အချစ်ရေးကိစ္စပျက်စီးသွားမှာစိုးလို့ပါ"ဟု သူမက ပြောကြားသည်။

အဒယ်လီသည် အသက် ၃၇နှစ်အရွယ် ဆီမွန်ကွန်နက်ကီနှင့်ချစ်ကြိုးသွယ်နေပြီး လက်ထပ်ရန်စဉ်းစားနေကြောင်းလည်း မဂ္ဂဇင်းအားပြောကြားသည်။

—Ref: Telegraph



## စာ(၄၇) မိုးမိုးအတ္တကြီးနေသည်

မိုးမိုးသည် သူ၏ပထမဆုံးတစ်ကိုယ် တော်တေးစီးရီးကြယ်မှာအောင် မြင်မှု မရရှိခဲ့ဘဲ ဒုတိယတစ်ခွေဖြစ်သော တနင်္ဂနွေမိုးရေစက်များအခွေ ဖြင့်သာပရိသတ်အားပေးမှုအပြည့်အဝရရှိခဲ့သည်။ မိုးမိုးသည်မတ်လဒုတိယပတ်တွင်ဒုတိယမြောက်သားကို ပိုင်ဆိုင်တော့မည်ဖြစ်ပြီး ယခုအခါတွင်တော့အတ္တကြီးနေသည်တေးစီးရီးထွက်ရှိရန်နှင့်အနုပညာအလုပ်များဖြင့်အလုပ်များနေသည် ။




**ကြူကြူဟန်**

■ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် အကြည်တော် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် "အမွေဇယား" ရုပ်ရှင်ဇာတ်ကားကြီးကို ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ အဆင့်မြင့်ရုပ်ရှင် ရုံများတွင် ပြသနေပြီဖြစ်သည်။ ထိုဇာတ်ကားတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ နေထက်လင်း၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်တို့က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

■ အဆိုရှင်နှစ်ဦး၏ "မကြေညာဘဲ"ဗီစီဒီကို ဖေဖော်ဝါရီ ၁၈ ရက်တွင် Excellent Creation က ဖြန့်ချိမည်ဖြစ်သည်။ D လူ၊ L နော်မိန်း၊ Be Bee, ကဲကြီး၊ Ah ယော်၊ ဒယ်နီ၊ အဒီး၊ Jordan တို့ကတေးသီချင်းများ ရေးသားပြီး ကဲကြီး၊ Ah ယော်တို့က သီဆိုထားသည်။ သီချင်း ၁၂ ပုဒ် ပါဝင်သည်။

■ အဆိုရှင် သုန္ဒရီ၏ "အခုခေတ်မိန်းကလေး"ဗီစီဒီကို Pro Music Production က ဖေဖော်ဝါရီလကုန်တွင် ဖြန့်ချိမည်ဖြစ်သည်။ စစ်သွေး၊ သောတ (GRV), FOB, ချမ်းမြေ့တို့က Featuring သီဆိုပေးထားပြီး သောတ (GRV), FOB, ချမ်းမြေ့၊ ဖိုးဆောင်းတို့က ရေးသားထားသည်။

■ နေရဲမာန်၏ "ရောဝတီသကြၤန်နတ်သမီး"စီဒီ၊ ဗီစီဒီ၊ ဒီဗီဒီကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် Excellent Creation က ဖြန့်ချိမည်ဖြစ်သည်။ ချိုပြုံး၊ စိမ်းမို့မို့၊ လေးလေးဝါး၊ ချောစုခင်၊ ဆုန်သင်းပါရ်တို့က စုံတွဲသီဆိုပြီး ဘရိတ်ကီ၊ ဗျူဟာတို့က Rap သီဆိုထားသည်။ နိုင်မြန်မာ၊ စောခူဆဲ၊ နောင်နောင် (S.F), စိုးလင်း၊ ဗျူဟာတို့က တေးသီချင်းများ ရေးသားထားသည်။

# တစ်ခါတုန်းက တက္ကသိုလ်ဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ကြူကြူဟန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၇**

လွန်ခဲ့သော နှစ်များစွာက နာမည်ကျော် လူကြိုက်များခဲ့သော တေးသီချင်းများကိုပြန်လည်သီဆိုမည့် "တစ်ခါတုန်းကတက္ကသိုလ်"ဂီတဖျော်ဖြေပွဲကို မတ်လ ၃ ရက်ညနေ ၆ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

၁၉၅၈-၈၈ ခုနှစ်တွင် နာမည်ကျော် လူကြိုက်များခဲ့ပြီး အဆောင်သူများ၏ တောင်းဆိုမှုအများဆုံးရခဲ့သော တေးသီချင်းအပုဒ် ၅၀ ကျော်ကို မြန်မာသံအဆိုရှင်များနှင့် ဗစ်တာခင်ညို၊ ကိုင်ဇာ၊ ခိုင်ထူး၊ ဇော်ဝင်းထွဋ်၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ မျိုးကျော့မြိုင်၊ အောင်နိုင်၊ L လွန်းဝါ၊ L ခွန်းရီ၊ နော်လီဇာ၊ မေဆွိ၊ မေခလာ၊ L ဆိုင်းဇီ၊ ဖြူဖြူကျော်သိန်းစသည့် အနုပညာရှင် ၂၀ ကျော်တို့က သီဆိုမည်ဖြစ်သည်။ စန္ဒားလှအေး၊ Emperor, Plus Three တီးဝိုင်းတို့က တီးခတ်ပေးသွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၏ အထင်ရှားဆုံး ဖြစ်ခဲ့သော ဘွဲ့နှင်းသဘင်ခန်းမကို နောက်ခံထား၍ ဂျပ်ဆင်၊ သစ်ပုပ်ပင်နှင့် လျှောက်လမ်းကိုလည်း အဓိပတိလမ်းမပုံစံပြုလုပ်ပြီး ရန်ကုန်တက္ကသိုလ်မှာ နာမည်ရခဲ့သောဆိုင်များကိုလည်း အမှတ်တရအနေဖြင့် ထားရှိရမည်ဖြစ်ကြောင်း ဦးကျော်ကျော်(စိတ်ပညာ)က ပြောသည်။

ယခုပြုလုပ်မည့် ပွဲသည် ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အကြို မြန်မာနိုင်ငံစိတ်ပညာရှင်အသင်း ရန်ပုံငွေပွဲအဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ဝင်ကြေးကို ကျပ်နှစ်သောင်း၊ ကျပ်တစ်သောင်း၊ ကျပ်ငါးထောင်သတ်မှတ်ထားသည်။

## ရန်ကုန်မြို့တွင် ဖျော်ဖြေမည့်ပွဲများ

| စဉ် | နေ့စွဲ | ပွဲအမည် | အဆိုတော် | အချိန် | နေရာ | ဝင်ကြေး |
|---|---|---|---|---|---|---|
| ၁။ | ၂၅. ၂. ၁၂ | Super Five Ladies Show | ဖြူဖြူကျော်သိန်း၊ L ဆိုင်းဇီ၊ ချစ်သုဝေ၊ ချမ်းချမ်း၊ အေသင်ချိုဆွေ။ | ည၇ နာရီ | အမျိုးသားဇာတ်ရုံ | ၃၀,၀၀၀၊ ၂၀,၀၀၀၊ ၁၅,၀၀၀၊ ၇,၀၀၀ |
| ၂။ | ၂၅. ၂. ၁၂ | မနောအလှ ဂီတည | Lခွန်းရီ၊ ကေဂျာနူး၊ ကော့မိုင်၊ Lလွန်းဝါ၊ နောနော်၊ ဒေါင်းလွတ်း၊ ဂျက်ဆန်ထွန်း၊ အောင်းလာ၊ AH ယော်၊ အန်းနော်၊ နော်ဒင့်၊ အော်ရာလီ၊ အဇဲ၊ Tခမ်းဆိုင်၊ K ခေါန်နူး၊ L ဆိုင်းဇီ၊ ရေဗက္ကာဝင်း၊ Blue Berry, N ကိုင်ရာ၊ N ဆိုင်းလီ၊ M ဆိုင်းလာ။ | ညနေ၅နာရီ | မျှော်စင်ကွန်း | ၅,၅၀၀ |


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Vow | Screen Gems & Sony Pic. | ၄၁,၂၀၂,၅၀၀ | ၁ |
| ၂။ | Safe House | Universal Pic. | ၄၀,၁၇၂,၇၀၀ | ၁ |
| ၃။ | Journey 2: The Mysterious Island 3D | Warner Bros. Pic. | ၂၇,၃၃၅,၄၀၀ | ၁ |
| ၄။ | Star Wars: Episode I- The Phantom Menance | Lucasfilm, Ltd & 20th Century Fox | ၂၂,၄၆၉,၉၀၀ | ၁ |
| ၅။ | Chronicle | 20th Century Fox | ၃၉,၉၅၉,၉၀၀ | ၂ |
| ၆။ | The Woman in Black | CBS Films | ၃၅,၂၅၈,၁၀၀ | ၂ |
| ၇။ | The Grey | Open Road Films | ၄၂,၇၈၇,၁၀၀ | ၃ |
| ၈။ | Big Miracle | Universal Pic. | ၁၃,၂၈၂,၀၀၀ | ၂ |
| ၉။ | The Descendants | Fox Searchlight Pic. | ၇၀,၆၇၁,၃၀၀ | ၇ |
| ၁၀။ | Underword: Awakening | Screen Gems & Sony Pic. | ၅၈,၉၁၄,၅၀၀ | ၄ |

## Movie Review

### Act of Valor




ပြန်ပေးဆွဲခံထားရသော စီအိုင်အေထောက်လှမ်းရေးအရာရှိတစ်ဦးအား ကယ်ဆယ်ရန် Navy Seal များ လျှို့ဝှက်လှုပ်ရှားကြသည်။ ယင်းသို့ကြိုးစားနေစဉ်မှာပင် ကမ္ဘာကြီးတစ်ခုလုံးအတွက် အန္တရာယ်ရှိနိုင်သော အကြောင်းအရာတစ်ခုကို အထူးတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ကြသည်။ ယင်းအန္တရာယ်မှာ အချိန်ဆွဲထား၍လည်း မဖြစ်၊ ချက်ချင်း ဖြေရှင်းရမည်ဖြစ်ရာ Navy Seal များ ယင်းကိစ္စကိုစွန့်စွန့်စားစား ကိုင်တွယ်ဖြေရှင်းရင်း ၎င်းတို့လူကိုလည်း ကယ်တင်ရမည်ဖြစ်ရာ. . . .။

Mike Mc Coy နှင့် Scott Waugh တို့ရိုက်ကူးထားသော သည်းထိတ်ရင်ဖို၊ အက်ရှင်နှင့် ဒရာမာဇာတ်ကားတွင် Roselyn Sahchez၊ Alex Veadov၊ Nestor Serrano၊ Jason Cottle တို့ပါဝင်သရုပ်ဆောင်ထားသည်။ Relativity Media က ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.10, No.49 • FEBRUARY 23 , 2012


## ဒိုင်လူကြီးကို ဆဲသည့် ရန်ကုန်ယူနိုက်တက် ကစားသမားကို ပြစ်ဒဏ်ချမှတ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ဒိုင်လူကြီးအား ဆဲဆိုပြီး ရန်ပြုရန် ကြိုးပမ်းခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှ နောက်ခံကစားသမား ရန်အောင်ဝင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက လေးပွဲပယ်နှင့် ဒဏ်ငွေကျပ်နှစ်သိန်းပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်က ပေါင်းလောင်းကွင်း၌ယှဉ်ပြိုင်ကစားခဲ့သည့် နေပြည်တော်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် ပွဲချိန် ၆၃ မိနစ်၌ ရန်အောင်ဝင်းက ဒိုင်လူကြီးအားဆဲဆိုပြီး ရန်ပြုရန် ကြိုးပမ်းခဲ့သည့်အတွက်၎င်းအားတိုက်ရိုက်အနီကတ်ပြ၍ ထုတ်ပယ်ခဲ့သည်။ ထိုကြောင့်၎င်းအား အရေးယူပေးပါရန် ပြိုင်ပွဲကျင်းပရေးကော်မတီက တင်ပြလာမှုအပေါ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက တာဝန်ရှိသူများအားခေါ်ယူမေးမြန်းခြင်းနှင့် ရုပ်သံမှတ်တမ်းအား ကြည့်ရှုပြီးကြားနာစစ်ဆေးခဲ့သည်။

ရန်အောင်ဝင်းသည်မြန်မာ့လက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်ပြီး၊ ဒိုင်လူကြီးအပေါ် ယခုကဲ့သို့ ပြုမူခြင်းမှာ မပြုလုပ်သင့်သည့်အပြင် နိုင်ငံတကာ ပြိုင်ပွဲများတွင် အလားတူ ဖြစ်ရပ်မျိုးကျူးလွန်မိပါကလည်း လက်ရွေးစင်အသင်းအတွက် များစွာနစ်နာစေနိုင်သောကြောင့် စည်းမျဉ်းစည်းကမ်းများအရ အထက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ထို့ကြောင့် ရန်အောင်ဝင်းသည် ရန်ကုန်ယူနိုက်တက်အသင်း၏ လာမည့် နေရှင်နယ်လိဂ်ပွဲစဉ်လေး ပွဲဖြစ်သည့် ဆောက်သမ်းမြန်မာ၊ ရတနာပုံ၊ မနောမြေ၊ ဇွဲကပင်တို့နှင့် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်များတွင် ပါဝင်ခွင့် လွဲချော်ရတော့မည်ဖြစ်သည်။

## အမျိုးသမီး Pool 8-ball ပြိုင်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ပထမဆု ကျပ် ၁၀ သိန်းချီးမြှင့်မည့် ပထမအကြိမ် အမျိုးသမီး Pool 8-ball ပြိုင်ပွဲကို လာမည့် မတ်လဒုတိယပတ်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Pool 8-ball အားကစားနည်းသည် ကျူတံအားကစားနည်းအမျိုးအစားထဲမှ တစ်ခုဖြစ်ပြီး၊ အလျား ၉ ပေ၊ အနံ ၄ပေခွဲ အကျယ်အဝန်းရှိ Pool ခုံပေါ်တွင် ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို မတ် ၁၀ ရက်၌ ကုက္ကိုင်းရေကူးအသင်းခန်းမအတွင်း ကျင်းပမည်ဖြစ်ပြီး အမျိုးသမီးကစားသမား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

“ဒီအားကစားနည်းအတွက် အမျိုးသမီးပြိုင်ပွဲ ကျင်းပတာ ဒါပထမဆုံးအကြိမ်ပါ။ ဒီပြိုင်ပွဲကနေ အရည်အချင်းရှိကစားသမားတွေ ထွက်ပေါ်လာခဲ့ရင် အဖွဲ့ချုပ်မှာ စခန်းသွင်းလေ့ကျင့်ပေးဖို့အစီအစဉ်ရှိပါတယ်”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ပြိုင်ပွဲတွင် ပထမဆု ကျပ်ဆယ်သိန်း၊ ဒုတိယဆု ကျပ်ငါးသိန်း၊ တတိယဆု ကျပ်သုံးသိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်းငါးသောင်း၊ အဆင့် ၅ မှ အဆင့် ၁၀ အထိ ဆုငွေကျပ်ငါးသောင်းစီနှင့် အဆင့် ၁၁ မှအဆင့် ၂၅ အထိ ဆုငွေ ကျပ်သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်ကာ နယ်မှလာရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက် ခရီးစရိတ်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

၎င်းပြိုင်ပွဲကို အဖွဲ့ချုပ်နှင့် Ambur Electronics ကုမ္ပဏီမှ စုစည်း၍ မြန်မာဘရူဝါရီကုမ္ပဏီက အဓိကစပွန်ဆာဖြင့် တာဝန်ယူကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်လိုသော အမျိုးသမီးအားကစားသမားများသည် ရန်ကုန်အောင်ဆန်းကွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့လည်းကောင်း၊ မန္တလေးမြို့ရှိ (မြို့မကလပ်)တွင်လည်းကောင်း မတ် ၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းသတင်းရရှိသည်။

## ရတနာပုံအသင်း အမှတ်ပေးဇယားဦးဆောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂၀**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ အပတ်စဉ်(၇)ပွဲစဉ်များတွင် ဟံသာဝတီအသင်းကို သရေကျခဲ့သည့် ကမ္ဘောဇအသင်းမှာ အမှတ်ပေးဇယားထိပ်ဆုံးနေ ရာမှ ဖယ်ပေးခဲ့ရပြီး ချင်းယူနိုက်တက်ကို အနိုင်ယူခဲ့သည့် ရတနာ ပုံအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးဇယားကို ပထမဆုံးအကြိမ် ဦးဆောင်ခွင့်ရရှိခဲ့သည်။

အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘောဇအသင်းနှင့် ဟံသာဝတီအသင်းတို့ပွဲစဉ်တွင် သုံးဂိုးစီသရေကျခဲ့ပြီး ရတနာပုံအသင်းမှာ အသင်းသစ် ချင်းယူနိုက်တက်အသင်းအား ဗထူးကွင်းတွင် နာကျင်အချိန်ပို နောက်ကျတစ်ဂိုးဖြင့် အနိုင်ယူခဲ့သည်။

အခြားပွဲစဉ်များတွင် နေပြည်တော်အသင်းက ဇေယျာရွှေမြေအသင်းအား ၂-၁ ဂိုး၊ ရန်ကုန်ယူနိုက်တက်အသင်းက ဆောက်သမ်းမြန်မာအသင်းကို ၂-၀ ဂိုး၊ မနောမြေအသင်းက ဇွဲကပင်ယူနိုက်တက်အသင်းအား ၁-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဧရာဝတီယူနိုက်တက်နှင့် မကွေးအသင်း၊ ရက္ခပူရနှင့် မောရဝတီအသင်းတို့ပွဲစဉ်တို့တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေကျခဲ့သည်။

| စဉ် | အသင်း | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ | ရတနာပုံ | ၆ | ၁ | ၀ | ၁၉ |
| ၂။ | ကမ္ဘောဇ | ၅ | ၂ | ၀ | ၁၇ |
| ၃။ | နေပြည်တော် | ၄ | ၂ | ၁ | ၁၄ |
| ၄။ | ရန်ကုန် | ၄ | ၂ | ၁ | ၁၄ |
| ၅။ | မနောမြေ | ၄ | ၁ | ၂ | ၁၃ |

## လက်ရွေးစင်ဘောလုံးအသင်း ကိုရီးယားတွင် လေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား လာမည့် ဧပြီလအတွင်းတွင် တောင်ကိုရီးယားနိုင်ငံသို့ လေ့ကျင့်မှုများပြုလုပ်ရန် စေလွှတ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဧပြီလ ၁၇ ရက်မှ မေလ ၈ ရက်(သုံးပတ်အကြာ)အထိ တောင်ကိုရီးယားနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် လူငယ်ကစား သမားအများစုပါဝင်မည်ဖြစ်ကာ စုစုပေါင်း ကစားသမား ၃၀ ဦး ဝန်းကျင် လိုက်ပါသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှသိရသည်။

**စာ(၅၁)သို့**




# လက်ရွေးစင်ဘော်လီဘော ကစားသမားသုံးဦး ဗီယက်နမ်ကလပ်များတွင် ကစားမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

မြန်မာ့လက်ရွေးစင်ဘော်လီဘော ကစားသမားသုံးဦးသည် ဗီယက်နမ်ကလပ်များတွင် ကာလတိုစာချုပ်ဖြင့် သွားရောက်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရွေးစင် ကစားသမားများဖြစ်သည့် ဝင်းထွန်းဦး၊ ကျော်ရွှေနှင့်ရဲမင်းအောင်တို့သုံးဦးသည် ဗီယက်နမ်လိဂ်ဘော်လီဘောပြိုင်ပွဲ ဒုတိယအကျော့ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃၀ ရက်အထိ တစ်လစာချုပ်ဖြင့် သွားရောက် ကစားမည်ဖြစ်သည်။

ဝင်းထွန်းဦးက Army 9 ကလပ်တွင်လည်းကောင်း၊ ကျော်ရွှေက Army 4 ကလပ်တွင်လည်းကောင်း၊ ရဲမင်းအောင်က Phutho အသင်းတွင်လည်းကောင်း အသီးသီးသွားရောက် ကစားမည်ဖြစ်ကာ လစာအဖြစ် အမေရိကန်ဒေါ်လာ ၂,၅၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

“ဗီယက်နမ်ဟိုချီမင်း စီးတီးအသင်းကလည်း မြန်မာလက်ရွေးစင် ကစားသမားအောင်သူကို လစာကန်ဒေါ်လာ ၄,၅၀၀ နဲ့ကမ်းလှမ်းထားတာ ရှိပါတယ်။ ဒါပေမဲ့ အောင်သူက လက်ရှိထိုင်းကလပ်အသင်းမှာ သွားရောက်စားနေ လို့ ဗီယက်နမ်ကို မသွားရပါဘူး” ဟု မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အထက်ပါကစားသမားသုံးဦးသည် ဗီယက်နမ်လိဂ်ဘော်လီဘောပြိုင်ပွဲ ပထမအကျော့တွင်လည်း ပြိုင်ပွဲဝင်အသင်းများ၌ တစ်လအငှား စာချုပ်ဖြင့် သွားရောက်ကစားဖူးသူများဖြစ်သည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# ယူ-၂၂ အာရှလူငယ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ အိမ်ရှင်အဖြစ် မြန်မာလျှောက်ထား

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့်ဇွန်လအတွင်း ယှဉ်ပြိုင်ကစားမည့် အသက် ၂၂ နှစ်အောက် အာရှလူငယ်ချန်ပီယံရှစ်ပြိုင်ပွဲ 2013 AFC U-22 ခြေစစ်ပွဲ အုပ်စု(ဆ)ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အာရှဘောလုံးအဖွဲ့ချုပ်(AFC)ထံသို့လျှောက်ထားလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။




“မြန်မာအသင်း ပါဝင်တဲ့ အုပ်စု(ဆ)ကို အိမ်ရှင်လက်ခံကျင်းပဖို့ အာရှဘောလုံးအဖွဲ့ချုပ်ထံ လျှောက်လွှာတင်လိုက်ပါပြီ၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရမယ်ဆိုရင် အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတွေမှာလက်ခံကျင်းပဖို့စီစဉ်ထားပါတယ်”ဟု ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ယခုလ၁၈ရက်တွင် ပြောသည်။

အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသော ပြိုင်ပွဲသစ်တစ်ရပ်ဖြစ်သည့် အဆိုပါပြိုင်ပွဲ၏ ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်း ၄၁ သင်းအား အုပ်စုများခွဲဝေခဲ့ရာမြန်မာအသင်းသည် အုပ်စု(ဆ)တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်အသင်းများနှင့်အတူ ကျရောက်ခဲ့သည်။

အုပ်စု(၇) ခုခွဲခြားထားပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့်အကောင်းဆုံးအုပ်စုတတိယအသင်းတစ်သင်း (စုစုပေါင်း ၁၅ သင်း)တို့သည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်အသင်းနှင့် ပေါင်းကာ နောက်ဆုံး အဆင့်ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်း ပါဝင်သည့် အုပ်စုခြေစစ်ပွဲ ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ရခြင်းမှာ တောင်ကိုရီးယားလူငယ်အသင်းအပါအဝင် ထိပ်တန်းအသင်းများ၏ ယှဉ်ပြိုင်မှုကို မြန်မာဘောလုံးပရိသတ်များ အားပေးကြည့်ရှုနိုင်ရန်နှင့် မြန်မာလူငယ်အသင်း မိမိမြေပေါ်တွင် အောင်ပွဲရရှိရေးအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူကဆိုသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အဆိုပါခြေစစ်ပွဲများကို ဇွန်လ ၂၃ ရက်မှ ဇူလိုင်လ ၃ ရက်အတွင်း ယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကိုမူ ၂၀၁၃ ခုနှစ်အတွင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အိုလံပစ်ပြိုင်ပွဲများတွင် အာရှဒေသတွင်းမှ အသင်းများ အောင်မြင်မှုရရှိရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် ယင်းပြိုင်ပွဲများကို အာရှဘောလုံးအဖွဲ့ချုပ်သည် ၂ နှစ် တစ်ကြိမ်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

## စာ(၅၀) - လက်ရွေးစင်ဘောလုံးအသင်း ကိုရီးယားတွင် လေ့ကျင့်မည် မှ

“မြန်မာကစားသမားတွေ အနေနဲ့တောင်ကိုရီးယားနိုင်ငံမှာ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်နေစဉ်အတွင်း ကိုရီးယားဘောလုံးကလပ်အသင်းတွေနဲ့လည်း ခြေစမ်းပွဲယှဉ်ပြိုင်ကစားဖို့စီစဉ်ထားပါတယ်”ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တောင်ကိုရီးယားနိုင်ငံတွင် အောင်မြင်မှုမှတ်တမ်းကောင်းများရရှိခဲ့သည့် လက်ရှိ မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာအနေဖြင့်မြန်မာ့လက်ရွေးစင်အသင်းများ အောင်မြင်မှုရရှိစေရေးအတွက် စီမံချက်များ ရေးဆွဲလျက်ရှိသည်။ ကိုရီးယားတွင် သွားရောက်လေ့ကျင့်မည့် ခရီးစဉ်မှာ ၎င်း၏ အစီအစဉ်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ခွင့်ပြုပေးခဲ့ကာ ပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

# မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း အာဆီယံအဆင့် ၉ အထိ ကျသွား

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဖေဖော်ဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ကမ္ဘာ့အဆင့် ၁၇၄ ဖြင့် အာဆီယံတွင် အဆင့် ၉ နေရာအထိ ကျဆင်းသွားခဲ့သည်။

ယခုလ ၁၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာအသင်းသည် ယခင်လထက် အဆင့် ၂ ဆင့် ထပ်မံကျဆင်းသွားခဲ့ပြီး ရမှတ် ၉၉ မှတ်ဖြင့် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုတို့အောက်၌သာ ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် အာဆီယံနိုင်ငံများတွင် မြန်မာအသင်းအောက်၌ ဘရူနိုင်းနှင့် တီမောအသင်းတို့သာ ကျန်ရှိတော့ပြီး ကျန်ရှစ်နိုင်ငံအသင်းများမှာ မြန်မာအသင်းအထက်တွင် ရပ်တည်လျက်ရှိသည်။

အာဆီယံနိုင်ငံများတွင် ဗီယက်နမ်အသင်းက အဆင့် ၁၀၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားပြီး ထိုင်း ၁၃၀၊ အင်ဒိုနီးရှား ၁၄၆၊ စင်ကာပူ ၁၄၈၊ မလေးရှား ၁၅၀၊ ဖိလစ်ပိုင် ၁၅၆၊ လာအို ၁၇၁၊ ကမ္ဘောဒီးယား ၁၇၂၊ ဘရူနိုင်း ၂၀၀ နှင့် တီမောအသင်းက ကမ္ဘာ့အဆင့် ၂၀၄ ၌ ရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့် ၁ နေရာတွင်မူ စပိန်အသင်းက ဆက်လက်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဂျာမနီ၊ နယ်သာလန်၊ ဥရုဂွေး၊ အင်္ဂလန်၊ ပေါ်တူဂီ၊ ဘရာဇီး၊ အီတလီ၊ ခရိုအေးရှား၊ ဒိန်းမတ်အသင်းများက အစဉ်လိုက်ရပ်တည်နေသည်။ ဂျပန်အသင်းမှာ ယခင်လထက် အဆင့် ၁၁ ဆင့် ကျဆင်းသွားသော်လည်း ကမ္ဘာ့အဆင့် ၃၀ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားဆဲ

# ကမ္ဘောဇအသင်း ထိုင်းပရီးမီးယားလိဂ် ကလပ်အသင်းနှင့် ကစားမည်




ဓာတ်ပုံ - အောင်အောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကမ္ဘောဇဘောလုံးအသင်းသည် ထိုင်းပရီးမီးယားလိဂ် ကလပ်ချင်းရိုင်ယူနိုက်တက်အသင်းနှင့် ယခု ၂၅ ရက်တွင် ခြေစမ်းပွဲကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ခြေစမ်းပွဲကို ချင်းရိုင်ယူနိုက်တက်အသင်း၏ အိမ်ကွင်း Thaicom Stadium တွင် သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းခြေစမ်းပွဲကို ချင်းရိုင်ယူနိုက်တက်အသင်းက ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး အသင်းနှစ်သင်း ခြေစမ်းပွဲမတိုင်မီ နှစ်ဖက်အသင်း တာဝန်ရှိသူများ၏ ချစ်ကြည်ရေးခြေစမ်းပွဲလည်း ကစားမည်ဖြစ်ကြောင်း ကမ္ဘောဇအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

“ဒီခြေစမ်းပွဲဖြစ်ဖို့ သူတို့(ချင်းရိုင်ယူနိုက်တက်) ဘက်က ကျွန်တော်တို့အသင်းကို ဖိတ်တာပါ။ ပုံမှန်အားဖြင့် ခြေစမ်းပွဲကာလမဟုတ်ပေမယ့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ခဏနားတဲ့အချိန်ဖြစ်တာကြောင့် သွားရောက်ကစားဖြစ်တာပါ။ ထိုင်းပရီးမီးယားလိဂ်ပြိုင်ပွဲကတော့ မတ်လမှာ စမှာ ဖြစ်တဲ့အတွက် သူတို့အတွက်တော့ ရာသီကြိုခြေစမ်းပွဲဖြစ်ပါတယ်” ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။

ချင်းရိုင်ယူနိုက်တက်အသင်းသည် ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အသင်းဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ထိုင်းပရီးမီးယားလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့် ၁၀ နေရာ၌ရပ်တည်ခဲ့သည်။ ကမ္ဘောဇဘောလုံးအသင်းသည် လက်ရှိယှဉ်ပြိုင်ကစားနေသော မြန်မာနေရှင်နယ်လိဂ်အမှတ်ပေး ပြိုင်ပွဲတွင် အမှတ်ပေးဇယားထိပ်ပိုင်း၌ ရပ်တည်နေသော အသင်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# မန်စီးတီး ဇယားကိုဦးဆောင်ပြီး အာဆင်နယ်-စပါး လန်ဒန်ဒါဘီကိုကြည့်ရမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၂၆)ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၂၆)မှာတော့ လီဗာပူး-အဲဗာတန်မာဆေးဆိုက်ဒါဘီပွဲကို ရွှေ့ဆိုင်းခဲ့ပြီး ကျန်ပွဲစဉ်ကိုးပွဲကိုတော့ စနေ၊ တနင်္ဂနွေနေ့တွေမှာ ကစားသွားမှာဖြစ်ပါတယ်။ ဒီတစ်ပတ် ပွဲစဉ်တွေထဲမှာတော့ ဇယားထိပ်က မန်စီးတီးတို့ အိမ်ကွင်းမှာ ဘလက်ဘန်းကို အောင်ပွဲခံနိုင်ခြေရှိသလို မန်ယူအနေနဲ့လည်း နော့ဝစ်ချ်နဲ့ အဝေးကွင်းမှာ တွေ့ရလို့ အခက်အခဲမရှိနိုင်ပါဘူး။ ဒီတစ်ပတ်ရဲ့ ပွဲကြီးပွဲကောင်းကတော့ တတိယနေရာက စပါးနဲ့ စတုတ္ထနေရာက အာဆင်နယ်တို့ရဲ့ လန်ဒန်ဒါဘီပွဲစဉ်ဖြစ်လာမှာပါ။



**ဖေဖော်ဝါရီ ၂၅၊ စနေ။**

**ည ၉း၃၀ နာရီ**

**ချယ်လ်ဆီး-ဘော်လ်တန်**

**ပထမအကျော့ရလဒ် ၅-၁**

ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ အခက်အခဲ မရှိနိုင်တဲ့ပွဲပါပဲ။ ဒီနောက်ပိုင်း ချယ်လ်ဆီးတို့ သရေများနေပေမယ့် ဒီအိမ်ကွင်းပွဲမှာ အနိုင်နဲ့ ရှုန်းထနိုင်ပါလိမ့်မယ်။ အိမ်ရှင် ချယ်လ်ဆီးဘက်က နှစ်ဂိုးအသာလောက်နဲ့ နေချင်ပါတယ်။

**နယူးကာဆယ်-ဝုလ်**

**ပထမအကျော့ရလဒ် ၂-၁**

နယူးကာဆယ်ဟာ နောက်ဆုံးလိဂ်ငါးပွဲမှာ သုံးပွဲနိုင်ပြီး ယနေ့အချိန်ထိ ဝုလ်ကို မရှုံးဖူးသေးပါဘူး။ ပထမအကျော့တုန်းက အဝေးကွင်းနိုင်ပွဲရလဒ်မျိုးနဲ့ပဲ နယူးကာဆယ်တို့အောင်ပွဲခံသွားမှာပါ။



**ကျူပီအာ-ဖူလ်ဟမ်**

**ပထမအကျော့ရလဒ် ၀-၆**

ကျူပီအာတို့ ရှုံးပွဲများနေတဲ့အတွက် ခြေတက်လာနေတဲ့ ဖူလ်ဟမ်ကို အိမ်ကွင်းဆိုပေမယ့် နိုင်ဖို့မလွယ်ပါဘူး။ ပထမအကျော့ရလဒ်လောက် ဂိုးမပြတ်ဘဲ ညီ့သည်ဖူလ်ဟမ်ကပဲ ကပ်နိုင်သွားမယ့်အနေအထားရှိပါတယ်။

ဝက်စ်ဘရွန်း-ဆန်းဒါးလန်း

ပထမအကျော့ရလဒ် ၂-၂

ဝက်စ်ဘရွန်းဟာ ဆန်းဒါးလန်းနဲ့ အိမ်ကွင်းကစားတိုင်း အနိုင်ရလေ့ရှိပါတယ်။ ဒ့ါအပြင် နောက်ဆုံး တွေ့ဆုံစဉ်ကလည်း သရေကျခဲ့တာမို့ ဆန်းဒါးလန်းကစားရခက်မှာပါ။ အိမ်ရှင်ဝက်စ်ဘရွန်း ကပ်နိုင်ခြေရှိတဲ့ပွဲပါ။

**ဝီဂန်-ဗီလာ**

**ပထမအကျော့ရလဒ် ၀-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ဝီဂန် တစ်ကြိမ်နိုင်၊ တစ်ကြိမ် သရေကျပြီး ဗီလာကချည်း သုံးပွဲနိုင်ထားတယ်။ ဗီလာရဲ့ လက်ရှိခြေစွမ်းအရ အဝေးကွင်းနိုင်ပွဲ ရဖို့မခက်ပါဘူး။ ဗီလာကို နှစ်ဂိုးအသာလောက်နဲ့ ရွေးချင်ပါတယ်။

**ဖေဖော်ဝါရီ ၂၆၊ တနင်္ဂနွေ။**

**နံနက် ၀၀း၀၀ နာရီ**

**မန်စီးတီး-ဘလက်ဘန်း**

**ပထမအကျော့ရလဒ် ၄-၀**

ဘလက်ဘန်းဟာ မန်စီးတီးကို နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ တစ်ကြိမ်ပဲသရေကျပြီး လေးကြိမ်ရှုံးထားတာပါ။ ဒါကြောင့် အိမ်ရှင် မန်စီးတီးတို့အတွက် သိပ်မခက်ခဲတဲ့ပွဲပါပဲ။ ဘလက်ဘန်း သရေမျှော်လင့်ချက် လုံး၀မရှိဘဲ မန်စီးတီးဘက်က နှစ်ဂိုးအသာလောက် ရသွားဖို့ရှိပါတယ်။

**ည ၈း၀၀ နာရီ**

**အာဆင်နယ်-စပါး**

**ပထမအကျော့ရလဒ် ၁-၂**

အာဆင်နယ်အတွက် မြို့ခံပြိုင်ဘက် စပါးဟာ ခက်ခဲတဲ့အသင်းဖြစ်ပါတယ်။ စပါးဟာ ခံစစ်ရော တိုက်စစ်ပါ မျှတနေပြီး ဒီနှစ် ချန်ပီယံလိဂ်ဝင်ခွင့် ကျိန်းသေသလောက်ဖြစ်နေတဲ့အသင်းလည်းဖြစ်ပါတယ်။ အာဆင်နယ် အိမ်ကွင်းရှုံးပွဲနည်းတဲ့အသင်းဆိုပေမယ့် စပါးနိုင်ခြေလည်းရှိနေတယ်။ သရေ (သို့မဟုတ်) စပါးကပ်နိုင်မယ့်ပွဲမျိုးပါပဲ။

**နော့ဝစ်ချ်-မန်ယူ**

**ပထမအကျော့ရလဒ် ၀-၂**

ညီ့သည် မန်ယူတို့ မန်စီးတီးနောက်က ဖိအားလိုက်ပေးနိုင်ဖို့ကြိုးစားရမှာပါ။ မန်ယူရဲ့ နောက်ဆုံးငါးပွဲရလဒ် အကောင်းဆုံးမှာရှိနေပြီး ယူရိုပါလိဂ်မှာ အခြေအနေကောင်းခဲ့တာမို့ ယုံကြည်မှုပိုမြင့်နေတယ်။ ညီ့သည်မန်ယူပဲ နှစ်ဂိုးအသာလောက် ရမယ့်ပွဲဖြစ်ပါတယ်။

**ည ၉း၃၀ နာရီ**

**စတုတ်စီးတီး-ဆွမ်းဆီး**

**ပထမအကျော့ရလဒ် ၀-၂**

စတုတ်တို့ ပထမအကျော့အရှုံးကို ပြန်ခြေနိုင်မှာပါ။ ဆွမ်းဆီးဟာ အိမ်ကွင်းမာကျောပေမယ့် အဝေးကွင်းအောင်မြင်မှုနည်းပါးတဲ့အသင်းပါ။ အိမ်ရှင် စတုတ်တို့ အနိမ့်ဆုံး သရေ (သို့မဟုတ်) အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်မှာပါ။



7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

## ယူဂန်ဒါနိုင်ငံတွင် လိင်တူအခွင့်အရေးလှုပ်ရှားသူများ ဆွေးနွေးပွဲကို ဝန်ကြီးတစ်ဦး ဝင်ရောက်စီးနင်း

**လန်ဒန်၊ ဖေဖော်ဝါရီ - ၁၄**

ယူဂန်ဒါအစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးသည် လိင်တူအခွင့်အရေးလှုပ်ရှားတက်ကြွသူများ၏ စုဝေးဆွေးနွေးပွဲတစ်ခုကိုဝင်စီးကာပွဲစီစဉ်သူကိုဖမ်းဆီးရန်ကြိုးစားခဲ့ကြောင်း ယူဂန်ဒါပြည်တွင်း သတင်းစာတစ်စောင်နှင့် ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့တစ်ခုက အတည်ပြုပြောကြားလိုက်သည်။

အဆိုပါ ယူဂန်ဒါ ကိုယ်ကျင့်ရေးရာနှင့်ပေါင်းစည်းရေးဝန်ကြီး ဆီမွန်လိုကိုဒိုသည် ယင်းလိင်တူအခွင့်အရေးလှုပ်ရှားသူများ၏ စုဝေးမှုအား တရားမဝင်ဟုသတ်မှတ်ခဲ့ပြီး ၎င်းတို့ စည်းဝေးရာ မြို့တော်အနီးရှိဟိုတယ်တွင် အစည်းအဝေးတက်ရောက်သူများကို မောင်းထုတ်ရန် အမိန့်ပေးခဲ့ကြောင်းသတင်းတွင်ဖော်ပြသည်။

အထက်ပါအရေးယူမှုမှာ လွှတ်တော်တွင် အမတ်တစ်ဦးက အငြင်းပွားဖွယ်ရာ မိန်းမလျာဆန့်ကျင်ရေးဥပဒေကြမ်း တင်သွင်းပြီး နောက်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဥပဒေကြမ်းတင်သွင်းသည့် အမတ်ဒေးဗစ်ဘဟာတီက၎င်း၏ ဥပဒေတွင်မိန်းမလျာများအားသေဒဏ်ချမှတ်ရန် အပိုဒ်ကိုပယ်ဖျက်သွားမည်ဟုဆိုထားသည်။ အဆိုပါဥပဒေကြမ်းကို ၂၀၀၉ ခုနှစ်တွင် တင်သွင်းခဲ့ဖူးပြီး တစ်ကြိမ်မှ ဆွေးနွေးခဲ့ခြင်း မရှိသေးပေ။

ပြီးခဲ့သည့်အပတ်က အစိုးရ၏ ထုတ်ပြန်ချက်တွင်မူ ၎င်းတို့သည် ယင်းဥပဒေကြမ်းကိုဆွေးနွေးရန် အခွင့်အရေးရှိကြောင်း၊ သို့သော် ယင်းဥပဒေကြမ်းကို တရားဝင်ထောက်ခံမှုမရှိကြောင်း ဖော်ပြထားသည်။ လိင်တူအခွင့်အရေးလှုပ်ရှားသူများ၏ ဆွေးနွေးပွဲကို မြို့တော်ကမ်ပါလာအပြင်ဘက် အန်တက်ဘီမြို့ရှိ ဟိုတယ်တစ်ခုတွင် ယူဂန်ဒါ၏ ထင်ရှားသောမိန်းမလျာအခွင့်အရေးလှုပ်ရှားသူ ကာရှာဂျက်ကလင်းနာဘာဂက်ဆီရာက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါလိင်တူဆက်ဆံသူများ၏ လူ့အခွင့်အရေးများကို ဖွံ့ဖြိုးဆဲနိုင်ငံများက လေးစားရန် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့က တိုက်တွန်းထားပြီး မလေးစားပါက အကူအညီများ ဖြတ်တောက်နိုင်ကြောင်း သတိပေးထားသည်။ —*Ref: BBC*

## လိင်မှုကိစ္စအရေးကြီးကြောင်း အမေရိကန် အိမ်ထောင်ရှင်အမျိုးသမီးများ ပြောကြား

**နယူးယောက်၊ ဖေဖော်ဝါရီ - ၁၂**

မိမိတို့၏ ယောကျ်ားများနှင့် နှစ်သက်စရာကောင်းသော လိင်မှုဆက်ဆံရေးရှိခြင်းမှာ အလွန်အရေးကြီးကြောင်း အမေရိကန်အိမ်ထောင်ရှင်အမျိုးသမီး ၇၅ ရာခိုင်နှုန်းက ဖြေကြားခဲ့သည်ဟု စစ်တမ်းတစ်ရပ်တွင်တွေ့ရှိခဲ့သည်။



အသက် ၁၈ နှစ်နှင့် ၄၉ နှစ်ကြား အမေရိကန် အိမ်ထောင်ရှင်အမျိုးသမီးများအား ဇန်နဝါရီလက စစ်တမ်းကောက်ယူခဲ့ရာ ၄၉ ရာခိုင်နှုန်းက ၎င်းတို့ ကလေးမရမီတွင် လိင်ဆက်ဆံရေးပိုကောင်းသည်ဟု ဖြေကြားခဲ့ကြောင်း သုတေသနကို ဦးဆောင်ခဲ့သူ ဒေါက်တာဂျနီဖာလန်ဒါကပြောသည်။

အမျိုးသမီး ၃၄ ရာခိုင်နှုန်းကမူ ကလေးရရှိလာခြင်းက ၎င်းတို့၏ လိင်မှုဆက်ဆံရေးကို အပြောင်းအလဲမဖြစ်စေဟု ဖြေကြားခဲ့ကြသည်။ စစ်တမ်း၏ အခြားတွေ့ရှိချက်များတွင် ၃၈ ရာခိုင်နှုန်းက ဇနီးနှင့်ခင်ပွန်းနှစ်ဦးတွင် မည်သူမဆို လိင်ကိစ္စစတင်သည်ဟုဖြေကြားပြီး စိတ်ပင်ပန်းမှုကြောင့် လိင်ကိစ္စထိခိုက်သည်ဟု ဖြေသူ ၅၀ ရာခိုင်နှုန်း၊ မောပန်းနွမ်းနယ်မှုကြောင့်ထိခိုက်စေသည်ဟုဖြေသူ၄၉ရာခိုင်နှုန်း၊အချစ်လျော့၍ ထိခိုက်စေသည်ဟု ဖြေသူ ၃၄ ရာခိုင်နှုန်း၊ အငြင်းပွားမှုကြောင့် ထိခိုက်စေသည်ဟုဖြေသူ ၃၁ ရာခိုင်နှုန်းနှင့် ခန္ဓာကိုယ်ဆွဲဆောင်မှုလျော့ပါးလာ၍ ထိခိုက်စေသည်ဟု ဖြေဆိုသူ ၁၂ ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။

—*Ref: UPI*

## စားသောက်ကုန်ဈေးနှုန်းများမြင့်မားလာ၍ မိဘများမှာ ကလေးများကို ကျွေးမွေးရန် ရုန်းကန်နေရ

**လန်ဒန်၊ ဖေဖော်ဝါရီ - ၁၄**

ယခုနှစ်အတွင်း စားနပ်ရိက္ခာဈေးနှုန်းများ စံချိန်တင်မြင့်တက်မှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မိဘသန်းပေါင်းများစွာသည် ၎င်းတို့၏ ကလေးများအတွက် အစားအသောက်ကျွေးခြင်းကို လျှော့ချနေရကြောင်း နိုင်ငံတကာအကူအညီပေးရေးအဖွဲ့ Save the Children ကပြောကြားသည်။

Save the Children အဖွဲ့က အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပီရူး၊ ပါကစ္စတန်နှင့် နိုင်ဂျီးရီးယားနိုင်ငံများမှ မိသားစုများကို စစ်တမ်းကောက်ယူခဲ့ပြီး မိဘခြောက်ဦးအနက် တစ်ဦးက ၎င်းတို့၏ ကလေးများသည် စားဝတ်နေရေးအတွက်အလုပ်လုပ်ရန်ကျောင်းထွက်နေကြရကြောင်းပြောကြားသည်ဟုသိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ကြီးမြင့်လာမှုသည် ကလေးများအာဟာရချို့တဲ့မှုကို ပိုမိုဆိုးရွားလာစေပြီး ကလေးသေဆုံးမှုလျော့ချရန် ကြိုးပမ်းမှုများအပေါ် ထိခိုက်စေကြောင်း ယင်းအဖွဲ့က ပြောသည်။ ထိုကိစ္စကို အရေးယူဆောင်ရွက်ခြင်းမရှိပါက ရှေ့လာမည့် ၁၅ နှစ်အတွင်း ကလေးသူငယ်ပေါင်း သန်း ၄၅၀ ခန့်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ကြောင်း ပြောကြားသည်။

နိုင်ငံတကာစစ်တမ်းကောက်ယူရေးအဖွဲ့ Globescan ၏ အကူအညီဖြင့် ကောက်ယူခဲ့သည့် စစ်တမ်းတွင် လွန်ခဲ့သည့်တစ်နှစ်အတွင်း မိဘပေါင်း သန်း ၂၅၀ ခန့်က ၎င်းတို့မိသားစုအတွက် အစား အစာလျှော့ချခဲ့ကြောင်း ပြောကြားပြီး မိဘသုံးပုံတစ်ပုံကမူ ၎င်းတို့၏ ကလေးများ ဝဝလင်လင်မစားသုံးရဟု ပြောကြားခဲ့ကြသည်ဟုဆိုကြသည်။ —*Ref: BBC*

## လူ့အခွင့်အရေးတိုးတက်စေရန် လက်တွေ့ကျသော လုပ်ဆောင်ချက်များစတင်မည်ဟု တရုတ်ဒုသမ္မတပြောကြား

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၁၅**

တရုတ်ဒုတိယသမ္မတ ရှီကျင်းပင်က တရုတ်နိုင်ငံသည် လူ့အခွင့်အရေးအခြေအနေများတိုးတက်ရေးအတွက် လက်တွေ့ကျသောခြေလှမ်းများကိုစတင်ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားသည်။ ဒုတိယသမ္မတ ရှီသည် ဝါရှင်တန်တွင် ကန်သမ္မတအိုဘားမားနှင့် တွေ့ဆုံဆွေးနွေးစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"တရုတ်ဟာ ပြုပြင်ပြောင်းလဲမှုတွေစလုပ်တဲ့လွန်ခဲ့တဲ့နှစ် ၃၀ ကစလို့ လူ့အခွင့်အရေးနယ်ပယ်အတွင်း ထူးခြားတဲ့ အသိအမှတ်ပြုခံရတဲ့ အောင်မြင်မှုတွေဖန်တီးခဲ့ပါတယ်။ လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်လာရင် အမြဲပဲတိုးတက်အောင်လုပ်ဖို့အခွင့်အရေးရှိပါတယ်"ဟု ကန်ဒုသမ္မတ ဂျိုးဘစ်ဒန်နှင့်နိုင်ငံခြားရေးဝန်ကြီးကလင်တန်တို့နှင့် တွေ့ဆုံစဉ် ရှီကျင်းပင်က ပြောကြားခဲ့သည်။

မကြာမီ တရုတ်နိုင်ငံ၏ သမ္မတသစ်ဖြစ်လာဖွယ်ရှိသော မစ္စတာရှီက "တရုတ်အစိုးရဟာ အမြဲပဲ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး လူတွေရဲ့ တောင်းဆိုမှုတွေနဲ့ စိတ်ဆန္ဒတွေကို အရေးထားဆောင်ရွက်သွားမှာပါ"ဟုပြောသည်။

လူ့အခွင့်အရေးအဖွဲ့များ၏ အဆိုအရ တရုတ်နိုင်ငံသည် လက်ရှိတွင် တိဗက်ဒေသများ၌ စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းထားပြီး နိုင်ငံအနောက်မြောက်ပိုင်း ရှင်းကျန့်ပြည်နယ်ရှိ လူနည်းစု လူမျိုးများကိုလည်း တင်းကျပ်စွာထိန်းချုပ်နေကြောင်းသိရသည်။

—*Ref: AFP*

## အီတလီစီးပွားရေး ဆုတ်ယုတ်လာ

**မီလန်၊ ဖေဖော်ဝါရီ - ၁၅**



အစိုးရဘဏ္ဍာရေးအခြေအနေတည်ငြိမ်စေရန် တင်းကျပ်သောဘတ်ဂျက်ဖြတ်တောက်မှုများရှိခဲ့ပြီးနောက် အီတလီနိုင်ငံ၏ စီးပွားရေးမှာ ပြီးခဲ့သည့်နှစ် စတုတ္ထသုံးလပတ်တွင် ၀ ဒသမ ၇ ရာခိုင်နှုန်း ကျုံ့သွားခဲ့ရာ နိုင်ငံ၏ စီးပွားရေးမှာ ဆုတ်ကပ်အတွင်း ကျဆင်းလာသည်။

အီတလီစီးပွားရေးမှာ ပြီးခဲ့သည့်နှစ် တတိယသုံးလပတ်တွင်လည်း ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သုံးလပတ်နှစ်ကြိမ် စီးပွားရေးဆုတ်ယုတ်လာပါက သာမန်အားဖြင့် စီးပွားကျကပ်အတွင်း ရောက်ရှိလာပြီဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

စတုတ္ထသုံးလပတ်တွင် စီးပွားရေးကျုံ့လာခြင်းမှာ ကျွမ်းကျင်သူများ ခန့်မှန်းထားသော ၀ ဒသမ ၄ ရာခိုင်နှုန်းထက် ပိုများခဲ့ကြောင်း အီတလီနိုင်ငံတော်အချက်အလက်များဌာနမှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များ ကညွှန်းဆိုနေသည်။

အစိုးရကြွေးမြီ ယူရို ၁ဒသမ ၉ ထရီလီယံ(ကန်ဒေါ်လာ ၂ ဒသမ ၅ထရီလီယံ)အထိများပြားနေခြင်းကြောင့် ဘဏ္ဍာရေးဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံသူများ၏တိုက်ခိုက်ခြင်းခံနေရရာ ၂၀၁၁ ပြည့်နှစ်မှစ၍ ကြီးမားသော ခြိုးခြံချွေတာရေးအစီအစဉ်များကို ချမှတ်ကျင့်သုံးခဲ့ရပြီး ယင်းမူဝါဒများက စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများကို နှေးကွေးလာစေခဲ့သည်။

ယခုနှစ်တွင် အီတလီ၏ ဂျီဒီပီ ၀ ဒသမ ၄ ရာခိုင်နှုန်းခန့် ဆုတ်ယုတ်သွားမည်ဟု အစိုးရက ခန့်မှန်းထားသော်လည်း ဗဟိုဘဏ်ကမူ ၁ ဒသမ ၂ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းထိ စီးပွားရေးဆုတ်ယုတ်သွားမည်ဟုမျှော်လင့်ထားသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကမူ ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ အီတလီစီးပွားရေးဆုတ်ယုတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ —Ref: AFP



7 DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

## မိုက်ကရိုဆော့ဖ်၏ အိန္ဒိယဝက်ဘ်ဆိုက်ကို တရုတ်ဟက်ကာများ တိုက်ခိုက်




**နယူးဒေလီ၊ ဖေဖော်ဝါရီ - ၁၃**

မိုက်ကရိုဆော့ဖ် နည်းပညာကုမ္ပဏီ၏ အိန္ဒိယနိုင်ငံတွင်တည်ရှိသော ဆော့ဖ်ဝဲရောင်းချရေး ဝက်ဘ်ဆိုက်တစ်ခုသည် Evil Shadow Team ဟု အမည်ပေးထားသော တရုတ်ဟက်ကာအုပ်စုတစ်စု၏ တိုက်ခိုက်မှုကို ခံခဲ့ရကြောင်း သိရသည်။

အဆိုပါအုပ်စုသည် အိန္ဒိယမိုက်ကရိုဆော့ဖ်စတိုး၏ ဝက်ဘ်ဆိုက်လိပ်စာ www.microsoftstore.co.in ကို ဖေဖော်ဝါရီ ၁၂ ရက်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး မိုက်ကရိုဆော့ဖ်ထုတ်ကုန်များကို ဝယ်ယူသည့် ပုဂ္ဂိုလ်များသုံးသော Password များနှင့် ကိုယ်ရေးအချက်အလက်များကို ရယူသွားခဲ့သည်ဟု သည်တိုင်းမ်အော့ဖ်အိန္ဒိယသတင်းစာတွင် ဖော်ပြသည်။

ထို့ကြောင့် ကုမ္ပဏီသည် ၎င်း၏ ဝက်ဘ်ဆိုက်တွင် မိုက်ကရိုဆော့ဖ်အိန္ဒိယစတိုးကို သုံးစွဲ၍ မရနိုင်ကြောင်းနှင့် အချိန်မီ ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ၂နှစ်ကလည်း ပါကစ္စတန်ဆိုက်ဘာတပ်မတော်ဟု အမည်ပေးထားသည့် ဟက်ကာအုပ်စုတစ်စုသည် အိန္ဒိယဗဟိုထောက်လှမ်းရေးဗျူရို ဝက်ဘ်ဆိုက်ကိုဖောက်ထွင်းတိုက်ခိုက်ခဲ့ဖူးသည်။ *—Ref: AFP*

## နျူကလီးယားနည်းပညာတိုးတက်လာကြောင်း အီရန်ကြေညာ

**တီဟီရန်၊ ဖေဖော်ဝါရီ - ၁၆**

ယူရေနီယမ်အား ပိုမိုမြန်ဆန်အောင် သန့်စင်ပေးနိုင်သည့် သန့်စင်စက်အသစ်များအပါအဝင် နျူကလီးယားနည်းပညာတွင် တိုးတက်မှုများရရှိခဲ့သည်ဟု အီရန်အစိုးရကပြောကြားလိုက်သည်။ ယင်းအတွက် အဏုမြူဗုံးလုပ်ရန် အီရန်က နည်းလမ်းများရှာဖွေနေသည်ဟု သက်သေမကင်းဖြစ်နေသော အနောက်နိုင်ငံများနှင့် အီရန်၏ ထိပ်တိုက်တွေ့မှုကို ပိုမိုဆိုးရွားလာစေနိုင်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။


Photo - Reuters

အနောက်နိုင်ငံများ၏ ပိတ်ဆို့တားဆီးမှုများက ရေနံလုပ်ငန်းအပေါ် အခြေခံသော အီရန်စီးပွားရေးကို ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သော်လည်း နျူကလီးယားအစီအစဉ်အား ဆက်လက်ပြုလုပ်ရန် အီရန်နိုင်ငံ၏ စိတ်ပိုင်းဖြတ်ထားမှုမှာ ယိမ်းယိုင်လာပုံမရပေ။

"နိုင်ငံတွေကို အနိုင်ကျင့်တဲ့ခေတ်က ကုန်သွားပါပြီ။ မာနထောင်လွှားတဲ့ အင်အားကြီးနိုင်ငံတွေက နျူကလီးယားနည်းပညာကို တစ်ဦးတည်း မောင်ပိုင်စီးမထားနိုင်တော့ပါဘူး။ ပိတ်ဆို့တားဆီးမှုတွေ၊ ဆုံးဖြတ်ချက်တွေ ထုတ်ပြန်ပြီး သူတို့က ကျွန်တော်တို့ကို တားဆီးဖို့ ကြိုးစားခဲ့ပေမယ့်လည်း ကျရှုံးခဲ့ပါတယ်"ဟု အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က အီရန်ရုပ်သံမိန့်ခွန်းတစ်ခုတွင်ပြောကြားသည်။

"ကျွန်တော်တို့ရဲ့ နျူကလီးယားလမ်းကြောင်းကို ရှေ့ဆက်သွားပါမယ်"ဟု မာမွတ်အာမက်ဒီနီဂျက်ကပြောကြားသည်။

သို့သော် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် ဆွေးနွေးပွဲအသစ်များပြုလုပ်ရန် အီရန်က အသင့်ရှိကြောင်း ဖော်ပြထားသောစာတစ်စောင်အား အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ကက်သရင်းအက်ရှ်တန်ဆီသို့ပေးပို့ထားကြောင်း အီရန် အယ်လ်အာလမ်ရုပ်သံလိုင်းကကြေညာခဲ့သည်။

မစ္စအက်ရှ်တန်၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကလည်း ယင်းစာရရှိကြောင်း အတည်ပြုပြောကြားသည်။ အီရန်သည် ၎င်း၏ နျူကလီးယားအစီအစဉ်အပေါ် ကန့်သတ်မှုများအတွက် ဆွေးနွေးညှိနှိုင်းရေးကို ငြင်းဆန်နေခဲ့သည်။ ၎င်းတို့၏ နျူအစီအစဉ်မှာ ပြည်တွင်းလိုအပ်ချက်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် အရပ်ဘက်တွင် အသုံးပြုရန်သာ ရည်ရွယ်သည်ဟုပြောသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့ကလည်း သံတမန်ရေးနှင့် ပိတ်ဆို့တားဆီးမှုများ မအောင်မြင်ခဲ့ပါက အီရန်အပေါ် စစ်ရေးအရ အရေးယူရန်အခြေအနေကို ဖယ်ထုတ်မထားပေ။

*—Ref: Reuters*




## လစ်ဗျားလက်နက်ကိုင်အဖွဲ့များ နိုင်ငံတည်ငြိမ်ရေးကို ခြိမ်းခြောက်နေ

**ထရီပိုလီ၊ ဖေဖော်ဝါရီ - ၁၅**

လစ်ဗျားလက်နက်ကိုင်အဖွဲ့များသည် လစ်ဗျားနိုင်ငံ၏ လုံခြုံရေးနှင့်တည်ငြိမ်မှုကို ခြိမ်းခြောက်နေကြောင်း နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့(AI)က သတိပေးပြောကြားလိုက်သည်။



စက်တင်ဘာလမှစ၍ လက်နက်ကိုင်အဖွဲ့များက ထိန်းသိမ်းခံထားရသူ အနည်းဆုံး ၁၂ဦးမှာ နှိပ်စက်ညှဉ်းပန်းမှုကြောင့်သေဆုံးခဲ့ရသည်ဟု လူ့အခွင့်အရေးအဖွဲ့ကပြောသည်။ လစ်ဗျားခေါင်းဆောင်မွမ်မာကဒါဖီအား ပြုတ်ကျသွားစေခဲ့သော ပုန်ကန်ထကြွမှု တစ်နှစ်ပြည့်ချိန်နှင့် တိုက်ဆိုင်၍ လူ့အခွင့်အရေးအဖွဲ့က အစီရင်ခံစာထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်လကလည်း ကဒါဖီထောက်ခံသူပေါင်း ၈,၀၀၀ ခန့်ကို လက်နက်ကိုင်အဖွဲ့များက ထိန်းသိမ်းထားကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။

ကြားဖြတ်အစိုးရကမူ ၎င်းတို့၏ဩဇာအာဏာသက်ရောက်မှုရှိရန် ပြန်လည်လုပ်ဆောင်နေသည်ဟုပြောကြားခဲ့သည်။ သို့သော် ကြားဖြတ်အစိုးရသည် လက်နက်ကိုင်အုပ်စုများကို ထိန်းချုပ်ရန် ပျက်ကွက်နေကြောင်း သတင်းပေးပို့သူများက ပြောသည်။

"ဒီလက်နက်ကိုင်အဖွဲ့တွေကိုဘယ်သူကမှတာဝန်မခံကြဘူး"ဟု Amnesty International မှ ပဋိပက္ခတုံ့ပြန်ရေး ထိပ်တန်းအကြံပေးတစ်ဦးက အေပီသတင်းဌာနအားပြောကြားသည်။

*—Ref: BBC*

## အမေရိကန်ဘက်စကက်ဘောအသင်း ကမ္ဘာ့အရပ်အရှည်ဆုံးကစားသမားကို မိတ်ဆက်

**နယူးယောက်၊ ဖေဖော်ဝါရီ - ၁၃**

အမေရိကန်ဘက်စကက်ဘောအသင်း Harlem Globetrotters သည် ၎င်းတို့အသင်း၏ ကစားသမားသစ်အဖြစ် ဗြိတိန်ကစားသမား ပေါလ်တင်နီစတားဂက်စ်ကို မိတ်ဆက်ပြသခဲ့ရာ ၎င်းသည် အရပ်အမြင့်ခုနစ်ပေရှစ်လက်မရှိသဖြင့် ကမ္ဘာ့အရပ်အရှည်ဆုံး ဘက်စကက်ဘောကစားသမားဖြစ်လာကြောင်းသိရသည်။

အင်္ဂလန်တွင် မွေးဖွားကြီးပြင်းခဲ့သည့် စတားဂက်စ်သည် Globetrotters အသင်း၌ ပထမဆုံး ကစားဖူးသော ဗြိတိန်ကစားသမားဖြစ်ကာ အသင်းသမိုင်းတွင်လည်း အရပ်အရှည်ဆုံးကစားသမားဖြစ်လာသည်။

တင်နီစတားဂက်စ်၏ အသင်းဖော် ဖလိုက်တိုင်းမ်လန်ကလည်း စတားဂက်စ်ကဲ့သို့ အသင်းဖော်တစ်ဦးရှိလာ၍ ဝမ်းသာမိကြောင်း ပရိသတ်များက ၎င်းကို ချစ်ကြမည်ဟုထင်မြင်မိကြောင်းပြောကြားသည်။

*—Ref: Telegraph*

7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012



# ဟွန်ဒူးရပ်စ်နိုင်ငံတွင် အကျဉ်းထောင်မီးလောင်၍ လူ ၃၅၀ ကျော် သေဆုံး

**ဟွန်ဒူးရပ်၊ ဖေဖော်ဝါရီ - ၁၆**

ဟွန်ဒူးရပ်စ်နိုင်ငံတွင် လူများပြည့်လျှံနေသော အကျဉ်းထောင်တစ်ခု၌ မီးအကြီးအကျယ် လောင်ကျွမ်းခဲ့ရာ အကျဉ်းသား ၃၅၀ ကျော် သေဆုံးခဲ့ကြောင်းနှင့် အကျဉ်းသားပေါင်းများစွာမှာ ၎င်းတို့၏ အခန်းများတွင် ပိတ်မိနေခဲ့ပြီး အသံကုန်အော်ဟစ်နေခဲ့ကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့အဆိုးရွားဆုံး အကျဉ်းထောင် မီးလောင်မှုတစ်ခုဖြစ်သော ကိုမာယာဂူအာအကျဉ်းထောင်မီးလောင်မှုကို ဖေဖော်ဝါရီ ၁၄ ရက်ညတွင် အကျဉ်းသားတစ်ဦးက စတင်ခဲ့ခြင်းဖြစ်သည်။ ဟွန်ဒူးရပ်စ်နိုင်ငံမြို့တော်တီဂူဆီဂယ်ပါမှ ၄၅ မိုင်ကွာဝေးသော အကျဉ်းထောင်တွင် လောင်ကျွမ်းခဲ့သော မီးကြောင့် လူပေါင်း ၃၅၉ ဦးသေဆုံးခဲ့ကြောင်း ရှေ့နေချုပ်ရုံး အရာရှိ ဖာရယ်ရာကပြောသည်။

"တကယ့်ကို သွေးပျက်စရာမြင်ကွင်းပါပဲ။ ကျွန်တော်တို့ ဝန်ထမ်းတွေ အကျဉ်းခန်းတွေထဲဝင်ကြည့်တော့ အလောင်းတွေကမည်းတူးနေပြီး အများစုကို ဘယ်သူ ဘယ်ဝါခွဲခြားမသိနိုင်တော့ဘူး" ဟု ဖာရယ်ရာက ရိုက်တာသတင်းဌာနအားပြောသည်။ သေဆုံးသူအများစုအား သွားဘက်ဆိုင်ရာနှင့် ဒီအင်န်အေမှတ်တမ်းများ အသုံးပြုဖော်ထုတ်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

အကျဉ်းသားတစ်ဦးကစတင်မီးရှို့ခဲ့သည်ဟု မသင်္ကာဖြစ်မိကြောင်း ကိုမာယာဂူအာ ခရိုင်အုပ်ချုပ်ရေးမှူး ပေါ်လိုကက်စထရိုကပြောသည်။

*—Ref: Reuters*



Photo - AFP



Photo - Getty Images

# ပုံးဖောက်ခွဲမှု မသင်္ကာသူ အီရန်နိုင်ငံသားနှစ်ဦးကို ထိုင်းတရားစွဲဆို

**ဘန်ကောက်၊ ဖေဖော်ဝါရီ - ၁၆**

အစ္စရေးသံတမန်များအပေါ် ပုံးဖောက်ခွဲရန် ကြံစည်ခဲ့သည်ဟု စွပ်စွဲခံရသော မသင်္ကာသူ အီရန်နိုင်ငံသားနှစ်ဦးကို ထိုင်းနိုင်ငံက တရားစွဲဆိုလိုက်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ ယင်းအတွက် အစ္စရေးနိုင်ငံအပေါ် အကြမ်းဖက်ရေးအစီအစဉ်လုပ်ဆောင်နေသည်ဟု စွပ်စွဲခံရမှုများနှင့်ပတ်သက်၍ အီရန်နိုင်ငံမှာ ဖိအားများလာကြောင်းအေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင်လည်း အစ္စရေးသံရုံးဝန်ထမ်းများအား ပစ်မှတ်ထားသည့် ပုံးဖောက်ခွဲမှုများ အိန္ဒိယနှင့် ဂျော်ဂျီယာနိုင်ငံ မြို့တော်များတွင်ဖြစ်ပွားခဲ့ပြီး နယူးဒေလီမြို့ ပေါက်ကွဲမှု၌ အမျိုးသမီးသံတမန်တစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။

ဘန်ကောက်မြို့တွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုအများအပြားတွင် ပါဝင်ပတ်သက်မှုဖြင့် စွပ်စွဲခံထားရသော အီရန်မသင်္ကာသူနှစ်ဦးကို ရာဇဝတ်မှုပြစ်မှုများနှင့် စွဲချက်တင်ထားကြောင်း ထိုင်းအရာရှိများကပြောသည်။



Photo - Getty Images

မသင်္ကာသူနှစ်ဦးမှ တစ်ဦးဖြစ်သူ ဆာအက်မိုရာတီသည် ရဲတပ်ဖွဲ့ဆီသို့ ပေါက်ကွဲနိုင်သော ပစ္စည်းတစ်မျိုးဖြင့် ပစ်ပေါက်ရန်ကြိုးစားစဉ် ခြေထောက်ပြတ်သွားခဲ့ပြီး ကျန်တစ်ဦးကို နိုင်ငံမှ ထွက်ခွာရန်ကြိုးစားစဉ် လေဆိပ်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မသင်္ကာသူနှစ်ဦးကို တရားမဝင်ပေါက်ကွဲမှုဖြစ်စေခြင်းနှင့် ရဲတပ်ဖွဲ့နှင့်ပြည်သူများအားသတ်ဖြတ်ရန်ကြိုးပမ်းမှုတို့ဖြင့် တရားစွဲဆိုထားကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာပေါင်တိုဗီချက်ချိုင်ကူးလ်က သတင်းထောက်များအားပြောကြားသည်။

*—Ref: AFP*



7DAY NEWS JOURNAL

# International

Vol.10, No.49 · FEBRUARY 23 , 2012

## မြောက်ကိုရီးယား ခြိမ်းခြောက်နေသော်လည်း တောင်ကိုရီးယား စစ်ရေးလေ့ကျင့်

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၂၀**

တိုက်ခိုက်မှုပြုလုပ်မည်ဟု မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများရှိနေသော်လည်း တောင်ကိုရီးယားနိုင်ငံက ၎င်းနှင့် မြောက်ကိုရီးယား ပင်လယ်နယ်နိမိတ်အနီး အငြင်းပွားနယ်မြေတွင် ကျည်ဆန်အစစ်များအသုံးပြု၍ စစ်ရေးလေ့ကျင့်မှုစတင်လိုက်ကြောင်းသိရသည်။

ကြိုတင်စီမံထားသည့် စစ်ရေးရန်စမှုဟု မြောက်ကိုရီးယားက ခေါ်ဝေါ်သည့် စစ်ရေးလေ့ကျင့်မှုသည် နှစ်နာရီကြာမြင့်ခဲ့ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆိုးလ်က ပြုံယမ်းကို အသိပေးခဲ့ပြီး ၎င်း၏နယ်မြေအပေါ် ကျူးကျော်မှုများကို လက်တုံ့ပြန်သွားမည်ဟု မြောက်ကိုရီးယားက သတိပေးပြောကြားခဲ့သည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံဘက်မှ တိုက်ခိုက်မှုများရှိကြောင်း သတင်းမရရှိပေ။



ထိပါး၍မရသော ၎င်းတို့နယ်မြေအား ကာကွယ်ရန် မြောက်ကိုရီးယားနိုင်ငံသားများက သွေးဖြင့်ပေးဆပ်သွားမည်ဟု မြောက်ကိုရီးယားစစ်ဘက်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၉ ရက်တွင် အေပီသတင်းဌာနအား ပြောကြားခဲ့သည်။

ယခုစစ်ရေးလေ့ကျင့်မှုကို ၂၀၁၀ပြည့်နှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံမှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံသား လေးဦးသေဆုံးခဲ့ရာဒေသတွင် ပြုလုပ်နေခြင်းဖြစ်သည်။

စာ(၄၅)သို့

## အာရပ်နွေဦးတဲ့လား အဲဒါ တခြားနိုင်ငံတွေရဲ့ ကိစ္စပါ

### ဘာရိန်းဘုရင် ဘင်အီဆာအယ်လ်ခါလီဖာပြောတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအကြောင်း

စာ(၄၆)သို့




Photo - AFP

## အီရန်ကို တိုက်ခိုက်ရန် အချိန်စောနေသေးကြောင်း ကန့်ထိပ်တန်းဗိုလ်ချုပ်ကြီး ပြောကြား

**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၂၀**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အား စစ်ရေးအရ တိုက်ခိုက်ရန်ပြောဆိုမှုများမှာ အချိန်မကျသေးဟု အမေရိကန်က ယုံကြည်ကြောင်း အမေရိကန်စစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမာတင်ဒန်ဆေးက ပြောကြားလိုက်ပြီး၊ ယင်းသို့တိုက်ခိုက်ခြင်းမှာ တန်ပြန်အကျိုးသက်ရောက်မှုရှိမည်ဟုလည်း အစ္စရေးနိုင်ငံအား အကြံပေးပြောဆိုသည်။

စာ(၄၅)သို့

## အီရန်ရေနံ ပြင်သစ်နှင့် ဗြိတိန်ကို မရောင်းတော့ဟုဆို

**တီဟီရန်၊ ဖေဖော်ဝါရီ - ၂၀**

ရေနံရောင်းချခြင်းကို ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ရှိကုမ္ပဏီများအား ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အီရန်၏ ရေနံဝန်ကြီးဌာနက ပြောကြားသည်။

"ဗြိတိန်နဲ့ ပြင်သစ်ကုမ္ပဏီတွေကို ရေနံရောင်းချမှုရပ်ဆိုင်းလိုက်ပါပြီ"ဟု အီရန်ရေနံဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အလီရီဇာနစ်ဇက်ရက်ဘ်နာက ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ပြောကြားသည်။

ယခုအခါ အီရန်ရေနံများကို ဖောက်သည်သစ် နိုင်ငံများသို့ ရောင်းချသွားမည်ဟု ပြောခွင့်ရ ပုဂ္ဂိုလ်ကဆက်ပြောသည်။ အီရန် ရေနံတင်သွင်းခြင်းအား ဇူလိုင်၁ရက်မှစတင်၍ ရပ်ဆိုင်းရန်ဥရောပသမဂ္ဂနိုင်ငံများက စောစောပိုင်းကသဘောတူညီခဲ့ခြင်းဖြစ်သည်။

အီရန် ရေနံ အား ပိတ်ဆို့ခြင်းမှာ အီရန်က ယူရေနီယမ်သန့်စင်နေခြင်းကို ရပ်ဆိုင်းရေးဖိအားပေးရန်အတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ယူရေနီယမ်ဒြပ်စင်အား အရပ်ဘက် နျူကလီးယားလုပ်ငန်းများအတွက် အသုံးချနိုင်သလို စစ်သုံးဒုံးကျည်ထိပ်ဖူးများလည်း ထုတ်လုပ်နိုင်ကြောင်းသိရသည်။

အီရန်၏ ဆုံးဖြတ်ချက်မှာ ကြီးမားသောသက်ရောက်မှုမရှိနိုင်ကြောင်းနှင့် ပြင်သစ်နိုင်ငံကဆိုသည်။ ပြီးခဲ့သည့်နှစ်အတွင်း ၎င်း၏ ရေနံလိုအပ်ချက် ၃ ရာခိုင်နှုန်းဖြစ်သော

စာ(၄၅)သို့

## သမ္မတသစ်နေရာအတွက် အရှေ့ဂျာမနီမှ တက်ကြွလှုပ်ရှားသူအား ဂျာမန်ပါတီများ ထောက်ခံ

**ဘာလင်၊ ဖေဖော်ဝါရီ - ၂၀**

ဂျာမနီနိုင်ငံ၏ သမ္မတသစ်နေရာအတွက် ခရစ်ယာန်တရားဟောဆရာဖြစ်သူ ယခင် အရှေ့ဂျာမနီနိုင်ငံမှ အခွင့်အရေးတက်ကြွလှုပ်ရှားသူ မစ္စတာဂျိုချင်ဂဝက်အား ထောက်ခံကြောင်း ဂျာမန်အဓိပတိ မစ္စမာကယ်လ်က ပြောကြားလိုက်သည်။


ဂျာမနီသမ္မတ ခရစ်တီယန်ဝပ်ဖ်သည် ခြစားမှုစွပ်စွဲချက်များကြောင့် ဖေဖော်ဝါရီ ၁၇ ရက်က နုတ်ထွက်သွားခဲ့ပြီးနောက် သမ္မတနေရာအား မစ္စတာဂဝက်ဆက်ခံရန် အတိုက်အခံ ဆိုရှယ်ဒီမိုကရက်နှင့် အစိမ်းရောင်ပါတီက အဆိုပြုခဲ့ခြင်းဖြစ်သည်။

၂၀၁၀ပြည့်နှစ်ကာလက သမ္မတနေရာအတွက် မစ္စတာဂဝက်အား မစ္စမာကယ်လ်က ဆန့်ကျင်ခဲ့ပြီး မစ္စတာဝပ်ဖ်အား ထောက်ခံမှုပေးခဲ့သည်။

စာ(၄၅)သို့



Photo - Reuters



၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အချပ်ပို
Vol.10, No.49 • FEBRUARY 23 , 2012

# “နိုင်ငံနဲ့ နိုင်ငံသားများအတွက် ဘဝပေးပြီး ဆောင်ရွက်မယ်လို့လည်း ဒီလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ကတိပြုပါတယ်”

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

**ထူးသန့်**
**နေပြည်တော်၊ ဖေဖော်ဝါရီ -၁၇**

ယခုလ ၇ ရက်က ကျင်းပပြုလုပ်ခဲ့သောပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြပြောကြားချက်များနှင့် ပတ်သက်ပြီး အဆိုရှင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ယနေ့ ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ပြည်သူ့ကိုယ်စားလှယ်များက တစ်ခဲနက်ထောက်ခံခဲ့ပြီး ပြည်သူများ၊ ဝန်ထမ်းများပါသဘောကျကြိုဆိုခဲ့ကြသော ၎င်းပြောကြားချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကကမှတ်ချက်ပေးခဲ့ခြင်းနှင့်ပတ်သက်၍လည်း “နာယကကြီးက မိမိကိုပြောခဲ့တာရှိပါတယ်။ တချို့ကတော့ သဘောသဘောကျချင်မှ ကျမယ်ဆိုတဲ့ စကားကို မိမိမှတ်သားခဲ့ပါတယ်” ဟု ပဏာမအနေဖြင့် ပြောကြားခဲ့သည်။ ၎င်းအပြင် “ကျွန်တော်ရဲ့ တင်ပြချက်ဟာ စိတ်ကောင်းစေတနာနဲ့ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက်အမှန်ဖြစ်ပါတယ်။ အမှန်တကယ်တိုးတက်အောင် ပြုပြင်ပြောင်းလဲဖို့လည်း လိုပါတယ်။ ဒီလိုမှ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ မတင်ပြဘူးဆိုရင်ကျွန်တော်သစ္စာမဲ့ရာရောက်ပါတယ်။ သစ္စာမဲ့ရင်လည်း ကျွန်တော့်ကိုပါခွင့်မလွှတ်ကြပါနဲ့လို့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်”ဟုလည်း ဆက်လက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယခုကဲ့သို့ တင်ပြဆွေးနွေးနိုင်ခွင့် အခွင့်အရေးရသည့်အချိန်တွင် မတင်ပြမဆွေးနွေးခဲ့ပါက လုပ်သင့်သည့် အလုပ်ကို မလုပ်ခဲ့မိ၍ အမှားတစ်ခုကျူးလွန်ရာရောက်သည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည့် အပြင် “ဒီနေ့ နိုင်ငံနဲ့ နိုင်ငံသားများအတွက် ဘဝပေးပြီး ဆောင်ရွက်မယ်လို့လည်း ဒီလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ကတိပြုပါတယ်”ဟု အတိအလင်း ထုတ်ဖော်ပြောကြားသွားသည်။

နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်ရေး အကြောင်းရှင်းနှင့် ပတ်သက်၍လည်း “စီမံကိန်းတွေအမှားကြောင့် စက်ရုံသာရှိပြီး လျှပ်စစ်ဓာတ်အားမလုံလောက်တာ၊ မရရှိတာ၊ ဂက်စ်မလုံလောက်တာ၊ မရတာ၊ ကုန်ကြမ်းမလုံလောက်၊ မရတာတွေ၊ ကုန်ပစ္စည်းရဲ့ အရည်အသွေးနဲ့ ဈေးနှုန်းအရ ဝယ်ယူလိုသူနည်းပါးတာတွေဖြစ်ခဲ့ပြီးပါပြီ။ ဒါကြောင့် မသုံးသင့်တာ မလုပ်သင့်သေး တဲ့ စီမံကိန်းတွေ ခဏဆိုင်းငံ့ပြီး အဲဒီငွေတွေကို အခက်အခဲဖြစ်နေတဲ့ ဝန်ထမ်းများအတွက်လစာကိုရာခိုင်နှုန်းတစ်ခုအထိ တိုးပေးနိုင်ရန် အကြမ်းဖျင်းသုံးသပ်တွေ့ရှိရပါတယ်”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

# ဒီချုပ်ကြောင့် တံဆိပ်ရိုက်လုပ်ငန်းများ သွက်လက်လာ

**နေလင်းထွန်း**
**ရန်ကုန်၊ဖေဖော်ဝါရီ-၁၇**

ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြောင့် တံဆိပ်ရိုက်လုပ်ငန်းများ အလုပ်ကောင်းလာကြောင်းယင်းလုပ်ငန်းများမှ သတင်းရရှိသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တံဆိပ်ပါ အလံနှင့်အင်္ကျီများ ရိုက်နှိပ်ရမှုကြောင့် တံဆိပ်ရိုက်လုပ်ငန်းအချို့၏ လုပ်ငန်းများ နှစ်ဆထိ တိုးမြှင့်လုပ်ကိုင်ရလျက်ရှိကြောင်း ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရှိတံဆိပ်ရိုက်လုပ်ငန်းရှင်အချို့က ဆိုသည်။

‘အင်န်အယ်လ်ဒီ ရုံးခွဲတွေက မှာတာပါ။ အလံတွေရော လက်မလည်အောင် လုပ်နေရတယ်။ တခြားအလုပ်တွေကို နောက်ဆုပ်ပေးရတယ်။ ၁ လပိုင်းလောက်က နေစပြီး အခုထိအမှာမလျော့သေးဘူး။ သုံးလပိုင်းတောင် မရောက်သေးဘူးဆိုတော့ နောက်ပိုင်းဆိုပို အလုပ်ကောင်းမှာပါ။ တခြားပါတီတွေကတော့ဘယ်သူမှမလာသေးဘူး။ ဗိုလ်ချုပ်နဲ့ ဒေါ်စုပုံတွေလည်း မှာကြတယ်။ နိုင်ငံခြားသားအကြိုက်ဆုံးအထည်ကတော့ ဒေါ်စုပုံပါတဲ့အင်္ကျီတွေပါပဲ။ သူတို့ကိုယ်တိုင်ရိုက်ပြီးတော့လည်း လာအပ်ကြတယ်”ဟု တံဆိပ်ရိုက်လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောသည်။

လက်ရှိချိန်တွင် ပြင်ပစီးပွားရေးလုပ်ငန်းများမှ တံဆိပ်ရိုက်လုပ်ငန်းအပ်နှံမှုမှာ ပုံမှန်အတိုင်းရှိနေပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်မှ အလုပ်အပ်နှံမှုများက အခြားအပ်ထည်များနှင့်ဆတူတက်လာခြင်းဖြစ်ကြောင်း သိရသည်။

“အလုပ် အရမ်းကောင်းတယ်။အင်န်အယ်လ်ဒီကအင်္ကျီတွေ အများဆုံးရိုက်ရတယ်။ တခြားဟာတွေကတော့ ပုံမှန်ပဲ။ အခုရန်ကုန်မြို့ပေါ်က အဓိကမဟုတ်ဘူး။ နယ်ရုံးတွေက အရောင်းသွက်နေတယ်။ ကျန်ခဲ့တဲ့ရွေးကောက်ပွဲတုန်းကတော့ သိပ်မထူးပါဘူး။ ဒီတစ်ခါ ဒေါ်စုပါလာတဲ့ အတွက် လုပ်ငန်းပိုကောင်းနေပါတယ်” ဟု တံဆိပ်ရိုက်လုပ်ရှင်အမျိုးသားတစ်ဦးကဆိုသည်။

ယင်းအခြေအနေကြောင့် ကြားဖြတ် ရွေးကောက်ပွဲကာလတွင်လက်ရှိအချိန်ထက် လုပ်ငန်းပိုမိုကောင်းမွန်လာမည့် အနေအထားရှိနေကြောင်း တံဆိပ်ရိုက်လုပ်ငန်းရှင်များက သုံးသပ်ကြသည်။



အဖွဲ့ချုပ်အမှတ်တရပစ္စည်းဆိုင်တွင်ရောင်းချနေသော တီရှပ်များကို ဝယ်ယူနေသူများအား တွေ့ရစဉ် ဓာတ်ပုံ-ဝေယံ

# တစည ကိုယ်စားလှယ်လောင်း ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးကိုယ်စားပြုယှဉ်ပြိုင်

**အောင်သူရ**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ၂၀၁၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရှုံးနိမ့်ခဲ့သော ကိုယ်စားလှယ်က လာမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်ခိုင်ဖြိုးပါတီမှ ပြန်လည်ဝင်ရောက် အရွေးခံမည်ဖြစ်ကြောင်းသတင်းရရှိသည်။

“အရင်တုန်းကတ. စ. ညနဲ့ လက်ရှိအစိုးရနဲ့ အတူတူပဲထင်တာ။ ဗိုလ်ချုပ်ဟောင်းတွေဆိုတော့ မတူဘူးဆိုတာ နောက်မှ သိရတာ။ နောက်ပြီးတော့ တ. စ. ညက လာပြောတဲ့အချိန်မှာ ပြည်ခိုင်ဖြိုးက ပါတီမဖွဲ့သေးတာနဲ့ လက်ခံခဲ့တာ”ဟု လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီမှ ဝင်ရောက်အရွေးခံမည့် ဦးတင်စိုးကပြောသည်။

ရွေးကောက်ပွဲတွင် ရှုံးနိမ့်ပြီး တစ်လခန့်အကြာ၌ ပြည်ခိုင်ဖြိုးပါတီဝင်အဖြစ် လျှောက်ထားခဲ့ပြီး နောက် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တာဝန်ပေးခြင်းခံရသည်ဟု ကာယကံရှင်ကဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါက်တာလှမြတ်သွေးမှာ ငါးသိုင်းချောင်းဒေသခံဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီမှ ဝင်ရာက်ယှဉ်ပြိုင်မည့် ဦးတင်စိုးမှာ သီတာကုန်းမြင့်တွင်နေထိုင်ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်နေသူဖြစ်သည်။

# ဒေါ်အောင်ဆန်းစုကြည် မဲဆွယ်စည်းရုံးရေးခရီးများ ဆက်တိုက်သွားရောက်မည်

**အေးမြကျော်၊ အိဖြူလွင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မဲဆွယ်စည်းရုံးရေးခရီးများအဖြစ်ကချင်ပြည်နယ်၊မန္တလေး၊နေပြည်တော်နှင့် မွန်ပြည်နယ်များသို့ ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လတို့တွင် ဆက်တိုက်သွားရောက်ရန်ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ကချင်ပြည်နယ်သို့ ဖေဖော်ဝါရီလ ၂၃၊ ၂၄ ရက်များတွင် သွားရောက်မည်ဖြစ်ပြီး မူလက နေရာအခက်အခဲကြောင့် ပျက်သွားခဲ့သော မန္တလေးခရီးကို မတ်လ ၃ရက်နှင့် ၄ရက်တွင် သွားရောက်မည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် နေပြည်တော်သို့ မတ်လ ၅ရက်နှင့် ၆ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ သတင်းထုတ်ပြန်သည်။ မွန်ပြည်နယ်သို့လည်း မတ်လ ၁၁ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲအောင်နိုင်ရေးမန်နေဂျာဦးဉာဏ်ဝင်းကပြောသည်။

“တခြားပါတီတွေက မဲဆွယ်စည်းရုံးမှုတွေ သိပ်မလုပ်ဘဲ အင်န်အယ်လ်ဒီကပဲ ဆက်တိုက်လုပ်နေတယ်ဆိုတဲ့ ဝေဖန်မှုတွေ ကြားရပါတယ်။ မန်ယူအသင်းလိုပါပဲ။ ကျွန်တော်တို့ လျှော့ကန်လို့ မရပါဘူး။ ကျွန်တော်တို့ ကြိုးစားဖို့လိုပါတယ်” ဟု ဦးဉာဏ်ဝင်းက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက် နေ့လည် ၁၂နာရီက လာမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် ကြုံတွေ့ရသော အခက်အအခဲများကို အဓိကထားရှင်းလင်းသော သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ပြုလုပ်ရာ ဦးဉာဏ်ဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

# သရုပ်ဆောင် မင်းအုပ်စိုးအား ပြစ်မှုသုံးခုဖြင့် အမှုဖွင့်

**အိဖြူလွင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၀**

ရုပ်ရှင်သရုပ်ဆောင်မင်းအုပ်စိုးသည် အရက်သောက်ပြီး ရဲတပ်ဖွဲ့ဝင်များကို ဆဲဆိုခြင်း၊ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပုဆိုးချွတ်၍နေခြင်း၊ ယာဉ်ပိတ်ဆို့စေရန်ပြုလုပ်ခြင်း၊ တာဝန်ကျရဲဝန်ထမ်းကို လက်သီးနှင့်ထိုးရန် ပြုလုပ်ခြင်း၊ ရဲတပ်ဖွဲ့ပိုင် ကားမှန်ကိုလက်သီးနှင့်ထိုးခွဲခြင်းတို့ကြောင့် တာမွေမြို့နယ်ရဲစခန်းက ပြစ်မှုသုံးခုဖြင့် အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးမှသတင်းရရှိသည်။

ယခုလ ၁၅ ရက် ညနေ ၄ နာရီမိနစ် ၅၀ ခန့်က ဗဟန်းမြို့နယ် ဖိုးစိန်လမ်းအတွင်း ဟောလီးဒေးအင်းရှေ့၌ ပုံထားသည့် ညောင်းကိုင်းခြောက်ပုံကို “ဘယ်သူပုံထားလဲ”ဟု အော်ဟစ်ပြီး မီးရှို့မည်ဟု ပြောကာ မီးရှို့ရာမှစတင်ခဲ့သည်။

မီးလောင်နေစဉ် တာမွေရဲစခန်းသို့လည်း လူတစ်ဦး မီးရှို့ပြီး တုတ်ကိုင်ရမ်းကားနေကြောင်း အကြောင်းကြားသောကြောင့်တာမွေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေး နေစဉ်မှာပင် တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့မှမီးလောင်မှုကိုငြိမ်းသတ်နေစဉ် မင်းအုပ်စိုးက အရက်သောက်ပြီး တပ်ဖွဲ့ဝင်များကိုဆဲဆိုခြင်း၊ အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်အောင် ပုဆိုးချွတ်ပြီးနေခြင်း၊ ယာဉ်ပိတ်ဆို့မှုဖြစ်ပွားအောင်ပြုလုပ်ခြင်း၊ ရဲတပ်ဖွဲ့မှ သွားရောက်စစ်ဆေးစဉ် ယာဉ်မောင်းသူရဲတပ်သားကိုလက်သီးနှင့်လှမ်းထိုးရာ လူကိုမထိဘဲ ယာဉ်မောင်းနောက်ရှိကားမှန်ကိုထိုးမိပြီးမှန်ကွဲသွားခြင်းတို့ကြောင့် တာမွေရဲစခန်းတွင်(ပ)၇၈/၁၂ပုဒ်မ-၄၃၆၊(ပ)၇၆/၁၂၊ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ-၆၁၊ (ပ)၇၇/၁၂ ပုဒ်မ-၂၉၄/၃၅၃ တို့ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# ကမ္ဘာ့ဘဏ်၏အကူအညီရရှိပါက အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်လာနိုင်

**ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၈**

ကမ္ဘာ့ဘဏ်မှ ဆင်းရဲသော ဖွံ့ဖြိုးဆဲနိုင်ငံများသို့ပေးသည့် အကူအညီများသည်အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင်သာ အများစု ပေးလေ့ရှိကြောင်းပြည်တွင်းဘဏ်လုပ်ငန်းအကြံပေးပညာရှင်များက ပြောသည်။

"တစ်ချိန်က အရှေ့တောင်အာရှမှာ အကောင်းဆုံးလို့ပြောလို့ရတဲ့ ရန်ကုန်-ပြည်လမ်းက (ADB) အာရှဖွံ့ဖြိုးမှုဘဏ်ရဲ့ချေးငွေနဲ့တည်ဆောက်ထားတာ" ဟု ကမ္ဘောဇဘဏ်ဒုဥက္ကဋ္ဌ-၂ဦးသန်းလွင်က ဆိုသည်။

ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံနှင့်ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုဥက္ကဋ္ဌက ဖေဖော်ဝါရီ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။ကမ္ဘာ့ဘဏ်ကလည်း ၁၉၈၇ ခုနှစ်မှ စတင်ရပ်ဆိုင်းခဲ့သည့် ၂၅ နှစ်ကြာ အဆက်အသွယ်ပြတ်တောက်ခဲ့မှုကို ပြင်ဆင်၍ပြန်လည်ဆက်သွယ်ကူညီပေးရန်လုပ်ဆောင်ခြင်းဖြစ်သည်။

"ကမ္ဘာ့ဘဏ်အကူအညီရမယ်ဆိုရင် အခြေခံအဆောက်အဦက အားကောင်းသွားမှာပါ။ လျှပ်စစ်မီး၊လမ်းတံတား၊လယ်ယာကဏ္ဍတို့ကို သူ့ငွေနဲ့ အများကြီးလုပ်နိုင်တယ်"ဟု ဦးသန်းလွင်က ရှင်းပြသည်။

ကမ္ဘာ့ဘဏ်က ချေးငွေများသည် အတိုးနည်း၊ အတိုးမဲ့နှင့် နှစ်ရှည်ချေးငွေများဖြစ်ခြင်း၊ နိုင်ငံတစ်ခုချင်းထက် နိုင်ငံအားလုံးစုပေါင်းပြီးပေးသည့်အတွက် ချေးငွေပမာဏများခြင်း၊ ထို့အပြင် ချေးငွေနဲ့အတူ နည်းပညာအကူအညီများလည်း တွဲဖက်ပါလာနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"ဆင်းရဲပြီး ဖွံ့ဖြိုးမှုအားနည်းတဲ့နိုင်ငံတွေက သူများဆီက အကူအညီယူရတယ်။ထိုင်းနိုင်ငံတောင် အကူအညီမယူတာ ၁၀ နှစ်ဝန်းကျင်ပဲရှိသေးတယ်"ဟု သမဝါယဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဖေမြင့်က ရှင်းပြသည်။

နိုင်ငံတော်တွင် အရေးကြီးသည့် ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးတို့တွင် အစိုးရကငွေကြေးသုံးစွဲရန်လိုအပ်ချက်များရှိသဖြင့် ကမ္ဘာ့ဘဏ်မှ အကူအညီများရပါက အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးတွင်များစွာ အထောက်အကူဖြစ်လာမည်။

# သမ္မတထံသို့ မမှန်မကန် တိုင်ကြားသူများကို အရေးယူမည်

ယုဇနကိုကို

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၀**

နိုင်ငံတော်သမ္မတထံသို့လုပ်ကြံမှုနှင့်အသရေဖျက်လိုမှုတို့ကြောင့်မမှန်မကန် တိုင်ကြားလာသူများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၁၇ ရက်က နေပြည်တော်ခရိုင်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးတွင် သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ "ဝန်ထမ်းများအား လစာတိုးပေးရန် အကြံပြုချက်နှင့်ဌာဆိုင်ရာတွင် တပ်မတော်မှ ပြောင်းရွှေ့လာသူများအား ခန့်ထားသည့် ပေါ်လစီကို ပြန်လည်သုံးသပ်ရန် အစီအစဉ်ရှိ၊မရှိ"မေးခွန်းနှင့်ပတ်သက်ပြီးပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဦးစိုးမောင်က ပြောကြားရာတွင် နိုင်ငံတော်သမ္မတ သို့ ၂၀၁၁ ခုနှစ် ဧပြီလ ၅ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃၁ အထိ တိုင်ကြားစာ ၆၆၆၀ ရောက်ရှိသည်။ စာပေါင်း ၆,၆၆၀ အနက်တွင် မမှန်မကန်တိုင်ကြားလာသူများကို တွေ့ရှိခဲ့ရသည့်အတွက်ထိုသူများကိုလည်း မှတ်တမ်းတင်သတိပေးခဲ့ရခြင်းများရှိကြောင်း အထက်ပါအစည်းအဝေးတွင် ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ထို့အတွက်ဆက်လက်ပြီးနိုင်ငံတော်သမ္မတရုံးသို့တင်ပြလာသောမနာလိုဝန်တိုမှု၊ အခြားသူများကို လုပ်ကြံတိုင်ကြားမှု၊ အသရေဖျက်မှုအစရှိသည့် မမှန်မကန်တိုင်ကြားမှုများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်ဟုပြောကြားသွားသည်။ တိုင်ကြားစာများအနက်မှ အမှုပေါင်း ၂,၇၈၀ ကို စိစစ်ပြီးဖြစ်ပြီး ဆက်လက်စိစစ်ဆဲအမှုအရေအတွက်မှာ၁,၉၅၁စောင်ရှိသည်။ အဆင့်မမီသော တင်ပြတိုင်ကြားစာများနှင့် အကြိမ်ကြိမ် တိုင်ကြားမှုပေါင်း ၁,၉၂၉ စောင်ရှိကြောင်းလည်းသိရသည်။ တိုင်ကြားလာသော အဆိုပါအမှုများတွင် မှန်ကန်သော တင်ပြချက်များကို စိစစ်ဆောင်ရွက်ပြီး ကျူးလွန်သောပြစ်မှုအလိုက် အရေးယူဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်ပြီးဖြစ်ကြောင်း ဦးစိုးမောင်က ပြောကြားခဲ့သည်။

# အဲကမ္ဘောဇလေယာဉ် ဘီးစနစ်ချို့ယွင်း၍ ဝေမ်းပိုက်ဖြင့် ဆင်းရသော်လည်း ခရီးသည်များ ထိခိုက်မှုမရှိ

**အိဖြူလွင်၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၇**

ဟဲဟိုးမှ သံတွဲသို့ ဆင်းသက်လာသော အဲကမ္ဘောဇလေကြောင်းလိုင်းပိုင် ATR 72-500 အမျိုးအစား လေယာဉ်တစ်စီးသည် ဘီးစနစ်ချို့ယွင်းမှုကြောင့် လေယာဉ်ဝမ်းဗိုက်ဖြင့် ဆင်းသက်ခဲ့ရသော်လည်း ခရီးသည်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိဟု သံတွဲလေဆိပ်လေကြောင်းထိန်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်မှ ညောင်ဦး၊ ညောင်ဦးမှ ဟဲဟိုး၊ ဟဲဟိုးမှ သံတွဲလေဆိပ်သို့ ဆင်းသက်စဉ် ပြေးလမ်း၌ အရှိန်လွန်ကာ ပြေးလမ်းဘေးရှိသဲပုံနှင့်တိုက်ပြီး လေယာဉ်မှာ ရပ်တန့်သွားခြင်းဖြစ်သည်။

ထိုသို့ဖြစ်ပွားခဲ့သဖြင့် သံတွဲမှ ရန်ကုန်သို့ ပြန်မည့်ခရီးသည်များအား လေယာဉ်နောက်တစ်စီးဖြင့် သွားရောက်ခေါ်ယူခဲ့သဖြင့် ပြည်ပနိုင်ငံများသို့ ပြန်မည့် ဧည့်သည်များပါ အဆင်ပြေခဲ့သည်ဟု သတင်းရရှိသည်။ "သုံးစီး ပျံနေရာကနေ နှစ်စီးဖြစ်သွားတော့ ခရီးသည်တွေ ကို တခြားလေကြောင်းနဲ့ ပြောင်းထည့်ရတာကတော့ အခက်အခဲဖြစ်သွားတာပေါ့"ဟု ရန်ကုန်အခြေစိုက် ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ထိုသို့ ဖြစ်ပွားခဲ့သည်မှာ အသေးစား ချို့ယွင်းမှုဖြစ်ပြီး အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု အဲကမ္ဘောဇလေကြောင်းမှ လက်ထောက်အထွေထွေမန်နေဂျာကိုမြတ်သူက ပြောသည်။

အဆိုပါလေယာဉ်တွင် နိုင်ငံခြားသားခရီးသည် ၄၀ ဦး၊ ပြည်တွင်းခရီးသည် ၁၂ဦး၊ လေယာဉ်ဝန်ထမ်းငါးဦး စုစုပေါင်း ၅၇ဦး လိုက်ပါလာသည်။

အဲကမ္ဘောဇလေကြောင်းလိုင်းအား ၂၀၁၀ ပြည့်နှစ် ဧပြီ ၂ ရက်တွင် စတင်ပျံသန်းခဲ့ပြီး အချိန်အတိအကျ ပျံသန်းပေးသဖြင့် နာမည်ရလာသောလေကြောင်းလိုင်းတစ်ခုဖြစ်သည်။

ခရီးသွားဧည့်သည်အလာများသောနှစ်တွင်ပြည်တွင်းလေကြောင်းလိုင်းများ တစ်ခုပြီးတစ်ခု မကြာခဏပြဿနာပေါ်မည်ကိုစိုးရိမ်မိကြောင်းလည်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ အာမခံကုမ္ပဏီမှ တာဝန်ရှိသူများလာရောက်စစ်ဆေးခံရန် ထိုလေယာဉ်ကို ပြေးဆွဲမှုမပြုလုပ်သေးဘဲ ရပ်နားထားကြောင်း သတင်းရရှိသည်။

# ဝေးလံခေါင်သီသောဒေသများမှ ဝန်ထမ်း ၃၇၀၀၀ ကျော် ဒေသစရိတ်တိုးမြှင့်ပေးရန် ညှိနှိုင်းဆောင်ရွက်မည်

**သီဟ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၆**

ဝေးလံသီခေါင်သော အရပ်ဒေသများမှ နိုင်ငံ့ဝန်ထမ်း ၃၇၈၁၇ ဦး ဒေသစရိတ်နှုန်းထားများတိုးမြှင့်ပေးရန်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အစိုးရဝန်ထမ်းများအားလုံး၏လစာ တိုးမြှင့်ရေးအတွက်ကိုမူ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင်မှစတင်တိုးမြှင့်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဟုဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကပြောသည်။ဖေဖော်ဝါရီ၁၆ တွင်ကျင်းပပြုလုပ်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း က နိုင်ငံတော် သမ္မတကြီးကိုယ်စား ပြောကြားသွားခြင်းဖြစ်ကြောင်းသိရသည်။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုလ ၇ ရက်ကအမျိုးသားလွှတ်တော်တွင်ဝန်ထမ်းများ၏ လုပ်ခ လစာများအား ယခုနှစ်ဘဏ္ဍာနှစ် တွင်တိုးမြှင့်ပေးသွားရန် အဆိုတင်သွင်းခြင်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားသွားခြင်းဖြစ်သည်။

**ပြင်ဆင်ဖတ်ရှုပါရန် -**

ယခုတစ်ပတ်ထုတ် ဂျာနယ် စာ(၆) မှ **"ဆောက်လုပ်ဆဲ ၈ ထပ်တိုက် ၁၅ မိနစ်ကြာမီးလောင်"** သတင်းအခင်းဖြစ်ပွားရာနေရာကို ပန်းဘဲတန်းမြို့နယ်ဟုလည်းကောင်း၊ 7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်-၄၈ မှ **"ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်၌မဲပေးခွင့်ရှိသူ ၁ ဒသမ ၃ သန်းခန့်ရှိ"** အစား ၆၃၇၀၀၀ ကျော်ရှိပြီး၊ ဒဂုံဆိပ်ကမ်းမြို့သစ်တွင် ၇၄၀၀၀ ကျော်ရှိသည်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ဧဂမျိုးဆက် ကျောင်းသားခေါင်းဆောင်များနှင့် ဗကသကျောင်းသားလူငယ်များ ပါဝင်သောအဖွဲ့ ဟသ်ာတမြို့ ဦးအောင်မြတ်ကျော် ခန်းမသို့ရောက်ရှိလာစဉ်တွင် ကြိုဆိုနေကြသောမြို့ခံများကိုဖေဖော်ဝါရီ ၂၀ ကတွေ့ရစဉ်။

ဓာတ်ပုံ - ဝေယံ
သတင်း -ဥက္ကာကိုကို



# မိုးကောင်းမြို့နယ် နမ်တီးရွာကွင်းတွင် မဲဆွယ်စည်းရုံးခွင့်ပြန်ရ

**အေးမြကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၁**

ကချင်ပြည်နယ်သို့မဲဆွယ်စည်းရုံးရန်သွားရောက်မည့်ဒေါ်အောင်ဆန်းစုကြည်၏ခရီးစဉ်တွင် မိုးကောင်းမြို့နယ်အတွင်းရှိ နမ်တီးရွာ ကွင်းတစ်ကွင်းတွင် မူလက လုံခြုံရေးအခြေအနေကြောင့်ဟုဆိုရာမှ စည်းရုံးဟောပြောခွင့် မရခဲ့ဘဲ ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းကဟောပြောခွင့်ပြုကြောင်း ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ကပြန်လည်အကြောင်းကြားလာကြောင်း NLD မှရွေးကောက်ပွဲအောင်နိုင်ရေးမန်နေဂျာ ဦးဉာဏ်ဝင်းကပြောသည်။

ကချင်ပြည်နယ်ခရီးစဉ်ကို ဖေဖော်ဝါရီ ၂၃နှင့် ၂၄တို့တွင်သွားရောက်ရန်စီစဉ်ထားသည့်အတွက် နမ်တီးရွာအတွင်းမှ ကွင်းတစ်ကွင်းတွင် ဟောပြောစည်းရုံးခွင့်ကြိုတင်တင်ပြခဲ့ပြီး နယ်မြေလုံခြုံမှုမရှိသောကြောင့်ခွင့်မပြုနိုင်ကြောင်း ပြန်လည်အကြောင်းကြားခဲ့သည်ဟုဦးဉာဏ်ဝင်းက ဖေဖော်ဝါရီ ၂၀ရက်တွင် အဖွဲ့ချုပ်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

"သတင်းစာရှင်းလင်းပွဲလုပ်ပြီး ညနေပိုင်းမှာ ခွင့်ပြုတဲ့အကြောင်းပြည်နယ်ကော်မရှင်က အကြောင်းကြားတယ်။ ကချင်ပြည်နယ်ခရီးစဉ်မှာအားလုံးအဆင်ပြေတယ်ပြောတယ်"ဟုဦးဉာဏ်ဝင်းက ဖေဖော်ဝါရီ ၂၁ ရက်ညနေပိုင်းက ပြောကြားသည်။

# ဆရာကြီးသခင်ကိုယ်တော်မှိုင်း စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**

ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ မွေးရပ်ဇာတိဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်ရှိမီးလောင်အုပ်စု၊ဝါးလည်ကျေးရွာတွင်'ဆရာလွန်း' စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇန်နဝါရီလ ၃၀ ရက်နေ့ မွန်းလွဲ(၁)နာရီအချိန်က အဆိုပါစာကြည့်တိုက်မြေနေရာ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်က စာကြည့်တိုက်ဆောက်လုပ်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအကြောင်းနှင့် လှူဒါန်းရခြင်း အကြောင်းကိုလည်းကောင်းအသီး သီးရှင်းလင်းဆွေးနွေးခဲ့ကြသည်။ လှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း က ပထမအကြိမ် မတည်လှူဒါန်း ငွေကျပ်(၁၀)သိန်းနှင့် စာအုပ်မျိုးစုံ(၄၀၀)၊ မီးလောင်အုပ်စု ဝါးလည်ရွာပြည်သူများက ငွေကျပ်(၅) သိန်း၊ ရန်ကုန်မြို့၊ ဘုရင့်နောင် ဃ-၅၊ အောင်သပြေလမ်းနေ နယူးလုပ်သားကုန်စည်ပို့ဆောင်ရေးပိုင်ရှင် ဦးသိန်းဌေး၊ ဒေါ်ခင်စောမူမိသားစုက ငွေကျပ်(၃) သိန်း ဘီရို(၁)လုံး၊ သစ်သားထိုင်ခုံ(၂)လုံးနှင့် ငွေကျပ် ၅၅,၀၀၀/-တန်ဖိုးရှိသုတစာအုပ်(၇၀)အုပ်၊ ရွှေတောင်မြို့ လယ်တီပိဋကတ်စာကြည့်တိုက်ကော်မတီက ငွေကျပ်နှစ်သိန်း၊ ရွှေတောင်မြို့ ကားလေးယာဉ်အသင်းက ငွေကျပ်တစ်သိန်း၊ ဦးခင်မောင်ကြည်(မြတ် ချယ်စာပေ)က စာအုပ်မျိုးစုံ(၂၀၀)၊ ဦးအေးငြိမ်း(မြတ်ဗုဒ္ဓ၏ အခမဲ့နာရေးကူညီမှုအသင်း)က စာအုပ်မျိုးစုံ(၁၅၀)တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူအသီး သီးက လက်ခံရယူခဲ့ကြသည်။

စာကြည့်တိုက်အဆောက်အအုံကို အလျား ၂၀ပေ၊ အနံ ၃၀ ပေ ဆောက်လုပ်သွားမည်ဖြစ် ပြီး စုစုပေါင်း ခန့်မှန်းကုန် ကျငွေ (၆၂) သိန်းဖြစ်သည်။ 'ဆရာလွန်း' စာကြည့်တိုက်တည်ဆောက်ရာတွင် ငွေကြေး၊ စာအုပ်စာတမ်း လှူဒါန်းလိုသူ များအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင် (၀၉-၅၁ ၂၄၅၂၁)၊ ဒုတိယဥက္ကဋ္ဌဦးညွန့် ဆွေ(၀၉-၈၆၃ ၂၅၇၃)၊ အတွင်း ရေးမှူး (၀၁-၃၇၁၃၄၂၊၀၁-၃၉၈၇၅၆)၊ အလုပ်အမှုဆောင်ဦးခန့်စည် သူ(၀၉-၅၁၇ ၂၇၂၇)၊ ဒေါက်တာ ချစ်စံဝင်း (၀၉-၅၀၁၆၈၃၁)၊ ဦးချစ်နိုင်(၀၁-၅၅၁၇၁၉)၊ ဦးဟိန်းလတ်(၀၉-၅၅၀၁၇၂၄)၊ ဒေါက်တာသန့်သော်ကောင်း(၀၉-၅၀၀၅၄၁၀)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

JJ EXPRESS
First Class
ရန်ကုန် ⇌ မန္တလေး
YANGON-MANDALAY

(၂၃-၂-၂၀၁၂)နေ့တွင် ရန်ကုန် ⇌ မန္တလေး ခရီးစဉ် စတင်တိုးချဲ့ ပြေးဆွဲခြင်းကို လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကြီးပွားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

အမှတ်(၂၂)၊ အောင်ဆန်းကွင်းတောင်ဘက်တန်း၊ ဘုတာကြီးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ☎ : 249672, 381472, 256281

လူကြီးမင်းတို့၏ အရေးကြီးသော စာရွက်စာတမ်းနှင့် ပါဆယ်ပစ္စည်းများကို သင့်တင့်သောနှုန်းထား စိတ်ချရသော လုံခြုံမှုဖြင့် အထူးဝန်ဆောင်မှုများပေးလျက် အမြဲပန်းများဆင်လို့ ကြိုဆိုနေပါသည်။



မြတ်ဗုဒ္ဓသာသနာတော်နှစ် (၂၆၀၀)ပြည့်အထိမ်းအမှတ် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးညတိုင် တရားပွဲကျင်းပခဲ့သည်။ ယောဆရာတော်၊ ချမ်းမြေ့ဆရာတော်၊ သီတဂူဆရာတော်၊ ဒေါက်တာအရှင်နန္ဒ မာလာဘိဝံသနှင့် ဗန်းမော်ဆရာတော်တို့က ပရိသတ်များကို တရားရေအေးအမြိုက်ဆေး တိုက်ကျွေးခဲ့သည်။ ပုံတွင် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ တရားဟောကြားနေသည်ကို နာကြားနေကြသော ညီ့ပရိသတ်များကို တွေ့ရစဉ်။
သတင်း-သန်းဌေး
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ် ၄၇နေရာအတွက် ကိုယ်စားလှယ်လောင်းစာရင်း အတည်ပြုပြီး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာတွင် ဖေဖော်ဝါရီ ၂၁ရက် အထိ မဲဆန္ဒနယ် ၄၇နေရာ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများစာရင်းကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျန်ရှိနေသော မဲဆန္ဒနယ်တစ်နေရာမှာ ကော့မှူးမဲဆန္ဒနယ်ဖြစ်ပြီး၊ ထိုမဲဆန္ဒနယ်၌ ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းစာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်က အပြီးသတ်အတည်ပြုထုတ်ပြန်ခြင်းမရှိသေးပေ။ ကော့မှူး မဲဆန္ဒနယ်တွင် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးတင်ရီက ဒေါ်အောင်ဆန်းစုကြည်ကို ကန့်ကွက်ထားသည်။

ယခင် အပတ်က ကိုယ်စားလှယ်လောင်းစာရင်းအတည်မပြုနိုင်သေးသော ကဝပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှာမူ ယခုအခါ အတည်ပြုနိုင်ပြီဖြစ်သည်။ ထိုမဲဆန္ဒနယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးယှဉ်ပြိုင်မည်ဖြစ်သည်။ လစ်လပ်မဲဆန္ဒနယ် ၄၈နေရာ၌ ယှဉ်ပြိုင်ရွေးချယ်ခံမည့်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၀ကျော်ရှိသည်။

# ယာဉ်နံပါတ် ၁ဃ အက္ခရာ စတင်ထုတ်ပေး

## ကားအဟောင်း ၃၅,၀၀၀ ကျော်အပ်နှံပြီး၊ သွင်းကုန် လိုင်စင်ထုတ်ပေးသောကား ၂၈,၀၀၀ ကျော်ကာ၊ အကောက်ခွန်စစ်ဆေးပြီးကား ၁၆,၀၀၀ ကျော်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၁**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပေးသော ကား နံပါတ် (မူသေနံပါတ်)မှာ ၉ဂ/အက္ခရာနံပါတ်ကုန်၍ ၁ဃ/အက္ခရာနံပါတ်ဖြင့် ထုတ်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကညနရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၉ဂ/အက္ခရာဖြင့် ထုတ်ပေးသော ကားအစီးရေသည် ဖေဖော်ဝါရီ ၁၃ ရက်ကုန်၍ ၁ဃ/အက္ခရာဖြင့် ထုတ်ပေးသော ကားအစီးရေမှာဖေဖော်ဝါရီ၁၇ရက်ထိ ၂,၇၂၈ စီးရှိပြီဖြစ်သည်။ ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်နှင့်နိုင်ငံခြားငွေရှိသူများကား တင်သွင်းခွင့်ပြုသည့် အစီအစဉ်များအရ မှတ်ပုံတင်နံပါတ်ထုတ်ပြီး ကားအစီးရေ ၁၄,၅၉၀ စီးရှိပြီဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

"၁၃ ရက်နေ့က (ဖေဖော်ဝါရီ၁၃)၉ဂ/ကုန်တာနဲ့၁ဃ/ကို ၁၃ ရက်နေ့ခင်းမှာပဲ ချက်ချင်း ထုတ်ပေးတာ"ဟု ရန်ကုန်တိုင်းဒေသကြီး ကညနရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ယခုလ ၁၇ရက်ထိ ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေး အစီအစဉ်အရ လာအပ်သော ကားအစီးရေ ၃၅,၇၅၈ စီးရှိပြီး 'ဒ'အက္ခရာသို့ရောက်နေပြီဖြစ်သည်။ သွင်းကုန်ပါမစ်ထုတ် ပေးခဲ့သော အစီးရေ ၂၈,၁၆၅ စီးရှိကာ သွင်းကုန်လိုင်စင်ယူပြီး ကားအစီးရေအတွက် ၁၄,၆၂၃ စီးရှိပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပမှ တင်သွင်းသော ကားများကို အကောက်ခွန်ဦးစီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်ထိ စည်းကြပ်ဆောင်ရွက် ပေး မှုမှာ အိမ်စီးကား ၁၅,၆၀၉ စီး၊ ဘတ်စ်ကား ၁၆၀စီး၊ ကုန်တင်ယာဉ် ၄၀၈ စီးတို့ဖြစ်ပြီး စုစုပေါင်း ၁၆,၁၇၇ စီး ဆောင်ရွက်ပေးခဲ့ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှသိရှိရသည်။

## ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးကောင်းမွန်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၁**

စည်းရုံးရေးခရီးစဉ်များဆက်တိုက် သွားနေသော ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေ အားစစ်ဆေးကြည့်ရာတွင်ရလာဒ်မှာကောင်းမွန်ကြောင်း မိသားစုဆရာဝန်ဒေါက်တာတင်မျိုးဝင်းက ဖေဖော်ဝါရီ ၂၁ရက်တွင်ပြောသည်။

"အမ(ဒေါ်အောင်ဆန်းစုကြည်)ကျန်းမာရေးက ဒေါင်ဒေါင်မည်ပဲ။ အရိုးပွခြင်းလည်းမရှိဘူး။ အသည်းတွေကျောက်ကပ်တွေလည်း အကုန်ကောင်းပါတယ်"ဟု ဒေါက်တာတင်မျိုးဝင်းကပြောသည်။ စည်းရုံးရေးခရီးစဉ်များဆက်တိုက်ထွက်ရန်ရှိသော ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအား ဖေဖော်ဝါရီလ ၁၃ ရက်ညနေ၆နာရီခန့်တွင် မကြာခင်က အသစ်ဖွင့်လှစ်ခဲ့သော ဝိတိုရိယဆေးရုံတွင်သွားရောက်စစ်ဆေးခဲ့သည်။

"အရိုးပွခြင်းရှိမရှိနဲ့သွေးစစ်သွားတာပါ။ ဆရာတင်မျိုးဝင်းက ဦးစီးပြီးလုပ်တာပါ"ဟုဝိတိုရိယဆေးရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ပြည်သူ့ဝန်ထမ်းများအား အနိမ့်ဆုံး ပျမ်းမျှ တစ်လကျပ်တစ်သိန်းနှုန်းပေးရန် သူရဦးရွှေမန်း သဝဏ်လွှာပို့

**သီဟ**

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၂၁**

နိုင်ငံတော်တွင် ငွေကြေးလုံလောက်အဆင်ပြေလျှင် ပြည်သူ့ဝန်ထမ်းများအား အနိမ့်ဆုံးပျမ်းမျှ တစ်လ ကျပ်တစ်သိန်းနှုန်းဝန်းကျင်ဖြင့် လုပ်ခလစာတိုးမြှင့်ပေးသင့်သည်ဟုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည် ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့သည့် သဝဏ်လွှာတွင် ထည့်သွင်းထားသည်။

ဝန်ထမ်းများအား အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်နိုင်ရန်အတွက် အစိုးရ၏ အချို့သောစီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း လျှော့ချ၍ခွင့်ပြုခြင်းများ ပြုလုပ်ရမည်ဖြစ်ပြီး ထိုစီမံကိန်းများတွင် စက်မှုဖွံ့ဖြိုးရေးစီမံကိန်းနှင့် နေပြည်တော်ဖွံ့ဖြိုးရေးစီမံကိန်းတို့ပါဝင်ပြီး ဆက်လက်စိစစ်ပါကလည်း အခြားစီမံကိန်းများ ပေါ် ထွက်လာနိုင်ကြောင်း သူရဦးရွှေမန်းက ဖေဖော်ဝါရီ ၂၁ရက်တွင်ကျင်းပသည့်ပြည်သူ့လွှတ်တော်၌ပြည်ထောင်စုလွှတ်တော်နာယကထံပေးပို့သည့်သဝဏ်လွှာတွင်ထည့်သွင်းပြောကြားသွားသည်။

ပြည်သူ့ဝန်ထမ်းများ၏ လုပ်ခလစာတိုးမြှင့်ပေးရေးနှင့်ပတ် သက်၍ နိုင်ငံတော်တွင် ငွေကြေးလုံလောက်အဆင်ပြေလျှင် ပြည်သူ့ဝန်ထမ်းများအား အနိမ့်ဆုံး ပျမ်းမျှ တစ်လကျပ်တစ်သိန်းနှုန်း ဝန်းကျင်ဖြစ်သင့်သည်။ တစ်သိန်း ရရှိသူများသည် ထိုက်တန်သည့် အခွန်နုတ်ပေးပါက တစ်လကျပ် ရှစ်သောင်း၊ ကျပ်ကိုးသောင်းရရှိမည်ဖြစ်ပြီး ငွေကြေးလုံလောက်အဆင်မပြေသေးပါကလည်း ဖြစ်နိုင်သလောက် တိုးမြှင့်ပေးသင့်သည်ဟု ပါဝင်သည်။

"ပြည်သူများ၏ ဘဏ္ဍာငွေများကို ပြည်သူ့ကိုယ်စားလှယ်များက သေချာစစ်ဆေးပြီး သုံးသင့်သည်များ မကုန်သင့်သည်များကိုပြည်ထောင်စုလွှတ်တော်မှ စနစ်တကျဆောင်ရွက်ပေးပါက ဝန်ထမ်းများ၏ လစာနှင့်စရိတ်အား အတိုင်းအတာတစ်ခုထိ အမှန်တကယ် တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်"ဟု သူရဦးရွှေမန်းက ပေးပို့သည့် အပိုဒ် ၁၁တွင် ပါဝင်သည်။

ဝန်ထမ်းများ၏ လုပ်ခလစာ နှင့်ပတ်သက်သည့် အကြောင်းအရာများ ပါဝင်ပြီး စုစုပေါင်း စာပိုဒ် ၁၄ပိုဒ်ပါဝင်သည်။

## ပြည်တွင်း၌ ဆန်သယ်ယူခြင်း ထောက်ခံချက်မလိုတော့

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

ဆန်ကိုပြည်တွင်း၌ထောက်ခံချက်မလိုဘဲ ဖြေလျှော့၍ လွတ်လပ်စွာသယ်ယူခွင့်ပြုထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏ပြောဆိုချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

ဝန်ကြီးဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် မြိတ်မြို့ရှိ ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခင်က တနင်္သာရီတိုင်းဒေသကြီးသို့ရေလမ်းမှဆန်တင်ပို့ရာတွင် ရန်ကုန်နှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရ၏ ထောက် ခံချက်လိုအပ်ပြီး ထောက်ခံချက်ရမှသာ တင်ပို့ခွင့်ရသည်။

"ကုန်းလမ်းက ပို့ရင် ဘာမှမလိုဘူး။ ရေလမ်းကပို့ရင် ရန်ကုန်ရော တနင်္သာရီအစိုးရအဖွဲ့ဆီက ထောက်ခံချက်လိုတယ်။ တစ်ခါတလေထောက်ခံချက်က တစ်လလောက်စောင့်ရတယ်"ဟုတနင်္သာရီတိုင်းဒေသကြီးသို့ ဆန်တင်ပို့နေသော ဘုရင်နောင်အခြေစိုက်ကုန်သည်တစ်ဦးကပြောသည်။

တနင်္သာရီတိုင်းဒေသကြီးသို့ ရေလမ်းမှ တင်ပို့ရာတွင် ကုန်း လမ်းက တင်ပို့ခြင်းထက် ဆန်တစ်အိတ်လျှင် ၁,၅၀၀ ကျပ်ခန့် ပိုသက်သာကြောင်း အဆိုပါကုန်သည်ကဆိုသည်။

ယခင်က ဆန်သယ်ယူရာတွင်သက်ဆိုင်ရာပြည်နယ်၊တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ခံချက်လိုသော်လည်း ယခုနောက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ ကျန်ဒေသများအား သယ်ယူရာတွင် ထောက်ခံချက်မလိုတော့ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ICT ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၂၁**

နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍမှပါဝင်ဆောင်ရွက်ရန် အတွက် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာနတွင် ဖေဖော်ဝါရီလ ၂၈၊ ၂၉ တွင် ကျင်းပတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲက ICT Developmentအတွက်အားစိုက်ပြီးပြောကြမယ့်ပွဲမဟုတ်ပါဘူး။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လိုလုပ်မလဲ၊ အဲ့ဒီလိုလုပ်တဲ့အခါမှာအိုင်စီတီကဘယ်လောက်အရေးပါသလဲ။ အိုင်စီတီက ဘယ်လောက်အထိလုပ်ပေးနိုင်သလဲဆိုတာကို ဆွေးနွေးကြမယ့် work shop ဖြစ်တယ်" ဟု တာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သတ်ပြီးပြောသည်။

ကျေးလက်နေပြည်သူများ၏ အခြေအနေများတိုးတက်လာစေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့် သက်ဆိုင်ရာနယ်ပယ်များမှ ကျွမ်းကျင်ပညာရှင်များ၊ အိမ်နီးချင်းနှင့် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် စင်ကာပူ၊ အိန္ဒိယစသည့်နိုင်ငံများမှ ကျွမ်းကျင်သူများအားဖိတ်ခေါ်ရန် လျာထားကြောင်းသိရသည်။

"လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ" ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပမည့်အဆိုပါအလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေးကို မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီက လမ်းညွှန်ထားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများက ပူးပေါင်းကျင်းပသွားမည်ဟု ဖေဖော်ဝါရီ၂၁ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှသိရသည်။

7DAY NEWS JOURNAL
Vol.10, No.49 • FEBRUARY 23 , 2012

# လွှတ်တော်ရေးရာ ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များ ပြည်ထောင်စုအဆင့်တွင် အကျုံးဝင်ခြင်း ရှိမရှိ ခုံရုံးသို့တင်သွင်း

**ထူးသန့်**

**နေပြည်တော်၊ဖေဖော်ဝါရီ- ၁၇**

ပြည်ထောင်စုလွှတ်တော်၊ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားသော အခွင့်အာဏာဖြင့် ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များအား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် အကျုံးဝင်ခြင်းရှိ၊မရှိအကြောင်းရင်းနှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ ယနေ့တင်သွင်းခဲ့ကြောင်းပြည်သူ့လွှတ်တော်မှ သတင်းရရှိသည်။

အဆိုပါကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များအားပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ်ထည့်သွင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်း ရှိ၊ မရှိ(သို့မဟုတ်) ၎င်းကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များအားပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် အကျုံးဝင်ခြင်းရှိ၊ မရှိ ကိစ္စများနှင့် ပတ်သက်ပြီးပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာက ခုံရုံးသို့ သွားရောက်တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကြောင်းအရာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရ ဦးရွှေမန်းက လွှတ်တော်ကိုယ်စားလှယ်များသို့ ယနေ့အသိပေးပြောကြားခဲ့ရာတွင် “ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကနေပြီး အကြောင်းကြားစာရောက်ရှိခဲ့တာကြာပါပြီ။ ဒီကနေ့မှာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌလည်းဖြစ်၊ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးနန္ဒကျော်စွာအား ကိုယ်စားလှယ်အဖြစ် စေလွှတ်ပြီး ဆောင်ရွက်ရမယ့် ကိစ္စများကို ဆောင်ရွက်ဖို့ ရင်ဆိုင်ဖို့ တာဝန်ပေးထားတာကြောင့် ကိုယ်စားလှယ်များကိုအသိပေးခြင်းပဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။


ထပ်မံ၍လည်း“အကြောင်းကတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်၊ဆုံးဖြတ်ချက်သဘောထား ရယူရန်အတွက် နိုင်ငံတော် သမ္မတက ၂-၂-၂၀၁၂ ရက်စွဲပါ တင်သွင်းလွှာကို ခုံရုံးသို့ တင်သွင်းလာခြင်းဖြစ်ပါတယ်။ ယင်းတင်သွင်းလွှာနဲ့ စပ်လျဉ်း၍ ရှင်းလင်းချက်နဲ့တကွ လိုအပ်ချက်များ၊ ခိုင်လုံသော အထောက်အထားများ၊ စာရွက်စာတမ်းများကို ၁၇-၂-၂၀၁၂ရက်တွင်ခုံရုံးသို့တင်သွင်းရန်ဖြစ်ပါတယ်”ဟု ကိုယ်စားလှယ်များအား ရှင်းလင်းအသိပေးပြောကြားခဲ့သည်။

# ကုလားတန်မြစ်ဘက်စုံစီမံကိန်း အသေးစိတ်အစီရင်ခံစာသစ်ကို ကိုရီးယားပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေဟုဆို

**မေဝင်းမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ပို့ဆောင်ရေး စီမံကိန်းနှင့်ပတ်သက်သည့် လက်ရှိ စီမံကိန်းအသေးစိတ် အစီရင်ခံစာ (Detail Project Report)ကိုတောင်ကိုရီးယားပညာရှင်အဖွဲ့နှင့်ဆောင်ရွက်လျက်ရှိကြောင်း ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ပို့ဆောင်ရေး စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်က ပြောကြားသည်။



ဓာတ်ပုံ- tunlinaung.yolasite.com

“လက်ရှိလုပ်ကိုင်နေတာကလည်း ထိခိုက်မှုတွေအနည်းဆုံးဖြစ်အောင်ဆောင်ရွက်နေပါတယ်။ ၂၀၀၃ ခုနှစ်ကပြုလုပ်တဲ့ DPR နဲ့ ဆောင်ရွက်နေတာဖြစ်လို့အခုအခြေအနေကို ဆာဗေးပြန်လုပ်နေပါတယ်။ ရလဒ်အနေအထားကိုကြည့်ပြီးတော့ ပြန်လည်သုံးသပ်ဆောင်ရွက်သွားမှာပါ” ဟု ဦးချိုသန်းမောင်က ကုလားတန်မြစ်ကြောင်းစီမံကိန်းနှင့်ပတ်သက်၍ မီဒီယာများနှင့်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံမှအကုန်ကျခံတည်ဆောက်လျက်ရှိသော အမေရိကန်ဒေါ်လာ ၂၁၄ သန်းခန့်တန်ဖိုးရှိ စစ်တွေဆိပ်ကမ်းနှင့်ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာတွင် လုပ်ငန်းစတင်ခဲ့ပြီး လာမည့် ၂၀၁၃ တွင် ဆိပ်ကမ်းဆောက်လုပ်ခြင်းများ ပြီးစီးကာ လမ်းဖောက်လုပ်ခြင်းမှာ ၂၀၁၄ တွင်ပြီးစီးရန်ခန့်မှန်းထားသည်။

စီမံကိန်းတည်ဆောက်ပြီးစီးသွားပါက စီမံခန့်ခွဲမှုပိုင်းအားလုံးကို မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်ခွင့်ရမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံက ကုန်စည်ဖြတ်သန်းပို့ဆောင်ခကိုပို့ကုန်တန်ဖိုး၏၂ဒသမ၅ရာခိုင်နှုန်းပေးဆောင်ရန်သတ်မှတ်ချက်ရှိသည်ဟုဆိုသည်။

“အိန္ဒိယနိုင်ငံအစိုးရက မဖွံ့ဖြိုးတဲ့ ဒေသကိုဖွံ့ဖြိုးလာအောင် အများကြီး အာရုံစိုက်ပါတယ်။ အိန္ဒိယအစိုးရရဲ့ Look East ပေါ်လစီလို့ခေါ်တဲ့မူဝါဒအရကုန်သွယ်မှုတွေ ကူးလူးဆက်ဆံမှုတွေဖွံ့ဖြိုးအောင်လုပ်ဆောင်တယ်။ အဲဒီပြည်နယ်တွေကနေလမ်းပေါက်ဖို့ ခက်ခဲတဲ့အတွက် ကာလကတ္တားကနေ စစ်တွေ၊ စစ်တွေကနေ ကုလားတန်မြစ်ကိုသုံးပြီး စကြံ်လေးတစ်ခုနေနဲ့ ဖောက်တာဖြစ်ပါတယ်။ သူတို့ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်မှာဖြစ်သလိုကြားခံစကြံ်အနေနဲ့မြန်မာနိုင်ငံက လက်ခံထားတဲ့အတွက်ကြောင့်ဆိပ်ကမ်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ လုပ်ငန်းတိုင်းမှာသက်ရောက်မှုတွေရရှိတတ်တယ်။ အကျိုးအမြတ်ကိုလိုချင်ရင်ပေးဆပ်မှုဆိုတာရှိမှာပဲ။ အရေးကြီးဆုံးကပေးဆပ်ရမှုတွေ၊ ထိခိုက်မှုတွေအနည်းဆုံးဖြစ်အောင် လျှော့ချပြီးတော့မှ အများဆုံးအကျိုးအမြတ်ရအောင် လုပ်ရမှာဖြစ်ပါတယ်။ ဘယ်နိုင်ငံမှာမှ၊ ဘယ်စီမံကိန်းမှာမှထိခိုက်သက်ရောက်မှု သုညရာခိုင်နှုန်းနဲ့လုပ်နိုင်တယ်ဆိုတာမရှိပါဘူး။ သို့သော် အရေးကြီးတာကကိုယ့်လူမျိုးတိုင်းရင်းသားတွေထိခိုက်မှုနည်းအောင် ကြိုးစားပြီးတော့ အများအကျိုးအတွက် အနည်းစုက စွန့်လွှတ်ရတဲ့အခါမှာ နစ်နာမှုမရှိရအောင်ဝိုင်းဝန်းကြည့်ရှုစောင့်ရှောက်ကြဖို့လိုပါတယ်” ဟုနိုင်ငံတော်သမ္မတအကြံပေးဦးကိုကိုလှိုင်က အထက်ပါ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အဆိုပါအင်ဂျီအိုများနှင့် အိန္ဒိယသံရုံး၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးပို့ဆောင်ရေး စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီတို့သည်ရှေ့လာမည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ယခုလ ၁၄ ရက်က ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။

ထိုစီမံကိန်းမှာ အိန္ဒိယနှင့် မြန်မာနိုင်ငံအစိုးရတို့ပူးပေါင်းကာ ၂၀၀၈ ခုနှစ်ကတည်းကအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

# ဝဲန်မြစ်ကြောင်းဘေး တာတမံအတွင်းရှိ ငါးဖမ်းကွက်အချို့ကို ဒေသခံများအား စုပေါင်းလုပ်ကိုင်ခွင့်ပြု

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၆**

ဝဲန်မြစ်ကြောင်းဘေး တာတမံ (ဒေသအခေါ် ပတ်တာ)အတွင်းရှိ လယ်ယာစိုက်ပျိုးမြေနှင့် ဆက်စပ်နေသော ငါးဖမ်းကွက်အချို့ကို လာမည့်ဘဏ္ဍာနှစ်တွင် လေလံမပေးတော့ဘဲ အနီးအနားရှိတောင်သူများအား စုပေါင်းငါး ဖမ်းလုပ်ပိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း အင်္ဂပူမြို့နယ်၊ ညောင်ကျိုးတိုက်နယ် အုပ်ချုပ်ရေးမှူးဦးစိုးမြင့်ကပြောကြားသည်။

“တောင်သူလယ်သမားတွေနဲ့ အင်းလုပ်ပိုင်ခွင့်ရတဲ့သူတွေ ရေအသွင်းအထုတ်ကိစ္စပြဿနာဖြစ်လို့တောင်သူတွေကိုယ်တိုင်လည်း လုပ်ချင်တယ်ဆိုတာနဲ့ ခွင့်ပြုပေးလိုက်တာပါ”ဟု ၎င်းကပြောသည်။

ထို့အတူ နှစ်စဉ်နှစ်တိုင်း အင်းသူကြီးများအား လုပ်ပိုင်ခွင့်ပေးလေ့ရှိသော ငါးဖမ်းကွက်နှင့် အင်းအများစုအား ကျေးလက်နေပြည်သူများ လွတ်လပ်စွာ ငါးဖမ်းယူခွင့်ရရှိရေးအတွက် ဘုံငါးဖမ်းကွက်များအဖြစ်ပြောင်းလဲပေးရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြထားကြောင်း မအူပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက 7Day News အားပြောသည်။

“ပြည်သူတွေ တောင်းဆိုလို့ တိုင်းကိုတင်ပြထားတာပါ။ ခွင့်ပြုပေးရမှာရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ပါ”ဟု ၎င်းကပြောသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်ကာ အင်းလေလံခွန်ရရှိငွေများအား တိုင်းဒေသကြီးအစိုးရမှ စီမံခွင့်ရရှိခဲ့ပြီးနောက် အင်းသူကြီးများနှင့် ဒေသခံများအကြား ငါးဖမ်းယူခွင့်ရရှိရေးပြဿနာပေါ် ပေါက်ခဲ့သည်။ ထိုအခါ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ဝင်ရောက်ဖြေရှင်းပေးခဲ့သော်လည်း အဆုံးအဖြတ်မပေးနိုင်ခဲ့ကြောင်း အင်းသူကြီးများကပြောသည်။

“ကျွန်တော်တို့ အင်းသူကြီးတွေက (ငါးဖမ်းကွက်နှင့်အင်း) စောင့်ရှောက်ပေးနေတာတောင် ငါးသယံဇာတက အရင်နှစ်တွေ ထက်လျော့နေပြီ”ဟု မအူပင်မြို့နယ် အမှတ် ၂၀၃ တလုပ်လပ် အနောက်အင်းကို သုံးနှစ်လုပ်ပိုင်ခွင့်(ကြေးတိုင်) ရရှိထားသော ဦးဇော်မျိုးထွန်းကပြောသည်။

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လေလံအင်းများနှင့် တင်ဒါပိုက်ချက်များအား ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်လိုက်ပါက လေလံခွန်ရရှိငွေလျော့နည်းသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းကပြောသည်။ “တစ်ခုလိုချင်ရင် တစ်ခုပေးဆပ်ရမှာပေါ့။ အဓိကကတော့ အများပြည်သူအတွက် ပြေလည်စေချင်လို့ပါ”ဟု ၎င်းကပြောသည်။ ယခုအခါ ရောဝတီတိုင်း ဒေသကြီးအတွင်း မအူပင်၊ ပန်းတနော်၊ ဓနုဖြူ၊ ညောင်တုန်းမြို့နယ်များအတွင်းရှိအင်းနှင့် တင်ဒါပိုက်ချက်များကို ဘုံငါးဖမ်းကွက်အဖြစ် ပြောင်းလဲပေးရန် ဖြစ်နိုင်ခြေများသည်။ မအူပင်မြို့နယ်အတွင်းမှာပင် တင်ဒါပိုက်ချက် ၂၄ ခုနှင့် အင်း ၁၀ ခု ပါဝင်နိုင်ကြောင်း ဒေသခံများက ပြောသည်။

## တောင်တရုတ်ပင်လယ်မုန်တိုင်းငယ်ကြောင့် ခန့်မှန်းချက်ပြန်လည်ပြင်ဆင်ထားပါသည်

**၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၇ ရက်ထိ မိုးလေဝသခန့်မှန်းချက်**

ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာတိမ်အနည်းငယ်သာဖြစ်ထွန်းနိုင်ပါတယ်။

မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ

လာမယ့်ရက်သတ္တပတ်အတွင်း တောင်တရုတ်ပင်လယ်ပြင်မှာ မုန်တိုင်းငယ်တစ်ခု ဖြစ်ပေါ်နေတဲ့အတွက် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ မုန်တိုင်းဖြစ်ပေါ်ဖို့ အလားအလာများ သတိထားရန်လိုပါတယ်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ ၂ ပေမှ ၃ပေခန့်၊ မြစ်ဝကျွန်းပေါ်နဲ့ မွန်-တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင် တွေမှာ ၁ ပေ မှ ၁ ပေခွဲခန့်အထိသာ ရှိနိုင်ပါတယ်။

မိုးရွာသွန်းမှုအခြေအနေ

ပြီးခဲ့တဲ့ဖေဖော်ဝါရီလ(၉)ရက်မှ(၁၆)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းစွန်းဒေသတွေမှာ မိုးအနည်းငယ် ရွာသွန်းခဲ့ခြင်း နဲ့အတူ နှင်းမိုးများ ရွာသွန်းခဲ့မှုကြောင့် မိုးရေချိန် ၀ ဒသမ ၂လက်မမှ ၀ ဒသမ ၈ လက်မအထိ ရွာသွန်းခဲ့ပြီး။ မွန်ပြည်နယ်နဲ့တနင်္သာရီတိုင်းတို့မှာမိုးရေချိန် ၀ ဒသမ ၂ လက်မမှ ၀ ဒသမ ၈ လက်မအထိ မိုးအနည်းငယ် ရွာသွန်းခဲ့ကြပါတယ်။ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ အနောက်လေစီးကြောင်းများအတွင်းမှာ မျောပါလာမယ့် လေဖိအားနည်းချိုင့်ဝှမ်းတစ်ခုကြောင့် နှင်းမိုးများနဲ့အတူ မိုးအနည်းငယ် တစ်ကြိမ် ရွာသွန်းနိုင်ပြီး၊ တောင်ပိုင်းစွန်းဒေသများမှာတော့ အရှေ့လေပွေလှိုင်းများကြောင့် မိုးအနည်းငယ်(၃)ရက်မှ(၄)ရက်ခန့် နေရာကွက်ကျား ရွာသွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ အများအားဖြင့် သာယာပါ့မယ်။

ညအပူချိန်များ

လွန်ခဲ့တဲ့ ရက်သတ္တတစ်ပတ်အတွင်းမှာ ဥရောပအရှေ့ပိုင်းဒေသတွေမှာ အာတိတ်လေအေးများ တိုးဝင်မှုကြောင့် အအေးလွန်ကဲခဲ့ကာ အပူချိန် -၄၀ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့ပါတယ်။ အအေးဒဏ်ကြောင့် လူပေါင်း(၄၀၀)ကျော် သေဆုံးခဲ့ရပါတယ်။ အဲဒီလေအေးစီးကြောင်းဟာ အရှေ့ဘက်ကိုရွေ့လျားလာတဲ့အခါ မြန်မာနိုင်ငံဘက်ရှိရာ လောင်ဂျီတွဒ်အရောက်မှာ မြန်မာဘက်ရှိရာကို နိမ့်ဆင်းမလာခဲ့ဘဲ တိဘက်နိုင်ငံကိုသာ ဖြတ်သန်းသွားခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ အအေးလှိုင်းဒဏ်ကျရောက်မှုမှ လွတ်ကင်းခဲ့ပါတယ်။

လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ ညအပူချိန်များ အနေနဲ့ကတော့ ကချင်ပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွေမှာ ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေမှာ ၁၀ ဒီဂရီစင်တီဂရိတ် မှ ၁၂ ဒီဂရီစင်တီဂရိတ်ခန့်၊၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ် တို့မှာ ၁၄ ဒီဂရီစင်တီဂရိတ်မှ ၁၆ ဒီဂရီစင်တီဂရိတ်ခန့်၊ မြေလတ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသတွေမှာ ၁၈ ဒီဂရီစင်တီဂရိတ် မှ ၂၂ ဒီဂရီစင်တီဂရိတ်ခန့်၊ မြေလတ်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများမှာတော့ ၂၃ ဒီဂရီစင်တီဂရိတ် မှ ၂၅ ဒီဂရီစင်တီဂရိတ်ခန့်၊ ဖြစ်မြဲထက်ပိုပြီး အအေးပေါ့နိုင်ပါတယ်။

မြစ်ရေအခြေအနေ

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက် သတိထားဖို့လိုလာပါလိမ့်။

တောင်တရုတ်ပင်လယ်ပြင်အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**